

CREATED BY VECTORPORTAL.COM

# XVI ORDINARY GENERAL ASSEMBLY OF THE SYNOD OF BISHOPS

SECRETARIA GENERALIS SYNODI



## ဆရာတော်ကြီးများ၏ (၁၆)ကြိမ်မြောက် ပုံမှန်အထွေထွေစမ့်ညီလာခံ၏

# အပြီးသတ်ထုတ်ပြန်ချက်

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| အုပ်ရေ | - | ၂၀၀ |
| ထုတ်ဝေသည့်အချိန် | - | ဇွန်၊ ၂၀၂၅ |
| စာမျက်နှာ | - | ၇၂ |
| စာအုပ်အရွယ်အစား | - | ၈" x ၁၁.၃" |
| စီစဉ်သူနှင့် မူပိုင် | - | မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် (CBCM) |
| ဘာသာပြန်ဆိုသူများ | - | Fr. Patrick စိုးထွန်း<br>ဖရန်းစစ် အောင်မင်းနောင်<br>မိုက်ကယ်ကျော်လေး |
| Design & Layout | - | ဖရန်းစစ် အောင်မင်းနောင် |
| ပုံနှိပ်တိုက် | - | အယ်လ်ဖာနှင့် အိုမီဂါ<br>ရောင်စုံပုံနှိပ်တိုက် (၀၀၆၅၄)<br>၀၉ ၇၈၉ ၄၂၀ ၅၁၀ |

# ပူပ်ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ်၏
# အမှာစာ

၂၀၂၁-ခုနှစ်၊ အောက်တိုဘာလ၌ ကျွန်ုပ်စတင်ခဲ့သော "အတူတကွ ခရီးပြုခြင်း"လမ်းစဉ်တစ်လျှောက်တွင် ကျွန်ုပ်တို့သည် သာသနာအသီးသီးအား သန့်ရှင်းသောဝိညာဉ်တော်မြတ်က ပြောကြားနေသည့် စကားသံများကို နားထောင်လာခဲ့ကြပေသည်။

ဆရာတော်ကြီးများ၏ (၁၆)ကြိမ်မြောက် ပုံမှန်အထွေထွေဓမ္မညီလာခံ၏အပြီးသတ်ထုတ်ပြန်ချက်တွင် ဘုရားသခင်၏သားသမီးများထံမှအသံကို နားထောင်ကာ ရဟန်းသံဃာတော်တို့၏ဆန်းစစ်သုံးသပ်ချက်များမှ ထွက်ပေါ်လာသောအသီးအပွင့်များကို စုဆောင်းဖော်ပြထားပါသည်။ အသင်းတော်ကြီးတစ်ခုလုံးသည် ဝိညာဉ်တော်မြတ်ဘုရား၏အလင်းကျေးဇူးတော်ကို ခံယူကာ မိမိတို့၏အတွေ့အကြုံများကို ဆန်းစစ်ပြီး အသင်းတော်သို့ ခရစ်တော်ယေဇူးလွှဲအပ်တော်မူခဲ့သည့်သာသနာပြုလုပ်ငန်းများ၌ ပါဝင်ကာ တိုးမြှင့်လုပ်ဆောင်ပြီး စည်းလုံးညီညွတ်စွာ နေထိုင်နိုင်ရန်လိုအပ်သည့်လမ်းစဉ်များကို ချမှတ်ရပေလိမ့်မည်။ ဒေသတွင်း သာသနာအုပ်စုများ၌ စတင်ခဲ့သည့် အတူတကွခရီးပြုခြင်းလမ်းစဉ်မှာ နိုင်ငံအဆင့်၊ ယင်းမှနေ၍ ကမ္ဘာ့တိုက်ကြီးများအဆင့်သို့ လက်ဆင့်ကမ်းသယ်ယူလာခဲ့ကြပြီး နောက်ဆုံးတွင် အောက်တိုဘာ၊ ၂၀၂၃ ၌ တစ်ကြိမ်၊ အောက်တိုဘာ၊ ၂၀၂၄ ၌ တစ်ကြိမ်၊ အပိုင်း(၂)ပိုင်းခွဲကာ နှစ်ကြိမ်တိုင်တိုင် ကျင်းပခဲ့သော ဆရာတော်ကြီး များ၏ဓမ္မညီလာခံသို့တိုင်အောင် ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဆရာတော်ကြီးများ၏ဓမ္မညီလာခံက အောက်တိုဘာ ၂၆ ရက်နေ့တွင် မဲပေးအတည်ပြုခဲ့သည့် အပြီးသတ်ထုတ်ပြန်ချက်ကို အလေးထားလျက် ယခုတဖန် ဤလုပ်ငန်းစဉ်ကို ဒေသတွင်း သာသနာအုပ်စုများနှင့် ၎င်းတို့အတွင်းရှိ အသင်းအဖွဲ့များက ဆက်လက်အကောင်အထည်ဖော်သွားကြမည်ဖြစ်သည်။ ကျွန်ုပ်ကိုယ်တိုင်သည်လည်း "အားလုံးတစ်စိတ်တစ်ဝမ်းတည်းပါဝင်သည့်" ဤဓမ္မညီလာခံကြီး၌ ပါဝင်ကာ ဘုရားသခင်၏လူမျိုးတော်တည်းဟူသော ဘာသာတူသိုးစု၏အသံကို ထင်ဟပ်ပြလျက်ရှိသည့် အဆိုပါအပြီးသတ်ထုတ်ပြန်ချက်ကို အတည်ပြုလက်မှတ်ရေးထိုးကာ ယင်းကို အများတကာသိရှိစေရန် ဖြန့်ဝေပေးကြဖို့ မိန့်ကြားခဲ့ပေသည်။

ယခုဆက်လက်လုပ်ဆောင်လျက်ရှိသည့် အတူတကွခရီးပြုခြင်းလမ်းစဉ်၏ အနှစ်သာရကို အထူးသိမှတ်ရင်း ဓမ္မညီလာခံ၏အပြီးသတ်ထုတ်ပြန်ချက်တွင် ပါဝင်သည့်အချက်အားလုံးကို အသင်းတော်တစ်ခုလုံးထံသို့ ယခုတစ်ဖန် ကျွန်ုပ်ပြန်လည်လွှဲအပ်လိုက်ပါသည်။ ထိုအချက်များမှာ ဤ(၃)နှစ်တာကာလအတွင်း၌ နားထောင်ခြင်း၊ ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းတို့မှ ထွက်ပေါ်လာခဲ့သောအရာများဖြစ်ပြီး အသင်းတော်၏အသက်တာနှင့် သာသနာပြုလုပ်ငန်းအတွက် လမ်းညွှန်လည်း ဖြစ်ပေသည်။

ယခင်နှစ်များအတွင်းက အာရုံစူးစိုက်နားထောင်ခြင်းနှင့် သိသာမြင်သာရှိစွာ လုပ်ဆောင်ခဲ့ကြသော နောက်ဆုံးရအချက်အလက်များကို အသင်းတော်နှင့် ဘာသာသူသားသမီးများစီသို့ ကျွန်ုပ်လွှဲအပ်လိုက်ပါသည်။ ဤအချက်အလက်များသည် အသင်းတော်နှင့် ခရစ်တော်သခင် ပေးအပ်တော်မူခဲ့သောတာဝန်များကို ဆထက်ထမ်းပိုးထမ်းဆောင်နိုင်ရန်အတွက် လမ်းညွှန်မှုပေးနိုင်ပါလိမ့်မည်။

ဤအချက်အလက်များသည် စိန်ပီတာမှစတင်ခဲ့သော သွန်သင်ပိုင်ခွင့် အခွင့်အာဏာ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပြီး ကျွန်ုပ်ကိုယ်တိုင်လည်း ကြိုဆိုလက်ခံပါသည်။ ထိုအချက်အလက်များသည် ပုပ်ရဟန်းမင်းကြီးတစ်ပါးက ရှုထောင့်အသစ်မှ မည်သို့သွန်သင်ပေးနိုင်သည်ဆိုသည့်အရာကို မြင်သာစေသကဲ့သို့ အောက်တိုဘာလ (၁၇)ရက်၊ ၂၀၁၅-ခုနှစ်က ကျွန်ုပ်ပြောကြားခဲ့သည့် အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းဆိုသည်မှာ အသင်းတော်၏ ခေါင်းဆောင်များ မည်ကဲ့သို့အုပ်ချုပ်စီမံနေသည်ကို နားလည်စေသည်ဆိုသည့်စကားနှင့်လည်း ကိုက်ညီမှုရှိနေဆဲဖြစ်ပါသည်။

အောက်တိုဘာလ (၂၆)ရက်နေ့တွင် ယခုအချက်အလက်များကို အတည်ပြုပေးလိုက်သည့်အချိန်တွင် ဤအချက်များသည် "တင်းကြပ်သော စည်းမျဉ်းစည်းကမ်းများမဟုတ်ကြောင်း"နှင့် "ဤအချက်အလက်များကို အသုံးပြုရာတွင်လည်း လိုက်လျောညီထွေဖြစ်အောင် ချိန်ညှိပေးရမည့် ကိစ္စရပ်များ ပေါ်ပေါက်လာနိုင်ကြောင်း"ကို တပါတည်း မှာကြားခဲ့ပြီးဖြစ်သည်။ သို့ရာတွင် သက်ဆိုင်ရာအသင်းတော်များအနေဖြင့် ထိုအချက်အလက်များထဲမှ မိမိတို့စိတ်တိုင်းကျ အသုံးပြုရွေးချယ်ခွင့်အတွက် အခွင့်အာဏာပေးအပ်ခြင်းမဟုတ်ပါ။ ဒေသတွင်း ဘုရားကျောင်းများနှင့် အသင်းတော်အတွင်းရှိ အုပ်စုများသည် မိမိတို့ လက်ရှိဘဝဖြစ်တည်နေမှုအပေါ် အခြေခံကာ ချမှတ်ထားသော ဥပဒေများအရ သိရှိနားလည်ခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့ကို သိကျွမ်းမိစေရန်ဖြစ်ပါသည်။ ကျွန်ုပ်၏ နောက်ဆုံးနှုတ်ဆက်စကားတွင်လည်း "အသင်းတော်ကြီးတစ်ခုလုံး ပါဝင်စေနိုင်လောက်သည့် ဆုံးဖြတ်ချက်မျိုး ချမှတ်နိုင်ရန်အတွက်မှာမူ အချိန်ယူဖို့ရန် လိုအပ်နေသေးသည်"ဟု ကျွန်ုပ်မြွက်ကြားခဲ့ပါသည်။ ထို့အတွက်ကြောင့် အချက်(၁၀)ချက်ကို ဆန်းစစ်သုံးသပ်နိုင်ရန်အတွက် အဖွဲ့(၁၀)ဖွဲ့ကို ပေးအပ်ခဲ့ပြီးဖြစ်ကာ ၎င်းတို့လိုအပ်ပါက ထပ်မံဖြည့်စွက်နိုင်မည့် အခွင့်အရေးများလည်း ရှိနေပါသည်။ ဤဆရာတော်ကြီးများ၏ (၁၆)ကြိမ်မြောက် အထွေထွေဓမ္မညီလာခံပြီးဆုံးသွားသည့်တိုင်အောင် ကျွန်ုပ်တို့ မူလရည်မှန်းထားရှိသော ဓမ္မညီလာခံကြီး၏ရည်ရွယ်ချက်သည် အဆုံးသတ်သွားလိမ့်မည်မဟုတ်ပါ။

# နိဒါန်း

*“ထိုအချိန် ယေရှုသည် ကြွလာ၍ သူတို့အလည်၌ ရပ်လျက် ‘သင်တို့၌ငြိမ်းချမ်းသာယာခြင်းရှိပါစေ’ဟု သူတို့အား မိန့်တော်မူ၏။ ဤကဲ့သို့ မိန့်တော်မူပြီးနောက် ကိုယ်တော်သည် သူတို့အား မိမိ၏လက်တော်တို့နှင့် နံဘေးတော်တို့ကို ပြတော်မူ၏။ ထိုအခါ တပည့်တော်တို့သည် သခင်ဘုရားကို ဖူးမြင်ရသဖြင့် ဝမ်းမြောက်ကြလေ၏။”(ယောဟန် ၂၀း ၁၉-၂၀)*

၁။ အသင်းတော်၏ခြေလှမ်းအသစ်တိုင်းသည် မူလဦးတည်ရာအရပ်ဆီသို့သာ ပြန်လည်ဦးလှည့်သည်။ ထိုအချက်သည် ပါစကားညနေခင်းများ၌ တပည့်တော်ကြီးများကိုယ်တိုင် ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်ကို မျက်ဝါးထင်ထင် တွေ့ကြုံခံစားရသည့်အတွေ့အကြုံမှ စတင်ခဲ့သည့်ဆိုလျှင်လည်း မမှားပေ။ တပည့်တော်ကြီးများကဲ့သို့ ဤယခုသာသနာ့ညီလာခံအတွင်းတွင်လည်း ကျွန်ုပ်တို့သည် ဘုရားသခင်၏ သနားကြင်နာခြင်းနှင့် ဇာတိအဖြစ်အမှန်ကို တွေ့မြင်ခဲ့ကြရပေသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်ဘုရား၏ လမ်းပြခြင်းအားဖြင့် ခရစ်တော်သခင်သည် ကျွန်ုပ်တို့အပြန်အလှန်ဆွေးနွေးရာအရပ်၏အလည်၌ တည်ရှိနေတော်မူကြောင်းကို သိမှတ်ခံစားရပြီး ဝိညာဉ်တော်ဘုရားနှင့်အတူ တည်ရှိနေတော်မူသော ခရစ်တော်သည် သူ၏လူမျိုးစုများကို စည်းလုံးညီညွတ်စေကာ မတူကွဲပြားခြင်းများအလယ်တွင် ချစ်ခင်စည်းလုံးစွာ ပေါင်းစည်းနေနိုင်စေရန်အတွက် ချစ်ခြင်းမျိုးစေ့ကို ချပေးထားသည်။

၂။ ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်ဘုရားသခင်ကို အောက်မေ့ဆင်ခြင်ရင်း “ယေရှုခရစ်တော်၌ ဆေးကြောခြင်းမင်္ဂလာကို ခံယူခဲ့ကြသော ငါတို့အားလုံးတို့သည် ကိုယ်တော်၏သေခြင်း၌ ဆေးကြောခြင်းခံခဲ့ရကြောင်းကို သင်တို့မသိကြသလော”(ရောမ ၆း၃)။ ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့မြင်တွေ့ခဲ့ရသော ဒဏ်ရာဒဏ်ချက်များသည် ကျွန်ုပ်တို့လူသားများတို့အလယ်တွင် ထင်ရှားစွာ ကမ္ဗည်းထိုးထားနေပြီ။ ထိုဒဏ်ရာဒဏ်ချက်များမှ ဆက်လက်ယိုစီးကြနေသော ကျွန်ုပ်တို့သွေးချင်းများ၏သွေးများသည် ကျွန်ုပ်တို့ကိုယ်တိုင် လုပ်ဆောင်မှုများကြောင့်ဖြစ်ပါသည်။ သမိုင်းတွင်ဖြစ်ပျက်နေသော ဝမ်းနည်းစရာအဖြစ်အပျက်များသည် ကျွန်ုပ်တို့ ခရစ်တော်သခင် ခံထမ်းခဲ့ရသည့် အမှုအရာနှင့် မကွာခြားလှပါ။ ထို့ထက် ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် ခံစားနေကြရသောလူများ၏ ခံစားမှုများသည်လည်း ကျွန်ုပ်တို့ကို အထူးနာကျင်စေပါသည်။ စစ်မက်ဘေးကြောင့် ဒဏ်ခံနေရသည့် ကလေးငယ်များ၊ ငိုကြွေးနေရသည့် မိခင်များ၊ ရည်မှန်းချက်အိပ်မက်ပျက်စီးကုန်သော လူငယ်လူရွယ်များ၊ တောကြီးမျက်မဲထဲ၌ ခရီးဆက်နေရသော ဒုက္ခသည်များ၊ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံစားနေကြရသော ပြည်သူများနှင့် လူမှုဘဝတရားမျှတမှုမရှိခြင်း၌ နစ်မျောကာ ဒုက္ခရောက်ကြသောသူများ၏ခံစားချက်များသည် ကျွန်ုပ်တို့ကို အထူးနာကျင်စေလျက်ရှိပါသည်။ ထိုသူတို့၏ ခံစားချက်များကို သတင်းမီဒီယာများမှတစ်ဆင့် ကြားသိခဲ့ကြရသကဲ့သို့ ကျွန်ုပ်တို့ သာသနာ့ညီလာခံအတွင်းတွင်လည်း ပါဝင်ဝေမျှဆွေးနွေးပေးကြသဖြင့် ထိုအဖြစ်ဆိုးများကို တွေ့ကြုံခံစားခဲ့ကြရသော မိသားစုများထံမှလည်း နာကျင်စွာ ကြားသိခဲ့ရပါသည်။ ကျွန်ုပ်တို့တွေ့ဆုံဆွေးနွေးမှုများပြုလုပ်နေစဉ်အချိန်မှာ စစ်ပွဲများဖြစ်ပျက်နေခြင်းကြောင့် သေကြေပျက်စီးမှုများ၊ ထိခိုက်ပျက်စီးမှုများ၊ လက်စားချေလိုသောစိတ်ဆန္ဒများနှင့် စိတ်မထိန်းနိုင်သဖြင့် ထွက်နေသောဒေါသများကို မြင်တွေ့ကြားသိခဲ့ရပါသည်။ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ်၏ ငြိမ်းချမ်းရေးအတွက် ထပ်ခါတလဲလဲ မေတ္တာရပ်ခံချက်များတွင် ကျွန်ုပ်တို့ကိုယ်တိုင်ပါဝင်ခဲ့ကြပြီး အကြမ်းဖက်မှုများကို ပြစ်တင်ရှုတ်ချပါသည်။ တွေ့ဆုံဆွေးနွေးကာ ပြန်လည်သင့်မြတ်စွာ ပေါင်းသင်းနေထိုင်ရေးမဖြစ်စေရန် အနှောင့်အယှက်များ၊ အမုန်းစကားများ၊ လက်စားချေမှုများကိုလည်း ကျွန်ုပ်တို့အနေဖြင့် လက်မခံနိုင်ပါ။ စစ်မှန်သော ငြိမ်းချမ်းရေးသည် ကျွန်ုပ်တို့ အတူတကွ တည်ဆောက်ပါက မဖြစ်နိုင်စရာမရှိပါ။ “ကျွန်ုပ်တို့ယနေ့ခံစားနေရသည့် ပျော်ရွှင်မှုနှင့် မျှော်လင့်ချက်များ၊ ဝမ်းနည်းခြင်းများနှင့် စိုးရိမ်မှုများ၊ အထူးသဖြင့် ဆင်းရဲခြင်းကြီးစွာနှင့် ကိုယ်တိုင်ကြုံတွေ့ရသူများသည်” ခရစ်တော်သခင်၏ နောက်လိုက်များနည်းတူ ပျော်ရွှင်မှုများနှင့် ဝမ်းနည်းခြင်းများကို အသစ်တဖန် ပြန်လည်ခံစားရပါပေအုံးမည်။

၃။ သာသနာ့ညီလာခံကို ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ်က ၂၀၂၁-ခုနှစ်တွင် စတင်ခဲ့သည့်အချိန်မှစ၍ ဤကဲ့သို့ လုပ်ဆောင်မှု၏အသီးအပွင့်များနှင့် အကျိုးရလဒ်များကို တဆထက်တဆ ပိုမိုတွေ့မြင်လာရပါသည်။ ကျွန်ုပ်တို့သည် အချင်းချင်း နားထောင်ခြင်းမှအစပြုကာ "အသင်းတော်ကြီးအတွက် ဝိညာဉ်တော်ဘုရား၏လမ်းပြသွန်သင်ချက်များကို နားစိုက်ထောင်ခြင်းအားဖြင့်" (ဗျာဒိတ် ၂း၇) လုပ်ဆောင်လာခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ဤခရီးစဉ်ကို မိမိတို့သာသနာ နယ်အုပ်စုများမှတစ်ဆင့်၊ နိုင်ငံအဆင့် ၊ ကမ္ဘာလုံးအတိုင်းအတာအဆင့်အထိ လုပ်ဆောင်လာခဲ့ကြခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ အပြန်အလှန်ဆွေးနွေးတင်ပြခြင်းလုပ်ငန်းစဉ်အတွင်းတွင် လုပ်ငန်းစဉ်အစီရင်ခံစာနှင့် တင်ပြချက်များကို ကြည့်ရှုကာ သာသနာ့ညီလာခံ၏အတွင်းရေးမှူးချုပ် ဆရာတော်မှကြီးမှူးကာ ဆရာတော်များက ဝိုင်းဝန်းဆွေးနွေးလျက် ရှိနေပါသည်။ အပိုင်း (၂)ပိုင်းခွဲ၍ လုပ်ဆောင်ခဲ့ကြသော ဆရာတော်ကြီးများ၏ (၁၆)ကြိမ်မြောက် ပုံမှန်အထွေထွေ ဓမ္မညီလာခံအတွင်း မိမိတို့အတွေ့အကြုံများနှင့် အကျိုးရလဒ်များကို ပုပ်ရဟန်းမင်းကြီးနှင့် ကျန်သောအသင်းတော်များသို့ ဖြန့်ဝေရန်အတွက်လည်း ခွင့်ပြုချက်ရရှိထားပြီးဖြစ်ပါသည်။ အဆင့်တိုင်းတွင် ဘုရားသခင်၏ လူမျိုးစုများ၏ "ယုံကြည်ခြင်းကို အခြေခံသောစိတ်"ဖြင့်သာ လုပ်ဆောင်ခဲ့ကြပါသည်။ ထိုသို့အားဖြင့် အဆင့်တစ်ဆင့်ချင်းစီတိုင်းတွင် ၂၀၂၁ မှ ၂၀၂၄ အတွင်း လုပ်ဆောင်ခဲ့ကြသော ဓမ္မညီလာခံကြီး၏အနှစ်သာရများကို ပိုမိုနားလည်လာခဲ့ကြပါသည်။ အားလုံး တစ်စိတ်တစ်ပိုင်းတည်း ပူးပေါင်းလုပ်ဆောင်နေကြသော အသင်းတော်ကြီးတွင် အတူမျှဝေခံစားခြင်း၊ အတူပူးပေါင်းလုပ်ဆောင်ခြင်းနှင့် သာသနာ့လုပ်ငန်းကိုဆောင်ရွက်ရာတွင် ခရစ်တော်သခင်သည် အသင်းတော်ကြီးကို ပြန်လည်ဆန်းသစ်စေပြီး သာသနာတော်တိုးတက်ပြန့်ပွားရေးလုပ်ငန်းများကို ယုံကြည်ချက်ရှိရှိ လုပ်ဆောင်ပေးရန် တောင်းဆိုလျက်ရှိနေပါသည်။

၄။ ထိုသို့တောင်းဆိုခြင်းမှာလည်း ကျွန်ုပ်တို့ခံယူထားကြသော ဆေးကြောခြင်းအားဖြင့် ဝေမျှခံစားနေကြခြင်းပင် ဖြစ်ပါသည်။ ထိုအချက်တွင်ပင် ခမည်းတော်ဘုရား၊ ခရစ်တော်သခင်နှင့် ဝိညာဉ်တော်မြတ်ဘုရား သုံးပါးတစ်ဆူထံတွင် ဆေးကြောခြင်းအားဖြင့် စည်းလုံးညီညွတ်စွာ ပေါင်းစပ်နေနိုင်ခြင်းပင်ဖြစ်ပါသည်။ ထိုအချက်သည် ဆေးကြောခြင်းခံယူထားသည့် မည်သူ့အတွက်မဆို ခက်ခဲသည့်တာဝန်တစ်ခုဖြစ်သည်။ "ဘုရားသခင်၏လူမျိုးစုတို့သည် ဘုရားသခင်၏ နှုတ်ကပါတ်တော်ကို ဟောကြားရန်အတွက် တာဝန်ပေးအပ်ခြင်းခံထားရသူများဖြစ်ပါသည်။ ဆေးကြောခြင်းခံယူတိုင်းသည်လည်း သာသနာပြုတပည့်များဖြစ်သည့်အတွက် သာသနာပြုလုပ်ငန်းကို လုပ်ဆောင်ရန် တာဝန်ရှိကြပါသည်။" (ITC 53)။ ထို့ကြောင့် ဓမ္မညီလာခံကြီး၏လုပ်ဆောင်မှုသည် စုံလင်ပြည့်စုံသော ခရစ်ယာန်များအားလုံး၏ စည်းလုံးညီညွတ်မှုကို မြင်သာစေရန်ဖြစ်ပါသည်။ ထိုကဲ့သို့သောစည်းလုံးခြင်းသည် ဘုရားသခင်၏အသင်းတော်အတွင်း ပြန့်နှံ့နေစေခြင်းအားဖြင့် ကမ္ဘာတစ်ဝှမ်းလုံးသို့လည်း ပြန့်နှံ့လာစေပါနိုင်ပါမည်။

၅။ ကက်သလစ်အသင်းတော်၏ ဓလေ့ထုံးစံများအားဖြင့် ဤဓမ္မညီလာခံကြီး၏ခရီးစဉ်အတွင်း အပြန်အလှန် သင်ယူနိုင်ခဲ့ကြပါသည်။ ဒုတိယဗာတိကန်ကောင်စီမှချပေးထားသောမျိုးစေ့သည် ကမ္ဘာကြီးနှင့် အသင်းတော်အတွက် အမှန်တကယ်ပင်လိုအပ်သော လုပ်ဆောင်မှုပင်ဖြစ်ပါသည်။ ယုံကြည်သူများ၏ နေ့စဉ်ဘဝအသက်တာ၊ အသင်းတော်တိုင်းတွင် ရှိသောသူများနှင့် ရိုးရာဓလေ့များ၏ အတွေ့အကြုံများ၊ သက်သေခံချက်များ၊ ဓမ္မသဂြိုလ်ပညာရှင် အများအပြား၏သုံးသပ်ချက်များသည် ဤကမ္ဘာကြီးအပေါ်တွင် အမြစ်တွယ်လျက်ရှိနေပါသည်။ ၂၀၂၁-ခုနှစ်နှင့် ၂၀၂၄ တိုင် လုပ်ဆောင်လျက်ရှိသော ဓမ္မညီလာခံသည် ထိုမျိုးစေ့ကို ရှင်သန်ကြီးထွားစေရန်အတွက် လိုအပ်သောစွမ်းအင်၊ ဆက်လက်ဖွံ့ဖြိုးနိုင်ရန်အတွက် ခွန်အားသစ်များနှင့် နှုတ်ကပါတ်တရားတော်၌ ဟောကြားထားသည့်အတိုင်း လက်တွေ့ဘဝတွင် ကျင့်ဆောက်တည်လိုက်ကျင့်နိုင်ရန်အတွက် ခွန်အားပေးလျက်ရှိနေပါသည်။ ထို့အတွက်ကြောင့် ယခုလုပ်ဆောင်လျက်ရှိသော ဓမ္မညီလာခံကြီးသည် ဒုတိယဗာတိကန်ကောင်စီအတွင်း ဆွေးနွေးချက်များကို အတည်ပြုထောက်ခံကာ မျက်မှောက်လူ့ကမ္ဘာကြီးအတွက် အားသစ်လောင်းစရာတစ်ခုပင်ဖြစ်ပါသည်။

၆။ ကျွန်ုပ်တို့သည် စိတ်ခွန်အားနည်းပါးခြင်း၊ ပြုပြင်ပြောင်းလဲမှုများကို တွန်းလှန်ခြင်းနှင့် နှုတ်ကပါတ်တော်အတိုင်း

နေထိုင်ရန်အတွက် မိမိတို့စိတ်ဆန္ဒကို သွေးဆောင်ခြင်းများနှင့် လက်တွေ့လုပ်ဆောင်ခြင်းများ၌ အခက်အခဲများတွေ့ကြုံလေ့ရှိကြောင်းကို မငြင်းဆိုနိုင်ကြပါ။ သို့သော်လည်း ချစ်ခြင်းမေတ္တာကြီးမားလှသော ခမည်းတော်ဘုရား၏ သနားကရုဏာသည် ကျွန်ုပ်တို့၏နှလုံးသားကို သန့်ရှင်းစင်ကြယ်စေပြီး ဤခရီးစဉ်တစ်လျှောက်တွင် ပါဝင်လျှောက်လှမ်းနိုင်ရန် ခွန်အားတော်များ ပေးသနားလျက်ရှိနေပါသည်။ ထို့ကြောင့်ပင် ကျွန်ုပ်တို့သည် ဒုတိယအကြိမ်မြောက်ကျင်းပခဲ့သော ဓမ္မညီလာခံကြီးကို အလေးတယူပြုလျက် ကျွန်ုပ်တို့၏ရှက်ဖွယ်ကောင်းခဲ့သောဖြစ်ရပ်များနှင့် အပြစ်များအတွက် အခွင့်လွှတ်ခြင်းကို တောင်းခံပြီး ကမ္ဘာတစ်ဝှမ်းလုံးရှိ မကောင်းမှုများအတွက် သားကောင်ဖြစ်ခဲ့ကြရသော ညီအစ်ကိုမောင်နှမများအတွက် ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။ ကျွန်ုပ်တို့၏အပြစ်များ ဟုဆိုရာတွင် ငြိမ်းချမ်းရေးကို ဆန့်ကျင်ခြင်း၊ ဘုရားသခင်၏ ဖန်ဆင်းရာများကို ဥပက္ခာပြုခြင်း၊ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို အတင်းအဓမ္မသိမ်းပိုက်ခြင်းများ၊ အဆိုပါကိစ္စရပ်များအတွက် ရွှေ့ပြောင်းသွားလာနေကြရသောသူများ၊ ကလေးသူငယ်များ၊ မိခင်များနှင့် ကျွန်ုပ်တို့၏ အတူတကွပေါင်းစပ်နေထိုင်ခြင်းကို စွန့်ပစ်ခဲ့ကြခြင်းကြောင့် ဆင်းရဲဒုက္ခရောက်ရသူများအပေါ် ကျူးလွန်မိခဲ့ကြသောကြောင့်ဖြစ်ပါသည်။ ယခုအချိန်တွင် ကျွန်ုပ်တို့အားလုံးသည် နောင်တနှင့် ပြုပြင်ပြောင်းလဲခြင်းအားဖြင့် စည်းလုံးညီညွတ်မှုကို အသစ်တဖန်ပြန်လည်ရယူနိုင်မည်ဟူသော သိရှိနားလည်မှုတစ်ခုကို ရရှိခဲ့ပေပြီ။ ဘုရားသခင်၏သနားကြင်နာခြင်းစက္ကရမင်တူးကို အထူးခံယူနေချိန်တွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ခြွင်းချက်မရှိသော ချစ်ခြင်းမေတ္တာကို ခံစားရပြီး ခက်ထန်မာကျောနေသော မိမိတို့နှလုံးသားများကို အနိုင်ယူကာ မိမိတို့အချင်းချင်း မိတ်သဟာရဖွဲ့ရန်အတွက် မိမိတို့နှလုံးသားများကို ဖွင့်ဟလျက်ထားနေကြလေပြီ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်ပေးအပ်သော အခွင့်လွှတ်ခြင်းနှင့် ပြန်လည်သင့်မြတ်စေခြင်းကို အခြားသူများအားလည်း ပြန်လည်မျှဝေပေးနိုင်ပြီး အကြင်နာတရားပြသသည့်အသင်းတော်တစ်ခုဖြစ်တည်လိုပါသည်။ ကျွန်ုပ်တို့သည် အရှင်သခင်များမဟုတ်သော်လည်း ဖြူစင်မြင့်မြတ်လှသောဆုကျေးဇူးတော်များကို ခံစားခဲ့ရသည့် သက်သေခံများသာ ဖြစ်ပါသည်။

၇။ ကျွန်ုပ်တို့သည် ၂၀၂၁-ခုနှစ်က အစပြုခဲ့သော “အတူတကွ ခရီးပြုခြင်း”လမ်းစဉ်တစ်လျှောက်တွင် မိသားစုများ၊ သာသနာအုပ်စုငယ်များ၊ သာသနာအတွက် လှုပ်ရှားမှုများ၊ ခရစ်ယာန်အစုအဖွဲ့ငယ်လေးများ၊ စာသင်ကျောင်းများနှင့် အခြားသောလှုပ်ရှားမှုများကို လုပ်ဆောင်ပြခြင်းများအားဖြင့် “အတူတကွ ခရီးပြုခြင်း”၏ အရိုးရှင်းဆုံးနှင့် တန်ဖိုးအရှိဆုံးသော ချိုမြိန်မှုအသီးအပွင့်များကို ခံစားရခြင်းဖြစ်ပါသည်။ ဤအခြင်းအရာသည် ကျွန်ုပ်တို့သည် ဝိညာဉ်တော်ဘုရားနှင့် အပြန်အလှန်စကားပြောလျက်ရှိနေခြင်း၊ လူမှုအသိုင်းအဝိုင်းအတွင်းနေထိုင်နေရခြင်းဆိုသည်ကို ပိုင်းခြားသိမြင်လာခြင်း၊ ခေါ်တော်မူခြင်းလမ်းစဉ်ကို ဝေမျှပေးခြင်းနှင့် သာသနာတော်ကြီး တိုးတက်ဖွံ့ဖြိုးစေရန်အတွက် လုပ်ဆောင်မှုများ တိုးပွားလာနေခြင်းဖြစ်ပါသည်။ ရောမမြို့ တွင် ၂၀၂၄-ခုနှစ်၊ ဧပြီ (၂၈)ရက်နေ့မှ မေလ (၂)ရက်တွင် ကျင်းပပြုလုပ်ခဲ့သော သာသနာအုပ်စုငယ်များမှ ရဟန်းတော်များ၏ ဓမ္မညီလာခံအစည်းအဝေးတွင် ဤအတွေ့အကြုံများကို ကောင်းမွန်စွာ ဝေငှခဲ့ကြပြီး ရှေ့ဆက်လျှောက်ရမည့်လမ်းစဉ်များအတွက်လည်း အစီအစဉ်များချမှတ်နိုင်ခဲ့ပါသည်။ ဘာသာတူများစွာထံမှ စကားသံများနှင့် အကြံပြုချက်များကို ရရှိခဲ့သည့်အတွက် ကျွန်ုပ်တို့များစွာ နှစ်ထောင်းအားရဖြစ်ခဲ့ကြရပြီး အသင်းတော်ကြီးကို လေးစားချစ်ခင်ယုံကြည်ကြသောသူများအတွက်လည်း အသင်းတော်ကြီးသည် တံခါးဖွင့်ထားသော၊ မျှော်လင့်ချက်များနှင့် ပြည့်ဝနေသော၊ ဝမ်းမြောက်ဖွယ်ကောင်းသော အသိုက်အမြုံတစ်ခုဖြစ်ကြောင်းကို ထပ်တူခံစားခဲ့ကြရပါသည်။

၈။ ပထမဆုံးဓမ္မညီလာခံတွင်လည်း ရလဒ်ကောင်းများ ရရှိခဲ့ပြီးဖြစ်ပါသည်။ ဒေသအစုစုမှ စုပေါင်းအစီရင်ခံစာရရှိပြီးနောက် ကက်သလစ်အသင်းတော်ကြီးအခွန့်ရှည်စေရန်အတွက် အထူးအရေးပါသောကဏ္ဍများကို အာရုံစူးစိုက်လာစေပါသည်။ အပြည်ပြည်ဆိုင်ရာအကြံပြုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုအပြီးတွင် ပုပ်ရဟန်းမင်းကြီးသည် ကမ္ဘာတဝှမ်းလုံးမှ သာသနာ့အမှုဆောင်များနှင့် ကျွမ်းကျင်ပညာရှင်များကို “လူအများပူးပေါင်းပါဝင်နိုင်သည့် နည်းလမ်း” အသုံးပြု၍ လုပ်ဆောင်ပေးကြရန် တာဝန်ပေးအပ်ခဲ့ပါသည်။ အသင်းတော်ကြီး လတ်တလောလုပ်ဆောင်ရမည့်

လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ထိုသူတို့သည် အတွင်းကျကျ သုံးသပ်ကြရန်အတွက် အောင်ပါအချက်များကို စတင်ကာ လုပ်ဆောင်နေပြီဖြစ်ပါသည်။

၁။ အရှေ့တိုင်းကက်သလစ်အသင်းတော်နှင့် လက်တင်းအသင်းတော်တို့အကြားရှိ ဆက်နွယ်လျက်ရှိသော အချို့သော ရှုထောင့်အမြင်များကို သုံးသပ်ရန်၊

၂။ ဆင်းရဲနွမ်းပါးသူများနှင့် ကမ္ဘာကြီး၏ ငိုကြွေးသံများကို နားထောင်ရန်၊

၃။ ဒီဂျစ်တယ်စနစ်များဖြင့် လွှမ်းခြုံနေသောကာလတွင် လုပ်ဆောင်နိုင်မည့် လုပ်ငန်းများကို လုပ်ဆောင်ရန်

၄။ ဓမ္မညီလာခံ၏ရှုထောင့်များအရ *"Ratio Fundamentalis Institutionis Sacerdotalis"* ကို ပြန်လည်သုံးသပ်ကြရန်

၅။ အမှုတော်ဆောင်လုပ်ငန်းများအတွင်း တချို့သော ဓမ္မသဂြိုလ်ဘာသာရပ်များနှင့် ကာနွန်ဥပဒေနှင့် ပတ်သက်သည့်အရေးကိစ္စများကို လုပ်ဆောင်ရန်၊

၆။ ဓမ္မညီလာခံ၏ သာသနာပြုအမြင်ရှုထောင့်မှနေ၍ ဆရာတော်များ၊ သူတော်စင်ဘဝကို လျှောက်လှမ်းနေကြသူများနှင့် ဘာသာရေးအသင်းအဖွဲ့များနှင့်သက်ဆိုင်သော အချက်အလက်များကို ပြန်လည် သုံးသပ်ရန်၊

၇။ ဆရာတော်တစ်ပါး၏ ပုဂ္ဂိုလ်ရေးနှင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်မှု (အထူးသဖြင့် သာသနာပြု များရွေးချယ်ခြင်းဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ၊ ဆရာတော်များ၏ တရားစီရင်ရေး ဆိုင်ရာများ၊ *ad limina Apostolorum* visits) ၏ လုပ်ငန်းသဘောသဘာဝနှင့် ဖွဲ့စည်းပုံများကို သာသနာပြု ဓမ္မညီလာခံရှုထောင့်အမြင်မှ သုံးသပ်ခြင်း၊

၈။ ပုပ်ရဟန်းမင်းကြီးဆိုင်ရာရုံးအဖွဲ့မှ ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍများကို သုံးသပ်ခြင်း၊

၉။ အငြင်းပွားဖွယ်ရာကျင့်ထုံးများ၊ ရဟန်းတော်များနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာပြဿနာများကို ထုံးတမ်းစဉ် လာများနှင့် လမ်းညွှန်ချက်များနှင့်အညီ ဆန်းစစ်သုံးသပ်ရန်၊

၁၀။ သာသနာ့ခရီးစဉ်အတွင်း ဘာသာတူများထံမှ လက်ဆောင်ပဏ္ဏာများလက်ခံခြင်းကို သုံးသပ်ရန်တို့ ဖြစ်ပါသည်။

ထို့ပြင် ကက်သလစ်အသင်းတော်၏ အုပ်ချုပ်ရေးပိုင်းဆိုင်ရာဌာန၏အကူအညီဖြင့် ကာနွန်ဥပဒေပိုင်းဆိုင်ရာ ကော်မရှင်ဖွဲ့စည်းထားလိုက်ပြီးဖြစ်ကာ အသင်းတော်၏စည်းမျဉ်းစည်းကမ်းများကို ပြန်လည်မွမ်းမံရန်လည်း သဘောတူ ညီမှုရရှိပြီးဖြစ်ပါသည်။ ထို့ပြင်လည်း အာဖရိကနှင့် မာဒါဂတ်စကာရှိ အမှုတော်ဆောင်များပင်ပါဝင်နေကြသော တစ်လင် တစ်မယားစနစ်ကို မကျင့်သုံးသော (သို့မဟုတ်) မယားများစွာယူသည့်အလေ့အထကို ထိန်းကျောင်းရန်အတွက်လည်း ထိုဒေသရှိ ခရစ်ယာန်ဂိုဏ်းပေါင်းစုံအဖွဲ့အစည်းကိုလည်း တာဝန်ပေးအပ်ထားပြီးဖြစ်ပါသည်။ ဤအစုအဖွဲ့နှင့် ကော်မရှင်၏လုပ်ဆောင်မှုသည် ပထမအကြိမ်ဓမ္မညီလာခံ၏ထွက်ရှိမှုရလဒ်ကို အကောင်အထည်ဖော်နေခြင်းဖြစ်ပြီး ဒုတိယဓမ္မညီလာခံအတွက်လည်း ခွန်အားသစ်များတိုးပွားလာစေမည်ဖြစ်ကာ ပုပ်ရဟန်းမင်းကြီးအရှင်သူမြတ်အတွက် အရေးပါသောဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက်လည်း အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါသည်။

၉။ ဓမ္မညီလာခံ၏လုပ်ငန်းစဉ်များသည် ယခုလုပ်ဆောင်လျက်ရှိနေသည့် ဆရာတော်ကြီးများ၏ ဓမ္မညီလာခံအပြီး တွင် အဆုံးသတ်သွားလိမ့်မည်မဟုတ်ဘဲ ဆက်လက်အကောင်အထည်ဖော် လုပ်ဆောင်ရမည့်ကာလ ရှိနေအုံးမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ညီလာခံကြီး၏အဖွဲ့ဝင်များအဖြစ်သော်လည်းကောင်း၊ လူမှုအသိုင်းအဝိုင်းမှ ဓမ္မညီလာခံ၏ သာသနာပြုများအဖြစ်သော်လည်းကောင်း ခံစားမိကာ ဤလုပ်ငန်းစဉ်ကြီးကို တိုးမြှင့်လုပ်ဆောင်ကြရန် စိတ်အား ထက်သန်နေကြပါသည်။ သက်ဆိုင်ရာဒေသတွင်း သာသနာအုပ်စုငယ်များသည် “အတူတကွ ခရီးဆက်ခြင်း”လမ်း

စဉ်ကို အသုံးပြုကာ နှီးနှောတိုင်ပင်ခြင်းနှင့် အကြံပြုခြင်းများကို နေ့စဉ်လုပ်ဆောင်ကြရန် လိုအပ်ပြီး ခိုင်မာသော နည်းလမ်းများဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို မြင်သာထင်သာရှိစွာ လုပ်ဆောင်နိုင်ကြရန်အတွက် အသင်းတော်အတွင်းရှိ အဖွဲ့အစည်းများအားလုံးတွင် တာဝန်ရှိပါသည် (သာသနာအုပ်စုငယ်များ၊ သူတော်စင်းအသင်းဂိုဏ်းများ၊ တမန်တော်ဘဝဖြင့် ဆက်ကပ်ထားကြသည့်အဖွဲ့အစည်းများ၊ ဘာသာရေးလှုပ်ရှားမှု အသင်းအဖွဲ့များ၊ သာသနာငယ်များ၊ ခရစ်ယာန်ဂိုဏ်းပေါင်းစုံညီလာခံများ၊ ခရစ်ယာန်ညီနောင်အသင်းတော်များ စသည်တို့ဖြစ်ပါသည်။) ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းလုပ်ငန်းစဉ်တွင်လည်း "အတူတကွ ခရီးဆက်ခြင်း"ဟု ဆိုထားသည့်အတိုင်း အသင်းတော်အတွင်း ဆွေးနွေးခြင်းခံယူထားကြသော ဘာသာတူများအားလုံး ပူးပေါင်းပါဝင်ကာ လုပ်ဆောင်ကြရန်လည်း အကြံပြုထားပါသည်။ ဆရာတော်ကြီးများ၏ညီလာခံများနှင့် သာသနာနယ်များရှိ ဓမ္မညီလာခံများတွင် ကျွန်ုပ်တို့လုပ်ဆောင်လျက်ရှိသည့်လုပ်ငန်းစဉ်များကို ပိုမိုတိုးတက်မှုရှိစေရန်အတွက် မိမိတို့တွင်ရှိသော လူအင်အားနှင့် အရင်းအမြစ်များကို လိုက်လျောညီထွေရှိစွာ အသုံးချကြရန်နှင့် ဓမ္မညီလာခံဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်ရုံးအဖွဲ့နှင့်လည်း ပုံမှန်ဆက်သွယ်ကြရန် အကြံပြုထားပါသည် (cf. EC 19 §1 and 2)။ အထွေထွေအတွင်းရေးမှူးချုပ်ရုံးအဖွဲ့သည်လည်း လုပ်ဆောင်လေ့လာသူအဖွဲ့များ နည်းမှန်လမ်းမှန် လုပ်ဆောင်မှုရှိမရှိကို အစဉ်အမြဲ စောင့်ကြည့်ထိန်းကျောင်းပေးနေရမည်ဖြစ်ပါသည်။

၁၀။ ဤအပြီးသတ်ထုတ်ပြန်ချက်သည် (၁၆)ကြိမ်မြောက် ဆရာတော်ကြီးများ၏ အထွေထွေဓမ္မညီလာခံမှ ထွက်ရှိလာသော အသီးအပွင့်များဖြစ်ပြီး ယခုအချိန်အထိ လုပ်ဆောင်ခဲ့သော လုပ်ငန်းစဉ်များအားလုံးကို ခြုံငုံတင်ပြထားပါသည်။ ဤထုတ်ပြန်ချက်ကို ပုပ်ရဟန်းမင်းကြီးနှင့် အသင်းတော်များအားလုံးသို့လည်း ပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါထုတ်ပြန်ချက်ထဲတွင် ပထမပိုင်းညီလာခံမှ အရေးကြီးသောလုပ်ငန်းစဉ်များအားလုံးကို တစုတစည်းထဲ ထည့်သွင်းဖော်ပြထားပြီး ပထမပိုင်းနှင့် ဒုတိယပိုင်းအကြား သာသနာအသီးသီးက ပေးပို့လာသောအချက်အလက်များကိုလည်း စုစည်းတင်ပြထားပါသည်။ အထူးသဖြင့် ဒုတိယပိုင်းတွင် ဝိညာဉ်တော် ဘုရား၏ပြောဆိုလမ်းပြမှုကြောင့် တွေ့ရှိလာသောအချက်အလက်များဖြစ်ပါသည်။

၁၁။ အပြီးသတ်ထုတ်ပြန်ချက်သည် အတူပူးပေါင်းပါဝင်လုပ်ဆောင်ကြရန် ဖိတ်ခေါ်ခြင်းသည် သက်ဆိုင်ရာသာသနာနယ်များအတွက်သာမက အသင်းတော်ကြီးတစ်ခုလုံး Apostolic Exhortation *Evangelii Gaudium* (cf. EG 30) ရှိ လမ်းညွှန်ထားချက်များအတိုင်း ပြုပြင်ပြောင်းလဲနိုင်ကြစေရန် အသိပေးထားပါသည်။ ထိုလမ်းညွှန်ချက်တွင် အပိုင်း (၅)ပိုင်း ပါဝင်ပါသည်။ ပထမတစ်ခုကို *"အတူတကွ ခရီးဆက်သောစိတ်နှလုံး"*ဟုခေါ်ဆိုပြီး နောက်ပိုင်းတွင် ဖြစ်လာရမည့် ဓမ္မသဂြိုလ်နှင့် ဝိညာဉ်ရေး ဆိုင်ရာ အခြေခံအုတ်မြစ်များကို အလေးပေးဖော်ပြထားပါသည်။ ၎င်းသည် ပထမပိုင်းအဆင့်တွင် ထွက်ပေါ်လာခဲ့သည့် အတူတကွ ခရီးဆက်ခြင်းဆိုသည်ကို မည်သို့နားလည်ထားသည်များအားပြန်လည်ဖော်ပြထားခြင်းဖြစ်ပြီး ထိုအချက်သည် ဝိညာဉ်ရေးနှင့် အနာဂတ်အတွက် ရှုထောင့်အမြင်များကို တိုးတက်လာစေပါသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးတွင် တည်ရှိနေသော စိတ်ခံစားမှုများ၊ ပုံရိပ်များနှင့် အတွေးအမြင်များကို ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရာတွင် သာသနာ့အမှုတော်ဆောင်များနှင့် သာသနာပြုလုပ်ငန်းများကို လုပ်ဆောင်နေသူများနှင့်အတူတကွ ပူးပေါင်းလုပ်ဆောင်ရပါမည်။ ဒုတိယပိုင်းကို *"တစ်လှေတည်းစီး ခရီးသွားများ"*ဟု အမည်ပေးထားပြီး ၎င်းသည် ခရစ်ယာန်အသိုင်းအဝိုင်းတည်ဆောက်ရေးနှင့် မစ်ရှင်များလုပ်ဆောင်ရာတွင် ပါဝင်သော ခေါ်တော်မူခြင်းနှင့်ဆိုင်ရာများ၊ ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာများနှင့် အုပ်ချုပ်ရေးပိုင်းတွင်ရှိသော ဆက်ဆံရေးများကို ပိုမိုသင့်တင့်လျောက်ပတ်သောနည်းလမ်းများဖြင့် ပြုပြင်ပြောင်းလဲနိုင်ရန် ဖော်ပြထားပါသည်။ တတိယပိုင်းကို *"ကွန်ကိုပစ်ချလော့"*ဟု အမည်ပေးထားပြီး လက်ရှိကျင့်သုံးနေသောအချက်(၃)ချက်ဖြစ်သည့် သာသနာတွင်း တရားမျှတစွာ စီမံခန့်ခွဲမှု၊ အဆုံးအဖြတ်ပေးမှုလုပ်ငန်းစဉ်များ၊ ပွင့်လင်းမြင်သာရှိမှု၊ တာဝန်ယူမှု တာဝန်ခံမှုနှင့် ပြန်လည်သုံးသပ်ခြင်းတို့ကို ဖော်ပြထားပါသည်။ ထိုအချက်များနှင့်စပ်လျဉ်း၍ "သာသနာပြုလုပ်ငန်းများ အသွင်ကူးပြောင်းရေး"တွင် အတူတကွပါဝင်လုပ်ဆောင်နိုင်

မည့်နည်းလမ်းသစ်များကို အစပြုလုပ်ဆောင်နိုင်ရန် အထူးအရေးတကြီး လိုအပ်နေကြောင်း ကျွန်ုပ်တို့ကို တောင်းဆိုထားပါသည်။ စတုတ္ထပိုင်းသည် “*အများအပြား ဖမ်းဆီးရမိခြင်း*”ဖြစ်ပြီး ကျွန်ုပ်တို့တွင် ကိုယ်စီရရှိထားသောပါရမီများနှင့် ကျေးဇူးတော်များကို အချင်းချင်းဝေမျှရင်း အသင်းတော်နှင့် တစည်းတလုံးတည်းဖြစ်လာစေရန် မည်ကဲ့သို့ လုပ်ဆောင်နိုင်မည်ဆိုသည့်နည်းလမ်းများကို ရှာဖွေနိုင်ရန်ဖြစ်သည်။ နောက်ဆုံးအပိုင်းတစ်ခုမှာ “သင်တို့ကို ငါစေလွှတ်သည်” ဟု အမည်ပေးထားပြီး ထိုအပိုင်းသည် အထူးအရေးပါပြီး အသင်းတော်အတွင်း၌ရှိနေကြသောသူများအားလုံးသည် ယခုလို သာသနာပြုလုပ်ငန်းစဉ်များ၌ ပါဝင်နိုင်ခြင်းငှာ ကောင်းမွန်စွာ ပြင်ဆင်ထားနိုင်ရန်ဖြစ်ပါသည်။

၁၂။ အပြီးသတ်ထုတ်ပြန်ချက်ဖြစ်ပေါ်လာရခြင်းမှာ နှုတ်ကပါတ်တရားတော်၏ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ဖြစ်တည်လာခြင်းဖြစ်ပါသည်။ အီစတာမနက်ခင်းတွင် ဂူသင်္ချိုင်းတော်သို့ အပြေးအလွှား လာရောက်ရှိခဲ့ကြပြီး ရှင်ပြန်ထမြောက်တော်မူသော ဘုရားရှင်ကို ကောင်းကင်ထက်တွင်လည်းကောင်း၊ ကန်စပ်တွင်လည်းကောင်း တွေ့မြင်ရခြင်းများသည် ကျွန်ုပ်တို့ကို စစ်မှန်သော တရားမှန်ကို ကောင်းမွန်စွာသိမြင်လာစေပြီး ကျွန်ုပ်တို့ ပြောဆိုဆွေးနွေးချက်များကိုလည်း အားကောင်းလာစေပါသည်။

# အပိုင်း (၁)

## အတူတကွခရီးဆက်သောစိတ်နှလုံး

## ပြုပြင်ပြောင်းလဲရန်အတွက် ဝိညာဉ်တော်ဘုရား၏ ခေါ်သံ

*ရက်သတ္တပတ်၏ ပထမနေ့နံနက်စောစော မှောင်နေဆဲအချိန်တွင် မာရိယာမာဒလေးနာသည် သင်္ချိုင်းတော်သို့လာ၍ ကျောက်တုံးသည် သင်္ချိုင်းဂူဝရှေ့မှ ရွှေ့ထားလျက်ရှိသည်ကိုမြင်၏။ သို့ဖြစ်၍ သူမသည် ပြေး၍ ရှိမွန်ပေတရုနှင့် ယေရှုချစ်တော်မူသော တပည့်တော်ထံသို့သွားပြီးလျှင် ထိုသူတို့သည် သခင်ဘုရားကို သင်္ချိုင်းဂူမှ ယူဆောင်သွားကြပါပြီ။ ကိုယ်တော့်ကို သူတို့ အဘယ်မှာထားကြသည်ကို ကျွန်မတို့မသိပါဟု တပည့်တော်တို့အားဆို၏။ (ယော ၂၀း ၁-၂)*

၁၃။ ပါစကားမနက်ခင်းတွင် ကျွန်ုပ်တို့သည် တပည့်တော်ကြီးသုံးပါးကို တွေ့မြင်ခဲ့ကြရပြီး ထိုသူတို့မှာ မာရိယာမာဒလေးနာ၊ ရှိမွန်ပေတရုနှင့် ခရစ်တော်ချစ်မြတ်နိုးတော်မူသော တပည့်တော်တစ်ပါးဖြစ်ပါသည်။ ထိုသူတို့မှာ ခရစ်တော်သခင်ကို သူတို့နည်းဟန်ဖြင့်ရှာဖွေနေခဲ့ကြပြီး မျှော်လင့်ချက်အလင်းရောင်ကို ရရှိနိုင်ရန်အတွက် ကြိုးစားလုပ်ဆောင်ခဲ့ကြပါသည်။ မာရိယာမာဒလေးနာသည် ခရစ်တော်အပေါ် ထားရှိသော ချစ်ခြင်းမေတ္တာ၏စေစားမှုကို ခံစားခဲ့ရသူဖြစ်သောကြောင့် ထိုသင်္ချိုင်းဂူသို့ ပထမဦးဆုံးရောက်ရှိခဲ့သူဖြစ်ပါသည်။ သူမ၏ပြောစကားကြောင့် ပေတရုနှင့် ခရစ်တော်ချစ်မြတ်နိုးသောတပည့်တို့သည် ခရစ်တော်၏သင်္ချိုင်းဂူသို့ သွားရောက်ခဲ့ကြသည်။ ခရစ်တော်ချစ်သော တပည့်တော်သည် ပျိုမျစ်သောလူငယ်တစ်ဦး၏စွမ်းအားဖြင့် အစွမ်းကုန် ပြေးလွှားသွားခဲ့သည်။ သင်္ချိုင်းဂူအတွင်းသို့ သူသည် ဦးစွာရောက်ရှိပြီး ခရစ်တော်သခင်ကို စိတ်အားထက်သန်စွာရှာဖွေလိုသော်လည်း သူ့ထက် အသက်ကြီးပြီး ဦးဆောင်မှုတာဝန်ကို ယူထားရသော ပေတရုကိုသာ ဦးစွာဝင်ရောက်စေခဲ့သည်။ ပေတရုသည် ခရစ်တော်ကို ငြင်းပယ်ခဲ့သော်လည်း ဘုရားသခင်၏ သနားကြင်နာခြင်းကို ခံစားရသောကြောင့် ထိုခံစားမှုကို အသင်းတော်အတွင်းတွင် ပြန်လည်ဝေမျှပေးခဲ့သည်။ မာရိယာသည် ထိုဥယျာဉ်အတွင်း၌ ရှိနေစဉ် တစ်စုံတစ်ယောက်၏ခေါ်သံကို ကြားလိုက်ရသည်။ ထိုအချိန်တွင်ပင် သူမမျှော်လင့်နေသော ဆရာသခင်မှန်း သူမသိရှိခဲ့သည်။ ခရစ်တော်သည် သူ၏ရှင်ပြန်တော်မူခြင်းကို တပည့်တော်ကြီးများအား ပြောကြားရန် အခွင့်ပေးခဲ့သည်။ ထို့အတွက်ကြောင့် သူမကို အသင်းတော်က တမန်တော်ကြီးများ၏တမန်တော်ဟု အသိအမှတ်ပြုခဲ့ခြင်းဖြစ်ပါသည်။ ထိုသူတို့၏ တစ်ဦးတစ်ယောက်ချင်းအပေါ် မှီခိုအားထားနေခြင်းသည် အတူတကွခရီးဆက်ခြင်းဆိုသည့် နှလုံးသားဖြင့် ပေါင်းစပ်ထားခြင်းကြောင့်ဖြစ်ပါသည်။

၁၄။ ကက်သလစ်အသင်းတော်ကြီး တည်ရှိနေရခြင်းမှာ ခရစ်တော်သခင်၏ရှင်ပြန်ထမြောက်တော်မူခြင်းကို ပြတ်ပြတ်သားသား သက်သေခံဖို့ရန်အတွက်ဖြစ်ပါသည်။ ရှင်ပြန်ထမြောက်တော်မူခဲ့သော ခရစ်တော်သည် ကမ္ဘာကြီးအား ငြိမ်းချမ်းသာယာခြင်းကို ဆောင်ကြဉ်းပေးပြီး သူ၏ဝိညာဉ်ကို ကျွန်ုပ်တို့အား လက်ဆောင်အဖြစ် ပေးအပ်ခဲ့ပါသည်။ အသက်ရှင်သန်တော်မူနေသောခရစ်တော် စစ်မှန်သောလွတ်လပ်ခြင်း၊ မည်သည့်အခါမျှ ပျက်ပြယ်နိုင်မည့်မဟုတ်သည့် မျှော်လင့်ခြင်း၊ ထာဝရဘုရားသခင်၏ ရွှေမျက်နှာတော်ကို ဖူးမျှော်စေခြင်းနှင့် လူသားတို့၏ အဆုံးမရှိသော ရည်ရွယ်ချက်ပန်းတိုင်ပင်ဖြစ်ပါသည်။ နှုတ်ကပါတ်တရားတော်တွင် ကျွန်ုပ်တို့အား မိန့်ကြားထားသည်မှာ ပါစကားပွဲတော်မြတ်ကို ယုံကြည်နိုင်ရန်နှင့် သက်သေခံနိုင်ရန်အတွက် မိမိတို့၏ နှလုံးသားများကို အမိုက်မှောင်ကမ္ဘာကို ကြောက်လန့်ခြင်း၊ သံသယနှင့် အပြစ်များမှ ကင်းစင်နေကြရန်ဖြစ်ပါသည်။ ထိုအမိုက်မှောင်အတွင်း သတ္တိရှိစွာ လမ်းမှန်ရှာနိုင်သူများ

သည်သာ ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ပါသည်။ ထိုသူတို့၏ခေါ်သံကိုကြားမိပြီး အခွင့်လွှတ်ခြင်းကို ခံစားရကာ အခြားသူများကို ကူညီနိုင်ရန်အတွက်လည်း စေလွှတ်ခြင်းခံရပါသည်။

## ဘုရားသခင်၏လူမျိုးစုအဖြစ် ရပ်တည်နေသောအသင်းတော်၊ စည်းလုံးညီညွတ်ခြင်း၏ စက္ကရမင်မင်္ဂလာမြတ်

၁၅။ ဘုရားသခင်၏လူမျိုးစုအမှတ်အသားမှာ ဆေးကြောခြင်းခံယူစဉ်က ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်ဟူသော အမည်နာမတော်မြတ်ကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။ ထိုအမှတ်အသားအားဖြင့် ဖြူစင်သန့်ရှင်းစွာနေထိုင်ရန်၊ သာသနာပြုလုပ်ငန်းများဆောင်ရွက်ရန်နှင့် ကယ်တင်ခြင်း၏လက်ဆောင်မွန်ကို လက်ခံယူနိုင်ရန် လူသားများကို ဖိတ်ခေါ်ခြင်းဖြစ်ပါသည် (cf. Mt. 28: 18-19)။ ခရစ်တော်သခင်၌ ဆေးကြောခြင်းမင်္ဂလာကို ခံယူထားကြပြီး ခရစ်တော်ကို အဝတ်တန်ဆာအဖြစ် ဝတ်ဆင်ထားခြင်းနှင့် (ဂါလာတိ ၃း၂၇)၊ ဝိညာဉ်တော်ဘုရားအားဖြင့် ကျွန်ုပ်တို့ကို အသစ်တဖန်ပြန်လည်မွေးဖွားစေသောကြောင့် (ယော ၃း၅-၆) ဤအသင်းတော်သည် အတူတကွ ခရီးဆက်နေနိုင်ခြင်းဖြစ်ပါသည်။

၁၆။ ဘုရားသခင်သည် လူသားအားလုံးကို အပြစ်နွံမှလွတ်ကင်းစေလျက် သူ့ကိုသိရှိရန်နှင့် သစ္စာတရားဖြင့် ဖြူစင်ခြင်း၌ သူ့ထံအစေခံရန်အလို့ငှာ အလိုရှိတော်မူပါသည် (LG 9)။ ကိုယ်တော်မြတ်စက္ကရမင်တူးသည် စည်းလုံးညီညွတ်ခြင်းကို ယူဆောင်ပေးပြီး ကောင်းကင်နိုင်ငံခရီးကို လှမ်းလျှောက်နေကြသော ဘုရားသခင်၏သားသမီးများကို ခွန်အားများပေးအပ်လျက်ရှိနေပါသည်။ "ပေါင်မုန့်သည် တစ်လုံးတည်းဖြစ်သောကြောင့် အရေအတွက်အားဖြင့် များသော ငါတို့သည် တစ်သားတစ်ကိုယ်တည်းဖြစ် ကြ၏" (၁ ကော ၁၀း၁၇)။

ကိုယ်တော်မြတ်အားဖြင့် အသင်းတော်သည် ခရစ်တော်၏ခန္ဓာတော်ဖြစ်လာပါသည်။ "သို့ဖြစ်၍ သင်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာဖြစ်ကြ၍ သင်တို့တစ်ဦးစီသည် ထိုကိုယ်ခန္ဓာတော်၏ အင်္ဂါအစိတ်အပိုင်းများဖြစ်ကြ၏" (၁ကော ၁၂း၂၇)

ကျေးဇူးတော်များဖြင့် ပြည့်လျှံနေသောအသင်းတော်သည် ဝိညာဉ်တော်ဘုရား၏ဗိမာန်တော်ပင်ဖြစ်သည်။ သင်တို့သည်လည်း ရှင်သန်လျက်ရှိသော ကျောက်များကဲ့သို့ပင် ဝိညာဉ်နှင့်ဆိုင်သော ဗိမာန်တော်အဖြစ် မိမိတို့ကိုယ်ကို တည်ဆောက်ကြလော့"။ (၁ပေ ၂း၅)

၁၇။ လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ နိုင်ငံပေါင်းစုံ၊ မတူညီသောဒေသများနှင့် ကွဲပြားသော ရိုးရာယဉ်ကျေးမှုများရှိကြသော်လည်း ယခုသာသနာ့ညီလာခံကြီးအတွင်းတွင် အတူပါဝင်လုပ်ဆောင်လျက်ရှိနေပါသည်။ ဤအခြင်းအရာသည် "ဝိညာဉ်တော်၏အနုစ်သာရ"ဖြစ်သော (EG 268) ဘုရားသခင်၏လူမျိုးစုဆိုသည့်အဓိပ္ပါယ်ကို ဖော်ပြနေပါသည်။ ဘုရားသခင်၏လူမျိုးစုဆိုသည်မှာ ဆေးကြောခြင်းခံယူထားကြသောသူများဆိုသည်ထက် ပိုမိုလေးနက်ပါသည်။ ထိုသူတို့မှာ ခရီးတစ်ခုကို လျှောက်လှမ်းနေကြသောလူများဖြစ်ပြီး ကောင်းကင်ဘုံ၌ တည်နေတော်မူသောအသင်းတော်၌ ချစ်ခင်စည်းလုံးစွာနေထိုင်နေကြသူများဖြစ်ပါသည်။ မတူညီသောဒေသများနှင့် ကွဲပြားသောယဉ်ကျေးမှုထုံးစံများတွင် သူတို့သည် ကယ်တင်ခြင်း၏သတင်းကောင်းကိုဝေမျှသက်သေခံရင်း နေထိုင်နေကြသူများဖြစ်ပါသည်။ နေထိုင်လျက်ရှိသောကမ္ဘာကြီးတွင် အတူတကွလျှောက်လှမ်းရင်း၊ ကွဲပြားသောဘာသာပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံနှင့် နှီးနှောရင်း၊ သူတို့အား ဘုရားသခင်ပြသတော်မူသည့် အမှန်တရား၏ အမှတ်လက္ခဏာများကိုကြည့်ရှုရင်းဖြင့် ဘုရားသခင်၏နိုင်ငံတော်ထံသို့ ဦးတည်သွားနေကြသူများဖြစ်ကြပါသည်။ ယုံကြည်ခြင်းနှင့် ဆေးကြောခြင်းခံခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏လူမျိုးစုများထဲတွင် ပါဝင်လာပါသည်။ ကျွန်ုပ်တို့အား အမိမယ်တော်၊ မျှော်လင့်ခြင်းနှင့် နှစ်သိမ့်ပေးခြင်း (LG 68)၊ တမန်တော်ကြီးများ၊ ဓမ္မအာဇာနည်များ၊ ကာလအဆက်ဆက်နှင့် ဒေသအသီးသီးတွင်ရှိခဲ့ကြသော ရဟန္တာအရှင်သူမြတ်များက လမ်းညွှန်ကူညီစောင်မပေးလျက်ရှိပါသည်။

၁၈။ ဘုရားသခင်၏ သန့်ရှင်းသောလူမျိုးဖြစ်သည့်အသင်းတော်တွင် ပါဝင်နေကြသူများမှာ တစ်စိတ်တစ်ဝမ်းတည်းဖြစ်၍ အသင်းတော်များမှာလည်း စည်းလုံးလျက်ရှိနေပါသည်။ ထိုစည်းလုံးခြင်းကို "အသင်းတော်သည် ဆရာတော်ဖြစ်ပြီး ဆရာတော်သည်လည်း အသင်းတော်ပင်ဖြစ်သည်"ဆိုသည့် ရှေးထုံးသွန်သင်ချက်ကို အဆင့်ဆင့် ကျင့်သုံးလာခဲ့ကြသော ဆရာတော်ကြီးများမှတဆင့် တွေ့မြင်နိုင်ပါသည်။ (စိန်ဆစ်ပရီရန်) ခရစ်တော်သခင်သည် တမန်တော်ကြီး ပေတရုအား အရိုက်အရာပေးအပ်ခဲ့ပြီး သူ့အား ဆက်ခံသူများမှာလည်း စည်းလုံးညီညွတ်စွာဖြင့်ပင် လုပ်ဆောင်ခဲ့ကြပါသည်။ ထို့အတွက်ကြောင့် ရောမမြို့ရှိဆရာတော်ကြီး (ပုပ်ရဟန်းမင်းကြီး)မှာ အစဉ်တည်မြဲပြီး အသင်းတော်ကြီး တစ်စိတ်တစ်ဝမ်းတည်းရှိနေကြောင်းကို ထင်ရှားစွာတွေ့မြင်နိုင်ပါသည်။ (LG 23)

၁၉။ ဘုရားသခင်၏နှလုံးသားသည် ဆင်းရဲသားများ၊ အပယ်ခံများနှင့် အစွန့်ပစ်ခံရသူများအတွက် အထူးနားခိုရာ ဖြစ်ပါသည် (EG 197)။ ထို့အတွက်ကြောင့် ထိုသူတို့သည် အသင်းတော်၏အလယ်ဗဟိုတွင် တည်ရှိနေခြင်းဖြစ်ပါသည်။ ခရစ်ယာန်များအားလုံးသည် အဆိုပါဆင်းရဲသားများ၏မျက်နှာတွင် ခရစ်တော်သခင်ကို ရှာဖွေတွေ့နိုင်ပါသည်။ ကိုယ်တော်သည် ပြည့်စုံကြွယ်ဝသူဖြစ်သော်လည်း မိမိ၏ဆင်းရဲချို့တဲ့ခြင်းအားဖြင့် သင်တို့သည် ပြည့်စုံကြွယ်ဝသူများဖြစ်လာစေရန် သင်တို့အတွက် ဆင်းရဲခြင်းကို ခံယူတော်မူခဲ့၏ (၂ ကော ၈း၉)။ ဆင်းရဲသားများကို စောင်မကြည့်ရှုခြင်းသည် ခရစ်တော်ကို စစ်မှန်စွာယုံကြည်ခြင်း၏အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ခရစ်တော်၏ဆင်းရဲဒုက္ခကို ကိုယ်တိုင်တွေ့ကြုံခံစားနေရသူများဖြစ်သည့် ဆင်းရဲသားများသည် (EG 198) ဘုရားသခင်၏ကယ်တင်ခြင်းနှင့် ဝမ်းမြောက်ဖွယ်သတင်းကောင်းကို ဆောင်ကြဉ်းပေးသူများဖြစ်ပါသည်။ အသင်းတော်သည် ထိုသူတို့နှင့်အတူ ရပ်တည်ခြင်း၊ သူတို့စကားသံကို နားထောင်ခြင်းနှင့် သူတို့ထံမှ သင်ယူခြင်းဖြင့် ဝိညာဉ်တော်ဘုရားထံမှ ရရှိထားသောလက်ဆောင်ကို အသိအမှတ်ပြုခြင်းတို့ကို မဖြစ်မနေလုပ်ဆောင်ရပါမည်။ ထို့ပြင် အသင်းတော်သည် ထိုသူတို့အား နှုတ်ကပါတ် သတင်းကောင်းကို မျက်မြင်ဖော်ပြနေသူများအဖြစ်လည်း ရှုမြင်သင့်ကြပါသည်။

၂၀။ "ခရစ်တော်သည် တိုင်းနိုင်ငံအသီးသီး၏ အလင်းတရားဖြစ်ပြီး" (LG 1) အသင်းတော်အတွင်းသို့လည်း ထိုအလင်းတန်းကို ဖြန့်ကျက်ကာ လူသားတို့၏ အားနည်းချက်များနှင့် အပြစ်များကြောင့် မှေးမှိန်အောင် ပြုလုပ်နေစေကာမူ လင်းလက်နေဆဲဖြစ်ပါသည်။ အသင်းတော်သည် ခရစ်တော်ထံမှ ဆုကျေးဇူးတော်များသာမက လူသားထုတစ်ရပ်လည်း စည်းလုံးညီညွတ်စေရန်နှင့် ချစ်ခြင်းမေတ္တာဝေမျှရန်တာဝန်ကိုလည်း ရရှိခဲ့ခြင်းအားဖြင့် (cf AG 2-4) အသင်းတော်၏ရည်ရွယ်ချက်နှင့် ပန်းတိုင်ကို ကမ္ဘာကြီးအား ပြသနေပါသည်။ ယနေ့ခေတ်တွင် ဤတာဝန်မှာ ကမ္ဘာကြီးအတွက် အထူးပင်အရေးကြီးနေပါသည်။ လူများစွာမှာ လူ့ဘောင်လောကနှင့် အဆက်ပြတ်လျက်ရှိနေပြီး ကိုယ်ကျိုးရှာသူများသာ ပျော်ရွှင်မှုရနေပါသည်။ အသင်းတော်၏အခန်းကဏ္ဍမှာ ဘုရားသခင်၏အစီအမံဖြစ်သော လူသားအားလုံးကို လွတ်လပ်ခြင်းနှင့် စည်းလုံးခြင်းရရှိစေရန်ဆိုသည့်အချက်ကို သက်သေခံရန်ဖြစ်ပါသည် (cf. LG 12)။ "ခရစ်တော်၏နိုင်ငံတော်သည် နက်နဲရာအရပ်၌ တည်ရှိနေပြီးဖြစ်ကာ" (LG 3) "ကမ္ဘာလောကကြီးတွင် ကောင်းကင်နိုင်ငံတော်ကိုတည်ဆောက်မည့်မျိုးစေ့နှင့် အစပြုခြင်းလည်းဖြစ်ပါသည်။" (LG 5) လူသားအားလုံးနှင့်အတူ လျှောက်လှမ်းရင်း အသင်းတော်သည် တရားမျှတမှု၊ ငြိမ်းချမ်းရေး၊ လူ့ဂုဏ်သိက္ခာနှင့် လူသားထုတစ်ရပ်လုံးကောင်းကျိုးအတွက် လုပ်ဆောင်လျက်ရှိနေပါသည်။ တစ်ချိန်တည်းမှာပင် ဘုရားသခင်၏နိုင်ငံတော်ဆီသို့ ဦးတည်ကာ အလိုတော်မြတ်ကို ပြည့်စုံစေခြင်းအားဖြင့် "ဤသို့ဖြင့် ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့အပေါ် အပြည့်အဝအုပ်စိုးတော်မူလိမ့်မည်။" (၁ကော ၁၅း၂၈)

### မွန်မြတ်သောစက္ကရမင်တူးများဖြင့် အခြေပြုထားသော ဘုရားသခင်၏လူများ

၂၁။ အသင်းတော်၏ သာသနာ့ညီလာခံခရီးသည် ကျွန်ုပ်တို့အား မတူညီသောပါရမီများ၊ ခေါ်တော်မူခြင်းများနှင့် အခန်းကဏ္ဍများကို ပြန်လည်ရှာဖွေတွေ့ရှိနိုင်စေရန်အတွက် ကူညီပေးလျက်ရှိနေပါသည်။ "အဘယ်ကြောင့်ဆိုသော်

ငါတို့အားလုံးသည် ဂျူးလူမျိုးဖြစ်စေ၊ လူမျိုးခြားဖြစ်စေ၊ ကျွန်ဖြစ်စေ၊ လွတ်လပ်သူဖြစ်စေ ဝိညာဉ်တော်တစ်ပါးတည်းအားဖြင့် ကိုယ်ခန္ဓာတစ်ခုတည်းအဖြစ် ဆေးကြောခြင်းခံယူခဲ့ကြ၏။ ငါတို့အားလုံးသည် ဝိညာဉ်တော်တစ်ပါးတည်းထံမှ သောက်သုံးခဲ့ကြရ၏” (၁ကော ၁၂:၁၃) ဆေးကြောခြင်းသည် ခရစ်ယာန်ဘဝအသက်တာအတွက် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ထိုအရာသည် ကျွန်ုပ်တို့အား ကြီးမြတ်လှသောလက်ဆောင်မွန်ဖြစ်သည့် ဘုရားသခင်၏သားသမီးများဖြစ်လာကြပြီး ဝိညာဉ်တော်ဘုရားမှတဆင့် ခရစ်တော်သခင်မှ ခမည်းတော်ဘုရားနှင့် ပေါင်းစပ်နိုင်ခွင့်ကိုလည်း ရရှိစေပါသည်။ ထိုအရာထက် ကြီးမြတ်သောဂုဏ်သိက္ခာမရှိနိုင်တော့ဘဲ ထိုအရာကို လူသားအားလုံးတို့အား တူညီစွာပေးထားပါသည်။ ဆေးကြောခြင်းခံခြင်းအားဖြင့် ကျွန်ုပ်တို့သည် စပျစ်ပင်မှ အကိုင်းအခက်များကဲ့သို့ ခရစ်တော်သခင်နှင့် တစ်လုံးတစ်ဝတည်း ပေါင်းစပ်နိုင်ကြပါသည်။ “ခရစ်ယာန်”ဟု ခေါ်ဆိုခြင်းခံရခြင်းသည် ဂုဏ်ယူစရာဖြစ်ပြီး ဘုရားသခင်၏ ဆုကျေးဇူးတော်များကို ပြန်လည်အောက်မေ့စေကာ ကျွန်ုပ်တို့ဘဝအသက်တာကို လမ်းမှန်ညွှန်ပြပေးပြီး ညီရင်းမောင်နှမစိတ်ဓာတ်ဖြင့် အတူတကွလှမ်းလျှောက်ကြရန်အတွက်လည်း အကူအညီပေးပါသည်။

၂၂။ ဆေးကြောခြင်းမင်္ဂလာအားဖြင့် “ဘုရားသခင်၏ သန့်ရှင်းသောအရှင်သူမြတ်များသည် ခရစ်တော်သခင်၏ အနာဂတ်အခန်းကဏ္ဍများတွင် ဝေမျှပါဝင်လာကြပြီး ဘုရားသခင်အတွက် ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာအားဖြင့် ရှင်သန်နေသော သက်သေခံများဖြစ်လာကြပါသည်။” (LG 12) ဆေးကြောခြင်းခံယူနေစဉ်တွင် သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် ယုံကြည်သူများအားလုံးကို နှုတ်ကပါတ်တော်၏အမှန်တရားကို အရိုးခံအတိုင်း နားလည်လာစေရန် ကူညီပေးပါသည်။ (၁ ယော ၂:၂၀၊ ၂၇) ထိုအရာသည် အရင်းခံယုံကြည်ခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ သန့်ရှင်းသောဝိညာဉ်တော်ဘုရားမှတဆင့် ဘုရားသခင်၌ အမှန်တရားကို ချိတ်ဆက်မိပြီး ဆေးကြောခြင်းခံယူထားကြသူများသည် ဘုရားသခင်၏ဇာတိတော်ကို ဝေမျှခံရခြင်းကြောင့်ဖြစ်ပါသည်။ အဆိုပါချိတ်ဆက်မှုသည် ယုံကြည်သူများအား အသင်းတော်အတွင်း ဘုရားသခင်၏ သတင်းစကားများ မည်မျှမှန်ကန်ကြောင်းကို လွယ်ကူစွာသိရှိနားလည်စေပါသည်။ ထို့အတွက်ကြောင့် အသင်းတော်က ဘုရားသခင်၏လူများသည် ယုံကြည်ခြင်းနှင့်ပတ်သက်လာလျှင် လမ်းလွဲလိမ့်မည်မဟုတ်ဟု ယုံကြည်စိတ်ချနေခြင်းဖြစ်ပါသည်။ ထိုအချက်ကို သူတို့သည် ယုံကြည်ခြင်းနှင့် ကိုယ်ကျင့်တရားများကို သဘောတူခြင်းဖြင့် ပြသနေပါသည်။ (LG 12) စစ်မှန်သောယုံကြည်ခြင်းသည် အများထင်မြင်ထားသကဲ့သို့ မဟုတ်ပါ။ သာသနာ့ညီလာခံလုပ်ငန်းစဉ်တွင် ဖော်ပြထားသကဲ့သို့ အသင်းတော်ခေါင်းဆောင်များ၏လမ်းညွှန်မှုများအတိုင်း လုပ်ဆောင်နေကြခြင်းဖြစ်သည်။ အရင်းခံယုံကြည်စိတ်သည် ဘာသာတူများကို ဘုံသဘောတူချက်များရရှိလာစေရန် အကူအညီပေးပြီး သွန်သင်ချက်များနှင့် လိုက်နာရန်အချက်များမှာ တမန်တော်ကြီးများက သွန်သင်ချက်များ ဟုတ်၊ မဟုတ်ဆိုသည်ကို ဆန်းစစ်နိုင်ရန်အတွက်လည်း များစွာအသုံးဝင်ပါသည်။ (ITC, Sensus fidei in the life of the Church, 2014, 3).

၂၃။ ခရစ်ယာန်များအားလုံးသည် အရင်းခံယုံကြည်ခြင်းစိတ်ကို ဆေးကြောခြင်းအားဖြင့် ဝေမျှပေးနိုင်ကြပါသည်။ ထိုအတွက်ကြောင့် ဆေးကြောခြင်းသည် “အတူတကွ ခရီးသွားခြင်း”၏ အခြေခံအုတ်မြစ်ဖြစ်ရုံသာမက အသင်းတော်များအားလုံး ပေါင်းစုံစည်းလုံးရန်အတွက်လည်း အထူးအရေးပါပါသည်။ “ကက်သလစ်အသင်းတော်ကြီးရဲ့ သာသနာ့သာသနာ့ညီလာခံခရီးမှာ ခရစ်ယာန်ဂိုဏ်းပေါင်းစုံလည်း မဖြစ်မနေ ပါဝင်နေမှုဖြစ်ပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ ခရစ်ယာန်ဂိုဏ်းပေါင်းစုံတွေ့ဆုံခြင်းဟာလည်း သာသနာ့ညီလာခံဖြစ်နေလို့ပါ။” (ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၊ His Holiness Mar Awa III သို့ ပေးပို့လွှာ၊ နိုဝင်ဘာ (၁၉)ရက်၊ ၂၀၂၂)။ ခရစ်ယာန်ဂိုဏ်းပေါင်းစုံမူဝါဒသည် ဝိညာဉ်ရေးအသက်တာကို ပြန်လည်အသစ်ပြုပြင်ခြင်းပင်ဖြစ်ပါသည်။ နောင်တ တရားရယူခြင်း၊ အတိတ်ကာလက နာကျင်မှုများကို ကုစားခြင်းနှင့် လိုအပ်ပါက ခရစ်ယာန်ချစ်ခြင်းမေတ္တာအရင်းခံစိတ်ဖြင့် အမှားများကို ပြုပြင်နိုင်ရန် ခွန်အားသတ္တိရှိခြင်းဖြစ်ပါသည်။ ညီလာခံကြီးတွင် ဓလေ့ထုံးတမ်းမတူညီကြသော များစွာသောခရစ်ယာန်များမှ အဖိုးတန်အတွေ့အကြုံများကို ဝေငှပေးခဲ့ကြပါသည်။ ထိုသူတို့သည် မိတ်ဆွေများကဲ့သို့ ပေါင်းသင်းဆက်ဆံကြသည်။ အတူတကွ ဆုတောင်းကြသည်။ လိုအပ်နေသူများကို ထောက်ပံ့ပေးကြပြီး ကမ္ဘာကြီးအတွက် တထောင့်တစ်နေရာမှ

ဝိုင်းဝန်းဂရုစိုက်ပေးကြပါသည်။ ကမ္ဘာ့နေရာအနှံ့အပြားတွင်လည်း "ခရစ်ယာန်ဂိုဏ်းဂဏ မခွဲသောစိတ်ဓာတ်"များ ရှိနေကြပြီး ခရစ်တော်သခင်အပေါ် ထားရှိသော ယုံကြည်ချက်တစ်ခုဖြင့် ပူးပေါင်းလုပ်ဆောင်နေကြခြင်းဖြစ်သည်။ ထိုသူများ၏ အနစ်နာခံပေးဆပ်မှုများမှာ စကားသံများထက်ပင် ပိုမိုကျယ်လောင်စွာ ကြားရစေပါသည်။ စည်းလုံး ညီညွတ်ခြင်း ဆိုသည်မှာ ခရစ်တော်သခင်၏ကားတိုင်ထက်တွင် တွေ့မြင်နိုင်သောအရာပင်ဖြစ်ပါသည်။

၂၄။ ဆေးကြောခြင်းသည် ခရစ်ယာန်ဘဝအသက်တာကို အစပြုခြင်းဖြစ်သည်ဟု ရှုမြင်သုံးသပ်လျှင် နားလည်ရ ပိုမိုလွယ်ကူပါသည်။ အသင်းတော်ကြီးမှတစ်ဆင့် ဘုရားသခင်ထံသို့ ခေါ်ဆောင်ရာလမ်းခရီးဖြစ်ပြီး ကျွန်ုပ်တို့အား ခရစ်ယာန်တို့၏ယုံကြည်ခြင်းကို အစပြုပေးကာ ပုဂ္ဂိုလ်သုံးပါးတစ်ဆူဘုရားနှင့်တကွ အသင်းတော်ကြီးကို ပေါင်းစပ်ပေး ခြင်းပင်ဖြစ်ပါသည်။ ထိုခရီးလမ်းကို လျှောက်ကြရာတွင် ဆေးကြောခြင်းခံယူသော အသက်အရွယ်၊ အရှေ့တိုင်းအသင်း တော်နှင့် အနောက်တိုင်းအသင်းတော်တို့၏ ဓလေ့ထုံးစံများနှင့် တချို့အများနှင့်မတူသော ဒေသတွင်းအသင်းတော် များ၏ထုံးတမ်းများအပေါ် မူတည်ပြီး မတူညီမှုများလည်း ရှိနိုင်ပါသည်။ ထိုသို့အစပြုခြင်းသည် လူတစ်ဦးချင်းစီအတွက် အသင်းတော်ကြီးတွင် များပြားလှစွာသော ခေါ်တော်မူခြင်းများနှင့် အခန်းကဏ္ဍများတွင် ပါဝင်နိုင်စေရန် အကူအညီ ပေးပါသည်။ ထိုအခန်းကဏ္ဍများသည် အသင်းတော်ကြီး၏ ကြင်နာသနားခြင်းကို ပြသပေးနိုင်ပြီး မိခင်က မိမိကလေး ငယ်အား လမ်းလျှောက်တတ်စေရန် ထိုကလေးငယ်နှင့်အတူ လမ်းလျှောက်ရင်း သင်ကြားပေးခြင်းနှင့် ဆင်တူပါသည်။ အသင်းတော်သည် ခရစ်ယာန်ဘဝသို့ အစပြုရောက်ရှိလာသူများထံမှ အသံကိုနားထောင်ခြင်း၊ ထိုသူတို့သိချင်သော မေးခွန်းများနှင့် သံသယများကို ဖြေကြားပေးခြင်းတို့လုပ်ဆောင်သကဲ့သို့ ထိုသူတို့၏ ကွဲပြားသောနောက်ခံသမိုင်းကြောင်း များမှ အတွေ့အကြုံများကိုလည်း သင်ယူလေ့လာပါသည်။ ဤလုပ်ငန်းစဉ်တွင် ခရစ်ယာန်လူမှုအသိုင်းအဝိုင်းတို့သည် "အတူတကွ ခရီးဆက်ခြင်း"ဆိုသည့်အတိုင်း အတူတကွ ဟန်ချက်ညီစွာလုပ်ဆောင်ခဲ့ခြင်းကို ထိုသူတို့ကိုယ်တိုင်ပင် သတိမမူမိဘဲ လုပ်ဆောင်နိုင်ခဲ့ကြပါသည်။

၂၅။ ခရစ်ယာန်ဘဝအသက်တာလျှောက်လှမ်းရာတွင် ခရစ္စမားအားပေးခြင်းစက္ကရမင်တူးသည် ယုံကြည်သူများအား သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ အထူးဆုကျေးဇူးတော်များကို လက်ခံရရှိနိုင်ရန် ဆောင်ကြဉ်းပေးပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် ထိုသူတို့၏ယုံကြည်ခြင်း ပိုမိုခိုင်မာလာစေရန်လည်း ပြုလုပ်ပေးပါသည်။ ခရစ်တော်သခင်အပေါ် သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ကျေးဇူးတော်များဖြင့် ပြည့်ဝစေကာ (လုကာ ၄း၁) ဧဝံဂေလိ သတင်းကောင်းကို ဟောကြားစေခဲ့သကဲ့သို့ (လုကာ ၄း၁၈) ထိုသူများအပေါ်သို့လည်း အလားတူကျေးဇူးတော်များဖြင့် ပြည့်ဝစေပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် ထိုသူတို့အား ဘုရားသခင်၏သားသမီးများအဖြစ် အသိ အမှတ်ပြုပေးပါသည်။

ခရစ္စမားအားပေးခြင်းသည် တမန်တော်ကြီးများအပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဘုရား ဆင်းကြွလာခဲ့ သည့်အတိုင်း ဆေးကြောခြင်းခံယူထားကြသောသူအပေါင်းတို့အပေါ်နှင့် အသင်းတော်အတွင်းရှိ သူများအားလုံးအပေါ် သို့လည်း သက်ရောက်ပါသည်။ ထိုအရာသည် အဖိုးထိုက်သောဆုကျေးဇူးတော်ဖြစ်ပြီး အသင်းတော်ကြီးကို အားသစ် လောင်းပေးကာ လုပ်ငန်းဆောင်တာများကို ထမ်းရွက်နိုင်ရန်အတွက် အသင့်ဖြစ်စေပါသည်။ ထို့ကြောင့် ယုံကြည်သူ များသည် ကမ္ဘာအနှံ့အပြားသို့သွားရောက်ရန် ခွန်အားသတ္တိများရရှိစေပြီး လူမျိုးတကာနှင့် ယဉ်ကျေးမှုပေါင်းစုံရှိရာ အရပ်များသို့သွားရောက်ကာ ထိုသူတို့နားလည်သည့်နည်းလမ်းဖြင့် ဧဝံဂေလိသတင်းကောင်းကို ဖြန့်ကြပါသည်။ ယုံကြည်သူအားလုံးတို့သည် ထိုတာဝန်ကိုထမ်းဆောင်ရန် တောင်းဆိုခြင်းခံရပြီး သန့်ရှင်းသောဝိညာဉ်တော်ဘုရားက ပေးအပ်ထားသော ဆုကျေးဇူးများကိုလက်ခံအသုံးပြုပြီး နှိမ့်ချစွာ၊ တီထွင်ဆန်းသစ်စွာဖြင့် ဘုရားသခင်၏နိုင်ငံတော်ကို အစေခံကြရန်ဖြစ်ပါသည်။

၂၆။ ကိုယ်တော်မြတ်မင်္ဂလာပွဲကို အထူးသဖြင့် တနင်္ဂနွေနေ့တွင် ကျင်းပခြင်းသည် ဘုရားသခင်၏လူမျိုးစုများ စုဝေးကြသည့် အဓိကအကြောင်းရင်းဖြစ်ပါသည်။ ကိုယ်တော်မြတ်စက္ကရမင်မှတဆင့် "အသင်းတော်၏စည်းလုံးခြင်းကို

ပြသနိုင်သကဲ့သို့ စစ်မှန်အောင်လည်း ပြုလုပ်နိုင်ပါသည်။" (UR 2) ယုံကြည်သူများအားလုံးအတူတကွ "ပြည့်ဝစွာ၊ အာရုံစူးစိုက်စွာနှင့် တက်ကြွစွာ"ပါဝင်နေသည့်အချိန်တွင် (SC 14) ဆရာတော် (သို့မဟုတ်) ရဟန်းတော် (သို့မဟုတ်) သက်ဆိုင်ရာခေါင်းဆောင်တို့က ဦးဆောင်နေချိန်တွင် ပြန့်ကျဲဟန်ရှိသော ခရစ်ယာန်အသိုင်းအဝိုင်းကြီးသည် တစ်သားတည်းဖြစ်တည်သွားပြီး မိမိတို့ကျရာတာဝန်ကို ခွဲဝေထမ်းဆောင်နိုင်ကြပါသည်။ ခရစ်တော်၏ခန္ဓာကိုယ်ဖြစ်တော်မူသော အသင်းတော်သည် ကိုယ်တော်မြတ်စက္ကရမင်တူးမှ တူညီမှုများနှင့် မတူကွဲပြားခြင်းများနှင့်စပ်လျဉ်း၍ တူညီသောအသင်းတော်နှင့်ကွဲပြားသော ကိုယ်တော်မြတ်ဆိုင်ရာစုဝေးပွဲများ၊ တူညီသောစက္ကရမင်နှင့် များပြားလှသော ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ ထုံးတမ်းဓလေ့များ၊ တူညီသောအခမ်းအနားများနှင့် ကွဲပြားသောအခမ်းအနားများကို ချိန်ညှိနိုင်ရန် သင်ယူနေပါသည်။ ကိုယ်တော်မြတ်စက္ကရမင်က ကျွန်ုပ်တို့အားပြသနေသည်မှာ ဝိညာဉ်တော်ဘုရားသွန်းလောင်းချပေးနေသောဆုကျေးဇူးများမှာ တစ်ဦးနှင့်တစ်ဦးမတူညီသော်လည်း အသင်းတော်အတွင်းရှိ ဆုကျေးဇူးတစ်ခုစီတိုင်းသည် အများကောင်းကျိုးကို ဖော်ဆောင်ရန်အတွက်သာဖြစ်ပါသည်။ ကိုယ်တော်မြတ်မင်္ဂလာပွဲပြုလုပ်ချိန်တိုင်းတွင် ဆေးကြောခြင်းခံယူထားသူတိုင်းကို ပြည့်ပြည့်ဝဝ မဖြစ်နိုင်သေးသည့်တိုင် တစည်းတလုံးတည်းဖြစ်စေလိုကြောင်းကို ဖော်ပြနေပါသည်။ အကယ်၍ တနင်္ဂနွေနေ့တွင် ကိုယ်တော်မြတ်မင်္ဂလာပွဲကို မကျင်းပနိုင်သည့်အချိန်အခါမျိုးတွင် လူအများစုဝေပြီး နှုတ်ကပါတ်သတင်းစကားကို ကြားနာနိုင်ကြပါသည်။ အကြောင်းမှာ ဘုရားသခင်သည် တည်ရှိနေမည်ဖြစ်သောကြောင့်ပင်ဖြစ်ပါသည်။

၂၇။ သခင်ယေဇူး၏ခန္ဓာတော်အတွက် စုဝေးခြင်းနှင့် သာသနာ့ညီလာခံအတွက် စုဝေးကြခြင်းသည် များစွာနီးစပ်မှုရှိနေပါသည်။ ထိုနှစ်ခုလုံးတွင် ခရစ်တော်သခင်ကတိစကားဆိုခဲ့သည့်အတိုင်း သင်တို့နှစ်ဦးသုံးဦးတို့သည် ငါ၏နာမ၌ စုဝေးကြလျှင် ထိုသူတို့၏အလယ်၌ ငါရှိသည် (မဿဲ ၁၈း၂၀) ဆိုသည့်အတိုင်း ခရစ်တော်သခင်တည်ရှိနေသောကြောင့်ဖြစ်သည်။ သာသနာ့ညီလာခံများကို ကျင်းပပြုလုပ်နေချိန်တိုင်းတွင် အသင်းတော်သည် သန့်ရှင်းသောဝိညာဉ်တော်မြတ်မှတဆင့် ခရစ်တော်သခင်နှင့်ပေါင်းစည်းနေသောကြောင့်ဖြစ်ပါသည်။ ဝိညာဉ်တော်ဘုရားသည် ကိုယ်တော်မြတ်စက္ကရမင်နှင့် သာသနာ့ညီလာခံနှစ်ခုလုံးတွင် အသင်းတော်ကြီး စည်းလုံးညီညွတ်နေစေရန် စောင်မပေးပါသည်။ ထိုဝတ်ပြုကိုးကွယ်ခြင်းမှာ ဘုရားသခင်၏နှုတ်ကပါတ်တရားတော်ကို နားထောင်ရန်နှင့် သူ၏ခေါ်သံကို တုံ့ပြန်ရန်ပင်ဖြစ်ပါသည်။ အလားတူစွာပင် သာသနာ့ညီလာခံကြီးသည်လည်း စုဝေးနေကြသည့်အချိန်များနှင့် ယုံကြည်သူများ၏နှလုံးသားအတွင်း ပြောကြားနေသော ဘုရားသခင်၏စကားသံကို နားစွင့်ထောင်ရင်း ဘုရားသခင်၏အလိုဆန္ဒများအတိုင်း လက်တွေ့လုပ်ဆောင်မှုဖြင့် တုံ့ပြန်ကြချိန်ဖြစ်ပါသည်။ ဝတ်ပြုကိုးကွယ်ခြင်းနှင့် သာသနာ့ညီလာခံအကြား ဆက်နွယ်မှုကို အားကောင်းလာစေရန် လုပ်ဆောင်ခြင်းသည် ထိုသူတို့၏ မတူညီသော ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ပွဲတော်များကို ကျင်းပနေစဉ် မြင်တွေ့နေရသည့် ထိုသူတို့၏မျက်နှာပေါ်မှ အတူတကွခရီးဆက်ခြင်း၏အနှစ်သာရတို့သည် ကျွန်ုပ်တို့ ခရစ်ယာန်အသိုင်းအဝိုင်းတစ်ခုလုံးအတွက် အကျိုးရှိစေပါသည်။ ထို့သို့လုပ်ဆောင်ခြင်း ပိုမိုအားကောင်းလာစေရန်အတွက် လေ့လာမှတ်သားသည့်အစုအဖွဲ့တစ်ခုကို အဆိုပါဝတ်ပြုကိုးကွယ်ခြင်းများတွင် အတူတကွခရီးဆက်ခြင်းကို ရုပ်လုံးပေါ်လာစေမည့်နည်းလမ်းများကိုရှာဖွေရန်အတွက် ကျွန်ုပ်တို့အကြံပြုပါသည်။ ထိုအဖွဲ့သည် ယခု သာသနာ့ညီလာခံအတွင်း ဝတ်ပြုကိုးကွယ်ခြင်းနှင့် အသင်းတော်နှင့်ပတ်သက်သည့် သွန်သင်ရာအချက်များကို လေ့လာနေချိန်တွင် ပိုမိုလေးနက်သော ဝိညာဉ်ရေးဆိုင်ရာရှုထောင့်အမြင်မှ အထူးအလေးထားလုပ်ဆောင်စေလိုပါသည်။

## အတူတကွခရီးဆက်ခြင်းဆိုသည့် အဓိပ္ပါယ်နှင့် ကျယ်ပြန့်မှု

၂၈။ "အတူတကွခရီးဆက်ခြင်း"နှင့် "အတူတကွ ပူးပေါင်းခြင်း"ဆိုသည့်စကားရပ်နှစ်လုံးမှာ အသင်းတော်ကြီးက ကာလရှည်ကြာ ကျင့်သုံးလာသည့် သာသနာ့ညီလာခံများမှ ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ အရှေ့တိုင်းနှင့် အနောက်တိုင်းဓလေ့ထုံးစံများတွင် "သာသနာ့ညီလာခံ"ဆိုသည်မှာ နှစ်ပေါင်းအတော်ကြာ မတူညီသောပုံစံများနှင့် လုပ်ဆောင်နေခဲ့ကြသော်လည်း အဓိကဦးတည်ချက်မှာ အများကောင်းကျိုးအတွက်ကို ရှေးရှုကာ လူအများစုဝေးကြပြီး အချင်းချင်း

ပြောဆို၊ ဆွေးနွေးတိုင်ပင်ကာ အတူတကွ ဆုံးဖြတ်ချက်ချခြင်းဖြစ်ပါသည်။ မကြာမီနှစ်များအတွင်းက ထိုအသုံးအနှုန်းမှာ ပိုမိုသိရှိနားလည်လွယ်လာပြီး အသင်းတော်သည် ဘုရားသခင်၏အိမ်တော်ဖြစ်ခြင်းနှင့် ကျွန်ုပ်တို့သည် မိသားစုများဖြစ်ခြင်းဆိုသည့် သဘောသဘာဝကို ဖော်ဆောင်သည့် လူအများနှင့် ဆက်သွယ်ပြီး ခိုင်မာသောဆက်ဆံရေးကို တည်ဆောက်နေခြင်းဆိုသည်ကို နားလည်လာကြပါသည်။ ဤသာသနာ့ညီလာခံအတွင်း ကျွန်ုပ်တို့သည် "အတူတကွ ခရီးဆက်ခြင်း"ဆိုသည့် အနှစ်သာရကို ပိုမိုသဘောပေါက်လာကြပြီး ဤထုတ်ပြန်ချက်ထွက်ပေါ်လာရခြင်း၏ အခြေခံအုတ်မြစ်မှာလည်း ထို့အတွက်ကြောင့်ပင်ဖြစ်ပါသည်။ "အတူတကွခရီးဆက်ခြင်း"ဆိုသည်မှာ ခရစ်ယာန်များနှင့် လူအများစုပေါင်းကာ ဘုရားသခင်၏နိုင်ငံတော်ဆီသို့ အတူတကွလမ်းလျှောက်သွားနေခြင်းဖြစ်ပါသည်။ ဤသို့လုပ်ဆောင်သည့်လုပ်ငန်းစဉ်တွင် လုပ်ငန်းတာဝန်များကို အဓိကထားကာ အသင်းတော်အတွင်းရှိ ကဏ္ဍအသီးသီးတွင် ပါဝင်လုပ်ဆောင်နေကြသောလူများသည် နားထောင်ခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းများတွင် ပါဝင်နေစေရန်ဖြစ်ပါသည်။ ဆိုလိုသည့်သဘောမှာ အတူတကွ ဆုံးဖြတ်ချက်ချခြင်းသည် ထိုဆုံးဖြတ်ချက်များအပေါ်တွင် ကိုယ်စီတာဝန်ယူရန်ဖြစ်ပါသည်။ အရှင်းဆုံးပြောရလျှင် "အတူတကွခရီးဆက်ခြင်း"ဆိုသည်မှာ ဝိညာဉ်ပိုင်းဆိုင်ရာ အသစ်ပြုပြင်ခြင်းဖြစ်ပြီး လူတိုင်းပါဝင်လာပြီး ခရစ်တော်၏အလင်းတန်းကို ကိုယ်စီဖြန့်ဝေနိုင်စေရန်အတွက် အသင်းတော်ကြီး၌ လူအများပိုမိုပူးပေါင်းပါဝင်လာကာ သာသနာပြုလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်နိုင်စေရန်အတွက်ပင်ဖြစ်ပါသည်။

၂၉။ အတူတကွ ပူးပေါင်းခြင်း၊ သာသနာပြုခြင်းနှင့် အကြင်နာတရားဖြင့် ပြည့်နှက်နေသည့်အသင်းတော်၏ အနှစ်သာရတို့ကို ခရစ်တော်၏မိခင်ဖြစ်တော်မူသော အပျိုစင်ကညာမာရိယာကတဆင့် အသင်းတော်နှင့် လူသားထုတစ်ရပ်လုံးအတွက် ပြည့်ဝစွာပြသလျက်ရှိနေပါသည်။ သူမသည် အသင်းတော်ကို ကိုယ်စားပြုကာ နားထောင်ပေးခြင်း၊ ဆုတောင်းပေးခြင်း၊ လေးနက်စွာ စဉ်းစားပေးခြင်း၊ အခြားသူများနှင့် စကားပြောခြင်း၊ ကူညီစောင်မခြင်း၊ သိမြင်စေခြင်း၊ ဆုံးဖြတ်ချက်များချစေခြင်းနှင့် လုပ်ဆောင်သည့်အမှုအရာများတွင်လည်း ပါဝင်ပေးပါသည်။ သူမထံမှ နာခံခြင်းတရား၊ ဘုရားအမှုတော်မြတ်အတွက် ထမ်းဆောင်ခြင်း၊ ဘုရားသခင်၏ နှုတ်ကပါတ်တော်မြတ်ကို စောင့်ထိန်းခြင်းနှင့် ဆင်းရဲသားများအတွက်ဆိုလျှင် အဆင်သင့်ဖြစ်နေပြီး လိုအပ်သည်များကို သင်ယူကြရပါသည်။ အလားတူ အကူအညီလိုအပ်နေသူများကို ချစ်ခြင်းမေတ္တာဖြင့် စောင်မခြင်းနှင့် ဝိညာဉ်တော်ဘုရားမှပေးအပ်သော ဆုကျေးဇူးများအတွက်လည်း ဝမ်းမြောက်စွာချီးမွမ်းတတ်ခြင်းများကိုလည်း သင်ယူခဲ့ကြရပါသည်။ စိန်ပေါလ်(၆)က "ကမ္ဘာကြီးတွင် အသင်းတော်လုပ်ဆောင်နေသောလုပ်ငန်းများသည် အမိမယ်တော်မာရိယာ၏ ဂရုစိုက်ဖေးမမှုများ၏ အစွယ်အပွားများသာဖြစ်ပါသည်"ဟု ပြောကြားခဲ့ပါသည်။ (MC, 28)

၃၀။ အတူတကွခရီးဆက်ခြင်းသည် အသင်းတော်ကြီးရပ်တည်နေရခြင်း၏ အဓိကမဏ္ဍိုင် (၃)ရပ်ကို ရည်ညွှန်းနေပါသည်။

(က) ဦးစွာပထမ၊ အသင်းတော်ကြီး မည်သို့လည်ပတ်လုပ်ဆောင်နေသည်ကို ရည်ညွှန်းပါသည်။ ၎င်းသည် အသင်းတော်ဖြစ်သော ဘုရားသခင်၏လူမျိုးစုတို့သည် နှုတ်ကပါတ်တရားတော်ကို ဝေမျှရန်အတွက် ဝိညာဉ်တော်ဘုရားမှတဆင့် ခရစ်တော်သခင်၌ စုစည်းကြပြီး အတူတကွခရီးဆက်နေခြင်းကို ဖော်ပြနေခြင်းဖြစ်ပါသည်။ နှုတ်ကပါတ်တရားတော်နာကြားချိန်၊ ကိုယ်တော်မြတ်မင်္ဂလာပွဲကျင်းပချိန်၊ အတူတကွ စုစည်းနေထိုင်ချိန်၊ တာဝန်ဝတ္တရားများခွဲဝေယူချိန်နှင့် အလွှာပေါင်းစုံ၊ တာဝန်ကိုယ်စီနှင့် အဖွဲ့ပေါင်းစုံတို့မှ အသင်းတော်၏လုပ်ငန်းတာဝန်များတွင် ပူးပေါင်းဆောင်ရွက်နေချိန်တွင် အတူတကွခရီးဆက်နေခြင်းဆိုသည်ကို အသင်းတော်၏ နေ့ရက်တိုင်းတွင် မြင်တွေ့နေစေရပေမည်။

(ခ) ဒုတိယအားဖြင့် အတူတကွခရီးဆက်ခြင်းဆိုသည်မှာ အတူပူးပေါင်းပါဝင်နေခြင်းကိုဖော်ပြသည့် အသင်းတော်

၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်များကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ဖွဲ့စည်းပုံမှာ ပြည်တွင်း၊ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ အဖြစ် အဆင့်ဆင့်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ဝိညာဉ်တော်ဘုရားမြတ်ထံမှလာသောအသံကို နားထောင်ရန်အတွက်ပင်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်များကို ဓမ္မသဂြိုလ်နှင့် ဥပဒေပိုင်းဆိုင်ရာများဖြင့် လမ်းညွှန်မှုပေးထားပါသည်။

(ဂ) တတိယအချက်အနေဖြင့် အတူတကွခရီးဆက်ခြင်းဆိုသည်မှာ အသင်းတော်၏ အဓိကဦးဆောင်သူနှင့် အသင်းတော်က ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအရ ပြည်တွင်း၊ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာမှ ဘုရားသခင်၏ လူမျိုးစုများထံမှ အသံကိုနားထောင်ရန်အတွက် အသင်းတော်အတွင်း အတူတကွစုဝေးကြရန် တိတိကျကျသတ်မှတ်ထားသော အခမ်းအနားများကို ဆိုလိုပါသည်။ ပုပ်ရဟန်းမင်းကြီးနှင့်အတူတကွ ဆရာတော်ကြီးများမှဦးဆောင်ကာ ဘုရားသခင်၏အလိုတော်ကို သိမြင်အောင်ရှာဖွေခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် အသင်းတော်၏ တာဝန်ဖြစ်သော ဧဝံဂေလိတရားပြန့်ပွားရေးအတွက် ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းများကို ရှာဖွေကြသည့် အချိန်အခါမျိုးဖြစ်ပါသည်။

၃၁။ ကောင်စီ၏ အသင်းတော်သွန်သင်ချက်များတွင် ပေါင်းစပ်ခြင်းဆိုသည့်အဓိပ္ပါယ်နှင့်ပတ်သက်၍ လွန်စွာပင်လေးနက်သော အသင်းတော်၏လုပ်ငန်းတာဝန်များနှင့် နက်နဲသောအရာကို ဖော်ပြထားပါသည်။ နက်နဲရာအချက်သည် ကိုယ်တော်မြတ်မင်္ဂလာခံယူခြင်းမှ ဆင်းသက်လာခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်ဖြစ်သော ပုဂ္ဂိုလ်သုံးပါးတစ်ဆူဘုရားနှင့် ခရစ်တော်နှင့် ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အချင်းချင်း အတူတကွပေါင်းစပ်နေခြင်းကို ဆိုလိုပါသည်။ ဤနည်းအားဖြင့် အတူတကွခရီးဆက်ခြင်းသည် အသင်းတော်ကြီး လည်ပတ်လုပ်ဆောင်နေသမျှနှင့် လူသားများအချင်းချင်း မည်ကဲ့သို့နေထိုင် အသက်ရှင်ရမည်ကို ဖော်ထုတ်ပြသနေသော လမ်းစဉ်ပင်ဖြစ်ပါသည်။ ထိုအချင်းအရာများကို အသင်းတော်အတွင်းမှ အဖွဲ့ဝင်များ အတူတကွလျှောက်လှမ်းနေကြချိန်၊ စည်းဝေးပွဲများတွင် တွေ့ဆုံကြချိန်နှင့် ဧဝံဂေလိသတင်းကောင်းဝေမျှရန် ကိုယ်စီလုပ်ဆောင်နေချိန်များတွင် တွေ့မြင်ရပေသည်။

၃၂။ အတူတကွခရီးဆက်ရုံဖြင့် ပန်းတိုင်ရောက်ပြီဟု မဆိုလိုပါ။ ၎င်းသည် ဝိညာဉ်တော်ဘုရားမှတဆင့် ခရစ်တော်ပေးအပ်သော အသင်းတော်၏တာဝန်များကို လုပ်ဆောင်နိုင်ရန်အတွက်သာ ဖြစ်ပါသည်။ အသင်းတော်၏အဓိကတာဝန်များဖြစ်မှာ ဧဝံဂေလိသတင်းကောင်း ပြန့်ပွားရေးအတွက် အလေးထားလုပ်ဆောင်ရန်သာဖြစ်ပါသည်။ လူတိုင်းနှင့် ရင်းနှီးစွာနေထိုင်ခြင်း၊ တရားဒေသနာဟောကြားခြင်း၊ သွန်သင်ပေးခြင်း၊ ဆေးကြောခြင်းပေးခြင်း၊ ကိုယ်တော်မြတ်မင်္ဂလာပွဲကို ကျင်းပခြင်း၊ အပြစ်လွှတ်ခြင်းများ လုပ်ဆောင်ပေးခြင်း၊ ဒေသတွင်း အသင်းတော်များသာမက တစ်ကမ္ဘာလုံးရှိအသင်းတော်များအားလုံးက ခရစ်တော်၏မိန့်မှာချက်ဖြစ်သော ကမ္ဘာအရပ်ရပ်သို့သွား၍ သတင်းကောင်းဖြန့်ဝေရန်ဖြစ်ပါသည်။ မိမိတို့တွင်ရှိသော ကျေးဇူးတော်နှင့် ကဏ္ဍများအားဖြင့် အတူတကွခရီးဆက်ခြင်းသည် လူမျိုးတိုင်းကို ဘုရားသခင်၏ သတင်းစကားဖြန့်ဝေပေးရန်အတွက် အကူအညီပေးပြီး ထာဝရဘုရားသခင် အလိုရှိတော်မူသော ခရစ်တော်သခင်၌ လူသားများစည်းလုံးခြင်းနှင့် မိဿဟာရဖြစ်နေခြင်းကို ပြသနေပါသည်။ အတူတကွ ခရီးဆက်ခြင်းနှင့် လုပ်ငန်းတာဝန်များသည် လွန်စွာပင် ဆက်စပ်နေပါသည်။ လုပ်ငန်းတာဝန်များသည် အတူတကွလုပ်ဆောင်ဖို့ရန်ဖြစ်ပြီး အတူတကွလုပ်ဆောင်ခြင်းအားဖြင့် လုပ်ငန်းတာဝန်များ ပြီးမြောက်နိုင်စေပါသည်။

၃၃။ ရဟန်းတော်များနှင့် အမှုတော်ဆောင်များကို အပ်နှင်းထားသောလုပ်ပိုင်ခွင့်မှာ အသင်းတော်၏ ဦးခေါင်းဖြစ်တော်မူသော ဝိညာဉ်တော်ဘုရားမြတ်က ပေးအပ်ထားသောအထူးလက်ဆောင်မွန်ဖြစ်ပြီး ခရစ်တော်၏ခန္ဓာတော်ကို တစ်ခုလုံးကို တည်ဆောက်ရန်အတွက်ဖြစ်ပါသည်။ ရဟန်းသိက္ခာခံယူခြင်းစက္ကရမင်တူးမှာလည်း အဆိုပါရဟန်းများနှင့် အမှုတော်ဆောင်များကို ခရစ်တော်ကဲ့သို့ ဦးဆောင်သူ၊ သိုးထိန်းနှင့် လူသားတို့၏ အစေခံဖြစ်စေပါသည်။ ၎င်းမှာ တမန်တော်ကြီးများ အဆင့်ဆင့်သွန်သင်လာခဲ့သော သွန်သင်ချက်များကို မပျောက်မပျက်အောင်ထိန်းသိမ်းပြီး အသင်းတော်အတွင်းရှိ ကဏ္ဍအသီးသီး၊ အလွှာအသီးသီး၌ တာဝန်ယူဆောင်ရွက်နေကြသောသူများသည် ဝိညာဉ်တော်၏

စောင်မပေးမှုဖြင့် ခရစ်တော်သခင်မိန့်ကြားခဲ့သော လုပ်ငန်းဆောင်တာများကို အတူတကွလုပ်ဆောင်ကြရင်း အချင်းချင်း စည်းလုံးနေစေရန်အတွက်ဖြစ်ပါသည်။ တလုံးတဝတည်းဖြစ်တည်နေသောအသင်းတော်သည် ထိုအရာပင်ဖြစ်ပြီး ပြုပြင် ပြောင်းလဲရန်နှင့် တိုးတက်ရန်အတွက် အခွင့်အာဏာပေးထားခြင်းပင်ဖြစ်ပါသည်။

## ဟန်ချက်ညီစွာ အတူတကွပူးပေါင်းခြင်း

၃၄။ ဝိညာဉ်ရေးအသက်တာတွင် ကျွန်ုပ်တို့အချင်းချင်းသည် တစ်ဦးတစ်ယောက်ချင်းစီအပေါ် ဆက်ဆံပြုမူသည့် ပုံစံအားဖြင့် ရုပ်လုံးပေါ်စေပါသည်။ မိမိတစ်ဦးတစ်ယောက်တည်း အသက်ရှင်နေရုံဖြင့် ထိုကဲ့သို့သော ဆက်ဆံမှုမျိုး နှင့် ပေါင်းစပ်မှုများကို ရရှိနိုင်မည်မဟုတ်ပါ။ ထို့အတွက် မိမိနှင့်နီးစပ်သူများကို ချစ်ခင်ခြင်းသည် အထူးပင်လိုအပ်ပါသည်။ အတူတကွ သာသနာပြုခရီးဆက်နေသော အသင်းတော်သည် ထိုကဲ့သို့ ရင်းနှီးသောဆက်ဆံရေးကို ခရစ်တော်သခင် မိန့်ကြားတော်မူခဲ့သည့် စကားတော်အတိုင်း လိုက်နာကျင့်ဆောက်တည်နေခြင်းပင်ဖြစ်ပါသည် (ယော ၁၃း ၃၄-၃၅)။ ခမည်းတော်ဘုရား၊ သားတော်ဘုရားနှင့် သန့်ရှင်းသောဝိညာဉ်တော်ဘုရားအားဖြင့် ပေါင်းစပ်ထားသော အသင်းတော် သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို အခြေပြုထားသော အကြင်နာတရားကို ပြသနေပြီး ဘယ်သူသေသေ ငတေမာ ပြီးရောသည့် အခြေအနေကို ထောက်ပြနေပါသည်။ ကျွန်ုပ်တို့ ခရစ်ယာန်ညီနောင်အသင်းတော်များ ကွဲပြားနေခြင်း အားဖြင့်၊ အသက် ၊ အလုပ်အကိုင်၊ ကျား/မ၊ အသက်မွေးဝမ်းကျောင်းနှင့် လူမှုနောက်ခံသမိုင်းကြောင်းများသည် ကျွန်ုပ်တို့အချင်းချင်း အတူတကွ စုပေါင်းလုပ်ဆောင်နိုင်ရန်အတွက် အချင်းချင်း သင်ယူလေ့လာနိုင်ရန် အခွင့်အရေးများ ရှိနေပါသည်

၃၅။ မိသားစုဆိုသည်မှာ “မိမိတို့၌ ဖြစ်တည်နေသော အသင်းတော်”ဖြစ်ပြီး (LG 11) အခြားသူများနှင့် ပေါင်းစပ် ဆက်ဆံနိုင်ရန်အတွက် ပထမဦးဆုံးတည်ဆောက်ရမည့်အရာဖြစ်ပါသည်။ ကိုယ်ရည်ကိုယ်သွေး၊ လိင်ကွဲပြားမှု၊ အသက် နှင့် ရပ်တည်မှုများ မည်ကဲ့သို့ပင်ကွာခြားနေပါစေ ခိုင်မာအောင်လုပ်ဆောင်ရမည့်အရာဖြစ်ပါသည်။ မိသားစုများအတွင်း တွင် အတူတကွခရီးဆက်နေသည့် အသင်းတော်ဖြစ်တည်ရန်အတွက် လွန်စွာအရေးပါသောအချက်များ ပါဝင်နေပါ သည်။ မိသားစုများအတွင်း ရုန်းကန်ရမှုများနှင့် နာကျင်မှုများခံစားခဲ့ရသည့်တိုင် ချစ်ခြင်းမေတ္တာ၊ ယုံကြည်စိတ်ချမှု၊ ခွင့်လွှတ်သည်းခံခြင်းနှင့် နားလည်ပေးမှုများသည် တည်ရှိနေဆဲပင်ဖြစ်ပါသည်။ ဤနေရာတွင် ကျွန်ုပ်တို့အားလုံးမှာ တူညီသော လူ့ဂုဏ်သိက္ခာရှိနေပြီး မိမိပြောသည်ကို တခြားသူများနားထောင်စေသကဲ့သို့ တခြားသူများ၏ ပြောစကား များကိုလည်း နားထောင်ပေးရန်လိုအပ်ပါသည်။ ထိုသို့လုပ်ဆောင်မှသာ ဆုံးဖြတ်ချက်များကို အတူတကွချမှတ်နိုင်မည် ဖြစ်ပါသည်။ မိသားစုဘဝသည် ကျွန်ုပ်တို့အား တာဝန်ခွဲဝေမှု၊ ချစ်ခြင်းမေတ္တာကို အလေးထားမှုနှင့် အခြားသူများ၏ မတူညီမှုများကို လေးစားခြင်းအားဖြင့် ကောင်းမွန်သောလူမှုအသိုင်းအဝိုင်းတစ်ခုကို တည်ဆောက်နိုင်ရန် သင်ကြားပေး ပါသည်။ (ဖရန်စစ်၊ လူမှုသိပ္ပံအကယ်ဒမီတွင် ပုပ်ရဟန်းမင်းကြီး၏ မိန့်ခွန်းမှ ကောက်နုတ်ချက်၊ ၂၉ ရက်၊ ဧပြီလ၊ ၂၀၂၂)

၃၆။ ယခု လုပ်ဆောင်နေသော သာသနာ့ညီလာခံလုပ်ငန်းစဉ်အတွင်း သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် ဘုရားသခင်၏လူမျိုးစုများအား မတူညီသော ဆုကျေးဇူးများနှင့် လုပ်ငန်းတာဝန်များ၊ အခန်းကဏ္ဍများကို ပေးအပ်ထား ပါသည်။ လူ့ခန္ဓာကိုယ်အတွင်းရှိ အစိတ်အပိုင်းများသည် ကွဲပြားနေသော်လည်း တစ်ခုချင်းစီ၏အစိတ်အပိုင်းများသည် ရှင်သန်မှုအတွက် အမျိုးမျိုးသောလုပ်ငန်းဆောင်တာများကို လုပ်ဆောင်ပေးနေသကဲ့သို့ အသင်းတော်အတွင်းရှိ လူ အများသည်လည်း မတူညီသောဆုကျေးဇူးများကို အသုံးချကာ အခန်းကဏ္ဍအသီးသီးမှ အသင်းတော်ကြီးအတွက် ဝိုင်းဝန်းလုပ်ဆောင်ပေးလျက်ရှိနေပါသည်။ (cf. 1 Cor 12;1-11) ဆေးကြောခြင်းခံယူပြီးထားကြသော အမျိုးသား၊ အမျိုးသမီးသည် အသင်းတော်ကြီးအတွက် တစ်တပ်တစ်အား ပါဝင်လုပ်ဆောင်ပြီး လုပ်ငန်းတာဝန်များကို ခွဲဝေလုပ် ဆောင်ပေးကြရန် အထူးပင်အလိုရှိနေပါသည်။ သို့သော်လည်း ဝမ်းနည်းစရာတစ်ခုမှာ လူအများက ထိုကဲ့သို့ အသင်း

တော်ကြီး အသစ်တစ်ဖန် ပြုပြင်ပြောင်းလဲရန်အတွက် ပါဝင်လုပ်ဆောင်မှုမရှိခြင်းဖြစ်ပါသည်။ ထို့အတူ လူအများစုမှာ ကျား/မခွဲခြားမှု မျိုးဆက်မတူညီမှု မတူညီသော ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် လူမှုရေးနောက်ခံသမိုင်းတရားများကြောင့် ခိုင်မာသောဆက်ဆံရေးတည်ဆောက်ရန် အခက်အခဲဖြစ်လျက်ရှိနေကြပါသည်။ အသင်းတော်အနေဖြင့် ဆင်းရဲနွမ်းပါးပြီး အပယ်ခံလူတန်းစားများအတွက် မဖြစ်မနေ ဂရုစိုက်ပေးရန် လိုအပ်နေပါသည်။

၃၇။ သာသနာ့ညီလာခံခရီးစဉ်အတွင်း ကက်သလစ်အသင်းတော်ကြီးကို ခွန်အားဖြစ်စေသော ဒေသတွင်းအသင်းတော်များ၏ အားတက်ဖွယ်ရာ ထုံးတမ်းအစဉ်အလာများကိုလည်း အထူးအလေးထားပါသည်။ ထိုသူတို့၏လုပ်ဆောင်မှုများကို အတူတကွပူးပေါင်းလုပ်ဆောင်ရန်အတွက်လည်း အထူးအရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် အသင်းတော်သည် စကြဝဠာတစ်ခုလုံးနှင့်သက်ဆိုင်နေပြီး ဒေသဆိုင်ရာအသင်းတော်တစ်ခုချင်းစီသည် ၎င်းတို့တွင်ရှိသော ဆုကျေးဇူးများကို တခြားသူများနှင့် မျှဝေခြင်း၊ သီးခြားတည်ရှိနေသောအသင်းတော်များကိုသာမက အသင်းတော်ကြီးတစ်ခုလုံးအားကောင်းလာစေရန်အတွက် တတ်အားသမျှ လုပ်ဆောင်ပေးနေခြင်းကြောင့်ဖြစ်ပါသည်။ (LG 13) ပုပ်ရဟန်းမင်းကြီး၏ အရေးပါသောအခန်းကဏ္ဍမှာ ထိုကဲ့သို့သော မတူညီမှုများမှ စည်းလုံးခြင်းကို ပျက်ပြားစေသည့်အရာများကို ကာကွယ်စောင့်ရှောက်ပေးပြီး အသင်းတော်တစ်ခုလုံးပိုမိုအားကောင်းလာစေရန် လုပ်ဆောင်ပေးဖို့ဖြစ်ပါသည်။ (cf. AG 22)

၃၈။ အသင်းတော်ကြီးသည် လူပေါင်းများစွာ၊ ဘာသာစကားပေါင်းများစွာ၊ အလုပ်အကိုင်များစွာ၊ ပါရမီရှိသူများစွာနှင့် လုပ်ငန်းဌာနပေါင်းများစွာနှင့် လူထုကောင်းကျိုးအတွက် ရှေးရှုကာ အစဉ်တစိုက်လုပ်ဆောင်နေခဲ့ပါသည်။ ဒေသဆိုင်ရာအသင်းတော်များတွင်လည်း ၎င်းတို့နှင့်သက်ဆိုင်သော ဓလေ့ထုံးစံများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုးကွယ်ဝတ်ပြုမှုပိုင်းဆိုင်ရာ စံနှုန်းများထားရှိကြပါသည်။ ထောင့်ချုပ်ကျောက်ဖြစ်သောမူသော ခရစ်တော်၊ ဟန်ချက်ညီမျှစေသော ဝိညာဉ်တော်မြတ်ဘုရားတို့ကြောင့် ဤကဲ့သို့ မတူကွဲပြားနေခြင်းများတွင် စည်းလုံးညီညွတ်စွာ တည်ရှိနေနိုင်ခြင်းဖြစ်ပါသည်။ ဤကဲ့သို့ ကွဲပြားနေသောအရာများမှ စည်းလုံးနေခြင်းသည်ပင် "စကြဝဠာနှင့်ဆိုင်သောအသင်းတော်"ကို ဖော်ပြနေခြင်းဖြစ်ပါသည်။ ဤသာသနာ့ညီလာခံအတွင်း ကက်သလစ်အသင်းတော်ကြီးအတွင်းရှိ မတူညီသောအသင်းတော်များမှ ကောင်းချက်များစွာကို ထောက်ပြလျက်ရှိနေပါသည်။ ဤညီလာခံသည် အပြန်အလှန် စကားပြောရန်၊ အပြန်အလှန် နားလည်မှုပေးရန်၊ အသင်းတော်မိသားစုကြီးတစ်ခုလုံး ချစ်ခင်စည်းလုံးစွာနေထိုင်နိုင်ရန်အတွက် မိမိတို့တွင်ရရှိသော ဆုကျေးဇူးနှင့် ပါရမီများကို မျှဝေပေးရန်အတွက်ဖြစ်ပါသည်။

၃၉။ သာသနာတော်ကြီး အသစ်ပြုပြင်ခြင်းသည် ဘုရားသခင်၏ခေါ်သံကို အသက်ဝင်လာစေရန် လုပ်ဆောင်ပေးကြသော ဒေသအသီးသီးရှိ လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံးကို အထောက်အပံ့ဖြစ်စေပါသည်။ ယခုခေါ်သံသည် ဘုရားသခင်၏ လူမျိုးစုများနှင့် ဘုရားသခင်၏နိုင်ငံတော်အတွက် လူတစ်ဦးတစ်ယောက်ချင်းစီ ပါဝင်စေရန် ခေါ်တော်မူခြင်းဖြစ်ပြီး ရိုးသားဖြောင့်မတ်မှု၊ ငြိမ်းချမ်းခြင်းနှင့် ဝိညာဉ်တော်မြတ်၌ ဝမ်းမြောက်ရွှင်လန်းခြင်းတို့ပင်ဖြစ်သည် (ရောမ ၁၄း၁၇)။ ထို့အတွက်ကြောင့် မတူညီသော ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများကို လက်ခံကျင့်သုံးနေကြသူများသည်လည်း မိမိတို့၏ ထုံးတမ်းအစဉ်အလာများကို အလေးအမြတ်ပြုချိန်တွင် အခြားသူများ၏ ဓလေ့ထုံးတမ်းအစဉ်အလာများကိုလည်း အသိအမှတ်ပြုနိုင်မည်ဖြစ်ပါသည်။ ထိုသူတို့အချင်းချင်းသည်လည်း မိမိတို့တွင် ရရှိထားသောဆုကျေးဇူးများကို အပြန်အလှန် ဝေမျှရင်း သင်ယူနိုင်ကြပါသည်။ အသင်းတော်၏ ပေါင်းစည်းခြင်းဆိုသည်မှာ တစ်ခုတည်းဖြစ်တည်ရန် အတွက်မဟုတ်ဘဲ မတူညီသည့် ထုံးတမ်းအစဉ်အလာများကို ရောနှောကာ အတူတကွပူးပေါင်းလုပ်ဆောင်နိုင်မည့် နည်းလမ်းများကို ရှာဖွေရန်ဖြစ်ပါသည် (NMI 46)။ ကယ်တင်ခြင်း၏သတင်းကောင်းကို ဝေမျှရန်အတွက် နည်းလမ်းပေါင်းများစွာရှိနေပြီး ထိုအရာသည် အသင်းတော်များ၏ ရပ်တည်နေမှု၊ ဝတ်ပြုကိုးကွယ်ခြင်းများနှင့် လူအများနားလည်နိုင်မည့်သွန်သင်ချက်များကို အကန့်အသတ်ဖြစ်စေမည့်အရာများကို အကာအကွယ်ပေးနေပါသည်။

၄၀။ တစ်ပါးသူများ၏ ယဉ်ကျေးမှုများ၊ ဓလေ့ထုံးစံများနှင့် ၎င်းတို့နှင့် ဆက်နွယ်မှုများသည် အသင်းတော်အတွက် လွန်စွာမှပင်အရေးပါပြီး စည်းလုံးညီညွတ်ကာ အများကောင်းကျိုးအတွက် လုပ်ဆောင်မည့် လူမှုအသိုင်းအဝိုင်းကိုလည်း တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ လမ်းညွှန်မှုဖြင့် ခရစ်ယာန်များ၏ ပေါင်းစည်း ညီညွတ်ခြင်းကိုလည်း မြင်သာစေပါသည်။ ကက်သလစ်အသင်းတော်သည် ခရစ်ယာန်ဂိုဏ်းပေါင်းစုံအဖွဲ့နှင့် ပူးပေါင်း လုပ်ဆောင်ရန်၊ ကျွန်ုပ်တို့ခံယူထားကြသော ဆေးကြောခြင်းမင်္ဂလာတော်၌ အတူတကွ တည်ရှိနေပြီး ခရစ်တော်သခင် တောင်းဆိုသော စည်းလုံးညီညွတ်ခြင်းကိုဖော်ဆောင်ရန် လုပ်ဆောင်လျက်ရှိနေပါသည် (ယော ၁၇း ၂၀-၂၆)။ ဤ သာသနာ့ညီလာခံကြီးသည် လွန်ခဲ့သော နှစ်ပေါင်း (၆၀)ကျော်အတွင်း ခရစ်ယာန်များအချင်းချင်း ပေါင်းစုနိုင်မှုနှင့် အပြန်အလှန် တွေ့ဆုံဆွေးနွေးမှုနှင့် မိမိတို့၏ယုံကြည်ချက်များကို ဝေမျှခြင်းတို့အတွက် များစွာပင် အကျိုးဖြစ်ထွန်းစေ လျက်ရှိနေပါသည်။ ခရစ်ယာန်ညီနောင်အသင်းတော်များ၏ ပူးပေါင်းပါဝင်မှုသည် ကျွန်ုပ်တို့လက်ရှိလုပ်ဆောင်နေသော သာသနာ့ညီလာခံကို အကျိုးဖြစ်ထွန်းစေပြီး ထိုသူတို့၏ အဖိုးတန်သောအကြံဉာဏ်များနှင့် အတွေ့အကြုံများကိုလည်း သင်ယူလေ့လာစေပါသည်။ ကျွန်ုပ်တို့ညွှန်းဆိုထားသော “အတူတကွ ခရီးဆက်ခြင်း” ခရီးလမ်းတွင် ကျွန်ုပ်တို့ ခရစ်ယာန် ညီနောင်များအချင်းချင်း ရင်းနှီးသောဆက်ဆံရေးများ တည်ဆောက်စေနိုင်ရန်အတွက်လည်း အကူအညီပေးနေပါသည်။ ထိုသင်ယူလေ့လာချက်များမှတဆင့်လည်း အနာဂတ်တွင် ပိုမိုလေးနက်ကောင်းမွန်သောဆက်ဆံရေးတည်ဆောက်နိုင် မည်ဟု ရွှည်ရွှယ်ထားပါသည်။

၄၁။ ကမ္ဘာတဝှမ်းလုံးရှိ ခရစ်ယာန်များသည် ဆေးကြောခြင်းမခံယူထားသည့် လူများနှင့် အတူယှဉ်တွဲနေထိုင်နေပြီး ၎င်းတို့၏ မတူညီသောဘာသာတရားများအတိုင်း နေထိုင်လျက်ရှိနေကြပါသည်။ သောကြာနေ့ကြီးတွင် ကျွန်ုပ်တို့သည် ထိုသူများအတွက် ဆုတောင်းပေးကာ ကျွန်ုပ်တို့အတူတူလက်တွဲလုပ်ဆောင်ပြီး ပိုမိုကောင်းမွန်သောကမ္ဘာကြီးဖြစ်လာစေ ရန်နှင့် ကျွန်ုပ်တို့တွေ့ကြုံနေရသောအခက်အခဲပြဿနာများမှ ကင်းလွတ်စေရန် ဆုတောင်းခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ထိုသူများနှင့် အပြန်အလှန်စကားပြောဆိုရန်နှင့် ကျွန်ုပ်တို့တွင်ရှိထားကြသော ယုံကြည်ခြင်းများကို အပြန်အလှန် ဝေငှ ပေးခြင်းအားဖြင့် ရင်းနှီးမှုတည်ဆောက်ရန်လည်းကောင်း၊ ငြိမ်းချမ်းခြင်း၊ နားလည်မှုရှိခြင်းနှင့် ကျွန်ုပ်တို့ကိုယ်စီတွင် ရှိထားနှင့်ပြီးသော ဝိညာဉ်ရေးအသက်တာနှင့် ကိုယ်ကျင့်တရားများကိုလည်းကောင်း ဝေမျှပေးရန်လိုအပ်ပါသည်။ သို့သော်လည်း ကံဆိုးစွာဖြင့် တချို့သောဒေသများတွင် ခရစ်ယာန်များသည် အခြားသောဘာသာဝင်များနှင့် ရင်းနှီးသော ဆက်ဆံရေးတည်ဆောက်ရန်အတွက် ကြိုးပမ်းနေချိန်တွင် နှိပ်စက်ညှဉ်းပန်းခြင်း၊ သတ်ဖြတ်ခြင်းများ ခံစားခဲ့ရပါသည်။ ဤညီလာခံသည် ထိုသူများအတွက် မျှော်လင့်ချက်ကို ဆက်လက်ဆုပ်ကိုင်ထားရန်အတွက် တွန်းအားတစ်ခုပင်ဖြစ်ပါ သည်။

၄၂။ များပြားလှသော ဘာသာတရားနှင့် ယဉ်ကျေးမှုများအကြားတွင် မတူညီသောဘာသာရေးဆိုင်ရာ ယုံကြည်မှု များနှင့် လူမှုကောင်းကျိုးအတွက် ဝိုင်းဝန်းလုပ်ဆောင်နေမှုများသည် ကျွန်ုပ်တို့အား ထူးခြားသောအခြေအနေတစ်ရပ်ကို ထောက်ပြလျက်ရှိနေပါသည်။ ကျွန်ုပ်တို့သည် အဓိကကျသည့်လူများဖြစ်သည်ဆိုသည့်အတွေးမျိုးမတွေးမိစေရန်နှင့် အခြားသူများ၏ ရှုထောင့်အမြင်များကို တလေးတစားလက်ခံတတ်ရန် နှလုံးသားတံခါးကို ဖွင့်ဟထားပေးရန်လိုအပ်ပါ သည်။ လူတစ်ဦးချင်းစီတိုင်းသည် ကျွန်ုပ်တို့ယခုကဲ့သို့ ပူးပေါင်းလုပ်ဆောင်နေသည့် လုပ်ငန်းစဉ်တွင် ကောင်းမွန်စွာနှင့် ပြည့်ဝစွာ ပါဝင်လုပ်ဆောင်ပေးနိုင်ကြပါသည်။ ဥပမာပေးရလျှင် ကျွန်ုပ်တို့သည် သံစုံတီးဝိုင်းအဖွဲ့တစ်ခုကဲ့သို့ မိမိတို့ တီးခတ်သည့် တူရိယာမတူညီသော်လည်း လှပသည့်ဂီတသံကို ဖန်တီးနိုင်သကဲ့သို့ အသင်းတော်အတွက် မတူညီသော အရည်အချင်းများဖြင့် ဖြည့်ဆည်းကူညီနိုင်ကြပါသည်။ ထိုအခြင်းအရာသည် သန့်ရှင်းသောဝိညာဉ်တော်ဘုရား ယူဆောင်ပေးလာသည့် အသင်းတော်အတွင်း သဟဇာတဖြစ်စေပြီး ဟန်ချက်ညီရန် လုပ်ဆောင်ပေးနေခြင်းပင်ဖြစ်ပါ သည်။

## အတူတကွခရီးဆက်ရင်း တစ်ပါးသူ၏အမြင်အပေါ် အလေးထားခြင်း

၄၃။ အတူတကွခရီးဆက်ခြင်းဆိုသည်မှာ အတူတကွပူးပေါင်းလုပ်ဆောင်တတ်သည့်စိတ်ဓာတ်ကို ထားရှိနိုင်ရန်ဖြစ်ပါသည်။ ထိုအချက်သည် ဆွေးနွေးကြောခြင်းခံယူထားကြသောသူများသည် နေ့စဉ်အသက်တာ၌ မည်သို့နေထိုင် အသက်ရှင်သည်နှင့် အသင်းတော်ကြီး၏ လုပ်ငန်းတာဝန်များကို မည်သို့ဆောင်ရွက်နေသမျှကို အကျိုးသက်ရောက်မှုရှိစေပါသည်။ ထိုစိတ်ဓာတ်သည် သန့်ရှင်းသောဝိညာဉ်တော်ဘုရားထံမှ ဆင်းသက်လာပြီး ဘုရားသခင်၏နှုတ်ကပါတ်တော်ကို နားထောင်ခြင်း၊ လေးနက်စွာ ဆင်ခြင်ထောက်ရှုခြင်း၊ တိတ်ဆိတ်စွာ နေထိုင်ခြင်းနှင့် မိမိတို့၏နှလုံးသားကို ပြုပြင်ပြောင်းလဲခြင်းတို့ဖြစ်ပါသည်။ ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ်ဖရန်းစစ်က "ကျွန်ုပ်တို့ လုပ်ဆောင်ရမည့်အဓိကတာဝန်မှာ လူတစ်ဦးတစ်ယောက်ချင်းစီကအစ အရာအားလုံးအပေါ် သန့်ရှင်းသောဝိညာဉ်တော်ဘုရား ပြောကြားနေသည့်စကားသံကို နားစိုက်ထောင်ရန်ဖြစ်သည်"ဟု မိန့်ကြားထားပါသည်။

၄၄။ အတူတကွခရီးဆက်ရင်း တစ်ပါးသူ၏အမြင်အပေါ် အလေးထားခြင်းဆိုရာတွင် မိမိကိုယ်ကို ထိန်းချုပ်ခြင်း၊ နှိမ့်ချစွာနေထိုင်ခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ တစ်ပါးသူအပေါ် ခွင့်လွှတ်ခြင်းနှင့် တစ်ပါးသူထံမှ အခွင့်လွှတ်ခြင်းကို တောင်းခံရန်အတွက် အဆင်သင့်ဖြစ်နေခြင်းတို့ ပါဝင်ပါသည်။ ထိုအချက်တွင် ဘုရားသခင်၏ အမှုတော်မြတ်ကိုဆောင်ရွက်ရန်အတွက် ဂုဏ်ထူးအဆင့်အတန်းများကို မက်မောခြင်းမရှိဘဲ သန့်ရှင်းသောဝိညာဉ်တော်ဘုရားပေးအပ်ထားသော ဆုကျေးဇူးတော်များနှင့် အခန်းကဏ္ဍကို အသိအမှတ်ပြုကာ လုပ်ဆောင်ပေးခြင်းပင်ဖြစ်ပါသည်။ ကျွန်တစ်ယောက်ခဲ့သို့ နှိမ့်ချတော်မူခဲ့သော ခရစ်တော်သခင်၏လမ်းစဉ်ကို ကျွန်ုပ်တို့မျက်မှောက်ပြုသင့်ပါသည်။ ကျွန်ုပ်တို့အချင်းချင်း ကွဲပြားနေကြသော်လည်း ဝိညာဉ်ရေးအသက်တာ၌ပေါင်းစပ်မိချိန်တွင် ကျွန်ုပ်တို့ကြား စည်းလုံးညီညွတ်စွာတည်ရှိနေသည်ကို ကျွန်ုပ်တို့တွေ့မြင်ရပြီးဖြစ်ပါသည်။ ဝိညာဉ်ရေးအသက်တာ၌ တစ်ဦးတစ်ယောက်တည်း ရပ်တည်၍မရနိုင်ဘဲ မိမိတို့အချင်းချင်း ကူညီစောင်မမှုနှင့် လမ်းညွှန်ပေးမှုတို့ကို တစ်ဦးတစ်ယောက်ချင်းမှအစ လူမှုအသိုင်းအဝိုင်းတစ်ခုလုံး လိုအပ်ပါသည်။

၄၅။ "ဝိညာဉ်တော်ဘုရားနှင့် အပြန်အလှန်စကားပြောဆိုခြင်း"ဆိုရာတွင် "ဝိညာဉ်တော်ဘုရားသည် အသင်းတော်ကို ပြောကြားနေသည့် စကားသံကို နားထောင်ရန်နှင့် နားလည်သဘောပေါက်ရန်"ဖြစ်ပါသည် (ဗျာဒိတ် ၂း၇)။ အတိုင်းအတာ၊ အကန့်အသတ်ရှိသည်ဆိုငြားလည်း ထိုအလေ့အထသည် ဝမ်းမြောက်ပျော်ရွှင်ခြင်း၊ အံ့သြဖွယ်ရာများနှင့် ကျေးဇူးတင်ဆပ်ဖွယ်ရာအခိုက်အတန့်များစွာကို လူတစ်ဦးတစ်ယောက်ချင်း၊ အစုအဖွဲ့များနှင့် အသင်းတော်အတွင်းရှိ လူသားများအားလုံးထံသို့ သယ်ဆောင်ပေးလာပါသည်။ "အပြန်အလှန် စကားပြောဆိုခြင်း"ဆိုသည့် ဝေါဟာရမှာ ပုံမှန်စကားပြောနေခြင်းသက်သက်ထက် အဓိပ္ပါယ်ပိုမိုလေးနက်ပါသည်။ ထိုသို့ပြောဆိုခြင်းတွင် အတွေးအခေါ်များနှင့် ခံစားချက်များ၊ တီထွင်ဖန်တီးမှုများနှင့် ဝေမျှခြင်းများ ပါဝင်နေပါသည်။ ဆိုလိုသည်မှာ ပြောင်းလဲမှုများနှင့် ပြုပြင်ပြောင်းလဲခြင်းများမှာ ထိုအချိန်တွင် ဖြစ်ပေါ်လာတတ်သောကြောင့်ဖြစ်ပါသည်။ ရိုးရာယဉ်ကျေးမှုပေါင်းစုံမှ လူများသည် လူသားထုကောင်းကျိုးအတွက်အဖြေရှာရန် လာရောက်ကာစုဝေးရောက်ရှိလာကြခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ ကျေးဇူးတော်သည် လူသားမျိုးနွယ်စုတစ်ခုလုံး ယခုလို ချိတ်ဆက်နိုင်ရန်အတွက် ဖန်ဆင်းထားခြင်းပင်ဖြစ်ပါသည်။ "ဝိညာဉ်တော်မြတ်၌"ဟု ကျွန်ုပ်တို့ပြောဆိုချိန်တွင် ကျွန်ုပ်တို့၌ရှိသော ယုံကြည်ခြင်းနှင့် ဘုရားသခင်၏ ကောင်းမြတ်သော အလိုတော်ကို ရှာဖွေရန်၊ ဝိညာဉ်တော်မြတ်ဘုရား၏အသံကို ကောင်းမွန်စွာ ကြားနိုင်လောက်သည့် ပတ်ဝန်းကျင်တစ်ခု အလယ်သို့ ရောက်ရှိနေခြင်းကို ဆိုလိုပါသည်။

ခရစ်ယာန်အသိုင်းအဝိုင်းတစ်ခုလုံး အသစ်ပြုပြင်ရန်အတွက် ဘုရားသခင်ပေးသနားသည့် ကောင်းချီးမင်္ဂလာများသည်သာ အရေးအကြီးဆုံးဖြစ်သည်ဆိုသည်ကို အသိအမှတ်ပြုမှသာ ဖြစ်ပါမည်။ ဝိညာဉ်ရေးအသက်တာ၌ လေးနက်ခြင်းမရှိလျှင် အတူတကွခရီးဆက်ခြင်းဆိုသည့် ခရီးလမ်းသည်လည်း အရာမထင်ဘဲ သဲထဲရေသွန်ဖြစ်ပါလိမ့်

မည်။ ကျွန်ုပ်တို့အား မိမိတို့တွင်ရှိသော ဝိညာဉ်ရေးအသက်တာ၏ အတွေ့အကြုံများကို ဝေမျှခြင်းသာမကဘဲ ဘုရားသခင်ကို မျက်နှာချင်းဆိုင်ဖူးမြော်နိုင်သည့်အခွင့်အရေးဖြစ်သည့် တစ်ဦးကိုတစ်ဦး ချစ်ခြင်းမေတ္တာပြသလျှက် အချင်းချင်းဖေးမဂရုစိုက်ခြင်းများကို တောင်းဆိုနေပါသည်။ ဤကဲ့သို့ အဖိုးထိုက်တန်လှသော သွန်သင်ချက်များနှင့် ဓလေ့ထုံးစံများအားဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ပြန်လည်လန်းဆန်းလာစေရန်အတွက် အထောက်အကူဖြစ်စေပါလိမ့်မည်။ ထို့ပြင်လူတိုင်းပူးပေါင်းပါဝင်လာကြရန်၊ ဆုံးဖြတ်ချက်များကို အတူတကွ ချမှတ်ရန်၊ အစေခံခြင်းအားဖြင့် ကျွန်ုပ်တို့၏ ယုံကြည်ချက်များကို ထုတ်ဖော်ပြသနိုင်ရန်အတွက် ဆုတောင်းခြင်းသည်လည်း လိုအပ်ပါသည်။

၄၆။ အသင်းတော်ကြီးသည် ကုစားရန်၊ အခွင့်လွှတ်ရန်နှင့် ယုံကြည်ခြင်းများ ပြန်လည်တည်ဆောက်ရန်လိုအပ်နေပါသည်။ ဤအချက်သည်ပင် ကျွန်ုပ်တို့ လက်ရှိလုပ်ဆောင်နေသော သာသနာ့ညီလာခံကြီး၏ ဆောင်ပုဒ်တစ်ခုပင်ဖြစ်ပြီး အထူးသဖြင့် အလွဲသုံးစားမှုများနှင့် အကျင့်စာရိတ္တပိုင်းဆိုင်ရာ ဖောက်ပြားသည့်ကိစ္စရပ်များအတွက်ဖြစ်ပါသည်။ အသင်းတော်၏ပြင်ပ၌လည်း အလားတူ ပြဿနာများဖြစ်ပျက်လျက်ရှိနေပါသည်။ ယခုလိုဖြစ်ပျက်နေမှုများကို ကျွန်ုပ်တို့အားလုံး၏နှလုံးသားထဲ၌ စွဲမှတ်ကာ မိမိတို့အချင်းချင်း တာဝန်ယူကြရန် ခရစ်တော်သခင်အားဖြင့် ဆေးကြောခြင်းခံယူထားကြသောသူများအားလုံး၌ တာဝန်ရှိကြောင်း ပြောကြားလိုပါသည်။ ဤအချက်သည် ကျွန်ုပ်တို့ ဘုရားသခင်အတွက် လုပ်ဆောင်ပေးရမည့် တာဝန်ဖြစ်ပါသည်။ ဤအမှုအရာသည် ကျွန်ုပ်တို့ မှားယွင်းမိသည့်အခါနှင့် ယုံကြည်ခြင်းများ ပြန်လည်တည်ဆောက်ရန်အတွက် ခွန်အားသစ်တစ်ရပ်ဖြစ်စေပါသည်။ ဘုရားသခင်၏နောက်လိုက်များဖြစ်ကြသော ကျွန်ုပ်တို့သည် ယခုလိုဖြစ်ပျက်နေသည့် ပြဿနာများကို အရေးအယူလုပ်ရန် မဖြစ်မနေလိုအပ်နေပါသည်။ ထို့အတွက်လည်း ဘုရားသခင်၏ကူညီစောင်မခြင်းကို လိုအပ်နေပါသည်။ ကျွန်ုပ်တို့အတူတကွ လျှောက်လှမ်းနေသော သာသနာ့ညီလာခံကြီးသည် သင့်တင့်လျောက်ပတ်၍ တရားမျှတသောအရေးကိစ္စများအတွက် ဖြစ်ပါသည်။ ကျွန်ုပ်တို့ အသိုင်းအဝိုင်းတစ်ခုလုံးကို ဆေးကြောသန့်စင်ပစ်ရန်အတွက် ကျွန်ုပ်တို့အတူတကွ ကုစားမှုခံရန်နှင့် အခွင့်လွှတ်ခြင်းကို ခံယူနိုင်စေရန် လုပ်ဆောင်ရပါမည်။

## အတူတကွခရီးဆက်ရင်း မျက်မှောက်ခေတ်မှ အနာဂတ်အတွက် စကားသံများ

၄၇။ အသင်းတော်သည် အတူတကွလုပ်ဆောင်ရင်း တစ်ဦးတစ်ယောက်၏အသံများကို နားထောင်သောအခါ ကမ္ဘာကြီးအတွက် မှန်ကန်ခိုင်မာသော စကားသံဖြစ်ပေါ်လာနိုင်ပါသည်။ ဆိုရလျှင် ပိုမိုကောင်းမွန်သော လမ်းမှန်ကို ညွှန်ပြနေသောအလံကိုင်တစ်ယောက်နှင့် အလားသဏ္ဍာန်တူပါသည်။ လက်ရှိတွင် ကျွန်ုပ်တို့အားလုံးသည် ကြီးမားသော ပြဿနာများနှင့် တွေ့ကြုံနေရပါသည်။ လူအများစုမှာ ဆင်းရဲချို့တဲ့နေကြသည်။ အစိုးရများမှာလည်း မိမိတို့တာဝန်ကို ကောင်းမွန်စွာ မလုပ်ဆောင်ကြပါ။ တချို့သောခေါင်းဆောင်များမှာ အပူတပြင်းဖြစ်နေသောကိစ္စရပ်များအပေါ် အရေးတယူမရှိကြပါ။ လူအများစု ထင်မြင်ထားကြသည်မှာ အဆိုပါကိစ္စရပ်များကို အာဏာလက်ကိုင်ထားသူများသာ ဖြေရှင်းနိုင်လိမ့်မည်ဟု ထင်မြင်လျက်ရှိနေကြပါသည်။ သို့သော်လည်း အသင်းတော်သည် မတူသောနည်းလမ်းဖြင့် ဖြေရှင်းနည်းကို ပြသနိုင်ပါသည်။ အတူတကွ ပူးပေါင်းလုပ်ဆောင်ရင်း အချင်းချင်း အပြန်အလှန်ပြောဆိုခြင်းအားဖြင့် ခရစ်ယာန်များသည် အမှန်တရားနှင့် တရားမျှတမှုဆိုသည်ကို ဖော်ပြပေးနိုင်ပါသည်။ ကျွန်ုပ်တို့ကမ္ဘာကြီးတွင် ဖြစ်ပျက်နေသော အခက်အခဲပြဿနာများ၏ဖြေရှင်းနည်းကို ကျွန်ုပ်တို့ကူညီရှာဖွေပေးရင်း အမှားများနှင့် မတရားမှုများကို ဆန့်ကျင်တွန်းလှန်ရန် ကျွန်ုပ်တို့ ခိုင်မာစွာ ရပ်တည်ပေးနိုင်ကြပါသည်။ ဤနည်းလမ်းအားဖြင့် အသင်းတော်သည် လူသားတိုင်းအတွက် ပိုမိုကောင်းမွန်သော နေရပ်တစ်ခုကို ဖန်တီးပေးနိုင်ပြီး လူတိုင်းသည်လည်း မျှတစွာနှင့် တရားညီမျှစွာ ဆက်ဆံခြင်းခံရပါလိမ့်မည်။ ကျွန်ုပ်တို့ပြောဆိုနေသည့် "လူအများကောင်းကျိုး"ဆိုသည်မှာ ဤအချက်ပင်ဖြစ်ပါသည်။

## အတူတကွခရီးဆက်ရင်း လူမှုအသိုင်းအဝိုင်းတစ်ခု တည်ဆောက်ခြင်း

၄၈။ သာသနာ့ညီလာခံကြီးအတွက် ကျွန်ုပ်တို့လုပ်ဆောင်နေသည့် နည်းလမ်းများမှာ တစ်ဦးနှင့်တစ်ဦး အတွေ့အကြုံများ ဝေငှပြီး ခိုင်မာသောဆက်ဆံရေးတည်ဆောက်ရန်ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့ကို ကြိုဆိုလက်ခံပြီး အသိအမှတ်ပြုခြင်းကိုလည်း ခံစားရပါသည်။ ဤသို့လုပ်ဆောင်ခြင်းသည် ကျွန်ုပ်တို့အား အထီးကျန်ဆန်ခြင်းမှ ကင်းကွာစေပြီး "မိမိသာလျှင် အဓိက"ဆိုသည့်စိတ်ဓာတ်ကို ချိုးနှိမ်ကာ အများကောင်းကျိုးအတွက် အတူတကွပူးပေါင်းလုပ်ဆောင်မှုရမည်ဆိုသည့် အသိစိတ်ဓာတ်ကို ပွားများစေပါသည်။ တချိန်တည်းမှာပင် လူတစ်ဦးတစ်ယောက်ချင်းစီ၏ လွတ်လပ်ခွင့်ကိုလည်း အကာအကွယ်ပေးပြီး မိမိတို့ကံကြမ္မာကို မိမိတို့ ဖန်တီးခွင့်ရှိသည်ဆိုသည့် အသိကိုလည်း ရရှိစေပါသည်။ ကျွန်ုပ်တို့အား သတိပေးနေသည်မှာ အချင်းချင်းပြောစကားများကို နားထောင်ကြရန်၊ အထူးသဖြင့် ကမ္ဘာပေါ်တွင် အမေ့လျော့ခံ ဆင်းရဲနွမ်းပါးပြီး ရုန်းကန်နေကြရသူများ၏အသံကို နားစိုက်ထောင်ရန်ဖြစ်ပါသည်။ ယခုကျွန်ုပ်တို့ လုပ်ဆောင်နေသော ညီလာခံခရီးလမ်းသည် ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသော ကိစ္စရပ်များအပေါ် အာရုံစိုက်ပြီး မည်ကဲ့သို့ ပူးပေါင်းလုပ်ဆောင်နိုင်မည်ဆိုသည်ကို အလေးထားရန်ပင်ဖြစ်ပါသည်။ အတူတကွပူးပေါင်းလုပ်ဆောင်မည်ဆိုပါက ယခုအကြံဉာဏ်များသည် အသင်းတော်ကြီးက မျက်မှောက်ကမ္ဘာကြီးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

# အပိုင်း (၂)

## တစ်လှေထဲစီး ခရီးသွားများ

## ဆက်ဆံရေးများကို ပြုပြင်ပြောင်းလဲခြင်း

*စီမုန်ပေတရု၊ ဒီးဒီမုဟု အမည်တွင်သော သောမ၊ ဂါလေလေးယနယ် ကာနာမြို့သား နာသာနာအဲလ်၊ ဇေဒေဒေးဦး၏ သားမားနှင့် အခြားတပည့်တော်နှစ်ဦးတို့သည် အတူရှိနေကြ၏။ စီမွန်ပေတရုက "အကျွန်ုပ် ငါးဖမ်းသွားမည်" ဟုဆိုသော် သူတို့က "အကျွန်ုပ်တို့သည်လည်း သင်နှင့်အတူလိုက်မည်"ဟုဆိုကြ၏။ (ယော ၂၁း ၂း၃)*

၄၉။ တိုင်ဘေးရိယက်စ်ရေကန်မှာ အရာအားလုံး အစပြုရာဖြစ်သည်။ ပေတရု၊ အန်ဒြူး၊ ယာကုပ်နှင့် ယောဟန်တို့မှာ ငါးဖမ်းပိုက်များကို စွန့်ပစ်ကာ ခရစ်တော်နောက်ကို လိုက်ခဲ့ကြသည်။ အီစတာပွဲတော်ပြီးနောက် ထိုသူတို့အား အဆိုပါ ကန်သို့ပင် စေလွှတ်ခြင်းခံရပြန်သည်။ ထိုညတွင် ကမ်းခြေမှ အပြန်အလှန်ပြောဆိုနေသံများကို ကြားလိုက်ရသည်။ "အကျွန်ုပ် ငါးဖမ်းသွားမည်။" "အကျွန်ုပ်တို့သည်လည်း သင်နှင့်အတူလိုက်မည်။" ယခုသာသနာ့ညီလာခံကြီးသည်လည်း ထိုနည်းတူ အစပြုခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ပေတရု၏အရိုက်အရာကို ဆက်ခံသောသူ၏ခေါ်သံကိုကြားခဲ့ရပြီး ကျွန်ုပ်တို့လက်ခံခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် မိမိတို့ဆန္ဒကိုပစ်ပယ်ကာ သူ၏ဦးဆောင်မှုနောက်သို့ လိုက်လျှောက်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် အတူတကွ ဆုတောင်းခြင်း၊ ပြန်လည်ဆင်ခြင်သုံးသပ်ခြင်း၊ အတူတကွ ရုန်းကန်ရင်းနှင့် မိမိတို့အချင်းချင်း အပြန်အလှန် စကားပြောဖြစ်ခဲ့ကြပါသည်။ အရေးအကြီးဆုံးအချက်မှာ ထိုသို့ပြုလုပ်ခြင်းအားဖြင့် အသင်းတော်ကြီးကို ပိုမိုအားကောင်းပြီး အစွန့်ရှည်တည်တန့်နေသည်ကို တွေ့မြင်နေရခြင်းပင်ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်နိုင်ခြင်းမှာလည်း အသင်းတော်အတွင်းရှိ လူများအချင်းချင်း ချိတ်ဆက်ကာ လုပ်ဆောင်နေခြင်းကြောင့်ဖြစ်ပါသည်။ သာသနာပြုရန်အတွက် စေလွှတ်နေသောအသင်းတော်အတွက် လူများနှင့် အသုံးပြုနေသည့် နည်းစနစ်များကို ပိုမိုတိုးတက်ရန် လုပ်ဆောင်ဖို့ လိုအပ်ပါသည်။

### ချိတ်ဆက်မိသည့် မိတ်ဆွေအသစ်များ

၅၀။ နေရာအနှံ့အပြားတွင် လုပ်ဆောင်ခဲ့ကြသော သာသနာ့ညီလာခံကြီး၏ ခရီးလမ်းတစ်လျှောက် ပေါ်ထွက်လာခဲ့သည့်အဖြေမှာ ဘုရားသခင်၊ အမျိုးသားနှင့် အမျိုးသမီး၊ မိသားစုများ၊ ဒေသဆိုင်ရာ လူမှုအသိုင်းအဝိုင်းများ၊ လူမှုအဖွဲ့အစည်းများနှင့် မတူညီသော ဘာသာတရားများအကြားတွင် ပိုမိုလေးနက်သောဆက်ဆံရေးကို တည်ဆောက်ပေးရန်အတွက် အသင်းတော်ကို တောင်းဆိုနေခြင်းပင်ဖြစ်ပါသည်။ ညီလာခံအတွင်း ပါဝင်ဆွေးနွေးကြသောသူများသည်လည်း ၎င်းတို့၏အတွေးအမြင်နှင့် အတွေ့အကြုံများကို လူထုကြားသို့ ဝေမျှခွင့်ရခဲ့သည့်အတွက် နှစ်ထောင်းအားရလျက် အံ့သြနေခဲ့ကြရပါသည်။ အခြားသူများသည်လည်း ၎င်းတို့၏ အိမ်ထောင်ရေးအခြေအနေ၊ ရပ်တည်မှုနှင့် လိင်ပိုင်းဆိုင်ရာများကြောင့် အပယ်ခံရခြင်းနှင့် မတရားခံစားရသည့် နာကျင်မှုများကို ဆက်လက်ပြောဆိုရန် ရှိနေပါသည်။ စစ်မှန်ပြီး အနှစ်သာရပြည့်ဝသည့် ဆက်ဆံရေးကိုရရှိရန်မှာ အဖွဲ့အတွင်း အစိတ်အပိုင်းတစ်ခုအနေဖြင့် ဝင်ပါနေရုံမျှဖြင့် မဖြစ်နိုင်ပါ။ မိမိတို့တွင်ရှိသည့် လေးနက်သည့် ယုံကြည်ခြင်းကို ပြသနိုင်မှသာဖြစ်နိုင်ပါမည်။ လူမှုအသိုင်းအဝိုင်းအတွင်း ကောင်းမွန်သောဆက်ဆံရေးတည်ဆောက်ရန်အတွက် အရေးအပါဆုံးနှင့် အထောက်အကူအဖြစ်ဆုံးမှာ သမိုင်း

ဖြစ်တည်လာခဲ့သော ဘုရားသခင်၏ လူမျိုးစုများနှင့် ၎င်းတို့၏ယုံကြည်ချက်ကို ထုတ်ဖော်ပြသနိုင်ရန်ပင်ဖြစ်ပါသည်။ "သင်တို့ အချင်းချင်းချစ်ကြလျှင် လူခပ်သိမ်းတို့သည် ထိုချစ်ခြင်းမေတ္တာကို ထောက်ရှု၍ သင်တို့သည် ငါ၏တပည့်များဖြစ်ကြောင်း သိကြလိမ့်မည်" (ယော ၁၃း၃၅)။ သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ တပည့်တော်ကြီးများအပေါ် သွန်းလောင်းချထားပေးသည့် ကျေးဇူးတော်မှာ ခရစ်တော်သခင်နှင့်ပေါင်းစပ်ဖို့ရန် လိုအပ်နေသောသူများအတွက်ပင်ဖြစ်ပါသည်။ အတူတကွ ခရီးဆက်နေသောအသင်းတော်ဖြစ်ရန်အတွက် စစ်မှန်သောပေါင်းစပ်မှုမျိုးဖြစ်ရန်အတွက်မူ ကျွန်ုပ်တို့လက်ရှိကျင့်သုံးနေသော လမ်းစဉ်ကို ပြုပြင်ပြောင်းလဲမှသာ ဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့အချင်းချင်းကြား ကောင်းမွန်သောဆက်ဆံရေးတည်ဆောက်ခြင်းသည် လုပ်ငန်းဆောင်တာများ ပိုမိုတွင်ကျယ်စေရန်အတွက်ကိုရည်ရွယ်ခြင်းမဟုတ်ဘဲ ဘုရားသခင်ကိုယ်တော်တိုင် ဝိညာဉ်တော်ဘုရားမှတဆင့် ခရစ်တော်အားဖြင့်ပြသခဲ့သော ဆက်ဆံရေးကို ထင်ဟပ်စေရန်အတွက်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဆက်ဆံရေးသည် အားမကောင်းသည့်တိုင်အောင် ခရစ်တော်သခင်၏ ကျေးဇူးတော်၊ ခမည်းတော်ဘုရား၏ ချစ်ခြင်းမေတ္တာနှင့် ဝိညာဉ်တော်ဘုရား၏အလင်းပေးမှုအားဖြင့် သုံးပါးမြတ်တစ်ဆူ၏ ပေါင်းစပ်ပေးခြင်းသည် ကျွန်ုပ်တို့ဘဝအသက်တာတွင် ထာဝရဘုရားသခင်အား ယုံကြည်ဆက်ကပ်ခြင်းကို ပြသနိုင်ပါသည်။

၅၁။ ထို့အတွက်ကြောင့် ကျွန်ုပ်တို့သည် ပြုပြင်ပြောင်းလဲရေးခရီးလမ်းတွင် ကျွန်ုပ်တို့ကို မြွက်ဆိုနေသည့် နှုတ်ကပါတ်စကားများကို သေချာမှတ်သားကာ ခရစ်တော်သခင် ကျင့်ကြံခဲ့သည့်လမ်းစဉ်အတိုင်း တဖြည်းဖြည်းချင်း ကြိုးစားသင်ယူရပါမည်။ နှုတ်ကပါတ်တရားတော်သည် ကျွန်ုပ်တို့အား ဘုရားရှင်နှင့် ဖူးမြော်ခွင့်ပေးပြီး တခါတရံသူသည် "သန့်ရှင်းရာဌာနသို့ သူနှင့်အတူလျှောက်လှမ်းမည့်သူများ၏ စကားသံများကို နားစွင့်ထောင်လျှက်ရှိနေပါသည်" (DCS 11)။ ခရစ်တော်သည် မိမိအနီးအပါးသို့ လာရောက်စကားပြောသော မည်သူ့ကိုမဆို စကားတစ်ခွန်းမျှမဆိုဘဲ ထွက်ခွာစေလေ့မရှိခဲ့ပါ။ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ ဂျူးလူမျိုးဖြစ်စေ ဘာသာမဲ့ဖြစ်စေ၊ ဥပဒေပညာရှင်ဖြစ်စေ လွှတ်တော်အမတ်ဖြစ်စေ၊ ဖြောင့်မတ်သောအမျိုးသား အမျိုးသမီး (သို့မဟုတ်) အပြစ်သားဖြစ်စေ၊ သူတောင်းစားဖြစ်စေ၊ မျက်မမြင်ဖြစ်စေ၊ နူနာစွဲသူဖြစ်စေ၊ နာမကျန်းသူဖြစ်ပါစေ ငြင်းပယ်ခဲ့ခြင်းမရှိခဲ့ပါ။ ထိုသူများနှင့် တွေ့ဆုံချိန်တိုင်းတွင် ၎င်းတို့၏ နှလုံးသား၌ စစ်မှန်သော လွတ်လပ်မှုနှင့် ခံယူချက်ရှိပါက ခမည်းတော်ဘုရား၏ မျက်နှာတော်ကို ဖော်ပြလေ့ရှိပါသည်။ ထိုသူတို့၏ လိုအပ်ချက်များကို နားထောင်ရင်း ယုံကြည်ခြင်းအပြည့်ရှိသောသူများကို နှုတ်အားဖြင့်လည်းကောင်း၊ အပြုအမူများအားဖြင့်လည်းကောင်း ပြသလေ့ရှိလေသည်။ ထိုသူတို့၏ဘဝကို အသစ်တန်ဖန် ပြန်လည်မွေးဖွားစေကာ ဘုရားသခင်နှင့် ကောင်းမွန်သောဆက်ဆံရေးရရှိစေရန်အတွက် ကုစားပေးလေ့ရှိပါသည်။ ခရစ်တော်သည် ကယ်တင်ရှင်ဖြစ်ပြီး "ကိုယ်တော်သည် နားပင်းသောသူတို့ကို နားကြားစေ၍ ဆွံ့အသောသူတို့ကို စကားပြောစေလေပြီ" (မာကု ၇း၃၇)။ သူသည် ကျွန်ုပ်တို့နှင့် သူ၏နောက်လိုက်တပည့်များအား မေးမြန်းနေသည်မှာ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သူချထားပေးသည့် လမ်းစဉ်အတိုင်း လိုက်လျှောက်နိုင်ရန် မိမိတို့၏နှလုံးသားများကို ပြုပြင်ပေးရန်ဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာတရားထားရှိမှသာ ကျွန်ုပ်တို့အချင်းချင်း ဆက်ဆံနိုင်မည်ဖြစ်ပြီး ချစ်ခြင်းမေတ္တာမပါရှိသော ဆက်ဆံရေးသည် အတ္တတရားကို မည်သည့်နည်းနှင့်မျှ ကုစားပေးနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ ညီအစ်ကို မောင်နှမများအား စကားသံကိုနားထောင်သည့်အခါ ခရစ်တော်သခင်အားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ အစိတ်အပိုင်းတစ်ခုဖြစ်လာပြီး ကျွန်ုပ်တို့အချင်းချင်းကြား လေးနက်သောထိတွေ့မှုကို ရရှိစေပါသည်။

၅၂။ ပြုပြင်ပြောင်းလဲရေးအတွက် ကျား/မ အခန်းကဏ္ဍခွဲခြားနေမှုများမှာ အထူးအရေးကြီးသောကိစ္စရပ်ဖြစ်ပါသည်။ ကျား/မဖြစ်တည်နေခြင်းကြောင့်သာ လူသားဟူ၍ ဖြစ်လာကြရပါသည်။ လူသားအချင်းချင်းပေါင်းသင်းဆက်ဆံရေးအတွက် လိင်အခန်းကဏ္ဍ/ကျားမ ကွဲပြားနေရသောအခန်းကဏ္ဍမှာ မရှိမဖြစ် လိုအပ်နေပါသည်။ "ထိုသို့ ဘုရားသခင်သည် မိမိပုံသဏ္ဌာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ ပုံသဏ္ဌာန်တော်နှင့်အညီ လူယောကျ်ား၊ လူမိန်းမကို ဖန်ဆင်းပြီးလျှင်. . (ကမ္ဘာ ၁း ၂၇)"။ အမျိုးသားနှင့် အမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်းများမှာ ဘုရားသခင်

၏ ရည်ရွယ်ချက်မဟုတ်ပါ။ ကျွန်ုပ်တို့ ပြုပြင်ပြောင်းလဲမည့်ကမ္ဘာသစ်တွင် ဆေးကြောခြင်းခံယူထားသူတိုင်း၌ တူညီသော ဂုဏ်သိက္ခာရှိနေသည် ဆိုသည့်အချက်ပင်ဖြစ်ပါသည်။ "အကြောင်းမူကား ခရစ်တော်၌ ဆေးကြောခြင်းခံယူသူဟူသမျှသည် ခရစ်တော်ကို အဝတ်တန်ဆာကဲ့သို့ ဝတ်ဆင်ကြသောကြောင့်ဖြစ်သည်။ ခရစ်တော်၌ ဂျူးလူမျိုးနှင့် ဂရိလူမျိုးဟူ၍မရှိ။ ကျေးကျွန်နှင့် လွတ်လပ်သူဟူ၍လည်းမရှိ။ ယောကျ်ားနှင့် မိန်းမဟူ၍လည်း မရှိတော့ပေ။ အကြောင်းမူကား သင်တို့အားလုံးသည် ယေဖူးခရစ်တော်၌ တစ်လုံးတစ်ဝတည်းဖြစ်ကြ၏"(ဂါလာ ၃း ၂၇-၂၈)။ ခရစ်ယာန်များအနေဖြင့် ဘုရားသခင်ပေးအပ်ထားသော လက်ဆောင်မွန်ဖြစ်သည့် ဤအချက်ကို လက်ခံရမည်ဖြစ်ပြီး ထိုကဲ့သို့ မတူညီကွဲပြားခြင်းကို လေးစားရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ယောကျ်ားနှင့် မိန်းမများတွင်ရှိနေသည့် လူ့ဂုဏ်သိက္ခာနှင့် ကျားမတန်းတူရှိရေးကို ရှေးရှုခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပါတ်တော်အတိုင်း နေထိုင်အသက်ရှင်နေကြောင်းကို ပြသနိုင်ရပေမည်။ ယခု သာသနာ့ညီလာခံအတွင်း ၎င်းတို့၏နာကျင်ခံစားမှုများကို ဖွင့်ဟပြောပြကြသည့် အမျိုးသမီးများ၏ ရင်တွင်းစကားများက ကျွန်ုပ်တို့သည် ထိုအချက်ကို မကြာခဏ သတိမမူမိကြကြောင်းကို ထောက်ပြနေပါသည်။

## ထွေးရောယှက်တင်နေသည့် အခြေအနေများ

၅၃။ ခရစ်တော်သခင်နှင့် ပေါင်းစပ်လျက်ရှိသည့် ဆက်ဆံရေးကို ပြန်လည်အသစ်ပြုပြင်ရန်အတွက် များပြားလှစွာသောဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှုများအလယ်တွင် ခရစ်တော်သခင်သည် ၎င်း၏တပည့်တော်များနှင့် အသင်းတော်ကို တာဝန်ပေးအပ်ခဲ့ပါသည်။ ရိုးရာယဉ်ကျေးမှုများ ထွေးရောယှက်တင်နေသည့်အချိန်တွင် ကျွန်ုပ်တို့ပြုလုပ်သင့်သည်မှာ တစ်ဦးတစ်ယောက်၏ ရိုးရာယဉ်ကျေးမှုများကို အသိအမှတ်ပြု လက်ခံပေးဖို့ရန်ဖြစ်ပါသည်။ သို့သော်လည်း တချို့သော ရိုးရာယဉ်ကျေးမှုများမှာ နှုတ်ကပါတ်တရားတော်ကပင် တားမြစ်ထားပါသည်။ သမိုင်းတစ်လျှောက်ကိုပြန်ကြည့်လျှင် အဆိုပါအဖြစ်အပျက်များမှာ အပြစ်နွံအတွင်းသို့ သက်ဆင်းစေရန် အတွေးအခေါ်နှင့် အပြုအမူအားဖြင့် တွန်းပို့နေကြောင်းကို ကျွန်ုပ်တို့ တွေ့မြင်ရပါသည် (cf. SRS 36)။ တိတိကျကျဆိုရလျှင် အပြစ်နှင့် ၎င်း၏အနှောင်အဖွဲ့များသည် လူသားများအား အတားအဆီးဖြစ်စေပြီး အကြောက်တရားကို ရရှိစေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပါတ်တရားတော်အတိုင်း နေထိုင်အသက်ရှင်နိုင်ရန်နှင့် ပြုပြင်ပြောင်းလဲရန်အတွက် ထိုအရာများကို ရင်ဆိုင်နိုင်ဖို့ရန် လိုအပ်ပါသည်။

၅၄။ ကမ္ဘာကြီးတွင် စွဲကပ်နေသော ပလိပ်ရောဂါကဲ့သို့ မကောင်းမှုများမှာ စစ်မက်ဖြစ်ပွားခြင်းနှင့် လက်နက်ကိုင်အကြမ်းဖက်ခြင်း၊ ၎င်းတို့လိုချင်သည့် ငြိမ်းချမ်းရေးဆိုသည်ကို ထိုနည်းလမ်းဖြင့် အရယူမှသာရရှိမည်ဟု အထင်အမြင်မှားနေကြခြင်းပင်ဖြစ်ပါသည်။ ထိုကဲ့သို့ ဘုရားသခင်၏ ဖန်ဆင်းခံအရာများကို ဖျက်ဆီးခြင်းနှင့် လူသားများကိုပင် ထိခိုက်စေခြင်းတို့မှ မိမိအတွက် အကျိုးအမြတ်ရှာနေခြင်းသည် အားလုံးအတွက် ပျက်စီးရာ ပျက်စီးကြောင်းပင်ဖြစ်ပါသည်။ ထိုအကျိုးဆက်မှာ ခရစ်ယာန်အသိုင်းအဝိုင်းအတွင်း အပါအဝင် လူသားအချင်းချင်း ကွဲပြားခြားနားမှုများကိုဖြစ်ပေါ်စေပြီး ထိုအဖြစ်ပျက်ကို တားဆီးငြင်းပယ်နိုင်ပါရက်နှင့် လျစ်လျူရှုထားခြင်းများ ပါဝင်ပါသည်။ ထိုအရာများမှာ ကျား/မ ခွဲခြားခြင်း၊ လူမျိုးရေးတိုက်ခိုက်ခြင်း၊ မျိုးရိုးဇာတ်နိမ့် ဇာတ်မြင့်ခွဲခြားခြင်း၊ မသန်စွမ်းသူများကို လူရာမသွင်းခြင်း၊ လူနည်းစုလူမျိုးများ၏ အခွင့်အရေးများကို ချိုးဖောက်ခြင်းနှင့် ရွှေ့ပြောင်းသွားလာနေကြရသည့် ဒုက္ခသည်များ၏ အခက်အခဲများကို လျစ်လျူရှုခြင်းတို့ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ မိခင်နှင့် အစ်မဖြစ်သော ကမ္ဘာကြီးသည်ပင် မရေမတွက်နိုင်သော လူမှုအသိုင်းအဝိုင်းများ၏ ထိခိုက်ပျက်စီးမှုများကို ခံထမ်းနေရပြီး အထူးသဖြင့် အနွမ်းပါးဆုံးဆင်းရဲသားများမှာ ထိုဒဏ်ကို အလွန်အကျူးခံစားနေကြရပြီး ကမ္ဘာပေါ်ရှိ လူအများစုပင်လျှင် ထိုရိုက်ခတ်မှုကို ခံစားနေရပေလိမ့်မည်။ အဆိုးဝါးဆုံးနှင့် အထင်ရှားဆုံးမှာ မိခင်ဝမ်းတွင်းမှ သန္ဓေသားများကို သတ်ဖြတ်ခြင်းနှင့် သက်ကြီးရွယ်အိုများကို စွန့်ပစ်ခြင်းတို့ဖြစ်ပါသည်။

၅၅။ ကျွန်ုပ်တို့ကမ္ဘာကြီးကို ဖျက်ဆီးနေသော မကောင်းဆိုးဝါးများကို အသင်းတော်အတွင်း၌ပင် တွေ့မြင်နိုင်ပါသည်။

အလွဲသုံးစားမှုနှင့် အကျင့်စာရိတ္တပျက်ပြားခဲ့ကြသည့် အတိတ်ဆိုးတွင် ပြန်လည်ဖော်ပြမပြောနိုင်လောက်အောင် ခံစားခဲ့ရသည့် ဖြစ်ရပ်များ၊ ထိုနာကျင်မှုကို ယနေ့ထက်တိုင် ဆက်လက်ခံစားနေရသူများနှင့် ရှင်သန်လွတ်မြောက်ခဲ့သူများ၏ ဘဝဒဏ်ရာများသည် လူမှုအသိုင်းများသို့တိုင် ပြန့်နှံ့ရောက်ရှိနေခဲ့ပါသည်။ အသင်းတော်က ယုံကြည်စွာ ခန့်အပ်ထားသည့် အမှုတော်ဆောင်ပုဂ္ဂိုလ်များ၏ အလွဲသုံးစားမှုဖြစ်သော လိင်ပိုင်းဆိုင်ရာ၊ စီးပွားရေးပိုင်းဆိုင်ရာ၊ အခွင့်အာဏာနှင့် အမြင်လွဲမှားအောင် ပြုမူခဲ့ကြသည့်သူများကြောင့် ၎င်းတို့၏ဘဝတွင် ထိခိုက်နာကျင်စွာခံစားခဲ့ကြရသောသူများ၏ ရင်ဖွင့်စကားသံများကို အသင်းတော်က နားထောင်သင့်ပါသည်။ နားစိုက်ထောင်ခြင်းဆိုသည်မှာ ကုစားခြင်း၊ နောင်တ တရားရယူခြင်း၊ တရားမျှတမှုကို ရှာဖွေခြင်းနှင့် ပြန်လည်သင့်မြတ်ခြင်းသို့သွားရာလမ်း၏ ပင်မလမ်းကြောင်းပင်ဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းကြောင့် ယုံကြည်မှုများ ပျက်ပြားနေချိန်တွင် လူအများ၏ မယုံကြည်မှုနှင့် သံသယများကို အသင်းတော်အနေဖြင့် အသိအမှတ်ပြု လက်ခံရမည်ဖြစ်ပါသည်။ ထိုဖြစ်ပျက်ခဲ့သော ကိစ္စရပ်များအတွက် ကျွန်ုပ်တို့သည် ခွင့်လွှတ်ခြင်းကို နှိမ့်ချစွာတောင်းဆိုခြင်း၊ အလွဲသုံးစားမှုကို ကိုယ်တွေ့ကြုံခဲ့ရသူများအတွက် ဂရုစိုက်ပေးခြင်း၊ ထပ်မံမဖြစ်ပွားစေရန်အတွက် ကြိုတင်ကာကွယ်သောနည်းလမ်းများကိုအသုံးပြုခြင်းနှင့် အပြန်အလှန်ယုံကြည်ခြင်းများ ရရှိနိုင်ရန်အတွက် ခရစ်တော်သခင်နှင့်အတူ လက်တွဲလုပ်ဆောင်ကြရန်ဖြစ်ပါသည်။

၃၆။ ထိုကဲ့သို့ အပယ်ခံများနှင့် ခွဲခြားဆက်ဆံခံရသူများ၏ စကားသံကိုနားထောင်ပေးခြင်းသည် အသင်းတော်ကြီး လုပ်ဆောင်လျှက်ရှိသည့် ဒဏ်ရာဒဏ်ချက်များဖြင့် ဝန်ပိနေသူများကို ကူညီစောင်မရန်ဆိုသည့်အချက်ကို ပြန်လည်အမှတ်ရစေပါသည်။ အသင်းတော်က ထိုကဲ့သို့လုပ်ဆောင်နေခြင်းမှာလည်း အသက်ရှင်တော်မူသော ဘုရားသခင်သည် ထိုသူတို့အား ကုစားပေးနိုင်သောကြောင့်ဖြစ်ပါသည်။ ဤနည်းလမ်းဖြင့်သာလျှင် အသင်းတော်သည် "မွန်မြတ်သော စက္ကရမင်တူး၊ ဘုရားသခင်နှင့်အတူတကွ လူသားအားလုံးနှင့် တစ်လုံးတစ်ဝတည်းဖြစ်စေမည့် အသုံးတော်ခံ အရာဖြစ်လာပါလိမ့်မည်" (LG 1)။ တစ်ဆက်တည်းမှာပင် ကမ္ဘာကြီးတစ်ခုလုံးကို ရင်ဖွင့်ပြလျက် ကြိုဆိုလက်ခံနေခြင်းသည် ဝိညာဉ်တော်ဘုရား၏နှုတ်ကပါတ်တော်မျိုးစေ့သည် ကမ္ဘာကြီးတစ်ခုလုံးသာကမ ကွဲပြားသောရိုးရာယဉ်ကျေးမှုနှင့် လူမျိုးများအကြားတွင်လည်း ပြန့်နှံ့နေကြောင်းကို ပြသရာလည်းရောက်ပါသည်။ ဤမျိုးစေ့သည် ခိုင်မာသော ဆက်ဆံရေးတည်ဆောက်ရန်၊ ပြန်လည်အလှန် ယုံကြည်မှုများနှင့် ခွင့်လွှတ်ခြင်းများရရှိရန်နှင့် မတူကွဲပြားမှုများကို ရင်ဆိုင်ရန် ကြောက်ရွံ့ခြင်းများကို ကျော်လွှားသွားစေပါသည်။ ထို့ပြင် လူမှုအသိုင်းများကို နွေးထွေးစွာကြိုဆိုခြင်း၊ လူလူချင်း အလေးထားမှုကို မြှင့်တင်ပေးခြင်းနှင့် ပဋိပက္ခများပြီးဆုံးသွားချိန်တွင် ပြန်လည်သင့်မြတ်ငြိမ်းချမ်းကြစေရန်အတွက်လည်း တွန်းအားဖြစ်စေပါသည်။ ကျွန်ုပ်တို့ဖြတ်သန်းလာခဲ့သော သမိုင်းကြောင်းတစ်လျှောက်တွင် ဘာသာရေးအစွဲအလမ်းများနှင့် ကွဲလွဲမှုများကြောင့် များပြားလှသောပဋိပက္ခများကို အမွေအဖြစ် ထားရစ်ခဲ့ပြီး ခရစ်ယာန်ညီနောင်အသင်းဂိုဏ်းများတွင်လည်း အဆိုပါသဘောထားကွဲလွဲမှုများကြောင့် ဆဲကြောခြင်းခံယူထားသည့် ညီအစ်ကိုမောင်နှမများပင် ဖြစ်လင့်ကစား တင်းမာသောဆက်ဆံရေးများ ရှိခဲ့ကြပါသည်။ ယခုကဲ့သို့ သာသနာ့ညီလာခံကြီးမှ တွေ့ဆုံဆွေးနွေး ပြောဆိုမှုများသည် ကျွန်ုပ်တို့အား မျှော်လင့်ချက်ရောင်ခြည်များကို ပြန်လည်ယူဆောင်လာပေးပါသည်။

## Charism၊ ခေါ်တော်မူခြင်းနှင့် လုပ်ငန်းဆောင်တာများကို တာဝန်ယူထားကြသူများ

၃၇။ အသင်းတော်၏ လုပ်ငန်းဆောင်တာများနှင့် အဖွဲ့အစည်းများတွင် ပါဝင်နေကြသော ခရစ်ယာန်တစ်ဦးတစ်ယောက်ချင်းစီသည် ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုဝေငှရန် ပေးအပ်ထားသည့်ဝတ္တရားများကို လုပ်ဆောင်ခြင်းဖြင့် အသင်းတော်၏ ကောင်းကျိုးများကို ယူဆောင်ပေးကြရန် တာဝန်ရှိပါသည်။ "ဆုကျေးဇူးတော်အမျိုးမျိုးရှိသော်လည်း ၎င်းတို့ကို ဝိညာဉ်တော်တစ်ပါးတည်းက ပေးတော်မူခြင်းဖြစ်၏။ ထို့အတူ အစေခံခြင်းအမှုအမျိုးမျိုးရှိသော်လည်း ငါတို့အစေခံနေသည့်သခင်မှာ တစ်ပါးတည်းသာဖြစ်၏။ အမှုတော်ဆောင်ရန် တာဝန်အမျိုးမျိုးရှိသော်လည်း ၎င်းတို့ကိုလုပ်ဆောင်ရန် လူတိုင်းအား တာဝန်အသီးသီးပေးသနားသောသခင်သည် တစ်ပါးတည်းသာဖြစ်တော်မူ၏။ အများကောင်း

ကျိုးအတွက် လူအသီးသီး၌ ဝိညာဉ်တော်ဘုရားအား ပေါ်လွင်ထင်ရှားစေနိုင်သည့်အခွင့်ကို ပေးထားလျှက်ရှိ၏ (၁ ကော ၁၂း ၄-၇)။" ကျွန်ုပ်တို့ခရစ်ယာန်အသိုင်းအဝိုင်းတွင် ဆေးကြောခြင်းခံယူထားကြသောသူအားလုံးတို့သည် မိမိတို့လက်ခံရရှိထားသော ဆုကျေးဇူးတော်များကို မိမိတို့တွင်ရှိသည့် ခေါ်တော်မူခြင်းလမ်းစဉ်အတိုင်း ဝေမျှပေးရန် တာဝန်ရှိပါသည်။ သာသနာပြုခြင်းအမျိုးမျိုးရှိသော်ငြားလည်း လုပ်ဆောင်သမျှအရာအားလုံးသည် သန့်ရှင်းတော်မူသော အဖဘုရားသခင်၏ အလိုတော်မြတ်ကို ထမ်းရွက်နေခြင်းသာဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားပေးအပ်ထားသည့် ဆုကျေးဇူး (သို့မဟုတ်) လုပ်ပိုင်ခွင့်များသည် ခရစ်တော်သခင်၏ခန္ဓာတော်ကို ပေါင်းစပ်စေရန်အတွက်နှင့် (cf. LG 32) မတူညီသောနေရာများနှင့် ဓလေ့ထုံးစံများအတွင်း ဧဝံဂေလိတရားတော်မြတ်ပြန့်ပွားရန်အတွက် ပိုမိုလုပ်ဆောင်နိုင်ရန်ဖြစ်ပါသည် (cf. LG 12)။ ယခုပေးအပ်ထားသည့် ဆုကျေးဇူးတော်များကို ပေးအပ်ထားခြင်းသည် မိမိကိုယ်ကျိုးနှင့် မိမိနှင့်သက်ဆိုင်သောအဖွဲ့အစည်းများအတွက် အသုံးပြုရန်မဟုတ်ပေ။ အသင်းတော်မှခန့်အပ်ထားသော အမှုတော်ဆောင်များ၏လမ်းညွှန်မှုအတိုင်း ခရစ်ယာန်အသိုင်းအဝိုင်းတစ်ခုလုံးနှင့် လူမှုအသိုင်းအဝိုင်းတစ်ခုလုံး၏ကောင်းကျိုးအတွက်သာ အသုံးပြုရပေလိမ့်မည်။ ဆေးကြောခြင်းခံယူထားကြသောလူတိုင်းသည် မိမိတို့နေထိုင်ရာပတ်ဝန်းကျင်နှင့် မိမိတို့တွင်ရှိသည့်အရည်အချင်းများဖြင့် သာသနာအတွင်း လိုအပ်ချက်များကို လုပ်ဆောင်ပေးနေကြပါသည်။ ဤအချက်ကိုကြည့်လျှင် ဝိညာဉ်တော်ဘုရားသည် ဘုရားသခင်ဆုကျေးဇူးတော်များကို လွတ်လပ်စွာပေးနိုင်ကြောင်းကို တွေ့ရှိနိုင်ပါသည်။

၅၈။ ဆေးကြောခြင်းခံယူထားကြသောသူ တစ်ဦးချင်းစီသည် မိမိတို့၏နေ့စဉ်ဘဝအသက်တာအတွင်း မိမိတို့တွင်ရှိသော အရည်အချင်းများနှင့် ပါရမီများကိုအသုံးပြုကာ ဘုရားသခင်၏ သတင်းကောင်းကိုဖြန့်ဝေလျက်ရှိနေကြပါသည်။ ဤအချက်သည်ပင် ဝိညာဉ်တော်ဘုရားသည် သူ၏ဆုကျေးဇူးတော်များကို လွတ်လပ်စွာပေးအပ်နေကြောင်းကို သိရှိနိုင်ပါသည်။ ဝိညာဉ်တော်ဘုရား၏ လမ်းညွှန်စောင်မမှုဖြင့် ဘုရားသခင်၏လူမျိုးစုတို့သည် မိမိတို့ပတ်ဝန်းကျင်တွင်ဖြစ်ပျက်နေသည့်အရာများကို အလေးထားလာကာ မိမိတို့၏ ယုံကြည်ခြင်းကိုလည်း အခြားသူများထံသို့ ဝေမျှပေးနိုင်ကြပါသည်။ ခရစ်ယာန်ဆိုလျှင် မည်သည့်အလွှာမှမဆို - မိသားစုကြား၊ လုပ်ငန်းကြား၊ လူမှုအသိုင်းအဝိုင်းကြား၊ နိုင်ငံရေးလောကကြား၊ လူမှုပြဿနာများကြားနှင့် ဒီဂျစ်တယ်ခေတ်တွင်ပင် မိမိတို့၏ ယုံကြည်ခြင်းနှင့် ဝိညာဉ်တော်ဘုရားပေးအပ်ထားသည့် ဆုကျေးဇူးများကို အသုံးပြုကာ ဘုရားသခင်၏ နှုတ်ကပါတ်သတင်းကောင်းကို ဖြန့်ဝေပေးနေကြပါသည်။

၅၉။ ထိုသူတို့သည် သူတို့လုပ်ဆောင်နေသော သာသနာပြုလုပ်ငန်းများ၌ သူတို့အား ပစ်ပယ်မထားရန်နှင့် ခွန်အားပေးရန် အသင်းတော်ကို တောင်းဆိုလျက်ရှိနေပါသည်။ ထိုသူတို့သည် စေလွှတ်ခြင်းခံရသူများ၊ ခွန်အားရရှိသူများ၊ ဘုရားသခင်၏ နှုတ်ကပါတ်တော်အတိုင်း လိုက်နာနေကြသူများ၊ ကိုယ်တော်မြတ်စက္ကရမင်တူးနှင့် လူမှုအသိုင်းအတွက် အကျိုးရှိသူများအဖြစ် ခံယူလိုကြပါသည်။ ထိုသူများသည် သူတို့လုပ်ဆောင်နေသော သာသနာပြုလုပ်ငန်းများသည် မိမိတို့ကိုယ်တိုင် ရွေးချယ်လုပ်ကိုင်ခြင်းမဟုတ်ဘဲ အသင်းတော်၏ လုပ်ငန်းဆောင်တာများကို အုတ်တစ်ချပ်သဲတစ်ပွင့်အနေဖြင့် စိတ်ပါကိုယ်ရောက်လုပ်ကိုင်ပေးနေခြင်းကို လူအများသိစေချင်ကြပါသည်။ ထို့ပြင် မိမိတို့တွေ့ကြုံခံစားခဲ့ရသည့် အတွေ့အကြုံများကိုအခြေခံလျက် ဘုရားသခင်၏သတင်းကောင်းကိုဝေမျှပေးနေကြသူများကိုလည်း အကူအညီပေးရန် အသင်းတော်ကို တောင်းဆိုထားပါသည်။ တစ်စုတစ်ဝေးတည်းပေါင်းစုထားပြီး သာသနာပြုလုပ်ငန်းလုပ်ဆောင်နေသော အသင်းတော်ကြီးတွင် ဦးဆောင်သူများ၏လမ်းညွှန်မှုဖြင့် လူအများသည် အဆိုပါလုပ်ငန်းစဉ်အတွင်း လူအားဖြစ်စေ၊ အကူအညီဖြစ်စေ ပေးပို့နိုင်ကြပါသည်။ ဤနည်းလမ်းအားဖြင့် အသင်းတော်သည် ထိုသူတို့၏ယုံကြည်ခြင်းဖြင့်နေထိုင်အသက်ရှင်နေသော နေ့စဉ်အသက်တာဖြစ်သည့် မိမိတို့နေအိမ်တွင်ဖြစ်စေ၊ လုပ်ငန်းတွင်ဖြစ်စေ၊ လူမှုအသိုင်းအဝိုင်းကြားတွင်ဖြစ်စေ ထိုသူတို့အားအကူအညီပေးရန် ပိုမိုအာရုံစိုက်လာနိုင်ပြီး မိမိတို့နှင့်သက်ဆိုင်သည့်ကိစ္စများတွင်သာ ကူညီပေးမည်ဆိုသည့် စိတ်မျိုးကို ချေဖျက်နိုင်ပေမည်။

၆၀။ ဆေးကြောခြင်းခံယူခြင်းအားဖြင့် အမျိုးသားနှင့် အမျိုးသမီးတို့သည် ဘုရားသခင်၏သားသမီးများအဖြစ် တူညီသောလူ့ဂုဏ်သိက္ခာကို ရရှိခဲ့ကြပါသည်။ သို့သော် အမျိုးသမီးများသည် ထိုသူတို့တွင်ရှိသော ပြည့်ဝသည့်ဆုကျေးဇူးများကို အသိအမှတ်ပြုရန်၊ အသင်းတော်၏လုပ်ငန်းဆောင်တာများတွင် ပါဝင်ထမ်းရွက်ရန်အတွက်မူ လက်ရှိအချိန်အထိ အခက်အခဲများနှင့် တွေ့ကြုံနေရဆဲဖြစ်ပါသည်။ အသင်းတော်ကြီးလုပ်ဆောင်ရမည့် ရည်ရွယ်ချက်အတိုင်း လုပ်ဆောင်နိုင်ရန် အဆိုပါအကန့်အသတ်များကို မည်ကဲ့သို့ကောင်းမွန်စွာ ကျော်ဖြတ်နိုင်မည်နည်း။ မာရိယာ မာဒလေနားသည် ခရစ်တော်သခင်၏ ရှင်ပြန်ထမြောက်ခြင်းကို ပထမဦးဆုံးကြေညာပေးသူဖြစ်ပါသည်။ ဝိညာဉ်တော်မြတ်ဘုရားဆင်းသက်လာသည့်နေ့တွင်လည်း ခရစ်တော်၏ မိခင်ဖြစ်တော်မူသော မာရိယာသည် ခရစ်တော်၏နောက်လိုက်များဖြစ်ကြသော အမျိုးသမီးများနှင့် အတူတကွ ရှိနေပါသည်။ ဤအဖြစ်အပျက်များကို အသင်းတော်၏ ဖတ်ရှုချက်များတွင် လေးလေးနက်နက် ဖော်ပြထားသင့်ပါသည်။ အသင်းတော်သမိုင်းအကြောင်းတစ်လျှောက်လုံးကို ခြုံငုံသုံးသပ်ကြည့်လျှင်လည်း အမျိုးသမီးများမှာ အထူးရေးပါသောအခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်ခဲ့ကြသည်ကို တွေ့မြင်ကြရပေမည်။ မျက်မှောက်ခေတ်တွင်လည်း ထိုအမျိုးသမီးများသည်ပင်လျှင် ဘုရားကျောင်းသို့ အစဉ်မပြတ်လာသူများဖြစ်ပြီး သူတို့၏ယုံကြည်ခြင်းကို မိသားစုအတွင်း၌ ပထမဆုံး ဝေမျှပေးသူများဖြစ်ကြပါသည်။ သူတို့သည် ခရစ်ယာန်အစုအဖွဲ့ငယ်ကလေးများ၊ ကျောင်းများဖွင့်ပေးခြင်း၊ ဆေးရုံဆေးခန်းများ၊ ခိုလှုံရာနေရာများ၊ ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်မှုများ၊ တရားမျှတမှုရရှိရေးနှင့် လူ့ဂုဏ်သိက္ခာအတွက် လုပ်ဆောင်ပေးနေကြသူများ ဖြစ်ကြပါသည်။ အမျိုးသမီးများသည် ဧဝံဂေလိနှင့် သက်ဆိုင်သော သုတေသနများနှင့် အသင်းတော်က တည်ထောင်ထားသည့် အဖွဲ့အစည်းများတွင်လည်း ခေါင်းဆောင်ပိုင်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိနေပါသည်။ ဤသာသနာ့ညီလာခံကြီးသည် အသင်းတော်ကြီးက ခွင့်ပြုထားသောဥပဒေအရ အမေ့လျော့ခံအမျိုးသမီးများ၏ ဦးဆောင်မှုအခွင့်အလမ်းများကို ခွင့်ပြုပေးရန် တောင်းဆိုထားပါသည်။ ဝိညာဉ်တော်ဘုရား၏ ခေါ်ဆောင်မှုကြောင့် ခေါင်းဆောင်မှုအခန်းကဏ္ဍတွင်ပါဝင်လာမည့် အမျိုးသမီးများနှင့်ပတ်သက်၍ မည်သည့်စကားကိုမျှ ပြောဆိုရန်မသင့်ပါ။ အမျိုးသမီးများ ဦးပဉ္စင်းကြီးသိက္ခာခံယူနိုင်ရေးအတွက်မှာမူ ဆက်လက်ဆွေးနွေးကြရန် လမ်းဖွင့်ထားလျက်ရှိနေပါသည်။ ဤသာသနာညီလာခံကြီးမှ တရားဒေသနာဟောကြားရာတွင်လည်းကောင်း၊ သွန်သင်ချက်များကို ဟောကြားရာတွင်လည်းကောင်း၊ အသင်းတော်၏ တရားဝင်ထုတ်ပြန်ထားသည့် ထုတ်ပြန်ချက်များ၌ မိမိတို့အသုံးပြုမည့် ဘာသာစကားနှင့် ရုပ်ပုံများကို ပိုမိုဂရုပြုသုံးစွဲစေလိုကြောင်းလည်း ဖော်ပြထားပါသည်။

၆၁။ ခရစ်ယာန်အသိုင်းအဝိုင်းသည် ကလေးငယ်များအပေါ် အထူးဂရုစိုက်ပေးသင့်ပါသည်။ ထိုသူတို့သည် လမ်းညွှန်ပဲ့ပြင်မှုများသာမကဘဲ အသင်းတော်ကိုဆက်ကပ်ဖို့အတွက်လည်း လိုအပ်ပါသည်။ တပည့်တော်ကြီးများသည် အကြီးမြတ်ဆုံးသူမှာ မည်သူဖြစ်သူဆိုသည့်ကိစ္စနှင့်ပတ်သက်၍ ငြင်းခုံကြချိန်တွင် ကလေးငယ်တစ်ဦးကို ၎င်းတို့အလယ်တွင်ထားကာ ကလေးငယ်များသည် ဘုရားသခင်၏နိုင်ငံတော်သို့ဝင်ရောက်နိုင်မည့် သူများဖြစ်ကြောင်း မိန့်ဆိုခဲ့ပါသည် (မာကု ၉း၃၃-၃၇)။ ကလေးငယ်များ၏ သာသနာပြုနိုင်မည့် အလားအလာများကို မျက်ကွယ်ပြုကာ အသင်းတော်သည် အတူတကွခရီးဆက်နိုင်မည်မဟုတ်ပါ။ ထိုသူတို့၏စကားသံများသည် အရေးပါပြီး လူမှုအသိုင်းအဝိုင်းသည်လည်း ထိုသူတို့၏ စကားသံကို နားထောင်ပေးသင့်ပါသည်။ လူမှုအဖွဲ့အစည်း အထူးသဖြင့် နိုင်ငံရေးနှင့် ပညာရေးကဏ္ဍများမှ ခေါင်းဆောင်များသည် ထိုသူတို့၏ပြောစကားများကို နားထောင်ပေးသင့်ပြီး ထိုကလေးငယ်များကို လေးစားမှုပြသသင့်ပါသည်။ ကလေးငယ်များကို အလေးအမြတ်မထားသော လူမှုအဖွဲ့အစည်းတစ်ခုသည် ကောင်းမွန်သောအဖွဲ့အစည်းတစ်ခုမဟုတ်ပါ။ များစွာသောကလေးငယ်များသည် စစ်ပွဲများ၊ ဆင်းရဲမွဲတေမှုများ၊ စွန့်ပစ်ခံရမှုများ၊ အလွဲသုံးစားပြုမှုခံရခြင်းများနှင့် လူကုန်ကူးခံရခြင်းကိစ္စရပ်များ၌ သူတို့ဘဝ နစ်မွန်းခဲ့ကြရပါသည်။ ဤကဲ့သို့ ဆိုးဝါးလှသော မတရားမှုများကို သတ္တိရှိရှိဖြင့် ဖွင့်ဟပြောဆိုကြရန် လိုအပ်ပါသည်။ အသင်းတော်နှင့် လူမှုအဖွဲ့အစည်းများသည် ကလေးသူငယ်များကို ကာကွယ်ရန်နှင့် အကူအညီပေးကြရန်အတွက် မဖြစ်မနေလုပ်ဆောင်ပေးရပါမည်။

၆၂။ အသင်းတော်ကြီးကို အသစ်ပြုပြင်ရန်အတွက် လူငယ်များမှာ အရေးကြီးသောအခန်းကဏ္ဍ၌ ရှိနေပါသည်။ ထိုသူတို့သည် မိတ်ဆွေဖွဲ့ခြင်းနှင့် အပြန်အလှန်ဝေမျှခြင်းတို့ကို တန်ဖိုးထားကြပြီး တင်းကြပ်သောစည်းမျဉ်းဥပဒေများကို မနှစ်သက်ကြပါ။ တခါတရံတွင် လူငယ်များသည် အသင်းတော်ကို ဝေဖန်တိုက်ခိုက်လိုဟန်ရှိသော်လည်း တရားမျှတမှုမရှိခြင်းကို ဆန့်ကျင်ရန်နှင့် ကောင်းမွန်သောလူ့ဘောင်အသိုင်းအဝိုင်းကို တည်ထောင်လိုစိတ်ကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။ ၂၀၁၈-ခုနှစ် လူငယ့်ညီလာခံတွင် လူငယ်များသည် "နေ့စဉ်ဘဝအသက်တာကို အတူတကွ ဖြတ်သန်းကြဖို့ရန်"တောင်းဆိုခဲ့ကြပြီး ထိုအချက်သည် ပေါင်းစည်းညီညွတ်ခြင်းနှင့် နားဖွင့်ထားသော အသင်းတော်ဖြစ်ရန်ဟူသည့် အသင်းတော်၏မျှော်မှန်းချက်နှင့် ကိုက်ညီမှုရှိပါသည်။ ထို့အတွက်ကြောင့် လူငယ်များအား ထောက်ပံ့ကူညီပေးပြီး စိတ်ရှည်စွာဖြင့် လမ်းပြပေးရန် အရေးကြီးပါသည်။ ကျွန်ုပ်တို့ ပြန်လည်စဉ်းစားသင့်သည့် လူငယ်များအကြံပြုကြသည့် အချက်တစ်ခုမှာ ထိုသူတို့အားပေးလမ်းညွှန်ပြီး ယုံကြည်ခြင်းခိုင်မာလာစေရန်၊ လိုအပ်သူများကို အကူအညီအပေးရန်၊ ဆုတောင်းခြင်းနှင့် စက္ကရမင်တူးများအားဖြင့် ဝိညာဉ်ရေးအသက်တာကို တည်ဆောက်နိုင်မည့် အစီအစဉ်တစ်ခုကို ချမှတ်ပေးရန်ဖြစ်ပါသည်။

၆၃။ ဘုရားသခင်၏သတင်းကောင်းကိုဖြန့်ဝေပေးရန်အတွက် စိတ်ဆန္ဒရှိနေကြသော မသန်စွမ်းသူများအပါအဝင် ဆေးကြောခြင်းခံယူထားကြသော တစ်ဦးတစ်ယောက်ချင်းစီတွင် အသင်းတော်၏ တာဝန်များကို ပါဝင်လုပ်ဆောင်ပေးရန်အတွက် ဝတ္တရားရှိပါသည်။ မတူညီသောအရည်အချင်းများနှင့် အတွေ့အကြုံများကို ထိုသူတို့သည် ကျွန်ုပ်တို့အတွက် ယူဆောင်လာပေးနိုင်ပါသည်။ အသင်းတော်အတွင်းမှာပင် ထိုသူတို့တွေ့ကြုံခံစားခဲ့ရသည့် နာကျင်မှုများ၊ အပယ်ခံရမှုများ၊ ခွဲခြားဆက်ဆံခံရခြင်းများကို ကျွန်ုပ်တို့ သိရှိထားပါသည်။ တခါတရံတွင် အကြင်နာတရားပြသရန် လုပ်ဆောင်ပေးမှုများသည် ထိုသူတို့အား အမှန်တကယ် အထောက်အကူဖြစ်စေခြင်းထက် ၎င်းတို့အား ပိတ်ပင်သည်ဆိုသည့်ဖြစ်ရပ်များလည်း ဖြစ်ပေါ်တတ်ပါသည်။ အသင်းတော်နှင့် အသင်းတော်၏လုပ်ငန်းတာဝန်များတွင် ၎င်းတို့အား ပြည့်ဝစွာပါဝင်လာစေရန် ကျွန်ုပ်တို့ အကြံပြုလိုသည်မှာ အသင်းတော်အခြေပြု သုတေသနအဖွဲ့တစ်ဖွဲ့ (သို့မဟုတ်) မသန်စွမ်းသူများအပေါ် ကြည့်ရှုပေးမည့် စင်တာတစ်ခု ပြုလုပ်ပေးရန်ဖြစ်ပါသည်။

၆၄။ လက်ထပ်ထိမ်းမြားခြင်းဟူသည်မှာ အသင်းတော်အတွက် အရေးကြီးသော ခေါ်တော်မူခြင်းတစ်ရပ်ဖြစ်ပါသည်။ ဒုတိယဗာတိကန်ကောင်စီက လက်ထပ်ထိမ်းမြားခြင်းခံယူထားသူများသည် ဘုရားသခင်၏လူမျိုးစုများတွင်ပင် တထူးတခြားဆုကျေးဇူးကို ရရှိထားသည်ဟု သွန်သင်ထားပါသည်။ လက်ထပ်ထိမ်းမြားခြင်းစက္ကရမင်တူးသည် ထိုသူတို့အား မိသားစုဘဝ၊ အသင်းတော်ကို တည်ဆောက်ရေးအတွက် အကူအညီပေးရန်နှင့် လူမှုအဖွဲ့အစည်းကို အထောက်အကူပြုရန်ဟူသည့် တာဝန်များကို ပေးအပ်ထားပါသည်။ မကြာခင်နှစ်များအတွင်းက မိသားစုများသည် အသင်းတော်၏ လမ်းညွှန်မှုများကို လက်ခံကြသူများဖြစ်သည်သာကမ ထိုသူတို့ကိုယ်တိုင်ပင် မိသားစုရေးရာများတွင် ပါဝင်လုပ်ဆောင်သူများဖြစ်ကြသည်ဟု လူအများက ရှုမြင်လာကြပါသည်။ ထို့အတွက်ကြောင့် မိသားစုအချင်းချင်း ထိတွေ့ဆက်ဆံမှုနှင့် အချင်းချင်းအကူအညီပေးကြရန် အထူးအရေးကြီးပါသည်။ ကလေးငယ်များနှင့် လူငယ်များကို သွန်သင်ပေးနေသည့် သင်တန်းကျောင်းများမှာ ဤအချက်ကို အကူအညီပေးနိုင်ပါလိမ့်မည်။ သာသနာ့ညီလာခံကြီးက အသင်းတော်၏ လက်ထပ်ထိမ်းမြားခြင်းနှင့် လိင်ပိုင်းဆိုင်ရာသွန်သင်ချက်များကို လေးစားလိုက်နာပြီး အိမ်ထောင်ပြုရန် ရည်ရွယ်ချက်မရှိဘဲ တစ်ကိုယ်ရည်တည်းနေထိုင်သူများသည်လည်း မှန်ကန်သောလမ်းစဉ်ကို လျှောက်လှမ်းနေသူများဖြစ်သည်ဟု ရှုမြင်သုံးသပ်ထားပါသည်။

၆၅။ အချိန်ကာလအတော်ကြာသည့်တိုင် မိမိတို့ဘဝကို ပုံစံအမျိုးမျိုးဖြင့် ဘုရားသခင်အတွက် ဆက်ကပ်အပ်နှံကြသူများကြောင့် အသင်းတော်ကြီးမှာ များစွာအကျိုးဖြစ်ထွန်းခဲ့ပါသည်။ အစဦးကတည်းကပင် ခရစ်တော်နောက်ကို လိုက်လျှောက်ခဲ့ကြသည့် အမျိုးသား၊ အမျိုးသမီးတို့သည် ၎င်းတို့၏ဘဝကို ဆုတောင်းခြင်းနှင့် အစေခံရန်အတွက် စိတ်ပိုင်းဖြတ်

ထားကြသူများဖြစ်ကြပါသည်။ ထိုသူတို့သည် ၎င်းတို့၏ဉာဏ်ပညာအားဖြင့် အသင်းတော်နှင့် လူမှုအဖွဲ့အစည်းအား လမ်းညွှန်ပြခဲ့ကြသူများ ဖြစ်ကြပါသည်။ သမိုင်းတစ်လျှောက်ပြန်ကြည့်လျှင်လည်း မတူညီသော ဘာသာရေးအဖွဲ့အစည်းများသည် အတူတကွ ယှဉ်တွဲနေထိုင်ခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း၊ ဆုံးဖြတ်ချက်များကို အတူတကွချမှတ်ခြင်းနှင့် အများကောင်းကျိုးအတွက် မိမိတို့ တတ်စွမ်းသည့်ဘက်က ပါဝင်ဆောင်ရွက်သည့်နည်းလမ်းများကို လုပ်ဆောင်ပြခဲ့ကြပါသည်။ ဘာသာရေးအသင်းဂိုဏ်းများ၊ အဖွဲ့အစည်းများနှင့် အခြားသော ဘာသာရေးအခြေခံသော အဖွဲ့လေးများသည် အသင်းတော်ကြီး စုစုစည်းစည်း ရပ်တည်နိုင်ရန်အတွက် အထူးအရေးပါသောကဏ္ဍများမှ လုပ်ဆောင်ပေးခဲ့ကြပါသည်။ ယနေ့တွင် များပြားလှစွာသော ဘာသာရေးအသင်းအဖွဲ့များသည် မတူညီသော ရိုးရာယဉ်ကျေးမှုနှင့် ကွဲပြားသော ဓလေ့ထုံးစံများကို ကျင့်သုံးနေကြသည့် လူများကို တစ်စုတစ်ပေါင်းတည်း ခေါ်ဆောင်လာခဲ့ကြပါသည်။ တစ်ချိန်တည်းမှာပင် အသင်းတော်ခေါင်းဆောင်များနှင့် အဆိုပါအသင်းအဖွဲ့များကို ဦးဆောင်ကြသူများသည်လည်း ပိုမိုခိုင်မာသော ဆက်ဆံရေးတည်ဆောက်ရန်နှင့် အသင်းတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် အတူတကွ ပူးပေါင်းလုပ်ဆောင်ပြီး မိမိတို့တတ်ကျွမ်းသည့် အရည်အချင်းများဖြင့် ပါဝင်ကြရန်ကိုလည်း တိုက်တွန်းအားပေးခဲ့ကြပါသည်။

၆၆။ သာသနာ့လုပ်ငန်းများလုပ်ဆောင်ရန်မှာ ဆေးကြောခြင်းခံယူထားကြသူတိုင်း၏ တာဝန်ဖြစ်ပါသည်။ သာသနာ့အမှုထမ်းမဟုတ်ကြသော အမျိုးသားနှင့် အမျိုးသမီးများသည်လည်း ဘုရားသခင်၏သတင်းကောင်းကို နေ့စဉ်ဘဝအသက်တာနှင့် လူ့ဘောင်အသိုင်းအဝိုင်းအတွင်းသို့ ဖြန့်ဝေပေးကြရန် တောင်းဆိုပါသည်။ ပုပ်ရဟန်းမင်းကြီး ဖရန်းစစ်အရှင်သူမြတ်သည်လည်း ဆန်းသစ်သောနည်းလမ်းနှင့် လုပ်ငန်းတာဝန်များအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြရန် တိုက်တွန်းညွှန်ကြားထားပါသည်။ ဆိုလိုသည်မှာ မတူညီသောအရည်အချင်းများကို စုပေါင်းကာ တရားဝင်ဖွဲ့စည်းရမည့် ဌာနများတွင် တိကျရှင်းလင်းသော လမ်းညွှန်ချက်များ သတ်မှတ်ထားရန်တို့ဖြစ်ပါသည်။ သို့သော်လည်း အရည်အချင်းရှိသူတိုင်းသည်လည်း အဆိုပါဌာနများတွင် မပါဝင်နိုင်သကဲ့သို့ လူတိုင်းသည်လည်း သတ်မှတ်ခန့်အပ်ထားသော ရာထူးနေရာများတွင် ပါဝင်ရန်အတွက် မလိုအပ်ပါ။ ဌာနသစ်တစ်ခုကို မဖွဲ့စည်းမီတွင် လူမှုအသိုင်းအဝိုင်းနှင့် သက်ဆိုင်ရာ အမှုတော်ဆောင်များက အမှန်တကယ် လိုအပ်ချက်များကို တိကျစွာ ဖော်ထုတ်ရမည်ဖြစ်ပါသည်။ ထိုသို့အတူတကွ လုပ်ဆောင်ပြီးမှသာ အဆိုပါဌာနသစ်သည် အမှန်တကယ် လိုအပ်ခြင်းရှိ၊ မရှိကို ပူးပေါင်းဆုံးဖြတ်ကြရမည်ဖြစ်ပါသည်။ ထိုနည်းလမ်းအားဖြင့် နောက်ဆုံးတွင် အသင်းတော်၏ခေါင်းဆောင်များက အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်ပေးမည်ဖြစ်ပါသည်။ သာသနာပြုအသင်းတော်တစ်ခုသည် ရဟန်းတော်နှင့် ဦးပဥ္စင်းကြီးဖြစ်ရန် မလိုအပ်သော သာသနာ့အမှုတော်ဆောင်မဟုတ်သည့် လူဝတ်ကြောင်အဖွဲ့အစည်းများကိုလည်း ပိုမိုထောက်ပံ့ကူညီပေးသင့်ပါသည်။ ထိုအဖွဲ့အစည်းများသည် စနစ်တကျဖွဲ့စည်းထားခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ထိုအသင်းအဖွဲ့များသည့် ချမှတ်ထားသော ဝတ်ပြုကိုးကွယ်ခြင်းစည်းမျဉ်းများအတိုင်းသာ လိုက်နာကျင့်သုံးသင့်ပါသည်။ အသင်းတော်သည် မကြာခဏ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းသွားလာနေကြရသူများအတွက်လည်း အကူအညီပေးနိုင်မည့် အသင်းအဖွဲ့အစည်းတစ်ခု တည်ထောင်ပေးရန်လည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။

၆၇။ ဤသာသနာ့ညီလာခံကြီးသည် မိမိတို့၏ယုံကြည်ခြင်းကို ပိုမိုနားလည်လာနိုင်စေရန်နှင့် ထိရောက်ကောင်းမွန်သော ဆုံးဖြတ်ချက်များကို မှန်ကန်စွာချမှတ်နိုင်ရန်အတွက် ဓမ္မသဂြိုလ်ပညာရပ်သည် အထူးအရေးပါကြောင်းကိုလည်း အသိအမှတ်ပြုထားပါသည်။ ဓမ္မသဂြိုလ်ပညာရှင်များသည် အသင်းတော်ကြီးအား ဘုရားသခင်၏ ဗျာဒိတ်တော်များကို ဖွင့်ဟပေးကြပြီး သာသနာတော်ကြီး၏ လုပ်ငန်းဆောင်တာများတွင် မှန်ကန်စွာသောစကားများကိုပြောဆိုပြီး လိုအပ်သော တုံ့ပြန်မှုများကို လုပ်ဆောင်နိုင်စေရန်အတွက် အကူအညီပေးနေကြောင်းကိုလည်း ဤသာသနာ့ညီလာခံက အသိအမှတ်ပြုပါသည်။ စည်းလုံးစွာနှင့် သာသနာ့လုပ်ငန်းဆောင်တာများအပေါ် အာရုံစူးစိုက်လုပ်ဆောင်နေသော အသင်းတော်အတွက် အဆိုပါဓမ္မသဂြိုလ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးမှုများက အထူးအရေးပါသော အခန်းကဏ္ဍမှပါဝင်

နေပါသည်။ ထိုသူတို့၏ လုပ်ဆောင်မှုများသည် သာမန်ဘာသာတူနှင့် ယုံကြည်သူများအတွက်သာမကဘဲ အသင်းတော်ကို ဦးဆောင်နေသူများ၏ ယုံကြည်ခြင်းများကို ပိုမိုလေးနက်ခိုင်မာလာစေရန်အတွက် ယုံကြည်ခြင်းဆိုင်ရာ အတွေ့အကြုံများကိုလည်း ဝေမျှပေးလျက်ရှိနေပါသည်။ အခြားသောခရစ်ယာန်များအားလုံးနည်းတူ ထိုပညာရှင်များသည်လည်း မိမိကိုယ်တိုင်နှင့် အသင်းတော်၏တာဝန်များကို မျှဝေထမ်းဆောင်ရန် ဝတ္တရားရှိနေပါသည်။ ထိုအချက်မှန်ကန်ကြောင်းကို အသင်းတော်က အသိအမှတ်ပြုထားသည့် ဓမ္မသင်တန်းကျောင်းများက သက်သေပြလျှက်ရှိနေပါသည်။ အသင်းတော်ကြီး အတူတကွ စည်းလုံးပေါင်းစပ်ကာလုပ်ဆောင်နိုင်ရန်အတွက် ဓမ္မသဂြိုလ်ပညာရှင်များသည်လည်း အတူတကွ နားထောင်ပေးခြင်း၊ ဆွေးနွေးပေးခြင်းနှင့် တစ်ဦးမှတစ်ဦး အပြန်အလှန်သင်ယူမှုများကို ပူးပေါင်းပါဝင်လုပ်ဆောင်ပေးကြရန် လိုအပ်ပါသည်။ ဤသာသနာ့ညီလာခံကြီးသည် အသင်းတော်မှ ခေါင်းဆောင်အသီးသီးနှင့် ဓမ္မသဂြိုလ်ပညာရှင်များကို စနစ်တကျ ခိုင်မာစွာဖွဲ့စည်းထားသည့် ဆက်သွယ်ရေးနည်းလမ်းများဖြင့် တွေ့ဆုံဆွေးနွေးပွဲများကို ပြုလုပ်ကြရန်အတွက် တိုက်တွန်းထားပါသည်။ အဆိုပါ ဓမ္မသင်တန်းကျောင်းများတွင်လည်း ဓမ္မပညာရပ်များကို ဆက်လက်သင်ယူလေ့လာပြီး သာသနာ့ခရီးကို အတူတကွခရီးဆက်ခြင်းနှင့်ပတ်သက်သည့် နည်းလမ်းများကို သင်ကြားပေးရန်နှင့် ဒေသဆိုင်ရာအသင်းတော်ငယ်များကိုလည်း ထိုအချက်ကို နားလည်သဘောပေါက်အောင် ပြုလုပ်ပေးကြရန်အတွက် တောင်းဆိုထားပါသည်။

## ရဟန်းတော်များနှင့် ဦးပဥ္စင်းကြီးများသည်<br>အသင်းတော်စည်းလုံးရန်နှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်နိုင်ရန် အကူအညီပေးခြင်း

၆၈။ အသင်းတော်၏ ကဏ္ဍအသီးသီးတွင် တာဝန်ယူလုပ်ဆောင်နေကြသော ဆရာတော်များ၊ ရဟန်းတော်များနှင့် ဦးပဥ္စင်းကြီးများမှာ ဧဝံဂေလိတရားတော် ပြန့်ပွားရန်အတွက်နှင့် အသင်းတော်တိုးတက်ရန်အတွက် လုပ်ဆောင်ပေးလျက်ရှိနေကြပါသည်။ ဒုတိယဗာတိကန်ကောင်စီက ကျွန်ုပ်တို့အား သတိပေးထားသည်မှာ ထိုကဲ့သို့သော ဘိသိတ်မင်္ဂလာခံယူရရှိထားကြသူများသည် ကျွန်ုပ်တို့၏ ဘိုးဘေးများထက်ကကဲ့သို့ပင် ဘုရားသခင်အခွင့်အာဏာဖြင့် ခန့်အပ်ထားကြသူများဖြစ်ကြောင်းပင် ဖြစ်ပါသည်။ ထိုကောင်စီမှ အတည်ပြုထားသည်မှာ ဆရာတော်တစ်ပါးအဖြစ် တင်မြှောက်ခံရခြင်းသည် မွန်မြတ်သော စက္ကရမင်တူးတစ်ပါးဖြစ်ပြီး ရဟန်းတော်များကို စည်းလုံးညီညွတ်စွာ တည်ရှိနေစေရန်နှင့် လာတင်းအသင်းတော်အတွင်းရှိ ရာသက်ပန် သစ္စာခံထားသော ဦးပဥ္စင်းကြီးများကိုလည်း ပြန်လည်ခေါ်ဆောင်စေရန်အတွက်ဖြစ်ပါသည်။ ဆရာတော်တစ်ပါး၏အခန်းကဏ္ဍမှာ ဝိညာဉ်တော်ဘုရားက ပေးသနားထားသည့် မတူညီသည့် ဆုကျေးဇူးတော်များ ခံစားရရှိထားသည့်လူများကို စုစည်းကာ လမ်းညွှန်ပေးရန်ဖြစ်ပါသည်။

၆၉။ ဆရာတော်တစ်ပါး၏ အခန်းကဏ္ဍသည် သက်ဆိုင်ရာ အသင်းတော်ကို ဦးဆောင်လမ်းပြရန်နှင့် အခြားသောအသင်းတော်များနှင့်လည်း ချိတ်ဆက်မှုရှိပြီး အတူတကွ စည်းလုံးညီညွတ်နေစေရန်အတွက် လုပ်ဆောင်ပေးရန်ဖြစ်ပါသည်။ ဒုတိယဗာတိကန်ကောင်စီက ဆရာတော်တစ်ပါးအဖြစ် တင်မြှောက်ခံရခြင်းသည် အမြင့်ဆုံးသော သိက္ခာကို ခံယူရရှိခြင်းဖြစ်ပြီး ခရစ်တော်သခင်နှင့် ၎င်း၏သိုးစုများကို ပိုမိုနီးစပ်မှုရရှိစေရန် ချိတ်ဆက်ပေးခြင်းပင်ဖြစ်ကြောင်း သွန်သင်ထားပါသည်။ ဆရာတော်တစ်ပါးတည်းက လုပ်ဆောင်သည်ဟူ၍ မရှိပါ။ ဆရာတော်သည် ဝိညာဉ်တော်ဘုရား၏ ဆုကျေးဇူးများကို ခံယူထားကြသည့် လူတစ်ဦးတစ်ယောက်စီနှင့် လူမှုအသိုင်းကို အသိအမှတ်ပြုလက်ခံကာ ထိုသူတို့၏ ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်းဖြင့်သာ လုပ်ဆောင်ပါသည်။ အသင်းတော်၏ လုပ်ငန်းတာဝန်များနှင့် ဝတ္တရားများကို ရဟန်းတော်များနှင့် ဦးပဥ္စင်းကြီးများနှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်ပါသည်။ ထိုသို့လုပ်ဆောင်နေခြင်းအားဖြင့် ဆရာတော်သည် သူ၏အဓိက ရည်မှန်းချက်ဖြစ်သည့် အသင်းတော်များအချင်းချင်းကြား ထားရှိသော စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းရန်နှင့် ပိုမိုအားကောင်းလာစေရန် လုပ်ဆောင်ပေးပါသည်။

၇၀။ ဆရာတော်တစ်ပါး၏ အခန်းကဏ္ဍသည် ဘာသာဝင်များနှင့် ယုံကြည်သူများကို ဘုရားသခင်၏ နှုတ်ကပါတ်တော်ကို သွန်သင်ပေးရန်နှင့် အသင်းတော်ကြီး လုပ်ဆောင်လျက်ရှိသည့် ကိုယ်တော်မြတ်မင်္ဂတော်နှင့် အခြားသော စက္ကရမင်တူးများကို ပေးအပ်ရာတွင် ဦးစီးဦးဆောင်လုပ်ပေးရန်ဖြစ်ပါသည်။ ဤသာသနာ့ညီလာခံကြီးအတွင်းတွင် ပါဝင်ကြသောလူအများက ဆရာတော်တစ်ပါး ရွေးကောက်တင်မြှောက်ရေးတွင် ပါဝင်ပြောဆိုခွင့်ရရှိရေးအတွက် တင်ပြတောင်းဆိုထားကြပါသည်။ ထို့ပြင် ဆရာတော်တစ်ပါးသည် ၎င်းဇာတိမြေအတွက် ရွေးကောက်တင်မြှောက်ခြင်း မဖြစ်သင့်ဘဲ ၎င်းတာဝန်ထမ်းဆောင်မည့် သာသနာနယ်မြေအတွင်းမှသာဖြစ်သင့်ကြောင်း အကြံပြုထားကြပါသည်။ ထပ်မံ၍ အဆိုပါ ဆရာတော်သိက္ခာတင်မြှောက်ခြင်းတွင် အနီးအပါးမှဆရာတော်များ၊ ဖြစ်နိုင်ပါက ဂိုဏ်းချုပ်ဆရာတော်ကသာ တင်မြှောက်ပေးစေလိုကြောင်းလည်း တင်ပြထားကြပါသည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် ခန့်အပ်ခံရသော ဂိုဏ်းချုပ်ဆရာတော်အသစ်သည် သူ၏သာသနာနယ်မြေသစ်ကို ပိုမိုတာဝန်ယူဆောင်ရွက်နိုင်မည်ဟု အဆိုပြုထားကြပါသည်။ ထို့ပြင် ဆရာတော်ကြီးများ၏ နယ်လှည့်ခရီးစဉ်အတွင်း ဒေသခံများနှင့် ပိုမိုအချိန်ပေးပြီး ၎င်းတို့၏ တင်ပြချက်များကို နားထောင်ပေးရန်အတွက် အရေးကြီးကြောင်းလည်း အကြံပြုထားပါသည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် အဆိုပါ ယုံကြည်သူများနှင့် ဘာသာဝင်များသည် အသင်းတော်သည် မိမိတို့နှင့် တစ်စိတ်တစ်ဝမ်းတည်း ရှိနေသည်ဆိုသည့် အနှစ်သာရကို ပြည့်ဝစွာခံစားရပါလိမ့်မည်။ မျက်မှောက်ခေတ်တွင် တချို့သော ဆရာတော်ကြီးများသည် ဒေသတွင်း အသင်းတော်များနှင့် ချိတ်ဆက်မှု မရှိသလောက်နည်းပါးသဖြင့် အချို့သောကိစ္စရပ်များတွင် ဝေဝါးမှုများ ဖြစ်စေပါသည်။ ဥပမာ-ပုပ်ရဟန်းမင်းကြီး စေလွှတ်လိုက်သော ကိုယ်စားလှယ်များ၊ ဗာတိကန်ရုံးအဖွဲ့မှ ဆရာတော်များနှင့် လက်ထောက်ဆရာတော်များ လာရောက်ချိန်များတွင်ဖြစ်ပါသည်။ ထိုအချက်ကိုလည်း ထည့်သွင်းစဉ်းစားပေးသင့်ပါသည်။

၇၁။ ဆရာတော်တစ်ပါးသည် လုပ်ငန်းဆောင်တာများကို ကောင်းမွန်စွာ လုပ်ဆောင်နိုင်ရန်အတွက် ဝိုင်းဝန်းကူညီပေးရန် လိုအပ်ပါသည်။ ဆရာတော်ချုပ်သည် မိမိသာသနာအတွင်းရှိ ဆရာတော်များနှင့်ချိတ်ဆက်ပြီး ဆရာတော်များအကြား ပိုမိုကောင်းမွန်သော ဆက်ဆံရေးကောင်းမွန်စေရန် တည်ဆောက်နိုင်စေရန်အတွက် အားပေးတိုက်တွန်းနိုင်ပါသည်။ သာသနာ့ညီလာခံအတွင်းတွင် ဆရာတော်များသည် မိမိတို့ တာဝန်ယူထားသည့် သာသနာ့နယ်မြေအတွင်းမှ ဖြစ်ရပ်များကို စဉ်ဆက်မပြတ် လေ့လာသင်ယူနေရန်လိုအပ်နေကြောင်းကို ရှင်းလင်းစွာ သိမြင်လာကြရပါသည်။ အလားတူ ဆရာတော်ကြီး၏ လုပ်ငန်းတာဝန်များကို ဝေမျှထမ်းဆောင်ပေးနိုင်ရန်အတွက် လက်ထောက်ဆရာတော်များ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များကိုလည်း ပိုမိုတိကျစွာ ပြဋ္ဌာန်းပေးရန်လည်း လိုအပ်ပါသည်။ အနားယူသွားကြသော ဆရာတော်ကြီးများသည်လည်း အမှုတော်မြတ်ကို တနည်းတဖုံထမ်းဆောင်ပေးနေသည့်အတွက် ၎င်းတို့၏ အခန်းကဏ္ဍများကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။ ဘာသာဝင် ယုံကြည်သူများအနေဖြင့်လည်း ဆရာတော်ကြီးများထံမှ လက်တွေ့မကျသော မျှော်လင့်ချက်များမထားရှိရန်လိုအပ်ပြီး ထိုသူတို့သည်လည်း လူသားများပီပီ ၎င်းတို့၏လိုအပ်ချက်နှင့် အခက်အခဲများတွင် မိမိတို့ကဲ့သို့ ရုန်းကန်နေရကြောင်းကို သတိမူရန် အထူးအရေးကြီးပါသည်။ မိမိတို့စိတ်တိုင်းကျ လုပ်ဆောင်ပေးနိုင်ရမည့် ဆရာတော်တစ်ပါးဖြစ်ရမည်ဆိုသည့်အတွေးအခေါ် သည် အဆိုပါ ဆရာတော်ထမ်းဆောင်ရမည့် လုပ်ငန်းဆောင်တာများကို ပြည့်ဝစွာ ထမ်းဆောင်နိုင်ဖို့ရန်အတွက် အခက်အခဲဖြစ်စေနိုင်ပါသည်။ အခြားတစ်ဖက်တွင်လည်း အသင်းတော်အတွင်းရှိ လူအများအားလုံး တက်ကြွစွာပူးပေါင်းပါဝင်လုပ်ဆောင်ပေးခြင်းသည် ဆရာတော်တစ်ပါး၏ လုပ်ငန်းဆောင်တာများကို ပိုမိုအားကောင်းလာစေနိုင်ပါသည်။

**ဆရာတော်၊ ရဟန်းတော်များနှင့် ဦးပဥ္စင်းကြီးများ**

၇၂။ ဤသာသနာ့ညီလာခံအတွင်းတွင် ရဟန်းတော်များသည် လူအများနှင့် ပိုမိုရင်းနှီးစွာဆက်ဆံရန်၊ လူအများ၏ စကားကို နားထောင်ပေးရန်နှင့် ယခုလုပ်ဆောင်နေသော အတူတကွခရီးဆက်သည့် အသင်းတော်ကြီးဖြစ်ဖို့ရန်အတွက်

ချမှတ်ထားသော နည်းလမ်းများအတိုင်း လိုက်နာပေးကြရန် တောင်းဆိုထားပါသည်။ ရဟန်းတော်များသည် ၎င်းတို့၏ ဆရာတော်နှင့် အတူတကွလုပ်ဆောင်လျက်ရှိနေပြီး စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းပေးရန်အတွက် ဒေသတွင်း အသင်းတော်၌ရှိသော ဆုကျေးဇူးများကို နားလည်သဘောပေါက်ကြရန်အတွက် အကူအညီပေးလျက်ရှိနေပါသည်။ ထိုရဟန်းတော်များကိုလည်း အခြားသော ရဟန်းတော်များနှင့်အတူတကွ ပူးပေါင်းလုပ်ဆောင်ကြရန်အတွက်လည်း တောင်းဆိုထားပါသည်။ ဘာသာရေးအသင်းဂိုဏ်းများ၊ အရှေ့တိုင်းအသင်းတော်များနှင့် အခြားသောနိုင်ငံများမှ ရဟန်းတော်များသည် ထိုဒေသအသီးသီးရှိ ဆုကျေးဇူးတော်များကို ယူဆောင်ပေးလာကြပြီး အသင်းတော်ကြီးကို ပိုမိုကျယ်ပြန့်သော အမြင်ဖြင့် မြင်နိုင်ရန်အတွက် အကူအညီပေးခဲ့ကြပါသည်။ အပြန်အလှန်အားဖြင့် ဒေသတွင်းရဟန်းတော်များသည် အခြားသောဒေသမှ ရဟန်းတော်များအား ထိုသူတို့တွေ့ကြုံခံစားရသည့် ခံစားချက်များနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများကို ဝေမျှခံစားစေပါသည်။ ဤကဲ့သို့ အပြန်အလှန် ဝေမျှကူညီခြင်းသည် အသင်းတော်လုပ်ဆောင်နေသည့် လုပ်ငန်းများကို အထောက်အကူဖြစ်စေပါသည်။ ရဟန်းတော်များသည်လည်း တာဝန်သစ်ခုအတွက် စေခိုင်းခြင်းခံရချိန်နှင့် ခက်ခဲသော အချိန်ကာလများကို ဖြတ်ကျော်နေရချိန်တွင် ဝိုင်းဝန်းကူညီပေးကြရန် လိုအပ်ပါသည်။

၇၃။ ဦးပဥ္စင်းကြီးများသည် ရဟန်းတော်များမဟုတ်ကြသော်လည်း အသင်းတော်ကို အစေခံရန်အတွက် သိက္ခာတင်မြှောက်ခံထားကြရသူများ ဖြစ်ကြပါသည်။ ထိုသူတို့၏ အခန်းကဏ္ဍမှာ လူမှုရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ တရားဒေသနာဟောကြားခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းများတွင် အကူအညီပေးရန်ဖြစ်ပါသည်။ ထိုသူတို့၏ နေ့စဉ်အသက်တာ၌ နှုတ်ကပါတ်တော်ကို ဆင်းရဲနွမ်းပါးသူများထံသို့ ရောက်ရှိနိုင်စေရန်အတွက် ထိုသူများအတွက် အစေခံခြင်းအားဖြင့် လုပ်ဆောင်ပေးလျက်ရှိနေသောသူများ ဖြစ်ကြပါသည်။ ဒေသတွင်းဆိုင်ရာ အသင်းတော်၏ လိုအပ်ချက်များအပေါ် မူတည်ကာ ဦးပဥ္စင်းကြီးများ၏ လုပ်ငန်းတာဝန်များမှာ များပြားလှပါသည်။ အသင်းတော်အချင်းချင်း စည်းလုံးညီညွတ်မှုရှိစေရန်၊ သာသနာက ပေးအပ်ထားသော တာဝန်များကို လုပ်ဆောင်ရန်နှင့် လူသားချင်းစာနာထောက်ထားသော လုပ်ငန်းများတွင်လည်း ပါဝင်လုပ်ဆောင်ရပါသည်။ သို့သော်လည်း ခရစ်ယာန်အများစုမှာ ၎င်းတို့၏ လုပ်ငန်းတာဝန်များနှင့် အခန်းကဏ္ဍများကို နားလည်ခြင်းမရှိကြပါ။ ဒုတိယ ဗာတိကန်ကောင်စီသည် အဆိုပါ ဦးပဥ္စင်းကြီးများ၏အခန်းကဏ္ဍကို ပြန်လည်ပေါ်လွင်စေရန်အတွက် အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းပေးခဲ့သော်လည်း နေရာအများစုတွင် ကျယ်ကျယ်ပြန့်ပြန့် လက်ခံခြင်းမရှိသေးပါ။ အသင်းတော်သည် ဤအတွေ့အကြုံကို အခြေခံပြုကာ အဆိုပါကိစ္စကို လေးလေးနက်နက် စူးစမ်းလေ့လာကြရန် လိုအပ်ပါသည်။ ဒေသတွင်း အသင်းတော်များကိုလည်း ထိုသူတို့၏အခန်းကဏ္ဍကို ပိုမိုအလေးထားရန်နှင့် အခြားသောအသင်းတော်များကို ခရစ်တော်သခင်အတိုင်း အစေခံနေသည့် ၎င်းတို့၏အရေးပါမှုကို အသိပြုရန်အတွက် တောင်းဆိုပါသည်။ ဦးပဥ္စင်းကြီး၏ လုပ်ငန်းတာဝန်များနှင့် အခန်းကဏ္ဍများကို နားလည်ခြင်းသည် နောက်ပိုင်းတွင် ရဟန်းတော်များဖြစ်လာမည့်သူများ၏ အခန်းကဏ္ဍကိုလည်း ဖော်ပြရန်အတွက် အကူအညီဖြစ်စေပါသည်။

၇၄။ ယခုသာသနာ့ညီလာခံကြီးတွင် ဆရာတော်များ၊ ရဟန်းများနှင့် ဦးပဥ္စင်းကြီးများမှာ အသင်းတော်အတွက် ပေးဆပ်အနစ်နာခံ လုပ်ဆောင်နိုင်မှုများအတွက် ကျေးဇူးဆပ်တင်နေကြပါသည်။ သို့သော်လည်း ထိုသူများမှာ သီးခြားနေထိုင်နေရခြင်း၊ အထီးကျန်ဆန်ခြင်းနှင့် လူအများက ၎င်းတို့အပေါ် ထားရှိသော မျှော်လင့်ချက်များအတွက် အခက်အခဲများတွေ့ကြုံခံစားနေကြရပါသည်။ ဤညီလာခံကြီး၏ ရည်ရွယ်ချက်သည် ဆရာတော်များ၊ ရဟန်းများနှင့် ဦးပဥ္စင်းကြီးများသည် အသင်းတော်အတွင်းရှိ ဌာနအသီးသီးနှင့် အဖွဲ့ဝင်များအားလုံး လုပ်ငန်းတာဝန်များကို ဝေမျှထမ်းဆောင်နိုင်ကြစေရန် ဖြစ်ပါသည်။ ထိုသို့ လုပ်ငန်းတာဝန်များကို တိကျစွာခွဲဝေထမ်းဆောင်စေခြင်းအားဖြင့် မည်သည့်လုပ်ငန်းတာဝန်များကို သိက္ခာတော်တင်မြှောက်ခြင်းခံထားရသည့်သူများသာ လုပ်ဆောင်ရန်နှင့် အခြားသော လုပ်ငန်းတာဝန်များကို အခြားသူများကို ပေးအပ်လိုက်ခြင်းအားဖြင့် အသင်းတော်လုပ်ဆောင်မည့် လုပ်ငန်းတာဝန်များကို ဆထက်ထမ်းပိုး ပိုမိုလုပ်ဆောင်လာနိုင်မည်ဖြစ်ပါသည်။ ဤကဲ့သို့လုပ်ဆောင်ခြင်းသည် သာသနာ့အမှုတော်ဆောင်၏အာဏာကို အသုံး

ပြုခြင်းထက် လူအများ၏ ပူးပေါင်းပါဝင်ဆုံးဖြတ်ပေးနိုင်ရန်အတွက် အခွင့်အရေးရရှိစေပါသည်။ ထိုသို့မဟုတ်ပါက မိမိတွင် အပ်နှင်းထားသည့် အခွင့်အာဏာကို မိမိကိုယ်ကျိုးအတွက် အသုံးပြုပါက အခြားသူများကို ထိခိုက်စေခြင်း၊ ဘဏ္ဍာရေးပိုင်းဆိုင်ရာ လွဲမှားစွာအသုံးပြုခြင်းနှင့် အခြားသောအလွဲသုံးစားပြုမှုများကိုပင် ဖြစ်စေနိုင်ပါသည်။ ပုပ်ရဟန်းမင်းကြီး ဖရန်းစစ်သည်လည်း ဤသို့လုပ်ဆောင်နေခြင်းသည် အသင်းတော်ကို များစွာထိခိုက်နစ်နာစေသဖြင့် ထိုအပြုအမူများကို ဆက်လက်မပြုလုပ်ကြရန် သတိပေးထားပါသည်။ (ဖရန်စစ်၊ သိုးစုများသို့ပေးသောစာ၊ ၂၀ ရက်၊ ဩဂုတ်လ၊ ၂၀၁၈)။

**အတူတကွ သာသနာပြုခြင်း**

၇၅။ အသင်းတော်၏ သမိုင်းကြောင်းတစ်လျှောက်တွင် အသင်းတော်သည် လူသားများကို အစေခံရန်အတွက် မတူညီသော နည်းလမ်းများနှင့် အခန်းကဏ္ဍပေါင်းစုံမှ လုပ်ကိုင်လာခဲ့ပါသည်။ ထို့အတွက်ကြောင့်လည်း လူအများ လက်ခံရရှိထားကြသော ဆုကျေးဇူးတော်များကို စုပေါင်းအသုံးပြုကာ အသင်းတော်သည် လူအများကို အသိအမှတ်ပြုလက်ခံခဲ့သကဲ့သို့ လူအများသည်လည်း အသင်းတော်ကို သိမှတ်လက်ခံလာခဲ့ကြပါသည်။ ထို့အတွက်ကြောင့်ပင် အသင်းတော်သည် တည်ငြိမ်စွာဖြင့် အဓွန့်ရှည်စွာ ယနေ့ထက်တိုင် ရပ်တည်နေနိုင်ခြင်းဖြစ်ပါသည်။

၇၆။ “အထူးလေ့ကျင့်သင်ကြားပေးထားသော အမှုတော်ဆောင်အဖွဲ့များ”ကို အသင်းတော်အတွင်းတွင် တရားဝင်ခန့်အပ်ထားရှိပြီး ၎င်းတို့သည် အရေးပါသောကဏ္ဍမှ ပါဝင်လုပ်ဆောင်ပေးနေပါသည်။ ထိုသူများကို ဝိနည်းတော်များနှင့်အညီ ဆရာတော်က အခမ်းအနားဖြင့် ခန့်အပ်ပေးပါသည်။ သို့သော် တိတိကျကျချမှတ်ထားသော ဝိနည်းများမရှိသော်လည်း အသင်းတော်က လက်ခံအသိအမှတ်ပြုထားသည့် အမှုတော်ဆောင်အဖွဲ့များလည်းရှိပါသည်။ ထိုအဖွဲ့သည် ခရစ်ယာန်အစုအဖွဲ့ငယ်ကလေးများကို ဦးဆောင်ပေးခြင်း၊ ဆုတောင်းမေတ္တာဆိုကြရန် စည်းရုံးလှုံ့ဆော်ပေးခြင်းနှင့် လူသားအကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်ပေးခြင်းတို့ကို လုပ်ဆောင်ပေးပါသည်။ သို့သော် ဒေသခံလူမှုအသိုင်းအဝိုင်း၏ထောက်ခံမှုကို ရရှိရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် အာဖရိကတိုက်ရှိ တချို့သောဒေသများတွင် ဓမ္မဆရာ/ဆရာမများသည် ရဟန်းမရှိသောအချိန်အခါများတွင် ယုံကြည်သူများကို ဦးဆောင်ပေးလေ့ရှိပါသည်။ ထိုသူများအတွက် တိတိကျကျ ချမှတ်ထားသည့် ဝိနည်းများမရှိသော်လည်း လူထုက ယုံကြည်လက်ခံစွာပူးပေါင်းပါဝင်လာရန်အတွက် အသိအမှတ်ပြုခြင်းမျိုးကို ပေးအပ်ထားသင့်ပါသည်။ သာမန်ထက် ထူးကဲသာလွန်သောလုပ်ဆောင်မှုများကို လုပ်ဆောင်ပေးနေသည့် အမှုတော်ဆောင်အဖွဲ့များလည်း ရှိနေပါသည်။ ထိုသူတို့သည် ရဟန်းများမရှိသည့် အချိန်အခါများတွင် ကိုယ်တော်မြတ်စက္ကရမင်နှင့်တကွ တနင်္ဂနွေနေ့ မစ္ဆားတရားတော်မြတ်များကို ဦးဆောင်ကျင်းပပေးခြင်းနှင့် အခြားသော လုပ်ငန်းတာဝန်များကိုပါ လုပ်ဆောင်ပေးခြင်းများလည်း ရှိပါသည်။ တချို့သောအရပ်ဒေသများတွင် လူဝတ်ကြောင်များဖြစ်ကြသော အမျိုးသား၊ အမျိုးသမီးတို့သည် ပုံမှန်လုပ်ရိုးလုပ်စဉ်များထက်ပိုမိုသော အခြေအနေများကိုပါ ပါဝင်လုပ်ဆောင်ပေးနေကြကြောင်း တွေ့ရှိရပါသည်။ ဥပမာအားဖြင့် ဆရာတော်၏ခွင့်ပြုချက်ဖြင့် ဆေးကြောခြင်းပေးခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်းများတွင် ပါဝင်ဆောင်ရွက်ပေးခြင်းတို့ဖြစ်ပါသည်။ ယုံကြည်သူများ၏ လိုအပ်ချက်များအတိုင်း လုပ်ဆောင်ပေးနေသည့် အသင်းတော်အတွက် လူဝတ်ကြောင်များ၏ အခန်းကဏ္ဍကို တိုးမြှင့်သတ်မှတ်ပေးရန်အတွက် ထည့်သွင်းစဉ်းစားသင့်ပါသည်။ နောက်ဆုံးအနေဖြင့် အသင်းတော်က တရားဝင်အသိအမှတ်ပြုထားခြင်းမရှိသော်လည်း မိမိနည်း၊ မိမိဟန်ဖြင့် မိမိတို့တွင်ရှိသော ဆုကျေးဇူးများနှင့် အရည်အချင်းများကို အသုံးပြုကာ အသင်းတော်အတွက် အစေခံနေကြသော လူများစွာလည်းရှိပါသည်။ ဤအချက်မှာ ယုံကြည်သူများအားလုံးသည် အသင်းတော်၏ လုပ်ငန်းတာဝန်များကို ကိုယ်စီကိုယ်ငှ ဝိုင်းဝန်းပါဝင်ဆောင်ရွက်နေကြောင်းကို ဖော်ပြနေပါသည်။

၇၇။ လူဝတ်ကြောင် အမျိုးသား၊ အမျိုးသမီးများသည် အသင်းတော်၏လုပ်ငန်းဆောင်တာများကို ပူးပေါင်းလုပ်

ဆောင်လာနိုင်ရန်၊ အစေခံနိုင်မည့် နည်းလမ်းများကို စူးစမ်းရှာဖွေရန်နှင့် မျက်မှောက်ကမ္ဘာကြီးတွင် လိုအပ်နေသည့် အရာများကို ဖြည့်ဆည်းပေးနိုင်ရန်သည့် အခွင့်အရေးများကို ပိုမိုပေးအပ်သင့်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင်လည်း အတူတကွပူးပေါင်းလုပ်ဆောင်ခြင်းနှင့် တာဝန်ခွဲဝေလုပ်ဆောင်ခြင်းများဖြင့် လုပ်ဆောင်သင့်ပါသည်။ သာသနာ့ညီလာခံကြီးအတွင်းတွင် တချို့သော လိုအပ်ချက်များကို သေချာစွာမီးမောင်းထိုးပြထားပြီး သက်ဆိုင်ရာဒေသများ၏ အခြေအနေပေါ် မူတည်၍ သင့်တော်သော နည်းလမ်းများဖြင့် ဖော်ထုတ်ဆွေးနွေးသင့်ပါသည်။

(က) လူဝတ်ကြောင်များသည် အသင်းတော်၏ ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်များတွင် ဝိုင်းဝန်းကူညီပြီး ခိုင်မာသောဆုံးဖြတ်ချက် ချမှတ်နိုင်ရန်အတွက် ပိုမိုအရေးပါသောအခန်းကဏ္ဍတစ်ခုကို ရရှိသင့်ပါသည်။

(ခ) လူဝတ်ကြောင်များသည် သာသနာ့နယ်အတွင်းနှင့် အသင်းတော်က ဖွင့်လှစ်ထားသည့် ရဟန်းဖြစ်သင်ကျောင်းများနှင့် ဓမ္မသင်တန်းကျောင်းများတွင် ဦးဆောင်သူများ၏အခန်းကဏ္ဍတွင် ပိုမိုပါဝင်နိုင်သည့် အခွင့်အလမ်းများကို ရရှိသင့်ပါသည်။

(ဂ) သူတော်စင်ဘောင်သို့ ဝင်ရောက်နေကြသည့် အမျိုးသား၊ အမျိုးသမီးများ၏ ဘဝအသက်တာကို ပိုမိုအသိအမှတ်ပြုသင့်ပြီး ထိုသူတို့အား အသင်းတော်၏ အရေးကြီးသောအခန်းကဏ္ဍများတွင် ပါဝင်လုပ်ဆောင်နိုင်ခွင့်များကို ပေးအပ်သင့်ပါသည်။

(ဃ) ကျွမ်းကျင်ပညာရှင်များကို အသင်းတော်၏ အရေးကိစ္စများကို စီရင်ဆုံးဖြတ်ချိန်နှင့် ကာနွန်ဥပဒေနှင့် ပတ်သက်သည့်လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်လုပ်ဆောင်ခွင့် ပေးအပ်သင့်ပါသည်။

(င) သာသနာတော်အတွင်း အမှုတော်ထမ်းရွက်နေကြသည့် ဝန်ထမ်းများ၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများကို အသိအမှတ်ပြုခြင်းနှင့် အလေးတယူပြုခြင်းများ လုပ်ဆောင်သင့်ပါသည်။

၇၈။ ဓမ္မညီလာခံကြီးအတွင်းတွင် နားစိုက်ထောင်ပေးခြင်းသည် အသင်းတော်ကြီး လုပ်ဆောင်နေသမျှ အရာအားလုံးတွင် လွန်စွာမှ အရေးကြီးကြောင်းကို တင်ပြထားပါသည်။ ထိုအထဲတွင် ပြန်လည်သင့်မြတ်စေခြင်း၊ မြတ်သောအယူဝါဒကို သွန်သင်ခြင်း၊ ပုံသွင်း လေ့ကျင့်ခြင်းများနှင့် သိုးစုများကို ထိန်းသိမ်းခြင်းတို့ပါဝင်ပါသည်။ ထို့အတွက်ကြောင့် ညီလာခံအတွင်းတွင် ထိုသို့နားထောင်ပြီး တန်ပြန်လုပ်ဆောင်ပေးမည့် ဌာနအသစ်တစ်ခုကို ဖွဲ့စည်းကြရန်အတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။ တချို့လူများမှာ ထိုသို့ နားထောင်ပေးခြင်းနှင့် လူမှုအသိုင်းအဝိုင်းအတွင်းမှ လူများကို အထောက်အပံ့ဖြစ်စေခြင်းသည် အရေးကြီးကြောင်း လက်ခံကြပါသည်။ တချို့မှာ ထိုသို့လုပ်ဆောင်ခြင်းသည် ဆေးကြောခြင်းခံယူထားကြသည့် လူများအားလုံးတွင် တာဝန်ရှိနှင့်ပြီးဖြစ်သဖြင့် ဌာနသစ်တစ်ခုဖွင့်လှစ်ရန် မလိုအပ်ပါဟု ခံစားကြရပါသည်။ တချို့သူများကလည်း ဤဌာနသည် ဝိညာဉ်ပိုင်းဆိုင်ရာ ထိန်းကျောင်းခြင်းဖြစ်သည့် နှစ်သိမ့်ဆွေးနွေးအကြံပြုခြင်းနှင့် ပြန်လည်သင့်မြတ်ခြင်းလုပ်ငန်းစဉ်နှင့် မည်သို့ချိတ်ဆက်နိုင်မည့်နည်းလမ်းကို စူးစမ်းရှာဖွေရန် အကြံပြုကြပါသည်။ ထို့ပြင် တချို့သူများကလည်း ဤဌာနသည် အသင်းတော်နှင့် မသက်ဆိုင်သကဲ့သို့ ခံစားနေရသူများ၊ အသင်းတော်မှ ထွက်ခွာပြီး ပြန်လည်ဝင်ရောက်လိုသူများနှင့် အမှန်တရားကိုရှာဖွေနေပြီး ဘုရားသခင်နှင့် ပြန်လည်နီးစပ်ရန်ရှာဖွေနေသူများအတွက် အဓိကထား လုပ်ဆောင်ပေးသင့်သည်ဟု အကြံပြုကြပါသည်။ ထို့အတွက်ကြောင့် ဤကိစ္စအတွက် ပိုမိုသိရှိနိုင်ရန် လုပ်ဆောင်ဖို့ လိုအပ်နေပါသည်။ ဤအချက်ကို လိုအပ်သည်ဟု ခံစားကြရသည့် ဒေသခံဘာသာဝင်များအနေဖြင့်လည်း ပိုမိုထိရောက်သောနည်းလမ်းဖြင့် မည်ကဲ့သို့လုပ်ဆောင်နိုင်မည်ကို ရှာဖွေကြရပါမည်။

# အပိုင်း (၃)

## ပိုက်ကွန်ကို ပစ်ချလော့

## လုပ်ငန်းစဉ်များ ကူးပြောင်းလာခြင်း

*ယေရှုက "ချစ်သားတို့၊ စားစရာအဖို့ ငါးဖမ်းမိကြပြီလော"ဟု မေးတော်မူလျှင် သူတို့က "မဖမ်းမိသေးပါ"ဟု ကိုယ်တော်အား ပြန်ဖြေကြ၏။ ကိုယ်တော်က ပိုက်ကွန်ကို လှေ၏လက်ယာဘက်သို့ပစ်လော့။ သင်တို့သည် ငါးအချို့ကို ရလိမ့်မည်ဟု သူတို့အား မိန့်တော်မူ၏။ သို့ဖြစ်၍ သူတို့သည် ပိုက်ကွန်ကိုပစ်လျှင် မြောက်များစွာသော ငါးတို့ကို ဖမ်းမိသောကြောင့် ပိုက်ကွန်ကို ဆွဲတင်၍ မရနိုင်ဘဲရှိကြ၏။*
*(ယောဟန် ၂၁း ၅-၆)*

၇၉။ ငါးဖမ်းရာ၌ ငါးမမိသဖြင့် ထိုသူတို့သည် အိမ်သို့ပြန်ရန် ကမ်းစပ်သို့ပင် ဦးတည်နေလေပြီ။ ထိုအချိန်တွင် ဩဇာသံအပြည့်ပါသော အသံတစ်သံကို ကြားမိပြီး တပည့်တော်ကြီးများ မလုပ်ဆောင်မိသည့်အရာနှင့် ထည့်သွင်းမစဉ်းစားမိသည့်အချက်ကို ထောက်ပြပြောဆိုခဲ့ပါသည်။ "ပိုက်ကွန်ကို လှေ၏ လက်ယာဘက်သို့ပစ်လော့။ သင်တို့သည် ငါးအချို့ကို ရလိမ့်မည်။" ယခုသာသနာ့ညီလာခံအတွင်းတွင် ကျွန်ုပ်တို့သည် ထိုအသံကို နားစွင့်ထောင်ရင်း ပြောချင်နေသည့် သတင်းစကားကို ရယူရန်အသင့်ဖြစ်နေပါသည်။ ဆုတောင်းမေတ္တာနှင့် အပြန်အလှန်ပြောဆိုခြင်းအားဖြင့် ဆုံးဖြတ်ချက်များကို အလေးထားချတတ်လာခြင်း၊ လုပ်ငန်းတာဝန်များကို ခွဲဝေကာ တာဝန်ယူလုပ်ဆောင်တတ်လာခြင်းနှင့် ကျွန်ုပ်တို့ ဆုံးဖြတ်လုပ်ဆောင်သည့် အစီအစဉ်များအပေါ် ပြန်လည်သုံးသပ်ခြင်းများသည် ကျွန်ုပ်တို့ဆက်လက်လျှောက်လှမ်းရမည့်လမ်းစဉ်ကို ပြသနေသည့် ဘုရားသခင်၏ နှုတ်တော်ထွက်စကားပင်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ လေ့လာ သင်ယူမိခဲ့ကြပါသည်။

၈၀။ ဤအချက် (၃)ခုမှာ တစ်ခုနှစ်တစ်ခု နီးကပ်စွာ ဆက်စပ်လျက်ရှိနေပါသည်။ အသင်းတော်အတွင်း အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက် လူအများ၏အသံကို နားထောင်ပေးရန်နှင့် ယုံကြည်မှုရှိရန် လိုအပ်ပါသည်။ အသင်းတော်ကို ဦးစီးနေကြသော ခေါင်းဆောင်များအနေဖြင့်လည်း ဘုရားသခင်၏ လူမျိုးစုအသံကို နားစိုက်ထောင်ရန်လိုအပ်ပြီး ထိုလူမျိုးစုများသည်လည်း မိမိတို့ကို ဦးစီးဦးဆောင်ပြုနေသော သူများကို ယုံကြည်မှုထားရှိရန်လိုအပ်ပါသည်။ ထို့အတွက် မိမိတို့တာဝန်ယူလုပ်ဆောင်သမျှတာဝန်များနှင့်ပတ်သတ်ပြီး ပွင့်ပွင့်လင်းလင်း ပြောဆိုပိုင်ခွင့်နှင့် တာဝန်ယူမှုအပြည့်ရှိရမည်ဖြစ်ပြီး ထိုမှသာ အသင်းတော်အတွက် လုပ်ဆောင်နေကြသော သူများအားလုံးသည် အသင်းတော်၏ လုပ်ငန်းတာဝန်များကို အတူတကွပူးပေါင်းကာ လုပ်ဆောင်နိုင်ကြမည်ဖြစ်ပါသည်။ ထိုသို့ စုပေါင်းဆုံးဖြတ်ခြင်းတွင် ပါဝင်မည့်သူများအတွက်မူ လိုအပ်သောသင်တန်းများ သင်ကြားပေးရန်လိုအပ်ပါသည်။ အဆိုပါသင်တန်းများသည် ပညာရပ်နှင့် ကျွမ်းကျင်မှုဆိုင်ရာများသာမကဘဲ ယုံကြည်ခြင်း၏ အနှစ်သာရ၊ ကျမ်းစာတော်မြတ်နှင့် ဝိညာဉ်ရေးအသက်တာအတွက် မည်သို့နေထိုင်အသက်ရှင်ရမည်ကိုပါ သင်ကြားပေးသင့်ပါသည်။ အသင်းတော်အတွင်း တည်ရှိနေသည့် ဆေးကြောခြင်းခံနေရသူများအားလုံးသည် သာသနာ့အမှုတော်အတွက် သက်သေခံရန်၊ ထမ်းရွက်ရန်နှင့် တာဝန်ယူကြရန်အတွက် ကောင်းမွန်စွာ သင်ကြားပေးသင့်ပါသည်။ ဤအချက်မှာ အသင်းတော်တွင် ဆုံးဖြတ်ချက်များ ချမှတ်ပေးနေသည့် ခေါင်းဆောင်ပိုင်းများနှင့် အတူပူးပေါင်းဆုံးဖြတ်ချက်ချနေသူများအတွက် အထူးပင်အရေးကြီးပါသည်။

**အသင်းတော်၏ တာဝန်များကို လုပ်ဆောင်ရန် ဘုရားသခင်၏ အသံကို နားထောင်ခြင်း**

၈၁။ အသင်းတော်၏လုပ်ငန်းများကို ထမ်းရွက်ရန်အတွက် ဘုရားသခင်၏ ဉာဏ်ပညာတော်၌ မိန့်မြွက်ထားတော်မူသည့်အတိုင်း လိုက်နာကျင့်ဆောင်ခဲ့ကြသော ဂျေရုဆလင်မှ ရှေးဦးခရစ်ယာန်များသည် အတူတကွဆုံးဖြတ်ချက်မချမီတွင် "အောက်တွင် ပါရှိသော ကျင့်ဆောင်ရမည့်အချက်များထက် ပို၍လေးလံသောဝန်ကို သင်တို့အပေါ်သို့ မတင်ကြရန် ဝိညာဉ်တော်မြတ်နှင့် ငါတို့ဆုံးဖြတ်ခဲ့ကြ၏" (တမန် ၁၅း၂၈)။ ဤကဲ့သို့သောဆုံးဖြတ်ချက်ချခြင်းသည် အသင်းတော်၏တာဝန်များကို နားထောင်ရန် ဘုရားသခင်၏စကားသံများကို နားထောင်ခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ ဘုရားသခင်၏လူမျိုးစုတို့သည် နှုတ်ကပါတ်တရားတော်ကို ကောင်းမွန်စွာ နားလည်ပြီး ဘုရားသခင်၏အလိုတော်မြတ်အတိုင်း အတူတကွလိုက်ပါလုပ်ဆောင်နေကြခြင်းကို ဆိုလိုပါသည်။ ယုံကြည်သူများအား အလင်းပြပေးတော်မူပြီး လမ်းမှန်ကိုညွှန်ပြပေးတော်မူသော သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် အမှန်တရား၏လမ်းတော်သို့ပို့ဆောင်ပြီး ယခုကာလတွင်ဖြစ်ပေါ်နေသော အဖြစ်အပျက်များအတွက် ကောင်းရာလမ်းကို ဦးဆောင်ပြပေးတော်မူပါလိမ့်မည်။ ဝိညာဉ်တော်မြတ်ဘုရားအားဖြင့် အသင်းတော်သည် အမြော်အမြင်ရှိစွာဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူတူတည်ရှိနေတော်မူကြောင်းနှင့် မည်သည့်အတွက်ကြောင့် ဘုရားရှင်အား လိုအပ်နေကြောင်းကို ကမ္ဘာကြီးအား ပြသနေပါသည်။ ယခုကဲ့သို့ ပိုင်းခြားသိမြင်လာနိုင်စေရန်လုပ်ဆောင်နေခြင်းသည် ဆေးကြောခြင်းခံယူထားသူတိုင်းကို သန့်ရှင်းသောဝိညာဉ်တော်ဘုရားက ပေးအပ်ထားသည့်ဆုကျေးဇူးတော်များနှင့် ယုံကြည်ခြင်းအပေါ်တွင် လုံးဝမူတည်နေပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏လမ်းညွှန်မှုဖြင့် သာသနာပြုသူတစ်ဦး၏ဘဝအသက်တာနှင့် အတူတကွခရီးဆက်မည့်အသင်းတော်ကြီးသည် မိမိတို့ကိုယ်ကို ပြန်လည်ဆင်ခြင်သုံးသပ်ပြီး နည်းလမ်းသစ်ဖြင့် ဆက်လက်လျှောက်လှမ်းကြရမည်ဖြစ်ပါသည်။

၈၂။ အသင်းတော်အကြောင်းကို ပိုမိုသိမြင်လာစေခြင်းသည် အဖွဲ့အစည်းပုံစံကျအောင် ပြုလုပ်ရုံသက်သက်မျှသာမဟုတ်ဘဲ ယုံကြည်ခြင်းဖြင့် အသက်ရှင်နေထိုင်တတ်လာစေရန် ဝိညာဉ်ရေးဆိုင်ရာ အလေ့အကျင့်ကောင်းတစ်ခုလည်းဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် မိမိတို့နှလုံးသားတွင် လွတ်လပ်မှုရှိခြင်း၊ လူသားချင်းစာနာထောက်ထားခြင်း၊ ဆုတောင်းခြင်း၊ အပြန်အလှန် ယုံကြည်မှုထားရှိခြင်း၊ အတွေးအခေါ်သစ်များကို အမြင်ဖွင့်ကြိုဆိုခြင်းနှင့် ဘုရားသခင်၏အလိုတော်အတိုင်း ဆက်ကပ်အပ်နှံခြင်းတို့ လိုအပ်ပါသည်။ ယခုလိုလုပ်ဆောင်ရာတွင် မိမိကိုယ်ပိုင် (သို့မဟုတ်) အဖွဲ့၏အမြင်ကိုဝေမျှခြင်းသက်သက်မဟုတ်သကဲ့သို့ မတူညီသောအမြင်များကို အနှစ်ချုပ်ရန်လည်း မဟုတ်ပါ။ လူတစ်ဦးချင်းစီသည် မိမိတို့၏ အကောင်းအဆိုးကို ခွဲခြားသိမြင်တတ်သောစိတ်ကို အခြေခံကာ တခြားသူများ၏ ထိုစိတ်ဓာတ်ဖြင့် ရင်ဖွင့်ပြောဆိုခြင်းများကို လက်ခံတတ်ရန်အတွက် မိမိတို့စိတ်နှလုံးသားကို ဖွင့်ဟပေးထားကြရန် လိုအပ်ပါသည်။ အတူတကွလုပ်ဆောင်မည်ဆိုပါလျှင် "ဝိညာဉ်တော်ဘုရားက အသင်းတော်တို့အား မိန့်မှာတော်မူသောစကားသံကို ကြားရပေလိမ့်မည်" (ဗျာဒိတ် ၂း၇)။ လူတိုင်းပူးပေါင်းပါဝင်လုပ်ဆောင်ကြသည့်အတွက် အသင်းတော်အကြောင်းကို ပိုမိုသိရှိလာစေခြင်းသည် အတူတကွခရီးဆက်နေသည့်အသင်းတော်အတွက် စည်းလုံးညီညွတ်ခြင်း၊ လုပ်ငန်းတာဝန်များနှင့် ပူးပေါင်းပါဝင်မှု၏ရလဒ်ကိုခံစားရခြင်းသည် အထူးပင်အရေးကြီးသောအချက်ဖြစ်ပါသည်။ လူများများ ပိုမိုသိရှိလာလေ၊ ပိုမိုပိုင်းခြားသိမြင်လာလေပင်ဖြစ်ပါသည်။ ထို့အတွက်ကြောင့် လူအများပါဝင်နိုင်သမျှ ပါဝင်လာနိုင်စေရန်နှင့် အထူးသဖြင့် ခရစ်ယာန်အသိုင်းအဝိုင်းနှင့် လူမှုအဖွဲ့အစည်း၏အပြင်ဖက်သို့ ရောက်ရှိနေသည်ဟု ခံစားနေရသူများ ပါဝင်လာစေရန်ဖြစ်ပါသည်။

၈၃။ ဘုရားသခင်၏နှုတ်ကပါတ်တော်ကို နားထောင်ခြင်းသည် အသင်းတော်ကြီးကို ကောင်းမွန်စွာ ရှုမြင်နိုင်ရန်အတွက် အဓိကအခြေခံအုတ်မြစ်နှင့် လမ်းညွှန်ချက်ပင်ဖြစ်ပါသည်။ ကျမ်းချက်များတွင်လည်း ဘုရားသခင်သည် သူ၏လူမျိုးစုကို စကားပြောတော်မူကြောင်းကို တွေ့မြင်နိုင်ပြီး ခရစ်တော်သခင်မှတဆင့် ဘုရားအဖြစ်တော်ကိုလည်း

ဖွင့်ဟပြသခဲ့ပါသည် (cf. DV 2)။ ထိုအချက်များသည် ဘုရားသခင်၏ စကားသံကို ကြားနိုင်စေမည့်နေရာများကိုလည်း ညွှန်ပြလျက်ရှိနေပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဦးစွာစကားပြောပြီး ဝတ်ပြုကိုးကွယ်ခြင်းများတွင် ပိုမိုပင် တွေ့မြင်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် "ဘုရားကျောင်းထဲတွင် ကျွန်ုပ်တို့ ကျမ်းစာတော်မြတ်ကို ဖတ်ရှုနေချိန်တွင် ခရစ်တော်သခင်ကိုယ်တိုင် ကျွန်ုပ်တို့ကို စကားပြောနေသောကြောင့်ဖြစ်ပါသည် (SC7)"။ ခရစ်တော်သည် စဉ်ဆက်မပြတ်စောင့်ထိန်းလာခဲ့သော အသင်းတော်၏ ဓလေ့ထုံးစံများ၊ အသင်းတော်ခေါင်းဆောင်များ၏ သွန်သင်ချက်များ၊ ကျမ်းစာတော်မြတ်အပေါ်၌ တစ်ဦးတစ်ယောက်ချင်းစီနှင့် အဖွဲ့လိုက် ထင်ဟပ်မိစေသည့်အချက်များနှင့် အများသူငှာသိရှိထားကြသည့် ဝတ်ပြုကိုးကွယ်ခြင်းများမှတဆင့်လည်း ကျွန်ုပ်တို့ကို စကားပြောနေပါသည်။ ဆက်လက်၍လည်း ဆင်းရဲသားများ၏ ငိုကြွေးသံများနှင့် လူ့သမိုင်းတစ်လျှောက်ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်များမှတဆင့်လည်း ကျွန်ုပ်တို့ကို စကားပြောလျှက်ရှိနေပါသည်။ ဝိညာဉ်တော်ဘုရား၏အသက်တာနှင့် ပြည့်ဝစေသည့် ဖန်ဆင်းရှင်၏ လက်ရာများကို ထင်ဟပ်စေသည့် ဖန်ဆင်းခံအရာသတ္တဝါများဖြင့်လည်း ကျွန်ုပ်တို့အား ဆက်သွယ်နေပါသည်။ နောက်ဆုံးတွင် ဘုရားသခင်သည် သူနှင့် တစ်ဦးချင်းတွေ့ဆုံနိုင်ပြီး သူ၏စကားသံကိုကြားသိနိုင်သည့် လူတစ်ယောက်၏ အနက်ရှိုင်းဆုံးသော အတွင်းစိတ်မှလည်း စကားပြောနေပါသည်။ ဘုရားသခင်၏ အလိုတော်ကို သိမြင်နားလည်နိုင်ရန်အတွက် ကျွန်ုပ်တို့သည် မိမိတို့၏အတွင်းစိတ် (သို့မဟုတ်) ဩတ္တပ္ပစိတ်ကို အထူးဂရုစိုက်ရမည်ဖြစ်ပြီး ရှင်သန်ကြီးထွားရန်၊ ယုံကြည်ခြင်းခိုင်မြဲရန် ကြိုးစားအားထုတ်ခြင်းအားဖြင့် သူ၏လူမျိုးစုကို စကားပြောမည့်အချိန်တွင် ကျွန်ုပ်တို့ လွဲချော်မသွားရန် အထူးအရေးကြီးပါသည်။

၈၄။ အသင်းတော်အတွင်း ဘုရားသခင်၏လမ်းညွှန်ချက်များကို သိရှိနိုင်ရန်မှာ နေရာနှင့် ဓလေ့ထုံးစံများအပေါ်မူတည်ပြီး ကွဲပြားမှုများ ရှိနိုင်ပါသည်။ ဓမ္မညီလာခံကြီးအတွင်း ရရှိခဲ့သောအတွေ့အကြုံများအပေါ်အခြေခံကာ ရှင်းရှင်းလင်းလင်း သိမြင်နားလည်ရန်လိုအပ်သော အရေးပါသည့်အချက်များကို ရွေးနုတ်ထားပါသည်။

(က) ကျွန်ုပ်တို့ ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို တိကျရှင်းလင်းစွာတင်ပြပြီး ထိုအချက်များကို ကောင်းမွန်စွာ နားလည်နိုင်ရန်အတွက် လိုအပ်သော အသင်းအချက်အလက်များနှင့် အရင်းအမြစ်များကို စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ခ) ဆုတောင်းမေတ္တာဆိုရန်၊ နှုတ်ကပါတ်တရားတော်မြတ်ကို ကြားနာရန်နှင့် အရေးကိစ္စများအပေါ် သုံးသပ်ရန်အတွက် လုံလောက်သောအချိန်ပေးခြင်း၊

(ဂ) အများကောင်းကျိုးကို ရှေးရှုသောကိစ္စရပ်များတွင် ပုဂ္ဂိုလ်ရေးနှင့် အဖွဲ့၏အလိုကျအတိုင်းသာ မစဉ်းစားဘဲ လူတိုင်းအတွက် ကောင်းကျိုးရှိစေမည့်အချက်များကို ပွင့်လင်းစွာ ထုတ်ဖော်ဆွေးနွေးကြခြင်း၊

(ဃ) လူတိုင်း၏ပြောစကားကို ဂရုတစိုက်နှင့် လေးစားမှုဖြင့် နားထောင်ပေးခြင်း၊

(င) မိမိတို့နှလုံးသားထဲမှ နှစ်ထောင်းအားရဖြင့် လူအများစုက ဝိုင်းဝန်းထောက်ခံသည့် အချက်များကိုရှာဖွေပြီး ပဋိပက္ခဖြစ်စေသည့် (သို့မဟုတ်) လူနည်းစုသာ သဘောတူသောအချက်များကို ရှောင်ရှားခြင်း၊

(စ) ဤလုပ်ငန်းစဉ်ကို တာဝန်ယူထားကြသည့် ဦးဆောင်သူများသည် ပူးပေါင်းပါဝင်ဆွေးနွေးသူများအားလုံး၏ သဘောတူညီချက်ကို ရယူနိုင်မည့်နည်းလမ်းဖြင့် သဘောတူညီချက်များကို အနှစ်ချုပ်ပေးခြင်း၊

ယခုလုပ်ဆောင်နေသောလုပ်ငန်းစဉ်တွင် တစ်ဦးတစ်ယောက်ချင်းစီ၏ အတွေးအမြင်နှင့် မကိုက်ညီစေကာမူ ဆုံးဖြတ်ချက်များကို လူတိုင်းလက်ခံနိုင်စေရန်အတွက် လုပ်ဆောင်ပေးသင့်ပါသည်။ လူထုအတွက်လည်း အဆိုပါဆုံးဖြတ်ချက်များကို လက်ခံရန်၊ လေ့လာရန်နှင့် ပြန်လည်သုံးသပ်ရန်အတွက် အချိန်အတိုင်းအတာတစ်ခုကို ခွင့်ပြုပေးသင့်ပါသည်။

၈၅။ ဘုရားသခင်၏ လမ်းညွှန်မှုကို တိကျသေချာသည့် အကြောင်းအရာများတွင် အစဉ်အမြဲတွေ့ရှိရလေ့ရှိပြီး ထိုအကြောင်းအရာများကို တတ်နိုင်သမျှ ပြည့်ပြည့်ဝဝနားလည်ထားရန် အထူးအရေးကြီးပါသည်။ အသင်းတော်ကို အခြေခံထားသည့် ဘုရားသခင်၏ လမ်းညွှန်ချက်များကို ကောင်းမွန်စွာနားလည်နိုင်ရန်အတွက် မှန်ကန်သော နည်းလမ်းများဖြင့်သာ လုပ်ဆောင်နိုင်ပါမည်။ ထိုအချက်များမှာ -

(၁) ကျမ်းစာတော်မြတ်ကို အနက်ဖွင့်ရန်နှင့် သွန်သင်ချက်များကို ကောင်းမွန်စွာနားလည်နိုင်ရန်အတွက် တစ်ဖက်သက်အမြင်နှင့် တစ်ဖက်စွန်းကျသော အတွေးအခေါ်များကို ရှောင်ရှားကြရပါမည်။

(၂) အသင်းတော်၏ ဖခင်ကြီးများ၊ အသင်းတော်၏ ဓလေ့ထုံးစံများ၊ သွန်သင်ပိုင်ခွင့်အာဏာနှင့် အဆင့်ဆင့်သတ်မှတ်ထားသည့် လုပ်ပိုင်ခွင့်များကို နားလည်ထားရန် လိုအပ်ပါသည်။

(၃) ဓမ္မသဂြိုလ်နှင့် ပတ်သတ်ဆက်နွယ်သမျှကို အတွင်းကျကျ သိမြင်ထားရန်လိုအပ်ပါသည်။

(၄) ထိုလမ်းညွှန်ချက်များကို ပြည့်ဝစွာနားလည်နိုင်ရန်အတွက် လူများ၊ သမိုင်းဝင်အဖြစ်အပျက်များ၊ လူမှုရေးအခြေအနေများနှင့် သိပ္ပံနှင့်ဆိုင်သောအချက်အလက်များကိုလည်း လိုအပ်ပါသည်။ ထိုအရာများ မပါဝင်ပါက ဘုရားသခင်၏လမ်းညွှန်ချက်များကို ဝိဝါဒကွဲပြားစွာ သိရှိနားလည်နိုင်ရန် မဖြစ်နိုင်ပါ။

၈၆။ အသင်းတော်တွင် ဘုရားသခင်၏ လမ်းညွှန်ချက်များကို သိသာထင်ရှားစေသည့် မတူညီသောနည်းလမ်းများစွာနှင့် ကောင်းမွန်စွာချမှတ်ထားသော နည်းလမ်းများရှိပါသည်။ ထိုသို့များပြားစွာရှိနေရခြင်းမှာလည်း ကောင်းမြတ်ခြင်းတစ်ခုဖြစ်ပါသည်။ အကြောင်းမှာ မတူညီသောအခြေအနေများကို လက်ခံနိုင်ရန်အတွက် အကူအညီဖြစ်စေပြီး ထိရောက်မှုလည်း ရှိသောကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ပူးပေါင်းလုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများကို စိတ်တွင်ထားရှိပြီး ထိုမတူညီသောနည်းလမ်းများဖြင့် အတူတကွလုပ်ဆောင်ကြရန် ကျွန်ုပ်တို့အချင်းချင်း တိုက်တွန်းအားပေးသင့်ပြီး လူတစ်ဦးတစ်ယောက်ချင်းစီသည် မိမိတို့တွင်ရှိသော မတူညီသည့် အရည်အချင်းများကိုအသုံးပြုကာ လိုက်လျောညီထွေဖြစ်သည့် နည်းလမ်းများဖြင့် လုပ်ဆောင်သင့်ပါသည်။ အစုအဖွဲ့ငယ်လေးများနှင့် စီရင်စုများမှ အစပြုကာ ဒေသတွင်းအသင်းတော်များ၏ လုပ်ငန်းတာဝန်များအပေါ် အခြေခံသော ဘုရားသခင်၏ လမ်းညွှန်ချက်များကို ပိုမိုမြင်သာလာစေရန်အတွက် သင်တန်းများလည်း ပြုလုပ်ပေးသင့်ပါသည်။ အထူးသဖြင့် ခေါင်းဆောင်မှုတာဝန်ကို ယူထားကြရသူများအတွက် ပိုမိုအရေးကြီးပါသည်။ တခါတရံတွင် ယခုလိုလုပ်ငန်းစဉ်အတွင်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကူညီပံ့ပိုးပေးနေကြသူများအတွက် လုပ်ဆောင်ပေးနေသော သင်တန်းများကိုလည်း ပံ့ပိုးကူညီပေးသင့်ပါသည်။

## ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်၏ဖွဲ့စည်းပုံ

၈၇။ အတူတကွ ခရီးဆက်နေသောအသင်းတော်တွင် ကွဲပြားသည့်အဖွဲ့ဝင်များပါဝင်သည့် လူအားလုံးသည် အတူတကွစုဝေးရောက်ရှိလာကာ ဆုတောင်းခြင်း၊ နားထောင်ခြင်း၊ ဆန်းစစ်ခြင်း၊ ပါဝင်စကားပြောခြင်း၊ တွေ့မြင်ခြင်းနှင့် လုပ်ငန်းတာဝန်များအတွက် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ဝင်ရောက်အကြံပေးခြင်းများကို လုပ်ဆောင်ပေးကြပါသည်။ အတူတကွ ခရီးဆက်နေသောအသင်းတော်ကြီးကို ပိုမိုထိရောက်လာစေရန်အတွက် ဘုရားသခင်၏ လူမျိုးစုများကို ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်တွင် တတ်နိုင်သမျှ များနိုင်သမျှများအောင် ပါဝင်နိုင်စေရန်အတွက် တိုက်တွန်းအားပေးသင့်ပါသည်။ အကယ်၍ အသင်းတော် ရပ်တည်ချက်နှင့် လုပ်ဆောင်ချက်များသည် အမှန်တကယ်ပင် အများပါဝင်နိုင်သည်ဆိုပါလျှင် ဤအချက်သည် အသင်းတော် မဖြစ်မနေလုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်ဖြစ်ပါသည်။ ဘုရားသခင်၏ လမ်းညွှန်ချက်များကို ကောင်းမွန်စွာ သိရှိနားလည်ရန်၊ အများသဘောတူလက်ခံရန်နှင့် များပြားလှစွာသော ဖွဲ့စည်းပုံများနှင့် အားလုံးပါဝင်နိုင်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် လိုအပ်ပါသည်။

၈၈။ ဘုရားသခင်ခေါ်တော်မူ၍ စေလွှတ်တော်မူခဲ့သော တပည့်တော်ကြီးများသည် တစ်ဦးနှင့်တစ်ဦး မတူညီကြပါ။ မတူညီသောပုံစံနှင့် မတူညီသောအခန်းကဏ္ဍများမှ ပါဝင်လုပ်ဆောင်ခဲ့ကြသူများဖြစ်ကြပါသည်။ သမိုင်းတလျှောက်တည်ဆောက်ခဲ့သောအသင်းတော်မှာ ခရစ်တော်၏ခန္ဓာတော်ပင်ဖြစ်ပြီး ဘုရားသခင်၏နိုင်ငံတော်သည်လည်း အသင်းတော်အတွင်းတွင် ကြီးထွားလာနေပါသည်။ လူသားများအားလုံးအတွက် ဆင်းကြွလာမည့် ခရစ်တော်သခင်အတွက် "မျိုးစေ့ငယ်နှင့် အစပြုခြင်း"အဖြစ်လည်း ကိုယ်စားပြုနေပါသည်။ ရှေးဦးအသင်းတော်၏ဖခင်ကြီးများသည် ဘုရားသခင်၏အမှုတော်ကို အတူတကွထမ်းရွက်ကြရန်အတွက် "မပါလျှင် မဖြစ်သည့်"အကြောင်းကို သွန်သင်ကြရာတွင် အန်းတီအုတ်မြို့မှ စိန်အီညာစီအုးက "ဆရာတော်မပါလျှင် မည်သည့်အရာမျှ မဖြစ်နိုင်ပါ"ဟုလည်းကောင်း၊ ကာသေ့မြို့မှ စိန်ဆိုင်ပရီယန်ကလည်း "ရဟန်းတော်များ၊ ဦးပဥ္စင်းကြီးများ၏ အကြံဉာဏ်နှင့် လူအများ၏ သဘောတူညီချက်မပါလျှင် မည်သည့်အရာမျှ မဖြစ်နိုင်ပါ"ဟု မိန့်ဆိုခဲ့ဖူးပါသည်။ အသင်းတော်သည် ဤအချက်ကို လျစ်လျူရှုထားခဲ့လျှင် အသင်းတော်၏ စစ်မှန်သော ပုံရိပ်ကိုထိခိုက်စေနိုင်ပြီး လုပ်ဆောင်ရမည့်တာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်နိုင်လိမ့်မည်မဟုတ်တော့ပါ။

၈၉။ ထိုသို့နားလည်ထားသော အသင်းတော်သည် တာဝန်မျှဝေယူဆောင်သည့် အလေ့အထကိုပျိုးထောင်ပေးပြီး လူတိုင်းပါဝင်လုပ်ဆောင်ကြရန် တိုက်တွန်းအားပေးနေပါသည်။ လူမှုအသိုင်းအဝိုင်းတွင် မှီတင်းနေထိုင်နေကြသည့် လူတစ်ယောက်တစ်ချင်းစီသည် လေးစားမှုကိုခံယူထိုက်ပြီး ၎င်းတို့တွင်ရှိနေသည့် မတူညီသည့် ဆုကျေးဇူးများနှင့် အရည်အချင်းများကို တန်ဖိုးထားကာ အတူတကွဆုံးဖြတ်ကြသည့်လုပ်ငန်းစဉ်တွင် ပါဝင်ခွင့်ရရှိကြသင့်ပါသည်။ လူမှုအသိုင်းအဝိုင်း၏ အနည်းအများအပေါ် မူတည်၍ ဤလုပ်ငန်းစဉ်ကြီးတွင် ပါဝင်နိုင်ရန်အတွက် မတူညီသည့်နည်းလမ်းများကို ရှာဖွေအသုံးချသင့်ပါသည်။ ယခုလက်ရှိထုတ်ပြန်ထားသည့် ဥပဒေများတွင်လည်း အလွှာအသီးသီးရှိ အဆိုပါအဖွဲ့များအတွက် စည်းမျဉ်းစည်းကမ်းများထားရှိပြီးဖြစ်ကာ ဤထုတ်ပြန်ချက်တွင်ပါဝင်သည့် အကြောင်းအရာများကို ထပ်မံဆွေးနွေးကြရအုံးမည်ဖြစ်ပါသည်။

၉၀။ ဆုံးဖြတ်ချက်များတိုင်း ကောင်းမွန်စွာလုပ်ဆောင်နိုင်စေဖို့ရန်အတွက် ဆုံးဖြတ်ချက်များကို မည်သည့်ပုံစံဖြင့် ချမှတ်ကြမည်ဆိုသည်ကို ထည့်သွင်းစဉ်းစားကြရန် အထူးအရေးကြီးပါသည်။ ပုံမှန်အားဖြင့် ဤလုပ်ငန်းစဉ်သည် ဆွေးနွေးခြင်း၊ ပြန်လည်ဆင်ခြင်ခြင်း၊ အတူတကွလုပ်ဆောင်ခြင်းများအတွက် အချိန်ယူလုပ်ဆောင်ရပြီး အကြီးအကဲမှ အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်နိုင်ဖို့ရန်အတွက် အကူအညီဖြစ်စေပါသည်။ ဤအဆင့်များတွင် နှစ်ဦးနှစ်ဖက်ကြား မည်သူကပို၍လုပ်ပိုင်ခွင့်ရှိသည်ကို တိုင်းတာရန်မဟုတ်ဘဲ ဆုံးဖြတ်ချက်များသည် အသင်းတော်အတွက် ဘုရားသခင်ဖြစ်စေလိုသည့်အတိုင်း ဖြစ်သည်၊ မဖြစ်သည်ကို ဝိုင်းဝန်းတိုင်ပင်ဆွေးနွေးကြရန်ပင်ဖြစ်ပါသည်။ ထို့အတွက်ကြောင့် အဖွဲ့နှင့် ခေါင်းဆောင်အကြား အတူတကွ ပူးပေါင်းလုပ်ဆောင်နိုင်မည့် လုပ်ထုံးလုပ်နည်းများကို ဝိုင်းဝန်းရှာဖွေခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်ဘုရားအပေါ် ယုံကြည်စိတ်ချစွာဖြင့် သူ၏စကားသံများအတွက် မိမိတို့၏နှလုံးသားကို ဖွင့်ဟထားပြီး လူတိုင်းသဘောတူသည့်အဆင့်ထိရောက်အောင် ဆွေးနွေးကြဖို့ အရေးကြီးပါသည်။ ဆုံးဖြတ်ချက်တစ်ခု ချမှတ်ပြီးသည့်နောက်တွင် ထိုဆုံးဖြတ်ချက်အတိုင်း လူအများအတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းများပြုလုပ်ရန်လိုအပ်ပါသည်။ သို့သော် မူကွဲသောနည်းလမ်းများဖြင့် လုပ်ဆောင်ကြရပါမည်။

၉၁။ တချို့တရံတွင် ခန့်အပ်ထားသော ခေါင်းဆောင်များသည် ယခုချမှတ်ထားသည့် ဥပဒေများအရ ဆုံးဖြတ်ချက်များ မချမှတ်မီ အခြားသူများနှင့် တိုင်ပင်ဆွေးနွေးခြင်းများပြုလုပ်ရန် လိုအပ်ပါသည်။ ထိုတိုင်ပင်ဆွေးနွေးခြင်းများတွင် ပါဝင်ကြသော ဘာသာရေးခေါင်းဆောင်များသည် ဆွေးနွေးချက်များကို မဖြစ်မနေ နားထောင်ကြရမည်ဖြစ်ပြီး ဆွေးနွေးချက်များကို မျက်ကွယ်ပြုရန် မသင့်ပါ။ တိကျရှင်းလင်းစွာ မဖော်ပြနိုင်သော၊ အကြောင်းပြချက် ခိုင်ခိုင်မာမာမရှိသောဆွေးနွေးချက်များမှအပ အဆိုပါခေါင်းဆောင်များသည် ဆွေးနွေးမှုရလဒ်များကို ဆန့်ကျင်ခြင်းမပြုလုပ်သင့်ပါ။

တရားမျှတမှုကို လက်ခံကျင့်သုံးသည့် မည်သည့်လူမှုအဖွဲ့အစည်းတွင်မဆို အသင်းတော်၏ လုပ်ပိုင်ခွင့်အာဏာသည် တစ်ဖက်သက်ဆန်သောဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက် မဟုတ်ပါ။ ထိုအစား ထိုလုပ်ပိုင်ခွင့်များသည် စည်းလုံးညီညွတ်ခြင်းကို တည်ဆောက်ပြီး လူများကို အမှန်တရားဖြစ်တော်မူသော ခရစ်တော်သခင်နှင့် ပိုမိုနီးစပ်လာစေရန်နှင့် မတူညီသောအခြေအနေများတွင် တည်ရှိနေသော အမှန်တရားကို ရှာဖွေရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏လမ်းညွှန်မှုကိုရရှိစေရန်အတွက် ဦးတည်ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

၉၂။ အတူတကွ ခရီးဆက်နေသော အသင်းတော်တွင် ဆရာတော်၊ ဆရာတော်ကြီးများအဖွဲ့နှင့် ပုပ်ရဟန်းမင်းကြီး၏ အခွင့်အာဏာနှင့် ပြုလုပ်သောဆုံးဖြတ်ချက်များသည် အလွန်အရေးပါပြီး ထိုဆုံးဖြတ်ချက်များကို အတိအလင်းဆန့်ကျင်တိုက်ခိုက်ခြင်း မပြုလုပ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်သခင်ကိုယ်တော်တိုင် ဖွဲ့စည်းပေးခဲ့သည့် အသင်းတော်၏ ဖွဲ့စည်းမှုအရဖြစ်ပါသည်။ မတူကွဲပြားမှုများကို အလေးထားသည့် အသင်းတော်အတွက် ယခုကဲ့သို့သော အခွင့်အာဏာသည် စည်းလုံးညီညွတ်နေစေရန်အတွက် ထောက်မကူညီပေးပါသည်။ သို့သော်လည်း ထိုအခွင့်အာဏာတွင်လည်း အကန့်အသတ်များ ရှိနေပါသည်။ သို့သော်လည်း လူအများပါဝင် တိုင်ပင်ဆွေးနွေးမှုများမှ ထွက်ပေါ်လာသည့် ကောင်းမွန်သည့်အကြံပြုချက်များကိုမူ ပစ်ပယ်ထားနိုင်ခွင့်မရှိပါ။ တိုင်ပင်ဆွေးနွေးကြသူများက တစ်ဖက်၊ ဆုံးဖြတ်ချက်ချသူများကတစ်ဖက် မဖြစ်ရပါ။ အသင်းတော်တွင် ဆုံးဖြတ်ချက်များချမှတ်ရန်အတွက် လူတိုင်း၏ ဆွေးနွေးချက်များကို ထည့်သွင်းစဉ်းစားပြီး သိုးထိန်းတာဝန်ယူဆောင်ထားကြသည့် သာသနာ့ခေါင်းဆောင်များသည် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်ရန် အခွင့်အာဏာရရှိထားကြသူများသာ ဖြစ်ပါသည်။ ထိုအချက်ကြောင့် အသင်းတော်၏ဥပဒေတွင်ရှိနေသော "အခွင့်အာဏာမရှိသူများ ဝင်ရောက်ပါဝင်ခွင့်မရှိ" ဆိုသည့် ဝိရောဓိဖြစ်စေသည့်အချက်ကို ရှုပ်ထွေးမှုများမဖြစ်စေရန် ပြန်လည်ဆန်းစစ်သုံးသပ်သင့်ပါသည်။ ထိုသို့လုပ်ဆောင်ပါက တိုင်ပင်ဆွေးနွေးကြသူများနှင့် ဆုံးဖြတ်ချက်ချမှတ်သူများအကြား ပိုမိုရှင်းလင်းသော အသင်းတော်ဥပဒေတစ်ခုဖြစ်လာနိုင်ပြီး ထိုလုပ်ငန်းစဉ်တွင် ပါဝင်လုပ်ဆောင်နေကြသူများ၏ တာဝန်ဝတ္တရားများကိုပါ ဖော်ပြရှင်းလင်းပြီး ဖြစ်နေပါလိမ့်မည်။

၉၃။ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များ အောင်မြင်အဆင်ပြေစေရန်အတွက် ကောင်းမွန်သောနည်းလမ်းများနှင့် လူတိုင်းပါဝင် တာဝန်ယူလုပ်ဆောင်ကြရန် အထူးအရေးကြီးပါသည်။

(က) အခွင့်အာဏာရှိသော အကြီးအကဲသည် - ဆွေးနွေးမည့်အကြောင်းအရာ၊ အပြီးသတ် ဆုံးဖြတ်ချက်ကို မည်သူတို့ ချမှတ်မည်၊ ဗဟုသုတကြွယ်ဝသူများနှင့် ဆုံးဖြတ်ချက်ကြောင့် ပြောင်းလဲမှုတစ်စုံတစ်ရာဖြစ်ပေါ်လာနိုင်မည့်သူများအပါအဝင် အကြံပြုဆွေးနွေးရာတွင် ပါဝင်ရမည့်သူများကို တိကျရှင်းလင်းစွာ ပြောကြားထားရပါမည်။ ထိုခေါင်းဆောင်များသည် ဆွေးနွေးရာတွင်ပါဝင်ကြသူများအားလုံး ထိရောက်စွာ ပါဝင်အကြံပြုနိုင်ရန်အတွက် တိကျမှန်ကန်သောသတင်းအချက်အလက်များ ရရှိနိုင်စေရန်အတွက် မဖြစ်မနေ စီစဉ်ပေးရပါမည်။

(ခ) တစ်ဦးတည်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ တိုင်ပင်ဆွေးနွေးရာတွင် ပါဝင်ကြသူတိုင်းသည် - မိမိတို့အတွေးအမြင်များကို ရိုးသားစွာ ပြောဆိုခြင်း၊ မိမိတို့ဆွေးနွေးနေသည့် အကြောင်းအရာကို သေချာစွာနားလည်ထားပြီး မိမိတို့စိတ်တွင် ရှင်းလင်းနေခြင်း၊ လျှို့ဝှက်အပ်သော သတင်းအချက်အလက်များကို ထိမ်းသိမ်းပြီး မိမိတို့၏ အိုင်ဒီယာများကို ရှင်းလင်းစွာပြောဆိုခြင်းတို့ကို လုပ်ဆောင်ကြရပါမည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ဆုံးဖြတ်ချက်များနှင့် အကြံပြုချက်များ ကွဲလွဲမှုမရှိစေရန်အတွက် များစွာအထောက်အကူ ဖြစ်စေပါမည်။

(ဂ) ဆုံးဖြတ်ချက်ချမှတ်ပြီးသည်နှင့် မည်သည့်အတွက်ကြောင့် ဤဆုံးဖြတ်ချက်ကို ချမှတ်ရသည်ကို ရှင်းလင်းစွာ ပြောကြားရမည်ဖြစ်ပြီး မိမိတို့၏ ခံယူချက်အတွေးအမြင်များနှင့် ကွဲလွဲမှုများရှိနေစေကာမူ အသင်းတော်အတွင်းတွင်

ရှိကြသောသူများအားလုံးသည် ထိုဆုံးဖြတ်ချက်များကို အလေးထားပြီး လိုက်နာကြရပါမည်။ အဆိုပါ ဆုံးဖြတ်ချက်များကို နောက်ပိုင်းတွင် ပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ်တွင်လည်း လွတ်လပ်စွာ ပါဝင်ဆွေးနွေးခွင့် ရှိစေရပါမည်။ လိုအပ်မည်ဆိုပါက အသင်းတော်က ချမှတ်ထားသည့် ဥပဒေအတိုင်း အထက်အာဏာပိုင်များထံ အယူခံဝင်ခွင့် (သို့) တင်ပြတောင်းဆိုနိုင်ပါသည်။

၉၄။ အတူတကွ ပူးပေါင်းလုပ်ဆောင်သည့်ပုံစံဖြင့် ဆုံးဖြတ်ချက်များ ချမှတ်သည့်လုပ်ငန်းစဉ် အဆင်ပြေချောမွေ့နိုင်စေရန်အတွက် အဆိုပါအချက်များကို တိကျစွာလိုက်နာပြီး ပြတ်သားစွာလိုက်နာကြရပါမည်။ ဤကဲ့သို့ လုပ်ဆောင်ခြင်းအားဖြင့် ပူးပေါင်းလုပ်ဆောင်နေကြသူများသည် ကာနွန်ဥပဒေတွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်များအတိုင်း လုပ်ဆောင်နိုင်ပြီး ဘုရားသခင်၏ လူမျိုးတော်များ ရှင်သန်ကြီးထွားလာရန်အတွက် အကူအညီပေးပါလိမ့်မည်။ စစ်မှန်သောပြောင်းလဲမှုများ မကြာမီအချိန်အတွင်း ဖြစ်ပေါ်လာခြင်းမရှိပါက အတူတကွ ခရီးဆက်နေသည့် အသင်းတော်ကြီးကို ယုံကြည်မှုကင်းမဲ့ပြီး ယခုလုပ်ငန်းစဉ်အတွင်း တက်ကြွစွာပါဝင်လုပ်ဆောင်ပေးခဲ့ကြသူများသည်လည်း ၎င်းတို့၏ယုံကြည်မှုနှင့် မျှော်လင့်ချက်များလည်း ပျောက်ဆုံးသွားနိုင်ပါသည်။ ဒေသခံအသင်းတော်များသည်လည်း အဆိုပါပြောင်းလဲမှုများ ဖြစ်ပေါ်လာစေမည့် နည်းလမ်းများကို စုပေါင်းရှာဖွေထားကြရပါမည်။

## ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူ တာဝန်ခံခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

၉၅။ ဆုံးဖြတ်ချက်ချမှတ်ရုံဖြင့် ကျွန်ုပ်တို့လုပ်ဆောင်နေသော လေးနက်စွာလုပ်ဆောင်နေသောဆွေးနွေးပွဲကြီးသည် အဆုံးသတ်သွားလိမ့်မည်မဟုတ်ပါ။ ထိုဆုံးဖြတ်ချက်များကို ခရစ်ယာန်တို့၏ အနှစ်သာရကို အခြေခံသည့်စိတ်ထားဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ၊ တာဝန်ခံမှုအပြည့်ရှိစွာနှင့် အကောင်အထည်ဖော်ဆောင်ရန် လိုအပ်ပြီး ပြန်လည်သုံးသပ်ခြင်းများကိုလည်း လုပ်ဆောင်ရန် ကျန်ရှိနေပါသည်။ တမန်တော်ကြီးများ အစပြုခဲ့သည့်အသင်းတော်သမိုင်းကြောင်းကို ပြန်ကြည့်လျှင် လူအများအတွက် တစ်စုံတစ်ယောက်က တာဝန်ခံခဲ့ခြင်းမှာ ရှေးထုံးအစဉ်အလာတစ်ခုဖြစ်ပါသည်။ (တမန် ၁၁) တွင် ဤသို့ဖြင့် လူမျိုးခြားတို့သည် ဘုရားသခင်၏နှုတ်တော်ထွက်စကားအား ခံယူရရှိကြသည်ကို တမန်တော်နှင့် ဂျူဒေးယပြည်တွင်ရှိကြသော ညီအစ်ကိုတို့သည့် ကြားသိကြသောအခါ ပေတရုကို “သင်သည် အဘယ့်ကြောင့် အရေဖျားလှီးခြင်းမခံသောသူတို့ထံသို့သွား၍ သူတို့နှင့်အတူ စားသောက်ခဲ့သနည်း”ဟု ဝေဖန်ပြစ်တင်ကြ၏ (တမန် ၁၁း၂-၃)။ ထိုအချိန်တွင် ပေတရုသည် မည်သည့်အတွက်ကြောင့် ထိုသို့ဆုံးဖြတ်ခဲ့ရသည်ကို ရှင်းလင်းပြောကြားခဲ့ပါသည်။

၉၆။ ပွင့်လင်းမြင်သာမှုရှိခြင်းကို ပိုမိုလေးနက်စွာ နားလည်နိုင်ရန်အတွက် တောင်းဆိုမှုများသည် ယခင်ကလည်း ရှိခဲ့ပြီးဖြစ်ပါသည်။ ယခု သာသနာ့ညီလာခံအတွင်းတွင် ထိုအနက်အဓိပ္ပါယ်ကို အမှန်တရား၊ ရိုးသားခြင်း၊ သစ္စာရှိခြင်း၊ ရှုပ်ထွေးမှုမရှိခြင်း၊ ကိုယ့်ကျင့်တရားနှင့် ပြည့်စုံခြင်း၊ အသင်းအချက်အလက်များကို ထိန်းချုပ်ထားခြင်း၊ သူတော်ကောင်းယောင်ဆောင်ခြင်းနှင့် ယုံမှားသံသယရှိခြင်း စသည့်စကားများနှင့် ဆက်စပ်မှုရှိနေကြောင်းကို တွေ့မြင်ခဲ့ကြရပါသည်။ ထို့ပြင် မိမိဘာသာကြိုက်တာ လုပ်ဆောင်သောရည်ရွယ်ချက်များမရှိခြင်းကိုလည်း ဆိုလိုပါသည်။ နှုတ်တော်ထွက်စကားတွင် “စိတ်နှလုံးဖြူစင်သောသူများ”ကို မင်္ဂလာရှိကြောင်းပြောဆိုထားသကဲ့သို့ (မဿဲ ၅း၈)၊ “ဂျိုးငှက်ငယ်များကဲ့သို့ အပြစ်ကင်းစင်ရန်” သွန်သင်ထားပါသည် (မဿဲ ၁၀း၁၆)။ ကောရိန်သု ဒုတိယစာစောင် (၄း၂)တွင်လည်း စိန်ပေါလ်က ထိုအကြောင်းအရာနှင့်ပတ်သက်၍ “ငါတို့သည် ရှက်ဖွယ်ကောင်းသော လျှို့ဝှက်ချက်တို့ကို ပစ်ပယ်ထားကြ၏။ ငါတို့သည် ကောက်ကျစ်စဉ်းလဲစွာ ပြုမူခြင်းမရှိကြသကဲ့သို့ ဘုရားသခင်၏နှုတ်တော်ထွက်တရားတော်နှင့်ပတ်သက်၍လည်း မမှန်မကန် မသွန်သင်ကြ။ ငါတို့သည် သမ္မာတရားတော်ကို အတိအလင်းပြသခြင်းဖြင့် ဘုရားသခင်၏ မျက်မှောက်တော်တွင် ငါတို့ကိုယ်တိုင် လူတိုင်း၏အသိစိတ်၌ ချီးကျူးခံထိုက်သူများအဖြစ် မြင်စေရန် ပြုမူကြ၏”။ ထို့အတွက်

ကြောင့် ပွင့်လင်းမြင်သာမှုရှိခြင်းအကြောင်း ကျွန်ုပ်တို့ပြောဆိုချိန်တွင် စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုသာ ဆိုလိုနေခြင်းမဟုတ်ဘဲ ကျမ်းစာတော်မြတ်တွင် ဟောကြားထားသည့် သွန်သင်ချက်များအတိုင်း မိမိတို့၏ ခံယူချက်သဘောထားများကို အလေးအနက်ထားရှိရန် လိုအပ်ကြောင်း ပြောကြားနေခြင်းဖြစ်ပါသည်။ စစ်မှန်သော ပွင့်လင်းမြင်သာမှုရှိခြင်းတွင် တစ်ပါးသူ၏ ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို လေးစားခြင်း၊ လူများ၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ၊ မြို့ပြအာဏာပိုင်များ၏ တရားမျှတမှုမရှိသော တောင်းဆိုချက်များကို လစ်လျူရှုထားခြင်းတို့ မပါဝင်ပါ။ သို့သော်လည်း ကိုယ်ရေးကိုယ်တာကိစ္စရပ်များသည် မမှန်ကန်သော အပြုအမူများနှင့် မကောင်းမှုသို့ တွန်းပို့နေသည့် လမ်းစဉ်များကို ရှောင်ကြဉ်ရပေမည်။ အာပတ်ဆပ်ဖြေခြင်းတွင်မူ ထိုကဲ့သို့ အပြစ်ဝန်ခံချက်များကို ထိန်းသိမ်းထားရန်မှာ မွန်မြတ်သောအရာတစ်ခုဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကမျှ ဖောက်ဖျက်ပိုင်ခွင့်မရှိပါ။ မည်သည့် သက်ရှိလူသားတစ်ဦးမှလည်း ထိုသို့ပြုလုပ်ပိုင်သည့် အခွင့်အာဏာမရှိထားပါ။ (Francis, *Address to Participants at the course organised by the Apostolic Penitentiary*, 29 March 2019)

၉၇။ ကျွန်ုပ်တို့ဖော်ပြခဲ့သော ပွင့်လင်းမြင်သာမှုရှိခြင်း၏ သဘောထားသည် အတူတကွ ခရီးဆက်နေသည့် အသင်းတော်ကြီးနှင့် ကူးလူးဆက်ဆံနေသည့်သူများ၏ ယုံကြည်စိတ်ချမှုနှင့် ဆက်ဆံရေးများ မပျက်ပြားစေရန် အကာအကွယ်ပေးရန်ဖြစ်ပါသည်။ အဆိုပါ ယုံကြည်စိတ်ချမှုများ ပျက်ပြားသွားပါက အဆိုးဝါးဆုံး ထိခိုက်ခံစားရမည့်သူများမှာ အကူအညီမဲ့သူများနှင့် ရင်ဆိုင်နိုင်ရန် ခွန်အားနည်းပါးသူများပင်ဖြစ်ပါသည်။ အသင်းတော်သည် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ တာဝန်ခံမှုနှင့် ပြန်လည်သုံးသပ်ခြင်းများကို ပြုလုပ်နေပါက အသင်းတော်အပေါ်တွင်ထားရှိသည့် ယုံကြည်မှုများ တည်တန့်နိုင်မည်ဖြစ်ပြီး သိက္ခာရှိစွာ ရပ်တည်နေနိုင်မည်ဖြစ်ပါသည်။ ဤကဲ့သို့ လုပ်ဆောင်ခြင်းသည် အသင်းတော်အပေါ်၌ ထားရှိသော ယုံကြည်မှုများကို ပြန်လည်အားကောင်းလာရန်၊ ကလေးသူငယ်များနှင့် အရွယ်ရောက်ပြီး ရင်ဆိုင်နိုင်ရန် ခွန်အားမရှိသူများအတွက် ပို၍ပင် အရေးကြီးနေပါသည်။

၉၈။ ဤအလေ့အထများသည် အသင်းတော်ကြီးက ၎င်း၏လုပ်ငန်းဆောင်တာများကို မှန်ကန်စွာ လုပ်ဆောင်နိုင်စေရန်အတွက် ထိန်းကျောင်းပေးပါသည်။ ဤအလေ့အထများ ပျောက်ဆုံးကုန်ပါက သာသနာ့အမှုတော်ဆောင်များသည် အာဏာအလွဲသုံးသားပြုမှုများဖြစ်ပေါ်လာနိုင်ပြီး ပိုမိုဆိုးရွားသောပြဿနာများကို ဖြစ်ပေါ်လာစေနိုင်ပါသည်။ ထိုသို့ အာဏာအလွဲသုံးစားပြုလုပ်သူများသည် မိမိတို့သည် သီးခြားရပ်တည်နေသောသူများဖြစ်ပြီး အသင်းတော်အတွင်းရှိ လူမှုအသိုင်းအဝိုင်းများ၏အထက်တွင် တည်ရှိနေခြင်းကြောင့် မိမိတို့၏အပြုအမူများအတွက် အသင်းတော်က ဖြေရှင်းချက်တောင်းပိုင်ခွင့်မရှိဟု ယုံကြည်ထားကြသူများဖြစ်ကြပါသည်။ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ တာဝန်ခံယူမှုသည် လိင်ပိုင်းဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာနှင့် အခြားသော အလွဲသုံးစားမှုများအတွက်သာ ရည်ရွယ်ခြင်းမဟုတ်ပါ။ ပွင့်လင်းမြင်သာရှိမှုနှင့် တာဝန်ယူ တာဝန်ခံမှုသည် သာသနာ့အမှုဆောင်များ၏ ဘဝအသက်တာ၊ အသင်းတော်၏ လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာ လုပ်ဆောင်နိုင်ရန်၊ ဘုရားသခင်၏ နှုတ်တော်ထွက်စကားကို ပြန့်ပွားစေရန်နှင့် အသင်းတော်အတွင်းရှိ ဌာနအသီးသီးတွင် လုပ်ဆောင်နေကြသည့် ဝန်ထမ်းများ၏ လူ့ဂုဏ်သိက္ခာကို အသိအမှတ်ပြုလေးစားခြင်းတို့လည်း ပါဝင်ပါသည်။

၉၉။ အတူတကွခရီးဆက်နေသော အသင်းတော်ကို လူအများက ကြည်ဖြူစွာလက်ခံစေလိုပါက လုပ်ဆောင်နေသည့် လုပ်ငန်းစဉ်တိုင်းတွင် တာဝန်ယူမှု တာဝန်ခံမှု အပြည့်အဝရှိရမည်ဖြစ်ပါသည်။ လုပ်ပိုင်ခွင့်အာဏာ ရရှိနေသူများ၏ တာဝန်ဝတ္တရားသည် ပိုမိုတာဝန်ကြီးပြီး ဘုရားသခင်နှင့် ဘုရားသခင်၏ လူမျိုးစုများအတွက် မဖြစ်မနေ တာဝန်ခံရမည်ဖြစ်ပါသည်။ ရာစုနှစ်ပေါင်းများစွာတိုင် ဦးဆောင်သူများသည် ၎င်းတို့၏အကြီးအကဲများအပေါ် တာဝန်ခံယူမှု အပြည့်ဖြင့် အမှုတော်ထမ်းရွက်ခဲ့ကြသည့်နည်းတူ လူမှုအသိုင်းအဝိုင်းအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝထားရှိခဲ့သည့် အဆိုပါခေါင်းဆောင်များ၏ အတွေးအခေါ်များကို ပြန်လည်အသက်သွင်းရန် လိုအပ်ပါသည်။ မိမိတို့၏ အကြီးအကဲများ လာရောက်ကြည့်ရှုချိန်နှင့် အစည်းအဝေးများပြုလုပ်ချိန်တွင် သူတော်စင်အသင်းဂိုဏ်းများတွင် ကျင့်

သုံးကြသည့် အစဉ်အလာနှင့် ပြုမူပုံများမှာ ဤကိစ္စရပ်အတွက် အကောင်းဆုံး ဥပမာတစ်ခုဖြစ်ပါသည်။

၁၀၀။ သက်ဆိုင်ရာ သာသနာ့အမှုတော်ဆောင်က မည်ကဲ့သို့ လုပ်ဆောင်နေသည်ကို ပုံမှန်ပြန်လည်သုံးသပ်သည့် အစီအစဉ်ထားရှိရန်သည်လည်း အရေးကြီးပါသည်။ ထိုသို့ ပြန်လည်သုံးသပ်ခြင်းသည် လူပုဂ္ဂိုလ်ကို တိုက်ခိုက်ဝေဖန်ရန်အတွက် ပြုလုပ်ခြင်းမဟုတ်ဘဲ အဆင်ပြေချောမွေ့စွာ ပြီးမြောက်သွားသည့် လုပ်ငန်းများနှင့် လုပ်ဆောင်ရန်လိုအပ်နေသေးသည့် နေရာများကို အကြံပြုပေးရန်အတွက်ဖြစ်ပါသည်။ ဒေသခံ အသင်းတော်သည် ထိုမှရရှိသော အတွေ့အကြုံများမှ သင်ခန်းစာများ ရရှိနိုင်သကဲ့သို့ ဆုံးဖြတ်ချက်များသည် မိမိတို့ရည်ရွယ်ချက်ပန်းတိုင်သို့ ရောက်ရှိ ခြင်း ရှိ၊ မရှိကိုလည်းကောင်း၊ မိမိတို့ချမှတ်ထားသောအစီအစဉ်များကို ချိန်ညှိရန်လည်းကောင်း၊ ဝိညာဉ်တော်ဘုရားပြသမည့် လမ်းညွှန်ချက်များကို ဖွင့်ဟလက်ခံရန်အတွက်လည်းကောင်း အထောက်အကူဖြစ်စေပါသည်။

၁၀၁။ ဒေသတွင်းအသင်းတော်များနှင့် အဖွဲ့များသည် အသင်းတော်က ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရင်း မိမိတို့လုပ်ဆောင်နေသည့် လုပ်ငန်းစဉ်များအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်များကို ညီလာခံကြီးက သတ်မှတ်ထားသည့် အတူတကွ ပူးပေါင်းလုပ်ဆောင်သည့်နည်းလမ်းများကို အသုံးပြုနိုင်ရန်အတွက် ထိရောက်သောနည်းလမ်းများကို ဖန်တီးကြရန် တာဝန်ရှိပါသည်။ ထိုသို့လုပ်ဆောင်မည့် နည်းလမ်းများသည် ဒေသခံများ၏ အခြေအနေ၊ မြို့ပြဥပဒေအရ လိုအပ်ချက်များ၊ လူမှုအဖွဲ့အစည်းများ၏ ရရှိလာမည်ဟု မျှော်မှန်းထားသည့် အကြောင်းအရာများနှင့် လိုက်လျောညီထွေဖြစ်ရန်လိုအပ်ပြီး ကျွမ်းကျင်သူများ၏ အကူအညီကို ရရှိနိုင်မည့် အခွင့်အလမ်းများကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပြန်လည်သုံးသပ်ခြင်းများအကြောင်း တတ်သိနားလည်ထားကြသော အထူးသဖြင့် လူဝတ်ကြောင်များပါဝင်စေရန်အတွက်လည်း အရေးကြီးပါသည်။ လူမှုအဖွဲ့အစည်းများအတွင်း အသုံးပြုနေကြသည့် အကောင်းမွန်ဆုံးနည်းလမ်းများကို အသင်းတော်အတွင်းတွင်လည်း ကျင့်သုံးလက်ခံရန်အတွက် ထည့်သွင်းစဉ်းစားသင့်ပါသည်။ ယခုကဲ့သို့ ဒေသခံအသင်းတော်များက လုပ်ဆောင်ခဲ့သည့် လုပ်ငန်းစဉ်များကိုလည်း ပုပ်ရဟန်းမင်းကြီးရုံးတော်သို့ သွားရောက်သည့်အချိန်များတွင် အစီရင်ခံတင်ပြရမည်ဖြစ်ပါသည်။

၁၀၂။ မည်သည့်နေရာတွင်မဆို အောက်ဖော်ပြပါအချက်များသည် ဒေသတွင်းအခြေအနေများနှင့် ကိုက်ညီမှုရှိနေစေရန် အရေးကြီးပါသည်။

(က) ဘဏ္ဍာရေးကောင်စီသည် မိမိတို့၏လုပ်ငန်းကို ထိထိရောက်ရောက် လုပ်ဆောင်သင့်ပါသည်။

(ခ) ယုံကြည်သူများ အထူးသဖြင့် သက်ဆိုင်သည့် ကျွမ်းကျင်မှုရှိထားကြသူများသည် သာသနာ့အမှုတော်ဆောင်လုပ်ငန်းများနှင့် ဘဏ္ဍာရေးကိစ္စရပ်များတွင် ပူးပေါင်းပါဝင်ဆွေးနွေးခွင့် ရှိသင့်ပါသည်။

(ဂ) နှစ်ပတ်လည် ဘဏ္ဍာရေးအစီရင်ခံစာကို ဒေသခံယုံကြည်သူများ အလွယ်တကူနားလည်နိုင်စေမည့် နည်းလမ်းများကို အသုံးပြုကာ ရေးသားခြင်း၊ ထုတ်ပြန်ပေးခြင်းများကို ပြုလုပ်ပေးသင့်ပါသည်။ ဖြစ်နိုင်ပါက ပြင်ပမှ စာရင်းစစ် များ၏ စစ်ဆေးခြင်းများကိုလည်း ခံယူစေသင့်ပါသည်။ ယခုလို လုပ်ဆောင်ခြင်းအားဖြင့် အသင်းတော်၏ ငွေကြေးစီးဆင်းမှု မည်သို့ရှိနေသည်ကို အများသူငှာက ကောင်းမွန်စွာ တွေ့မြင်နိုင်ကြပါလိမ့်မည်။

(ဃ) နှစ်ပတ်လည်လုပ်ဆောင်မှုအစီရင်ခံစာကို ရေးသားခြင်း၊ ထုတ်ပြန်ခြင်းများပြုလုပ်ခြင်းအားဖြင့် ဒေသခံအသင်းတော်များ မည်သို့အမှုတော်ဆောင်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို ဖော်ပြနိုင်ပါသည်။ ထိုအစီရင်ခံစာတွင် ကယ်တင်စောင့်ရှောက်သည့်လုပ်ငန်းများ (အသက်မပြည့်သေးသူများနှင့် အားနည်းနေသည့်သက်ကြီးရွယ်အိုများကို အကာအကွယ်ပေးခြင်း)၊ ခေါင်းဆောင်မှုအခန်းကဏ္ဍနှင့် ဆုံးဖြတ်ချက်ချခြင်း

များတွင် လူဝတ်ကြောင်များပါဝင်နိုင်ခွင့်ကို မြှင့်တင်ပေးကာ ကျား/မ ပါဝင်မှုအချက်အလက်များကို တစ်ပါတည်း ဖော်ပြသင့်ပါသည်။

(င) အသင်းတော်အတွင်းမှ ဌာနအသီးသီးနှင့် အခန်းကဏ္ဍအသီးသီးတွင် တာဝန်ယူလုပ်ကိုင်ဆောင်ရွက်နေကြသူများသည် ပြန်လည်သုံးသပ်ခြင်းကို ပုံမှန်လုပ်ဆောင်သင့်ပါသည်။

ယခုကဲ့သို့ လုပ်ဆောင်ခြင်းသည် စာရွက်၊ စာတမ်းများပေါ်တွင် ရေးသားထားသည့် လုပ်ထုံးလုပ်နည်း သက်သက်သာမဟုတ်ပါ။ အတွေးအခေါ်အသစ်များဖြင့် ပြုပြင်ပြောင်းလဲလာမှုကို ဆက်သွယ်ပေးနိုင်ရန်အတွက် လွန်စွာအရေးကြီးပါသည်။ ထို့ပြင် အသင်းတော်က အစပြုလုပ်ဆောင်ခဲ့သည့်အရာများကိုလည်း လူအများကို ပိုမိုမြင်သာစေကာ လူအများ သတိမထားမိသည့် အဖွဲ့အစည်းများကိုလည်း ပိုမိုတွေ့ခွင့်ရရှိစေပါသည်။

**အတူတကွ ခရီးဆက်ခြင်းနှင့် ပူးပေါင်းပါဝင်လုပ်ဆောင်နေကြသူများ**

၁၀၃။ အသင်းတော်အတွင်း၌ ရှိနေကြသော ဆွေးနွေးခြင်းခံယူထားကြသူတိုင်းသည် ဆုံးဖြတ်ချက်ချခြင်း၊ တာဝန်ယူခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့တွင် အသင်းတော်၏ ဥပဒေများက သတ်မှတ်ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံများအတိုင်း ပါဝင်ကြရပါသည်။ လာတင်းအသင်းတော်တွင် သာသနာနယ်တွင်း ညီလာခံ၊ ဆရာတော်၏ အကြံပေးရဟန်းအဖွဲ့၊ သာသနာ့လုပ်ငန်းများကို စီမံခန့်ခွဲသောအဖွဲ့၊ ဒေသတွင်း သာသနာအစုအဖွဲ့နှင့် အသင်းတော်အတွက် ဘဏ္ဍာရေးတာဝန်ကို ထမ်းဆောင်သော အဖွဲ့တို့ဖြစ်ကြပါသည်။ အရှေ့တိုင်း ကက်သလစ်အသင်းတော်များတွင် အသင်းတော်တွင်း ကိစ္စရပ်များကို ဆွေးနွေးသောအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ ဆရာတော်၏အကြံပေး ရဟန်းတော်များအဖွဲ့၊ အသင်းတော်၏လုပ်ငန်းအစီအစဉ်များကို ရေးဆွဲသောအဖွဲ့နှင့် ဒေသတွင်း သာသနာအစုအဖွဲ့တို့ ဖြစ်ကြပါသည်။ ထိုကဲ့သို့ ပူးပေါင်းပါဝင်လုပ်ဆောင်ကြသူများသည် အသင်းတော်အတွင်း ၎င်းတို့တာဝန်ယူထားကြသော အခန်းကဏ္ဍနှင့် ဝတ္တရားများကြောင့် ပါဝင်ပေးကြသူများဖြစ်ပြီး ၎င်းတို့၏ အရည်အချင်း၊ တာဝန်နှင့် ကျွမ်းကျင်မှုများကို ဆက်ကပ်အပ်နှံရန်အတွက်ဖြစ်ပါသည်။ ဤအဖွဲ့များသည် နှုတ်တော်ထွက်စကားကို ဖြန့်ဝေနိုင်ရန်အတွက် ဒေသနှင့်ကိုက်ညီသော အကောင်းဆုံးပုံစံ (သို့မဟုတ်)နည်းလမ်းများကို ရွေးချယ်နိုင်ရန်အတွက် အကူအညီပေးကြပါသည်။ ထို့ပြင် ဒေသခံများ၏ တာဝန်များကို လမ်းညွှန်မှုပေးပြီး ဆွေးနွေးခြင်းခံယူထားကြသူများ၏ ယုံကြည်ခြင်းကို ဖော်ထုတ်ပေးနေကြပါသည်။ ဆုံးဖြတ်ချက်များချမှတ်ရာတွင်လည်း ပါဝင်ဆောင်ရွက်ပေးကြပါသည်။ ထိုသူများသည် မိမိတို့လုပ်ဆောင်နေကြသည့် လုပ်ငန်းတာဝန်များအပေါ် တာဝန်ခံယူမှုအပြည့်ရှိပြီး ၎င်းတို့၏လုပ်ငန်းကိုလည်း ပြန်လည်သုံးသပ်ကြပါသည်။ ဓမ္မညီလာခံအတွင်းမှ လမ်းညွှန်ချက်များကို ထိုသူများနှင့်အစပြုရန်အကောင်းဆုံးဖြစ်ပြီး စစ်မှန်သော ပြောင်းလဲတိုးတက်မှုများကို လက်တွေ့မြင်နိုင်သည့်နေရာဖြစ်ပါသည်။

၁၀၄။ အတူတကွ ခရီးဆက်မည့်အသင်းတော်သည် ထိုကဲ့သို့ တက်ကြွစွာနှင့် ထိထိရောက်ရောက်လုပ်ဆောင်နေသောအဖွဲ့များအပေါ် များစွာအားထားရပါသည်။ ထိုသူတို့သည် စာရွက်ပေါ်တွင်သာမဟုတ်ဘဲ လက်တွေ့လုပ်ဆောင်ပြနေကြသူများဖြစ်ပါသည်။ ထိုသူတို့အတွက် လိုအပ်သည်မှာ အသင်းတော်၏ဥပဒေ (သို့မဟုတ်) ဓလေ့ထုံးစံများကိုလက်ခံရန်နှင့် ချမှတ်ထားသော လမ်းညွှန်ချက်များအတိုင်း ဆက်လက်လုပ်ဆောင်ရန်သာ လိုအပ်ပါသည်။ ထို့အတွက်ကြောင့်ပင် ညီလာခံအတွင်း ဆွေးနွေးကြရာတွင် ထိုကဲ့သို့သော အဖွဲ့များပေါ်ထွက်လာရေးမှာ လွန်စွာအရေးပါကြောင်း ဝိုင်းဝန်းအကြံပြုကြခြင်း ဖြစ်ပါသည်။ ထိုသူတို့သည် သူတို့၏လုပ်ငန်းတာဝန်များကို ချမှတ်ထားသည့် စည်းကမ်းများအတိုင်းဖြစ်စေ၊ ဒေသနှင့်ကိုက်ညီသည့် နည်းစနစ်များကို ကျင့်သုံး၍ဖြစ်စေ ပြီးမြောက်အောင် လုပ်ဆောင်နိုင်သူများဖြစ်ကြပါသည်။

၁၀၅။ အဆိုပါအဖွဲ့များ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းလည်ပတ်ပုံများကို အထူးဂရုစိုက်စွာ စီမံထားရန်လိုအပ်ပါသည်။ သာသနာ့ညီလာခံကြီးအတွင်း အသုံးပြုခဲ့ကြသော နည်းလမ်းများအတိုင်း အစပြုရန်လည်း အရေးကြီးပါသည်။ "ဝိညာဉ်တော်ဘုရားနှင့် စကားပြောဆိုခြင်း"သည် လမ်းညွှန်မှုတစ်ခုဖြစ်လာနိုင်ပြီး အနည်းငယ်ချိန်ညှိနိုင်ရန်သာ လိုအပ်ပါလိမ့်မည်။ အဖွဲ့ဝင်များကို ရွေးချယ်ရာတွင်မူ အထူးဂရုစိုက်ရန် လိုအပ်ပါသည်။ အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်သည့် နည်းလမ်းကို အသုံးပြုခြင်းမရှိပါက သာသနာ့ညီလာခံမှ အကြံပြုချက်များအတိုင်း ဒေသခံယုံကြည်သူများနှင့် ဒေသခံအသင်းတော်နှင့်ကိုက်ညီသော နည်းလမ်းများအတိုင်း ပြုလုပ်သင့်ပါသည်။ ထိုအကြံပြုချက်များကို အခြေခံ၍ လုပ်ပိုင်ခွင့်ရရှိထားသည့်သူသည် အကြံပေးချက်များနှင့် ဆုံးဖြတ်ချက်များအကြား မှားယွင်းမှုမရှိစေရန် သတိမူထားရမည်ဖြစ်ပါသည်။ အလားတူ ဆရာတော်၏အကြံပေးရဟန်းများ ပြုလုပ်သည့်အတိုင်း ဒေသတွင်း သာသနာစုမှ ကောင်စီသည်လည်း ဆွေးနွေးမှုများတွင် အကြံပြုခွင့်များကို ပေးအပ်သင့်ပါသည်။

၁၀၆။ ထိုသို့ပူးပေါင်းလုပ်ဆောင်သည့်အဖွဲ့ဝင်များတွင် အမျိုးသမီးများ၊ လူငယ်များ၊ ဆင်းရဲသားများနှင့် အစွန့်ပစ်ခံလူများကိုလည်း ပူးပေါင်းပါဝင်နိုင်စေရန်အတွက် တိုက်တွန်းအားပေးရန် အရေးကြီးပါသည်။ ထိုအဖွဲ့တွင် မိမိတို့ဘုရားကျောင်းအတွင်း လိုအပ်သည်များကို လုပ်ဆောင်ပေးနေသောသူများသာမကဘဲ ဆေးကြောခြင်းခံယူထားပြီး မိမိဘဝအသက်တာကို ယုံကြည်ခြင်းဖြင့် နေထိုင်နေသူများ၊ တမန်တော်လုပ်ငန်းနှင့် သာသနာပြုလုပ်ငန်းအတွက် မိမိကိုယ်ကို ပေးဆပ်လုပ်ကိုင်နေသူများလည်း ပါဝင်သင့်ပါသည်။ ထိုသို့လုပ်ဆောင်ခြင်းအတွက် မတူညီသောရှုထောင့်မှ အမြင်များ၊ လက်ရှိတွင် အမှန်တကယ်ဖြစ်ပေါ်နေသော အခြေအနေများနှင့် ပိုမိုပွင့်လင်းသော ဆက်ဆံရေးများကို ဤလုပ်ငန်းစဉ်အတွင်းတွင် တည်ဆောက်နိုင်ပါလိမ့်မည်။ ထို့ပြင် အခြားသော အသင်းတော်များနှင့် ခရစ်ယာန်အဖွဲ့များမှ ကိုယ်စားလှယ်များ (သို့မဟုတ်) အခြားသော ဘာသာမှ ကိုယ်စားလှယ်များကို ပါဝင်တက်ရောက်စေခြင်းသည်လည်း ပိုမိုကောင်းမွန်လာစေနိုင်ပါသည်။ ဒေသတွင်း အသင်းတော်များသည် ၎င်းတို့ဒေသအခြေအနေအပေါ် မူတည်ကာ ပူးပေါင်းပါဝင်လုပ်ဆောင်မည့်အဖွဲ့အတွက် အကောင်းဆုံးနည်းလမ်းများဖြင့် ဆုံးဖြတ်နိုင်ပါသည်။

၁၀၇။ ဤညီလာခံသည် အောင်မြင်ခဲ့သော ပြုပြင်ပြောင်းလဲရေးများနှင့် အပြုသဘောဆောင်သော အတွေ့အကြုံများအပေါ်တွင် အထူးအာရုံစိုက်ထားပါသည်။ ထိုအရာများထဲတွင် ရဟန်းတော်များနှင့်သက်ဆိုင်သောကောင်စီကို လူမှုအသိုင်းအဝိုင်းများ၊ သာသနာစုများ၊ စီရင်စုနယ်ပယ်များနှင့် ဂိုဏ်းအုပ်သာသနာအတွင်းတွင် ချိတ်ဆက်လုပ်ဆောင်နိုင်မည့်လမ်းကြောင်းကို ဖန်တီးပေးရန်ဖြစ်ပါသည်။ မည်သည့်နေရာတွင်မဆို သာသနာနယ်အတွင်း ပုံမှန်အစည်းအဝေးများပြုလုပ်ကြရန်ကိုလည်း တိုက်တွန်းထားပါသည်။ ထိုသို့ပြုလုပ်ချိန်တွင်လည်း ကက်သလစ်ဘာသာဝင်များသာမကဘဲ အခြားအသင်းတော်နှင့် ခရစ်ယာန်အဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ထိုဒေသတွင်ရှိနေကြသော အခြားသော ဘာသာဝင်များကိုလည်း ပူးပေါင်းပါဝင် ဆွေးနွေးစေသင့်ပါသည်။

၁၀၈။ ဤညီလာခံမှ ထပ်မံအကြံပြုထားသည်မှာ ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်ညီလာခံများတွင် ဆရာတော်များနှင့် ဒေသခံများ၊ ယုံကြည်သူများကို ဖိတ်ခေါ်ဆွေးနွေးကာ ၎င်းတို့၏လိုအပ်ချက်များကို တင်ပြခွင့်ပေးရန်အတွက်လည်း တိုက်တွန်းထားပါသည်။ အဆိုပါ စည်းဝေးဆွေးနွေးပွဲတွင် တင်ပြချက်များကို နားထောင်ပေးခြင်း၊ အတူတကွ ဆုတောင်းခြင်းနှင့် အထူးသဖြင့် ဒေသခံအသင်းတော်နှင့်ပတ်သက်သည့်အချက်များကို အတူတကွ ဆုံးဖြတ်ချက်ချခြင်းတို့ ပါဝင်ပါသည်။ ဤသို့လုပ်ဆောင်သည့် စည်းဝေးဆွေးနွေးပွဲသည် ဆရာတော်များ အစီရင်ခံတင်ပြနေကြဖြစ်သည့် သာသနာ့လုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များ၊ အတူတကွခရီးဆက်နေသည့် လုပ်ငန်းစဉ်၏ တိုးတက်မှုဖြစ်စဉ်များ၊ လူသားချင်းစာနာထောက်ထားမှုနှင့်ဆိုင်သော လုပ်ဆောင်မှုများနှင့် ဘဏ္ဍာရေးအခြေအနေများကိုပါ သိမြင်နိုင်သည့်အတွက် အထောက်အကူဖြစ်စေနိုင်ပါသည်။ ယခုလုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်ရန်အတွက် ယခုလက်ရှိထုတ်ပြန်ထားသောစည်းမျဉ်းများ ပိုမိုအားကောင်းလာစေရန်နှင့် ပူးပေါင်းလုပ်ဆောင်နေသောအဖွဲ့ဝင်များ အခါအခွင့်ကြုံမှသာ တွေ့ဆုံခြင်းမဟုတ်ပဲ ပုံမှန်တွေ့ဆုံဆွေးနွေးကြရန် အရေးကြီးပါသည်။

# အပိုင်း (၄)

## အများအပြား ဖမ်းမိခြင်း

## ကတိသစ္စာများ ပြောင်းလဲခြင်း

*အခြားသောတပည့်တို့မူကား ငါးများနှင့် ပြည့်နှက်နေသော ပိုက်ကွန်ကို ဆွဲလျက် လှေဖြင့် လာကြ၏။*
*စီမွန်ပေတရုသည် လှေပေါ်သို့တက်၍ ငါးကြီးတစ်ရာငါးဆယ့်သုံးကောင်နှင့် ပြည့်နေသော*
*ပိုက်ကွန်ကို ကုန်းပေါ်သို့ ဆွဲတင်လေ၏။ ငါးများ ဤမျှလောက်များပြားသော်လည်း*
*ပိုက်ကွန်သည် မစုတ်မပြဲဘဲ ရှိလေ၏။ (ယော ၂၁း၈၊၁၁)*

၁၀၉။ ရှင်ပြန်ထမြောက်တော်မူသောကိုယ်တော်ရှင်၏ နှုတ်ကပါတ်တော်အားဖြင့် ပိုက်ကွန်တို့သည် အများအပြား ဖမ်းမိစေရန် စွမ်းဆောင်နိုင်ကြသည်။ တပည့်တော်အားလုံးတို့သည် ပိုက်ကွန်ဆွဲတင်ခြင်း၌ အတူတကွ လုပ်ဆောင်ရင်း ရှင်ပေတရုသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ ဧဝံဂေလိတရားတော်တွင် ငါးဖမ်းခြင်းသည် အတူတကွ လုပ်ဆောင်ခြင်းဖြစ်သည်။ လူတိုင်းတွင် ၎င်းတို့၏ သီးခြားတာဝန်ကွဲပြားသော်လည်း အခြားသူများနှင့် ညှိနှိုင်းဆောင်ရွက်ပါသည်။ ဤသည်မှာ အတူတကွ ခရီးပြုနေသောသာသနာတော်ဖြစ်ပြီး၊ ကျွန်ုပ်တို့ကို စည်းလုံးညီညွတ်စေပြီး လူအားလုံးနှင့် ယဉ်ကျေးမှုအားလုံးတို့အတွက်  ကတိသစ္စာများ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းပေါ်တွင် တည်ထောင်ထားသည်။ သာသနာတော်ကို အမြစ်တွယ်စေသည့်နေရာများနှင့် ဘုရားဖူးနေရာများကို မြင်သည့် အမြင်များအပေါ်တွင် ကြီးကျယ်သည့်အပြောင်းအလဲများဖြစ်ပေါ်နေခိုက်တွင် ကျေးဇူးတော်များဖလှယ်ခြင်းနှင့် ကျွန်ုပ်တို့အား စည်းလုံးစေမည့် ကတိသစ္စာများ ကွန်ရက်ပုံစံသစ်များကို မွေးမြူရန် လိုအပ်ပါသည်။ ဤတွင်၊ ဆရာတော်များ အချင်းချင်း၏ တစ်လုံးတစ်ဝတည်းရှိခြင်းနှင့် ရောမမြို့၏ဆရာတော်ဖြစ်သော ပုပ်ရဟန်းမင်းကြီးနှင့် တစ်လုံးတစ်ဝတည်းရှိခြင်းတို့သည် ကျွန်ုပ်တို့အား စောင့်ရှောက်ပေးပါသည်။

### ခိုင်မြဲစွာ အမြစ်တွယ်နေသော ဘုရားဖူးခရီးသည်များ

၁၁၀။ ဧဝံဂေလိတရားတော်ကို ကြေညာဟောပြောခြင်းသည် အမျိုးသားနှင့် အမျိုးသမီးများ၏ နှလုံးသားထဲတွင် ယုံကြည်ခြင်းကို နိုးကြားစေပြီး သီးခြားနေရာတစ်ခုတွင် သာသနာတော်တည်ထောင်ခြင်းသို့ ဦးတည်စေသည်။ ကယ်တင်တော်မူသော ဘုရားသခင်နှင့် တွေ့ဆုံခြင်း၏အတွေ့အကြုံကို ခံစားရသည့် ထိုနေရာနှင့် ထိုအချိန်ကာလအတွင်း၊ ထိုထိုသောနယ်မြေတစ်ခုခုတွင် အမြစ်တွယ်နေခြင်းဖြင့်သာ သာသနာတော်ကို နားလည်နိုင်ပါသည်။ ကျွန်ုပ်တို့ သာသနာတော်၏ ဤဒေသန္တရဆိုင်ရာ အတိုင်းအတာသည် တိကျသောယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာအခြေအနေတွင် အခြေခံထားသော ယုံကြည်ခြင်း၏ ကြွယ်ဝသော ဖော်ပြမှုများ၏ ကွဲပြားခြားနားမှုကို ထိန်းသိမ်းပေးသည်။ ဒေသန္တရ အသင်းတော်များ၏ဆက်ဆံရေးသည် တစ်ခုတည်းဖြစ်သော သာသနာတော်အတွင်းရှိ ယုံကြည်သူများ၏ စည်းလုံးညီညွတ်မှုကို ဖော်ပြခြင်းဖြစ်သည်။ ထို့ကြောင့် အတူတကွ သာသနာခရီးပြုသည့်လမ်းစဉ်သို့ ပြောင်းလဲကျင့်သုံးခြင်းသည် လူတစ်ဦးစီအား မိမိတို့၏နှလုံးသားနယ်ပယ်ကို ချဲ့ထွင်ရန် တောင်းဆိုနေပါသည်၊ နှလုံးသားသည် ကျွန်ုပ်တို့၏ဆက်ဆံရေးအားလုံးပွဲတင်ထပ်သည့် ပထမနေရာဖြစ်ပြီး၊ ယုံကြည်သူတိုင်း၏ ယေဇူးခရစ်တော်နှင့် ကိုယ်တော်ရှင်၏ သာသနာတော်နှင့် ကိုယ်ပိုင်ဆက်ဆံရေးအပေါ်တွင် အခြေခံထားသည်။ ၎င်းသည် ကျွန်ုပ်တို့ ဆက်ဆံရေး၏ တစ်လုံးတစ်ဝတည်း

ရှိမှုနှင့် ကျွန်ုပ်တို့ သာသနာတော်ဖြစ်တည်သည့်နေရာများ၏ အတူတကွ သာသနာခရီးပြုသည့်လမ်းစဉ်သို့ ပြုပြင်ပြောင်းလဲမှုများ၏ အစမှတ်နှင့် အခြေအနေဖြစ်သည်။ သိုးထိန်းဆိုင်ရာ လုပ်ဆောင်မှုသည် တစ်ဦးနှင့်တစ်ဦး အဆင်ပြေသည်ဟု ခံစားရပြီးဖြစ်သော လူများအကြား ဆက်ဆံရေးကို ဂရုစိုက်ရန်အတွက်သာ ကန့်သတ်မထားဘဲ အမျိုးသားအားလုံးနှင့် အမျိုးသမီးအားလုံးအကြား ထိတွေ့ဆက်ဆံမှုကို အားပေးရပေမည်။

၁၁၁။ အမြစ်တွယ်မှုအတွေ့အကြုံဆိုသည်မှာ နေရာအပေါ် နားလည်မှုကို ပြောင်းလဲစေသော နက်နဲသော လူမှု-ယဉ်ကျေးမှုဆိုင်ရာအပြောင်းအလဲများနှင့် ရှုန်းကန်ခြင်းကို ဆိုလိုသည်။ ယခုအခါ "နေရာ"ဟုဆိုလိုက်လျှင် ပထဝီဝင်နှင့် အာကာသဆိုင်ရာအသုံးအနှုန်းများအဖြစ်သာ မယူဆနိုင်တော့ဘဲ၊ ကျွန်ုပ်တို့ခေတ်တွင် လူတစ်ဦး၏ ဆက်ဆံရေးကွန်ရက်နှင့် ယခင်ကထက် ပိုမိုပြောင်းလွယ်ပြင်လွယ်သော နယ်မြေတည်နေရာများရှိသည့် ယဉ်ကျေးမှုတစ်ခုနှင့် သက်ဆိုင်မှုကို ဖော်ညွှန်းသည်။ မြို့ပြအဆောက်အအုံသည် ဤပြောင်းလဲမှုကို ဖြစ်ပေါ်စေသည့် အဓိကအချက်များထဲမှ တစ်ခုဖြစ်သည်။ ယနေ့ခေတ် လူသားသမိုင်းတွင် ပထမဆုံးအကြိမ် ကမ္ဘာ့လူဦးရေအများစုသည် မြို့ကြီးများတွင် နေထိုင်ကြသည်။ မြို့ကြီးများသည် သမိုင်းနှင့် အထောက်အထားမဲ့ လူအများ အထီးကျန်စွာ နေထိုင်ကြသည့် မြို့ပြအစုအဝေးများဖြစ်လေ့ရှိသည်။ သမားရိုးကျနယ်မြေဆက်ဆံရေးများသည် ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုခံနေရပြီး ဂိုဏ်းချုပ်/ဂိုဏ်းအုပ်သာသနာနယ်မြေများနှင့် ကျောင်းထိုင်ဘုန်းတော်ကြီးတပိုင် သာသနာနယ်မြေများ၏ နယ်နိမိတ်များကို ဝေဝါးစေပါသည်။ ထိုသို့သော အခြေအနေများတွင် နေထိုင်ခြင်းဖြင့် သာသနာတော်သည် လူမှုအသိုက်အဝန်းဘဝကို ပြန်လည်တည်ဆောက်ရန်၊ မျက်နှာမရသောသူများကို မျက်နှာသာပေးရန်နှင့် ဤပတ်ဝန်းကျင်ရှိ ဆက်ဆံရေးကို အားကောင်းစေရန် တောင်းဆိုခံရသည်။ ဤသို့ပြုလုပ်ရန်အတွက် ကျွန်ုပ်တို့သည် အသုံးဝင်ဆဲ ဖွဲ့စည်းပုံများကို ဆက်လက်တန်ဖိုးထားရုံသာမက၊ သိုးထိန်းဆိုင်ရာ လုပ်ဆောင်မှုပုံစံသစ်များကို ရှာဖွေရန်နှင့် ပြုစုစောင့်ရှောက်မှု၏ တိကျသော လုပ်ငန်းစဉ်များကို ဖော်ထုတ်ရန်အတွက် "သာသနာပြုတီထွင်ဖန်တီးမှု"လည်း လိုအပ်ပါသည်။ စစ်မှန်သော ဖြစ်တည်မှုဆိုင်ရာ အစွန်အဖျားရှိ ဒေသအချို့ကို ဖွဲ့စည်းထားသည့် ကျေးလက်ဒေသများကို လျစ်လျူမရှုသင့်ဘဲ ဘေးဖယ်ထားခြင်းနှင့် ချန်လှပ်ခံရခြင်းနေရာများကဲ့သို့ပင် သိုးထိန်းဆိုင်ရာသီးခြားအာရုံစိုက်မှုကို လိုအပ်ပါသည်။

၁၁၂။ အကြောင်းအမျိုးမျိုးကြောင့် ကျွန်ုပ်တို့ခေတ်သည် လူဦးရေရွှေ့လျားမှုတိုးပွားလာသည်။ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းအလုပ်သမားများသည် မကြာခဏဆိုသလို ဘာသာရေးအလေ့အကျင့်များအပါအဝင် ရွှေ့လျားသော အသိုင်းအဝိုင်းများကို ဖွဲ့စည်းကြပြီး ၎င်းတို့အခြေချနေထိုင်ရာနေရာများကို ဘက်ပေါင်းစုံယဉ်ကျေးမှုများဖြစ်ပေါ်စေသည်။ အထူးသဖြင့် ဒစ်ဂျစ်တယ်မီဒီယာ၏အကူအညီဖြင့် အချို့သူများသည် ၎င်းတို့၏ မူရင်းနိုင်ငံနှင့် ခိုင်မာသော ဆက်ဆံရေးကို ထိန်းသိမ်းထားသောကြောင့် ၎င်းတို့၏နိုင်ငံသစ်တွင် ဆက်သွယ်မှုများပြုလုပ်ရန် ခက်ခဲနိုင်သည်။ အချို့သူများသည် အမြစ်တွယ်ခြင်းမရှိဘဲ နေထိုင်နေကြသည်ကို တွေ့ရှိရသည်။ သူတို့ရောက်ရှိနေသော နိုင်ငံများမှ နေထိုင်သူများသည်လည်း အသစ်ရောက်ရှိလာသူများကို ကြိုဆိုရန် ခက်ခဲကြောင်း တွေ့ရှိကြသည်။ လူတိုင်းသည် မတူကွဲပြားသော ပထဝီဝင်၊ ယဉ်ကျေးမှုနှင့် ဘာသာစကားဆိုင်ရာ မူလဇစ်မြစ်များနှင့် တွေ့ဆုံခြင်းမှ ဖြစ်ပေါ်လာသော သက်ရောက်မှုကို ခံစားကြရပြီး ယဉ်ကျေးမှုအချင်းချင်းအကြား အသိုင်းအဝိုင်းများကို တည်ဆောက်ရန် တောင်းဆိုခံရသည်။ ရွှေ့ပြောင်းနေထိုင်မှုဖြစ်စဉ်သည် သာသနာတော်၏အသက်တာအပေါ် သက်ရောက်မှုကို လျစ်လျူမရှုသင့်ပါ။ ဤသဘောတရားအရ အချို့သော အရှေ့ပိုင်းကက်သလစ်အသင်းတော်များ၏ အခြေအနေသည် နိုင်ငံရပ်ခြားတွင် နေထိုင်သော ယုံကြည်သူများ၏အရေအတွက် တိုးများလာခြင်းနှင့်အတူ ဤအဖြစ်မှန်ကို ဖော်ညွှန်းသည်။ ကွဲလွင့်နေသူများနှင့် ၎င်းတို့၏ မူလအသင်းတော်အကြား ဆက်သွယ်မှုများကို ထိန်းသိမ်းခြင်းနှင့် မတူကွဲပြားသော ဝိညာဉ်ရေးရာနှင့် ယဉ်ကျေးမှုအရင်းခံများကို လေးစားသော ဆက်သွယ်မှုအသစ်များဖန်တီးရာတွင် ချဉ်းကပ်မှုအသစ်များပြုလုပ်ရန် လိုအပ်သည်။

၁၁၃။ ဒစ်ဂျစ်တယ်ယဉ်ကျေးမှုပြန့်ပွားလာခြင်းသည် အထူးသဖြင့် လူငယ်များကြားတွင် ထင်ရှားစွာ တွေ့မြင်ရပြီး အာကာသနှင့် အချိန်ဆိုင်ရာ ၎င်းတို့၏အတွေ့အကြုံကို အကြီးအကျယ် ပြောင်းလဲစေသည်။ ၎င်းသည် လူငယ်များ၏ နေ့စဉ်လုပ်ရှားမှုများ၊ ဆက်သွယ်ရေးနှင့် ယုံကြည်ခြင်းအပါအဝင် တစ်ဦးချင်းဆက်ဆံရေးများကို လွှမ်းမိုးထားသည်။ အင်တာနက်မှ ပံ့ပိုးပေးသော အခွင့်အလမ်းများသည် ဆက်ဆံရေး၊ ဆက်သွယ်မှုများနှင့် နယ်နိမိတ်များကို ပြန်လည်ပုံဖော်ပေးနေသည်။ ယနေ့ခေတ်တွင် ကျွန်ုပ်တို့သည် အရင်ကထက် ပိုမိုဆက်သွယ်နေကြသော်လည်း အထီးကျန်မှုနှင့် ဘေးဖယ်ခံထားရမှုကို မကြာခဏ ခံစားနေကြရသည်။ ထို့အပြင်၊ ၎င်းတို့၏ကိုယ်ပိုင်စီးပွားရေးနှင့် နိုင်ငံရေးအကျိုးစီးပွားရှိသူများသည် အယူဝါဒဖြန့်ကျက်ရန် ဆိုရှယ်မီဒီယာကို အသုံးချကာ ရန်လိုပြီး ခြယ်လှယ်သည့်ပုံစံများကို ဖန်တီးနိုင်သည်။ ကျွန်ုပ်တို့သည် ဤအရာအတွက် ကောင်းစွာ ပြင်ဆင်ထားခြင်းမရှိသေးဘဲ ဒစ်ဂျစ်တယ်ပတ်ဝန်းကျင်သည် သာသနာပြုခြင်းနှင့် ကြေညာဟောပြောခြင်းအတွက် နေရာကောင်းတစ်ခုဖြစ်လာစေခြင်းငှာ သေချာစေရန်အတွက် အရင်းအမြစ်များကို အပ်နှံသင့်သည်။

ဒေသန္တရအသင်းတော်များသည် ဒစ်ဂျစ်တယ်ပတ်ဝန်းကျင်တွင် သာသနာပြုလုပ်ငန်း၌ ပါဝင်နေသူများကို အားပေးပံ့ပိုးပြီး အတူလိုက်ပါသင့်သည်။ ခရစ်ယာန်ဒစ်ဂျစ်တယ်အသိုင်းအဝိုင်းများနှင့် အုပ်စုများ၊ အထူးသဖြင့် လူငယ်များသည် တွေ့ဆုံမှုနှင့် ဆွေးနွေးမှုကို မြှင့်တင်ပေးသော မိမိတို့သက်ဆိုင်ရာယုံကြည်ချက်များအပေါ် မည်သို့ဖန်တီးကြသည်ကို ပြန်လည်သုံးသပ်ရန်လည်း တောင်းဆိုခံရသည်။ ၎င်းတို့သည် အတူတကွ ခရီးပြုနေသော သာသနာတော်၏လမ်းစဉ်ကို ဖော်ဆောင်ကာ ၎င်းတို့၏ သက်တူရွယ်တူများကြားတွင် ပြုပြင်ပုံသွင်းမှုကို လုပ်ဆောင်ရန် လိုအပ်သည်။ ချိတ်ဆက်မှုများ၏ ကွန်ရက်တစ်ခုအဖြစ် ဖွဲ့စည်းထားသော အင်တာနက်သည် သာသနာတော်၏ အတူတကွခရီးပြုနေသောအတိုင်းအတာကို ပိုမိုကောင်းမွန်စွာ နေထိုင်နိုင်ရန် အခွင့်အလမ်းသစ်များကို ပေးဆောင်သည်။

၁၁၄။ ဤလူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများသည် သာသနာတော်၏အသက်တာတွင် "ဒေသန္တရ" ၏အဓိပ္ပာယ်ကို ပြန်လည်စဉ်းစားရန်နှင့် သာသနာပြုလုပ်ငန်းကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်စေရန် ယင်း၏ အဖွဲ့အစည်းဆိုင်ရာဖွဲ့စည်းပုံများကို ပြန်လည်သုံးသပ်ရန် သာသနာတော်အား စိန်ခေါ်နေသည်။ ပထဝီဝင်နှင့် ယဉ်ကျေးမှုဆိုင်ရာအတိုင်းအတာတစ်ခုလည်း ရှိသည်ကို ငြင်းဆိုခြင်းမရှိဘဲ ကျွန်ုပ်တို့၏ လူသားဆန်မှုကို တွေ့ကြုံခံစားလာရသည့် အမှန်တကယ်ရှိသောပတ်ဝန်းကျင်ဟူသောအမြင်ဖြင့် "နေရာ"ကို နားလည်ရန် အရေးကြီးပါသည်။ ဤနေရာတွင် ဆက်ဆံရေးကွန်ရက်ကို တည်ထောင်ထားပြီး သာသနာတော်သည် ၎င်း၏စက္ကရမင်တူးဖြစ်ခြင်း (cf. LG 1) ကို ဖော်ပြရန်နှင့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ရန် တောင်းဆိုခြင်းခံရသည်။

၁၁၅။ နေရာနှင့် ပတ်ဝန်းကျင်အကြား ဆက်ဆံရေးသည် ကျွန်ုပ်တို့အား သာသနာတော်ကို 'အိမ်' အဖြစ် ပြန်လည်သုံးသပ်ရန်လည်း ဦးတည်စေသည်။ အခိုင်အမာ ကာကွယ်ရမည့်၊ မဝင်ရောက်နိုင်သော၊ ပိတ်ထားသော နေရာတစ်ခုအဖြစ် ယူဆခြင်းမရှိသောအခါ အိမ်၏ပုံရိပ်သည် ကြိုဆိုမှု၊ ဧည့်ဝတ်ကျေပွန်မှုနှင့် ပေါင်းစည်းမှုဖြစ်နိုင်ခြေကို ဖော်ညွှန်းသည်။ ဖန်ဆင်းခြင်းကိုယ်တိုင်သည် ကျွန်ုပ်တို့၏ဘုံအိမ်ဖြစ်ပြီး လူသားမျိုးနွယ်များသည် အခြားသတ္တဝါအားလုံးနှင့်အတူ နေထိုင်ကြသည်။ ဝိညာဉ်တော်မြတ်ဘုရား၏ အထောက်အပံ့ဖြင့် ကျွန်ုပ်တို့၏ကတိကဝတ်မှာ သာသနာတော်အား ကြိုဆိုသော အိမ်၊ တွေ့ဆုံမှုနှင့် ကယ်တင်ခြင်း၏ စက္ကရမင်တူး၊ ဘုရားသခင်၏သားသမီးအားလုံးအတွက် တစ်လုံးတစ်ဝတည်းဖြစ်မှုကို သင်ကြားပေးသော နေရာအဖြစ် ခံယူကြောင်း သေချာစေရန်ဖြစ်သည်။ သာသနာတော်သည် ခရစ်တော်နှင့်အတူ လျှောက်လှမ်းသော ဘုရားသခင်၏လူမျိုးတော်လည်းဖြစ်ပြီး လူတိုင်းအား မျှော်လင့်ခြင်း၏ ဘုရားဖူးခရီးသည်များဖြစ်ရန် တောင်းဆိုထားသည်။ ရှေးရိုးအစဉ်အလာအတိုင်းဖြစ်သော ဘုရားဖူးလမ်းစဉ်သည် ဤအရာ၏ အမှတ်လက္ခဏာဖြစ်သည်။ ဘာသာတရားကိုင်းရှိုင်းမှုသည် အတူတကွခရီးပြုနေသော သာသနာတော်၏ သာသနာပြုနေရာများထဲမှ တစ်ခုဖြစ်သည်။

၁၁၆။ ဒေသန္တရအသင်းတော်ကို ဂိုဏ်းချုပ်/ဂိုဏ်းအုပ်သာသနာနယ်မြေ၊ သို့မဟုတ် အရှေ့တိုင်းအသင်းတော်မှ သာသနာနယ်မြေအဖြစ် နားလည်သောအခါ ဆေးကြောခြင်းခံယူပြီးသူများမှာ ခရစ်တော်၌ တစ်လုံးတဝတည်းရှိနေကြောင်း အပြည့်အဝ ထင်ရှားပေါ်လွင်သည့် အခြေခံနေရာဒေသဖြစ်သည်။ ဒေသန္တရအသင်းတော်အနေဖြင့် ဘာသာတူများသည် မိမိတို့၏ဆရာတော်ကြီးမှ ဦးဆောင်သော မဏ္ဍားတရားတော်မြတ်ပူဇော်ခြင်း၌ စုဝေးကြသည်။ ဒေသန္တရအသင်းတော်တစ်ခုစီတွင် ၎င်း၏ကိုယ်ပိုင်အဖွဲ့အစည်းရှိပြီး အခြားဒေသန္တရအသင်းတော်များနှင့်လည်း ဆက်ဆံရေးကို ထိန်းသိမ်းထားသည်။

၁၁၇။ ကျောင်းထိုင်ဘုန်းတော်ကြီးတစ်ပိုင်သာသနာစီရင်စုသည် သမိုင်းတစ်လျှောက်လုံး တည်ရှိခဲ့သော ဒေသန္တရအသင်းတော်ရှိ အဓိကအဖွဲ့များထဲမှ တစ်ခုဖြစ်သည်။ မဏ္ဍားတရားတော်မြတ်ပူဇော်ရာတွင် စုဝေးကြသော ကျောင်းထိုင်ဘုန်းတော်ကြီးတစ်ပိုင်သာသနာစီရင်စုအသိုင်းအဝိုင်းမှာ ဆက်ဆံရေး၊ ကြိုဆိုမှု၊ ခွဲခြားသိမြင်မှုနှင့် သာသနာပြုလုပ်ငန်းအတွက် အထူးအခွင့်အရေးရရှိသည့်နေရာတစ်ခုဖြစ်သည်။ ဒေသဆိုင်ရာနှင့် ကွန်ရက်တို့၏ဆက်ဆံရေးအား တွေ့ကြုံခံစားရသည့်အပေါ် နေထိုင်မှုပုံစံပြောင်းလဲခြင်းသည် ကျောင်းထိုင်ဘုန်းတော်ကြီးတစ်ပိုင် သာသနာစီရင်စုများအား မည်သို့ဖွဲ့စည်းထားသည်ကို ပြန်လည်စဉ်းစားရန် လိုအပ်သည်။ ကျောင်းထိုင်ဘုန်းတော်ကြီးတစ်ပိုင် သာသနာစီရင်စုသွင်ပြင်လက္ခဏာမှာ မိမိကိုယ်တိုင်ရွေးချယ်ခြင်းမပြုဘဲ ဖြစ်ပေါ်လာသော လူ့အဖွဲ့အစည်းဖြစ်သည်။ လူများသည် မတူညီသောမျိုးဆက်များ၊ အသက်မွေးဝမ်းကျောင်းများ၊ ပထဝီဝင် မူလအစများနှင့် လူမှုရေးအတန်းအစားနှင့် အဆင့်အတန်းအမျိုးမျိုးမှ လာရောက်စုဝေးကြသည်။ သာသနာပြုခြင်း၌ လိုအပ်ချက်အသစ်များကို တုံ့ပြန်ဆောင်ရွက်ခြင်းသည် လူများရွှေ့ပြောင်းသွားခြင်းနှင့် ၎င်းတို့၏ဘဝဖွံ့ဖြိုးတိုးတက်ရာနေရာကို ထည့်သွင်းစဉ်းစားသော သိုးထိန်းဆိုင်ရာ လုပ်ဆောင်မှုပုံစံသစ်များ ဖော်ဆောင်လုပ်ကိုင်ရန် လိုအပ်သည်။ ခရစ်ယာန်ဘဝအသက်တာစတင်ခြင်းကို အထူးအလေးပေးခြင်း၊ အတူလိုက်ပါခြင်းနှင့် ပြုပြင်ပုံသွင်းခြင်းကို ပေးဆောင်ခြင်းဖြင့် ကျောင်းထိုင်ဘုန်းတော်ကြီးတစ်ပိုင်သာသနာစီရင်စုအသိုင်းအဝိုင်းသည် ကမ္ဘာပေါ်တွင် ၎င်းတို့၏သာသနာပြုလုပ်ငန်းဆောင်ရွက်ရာ၌ ဘဝ၏ မတူညီသောအဆင့်များတွင် လူများအား အထောက်အပံ့ပြုနိုင်ပေလိမ့်မည်။ ဤနည်းအားဖြင့် သာသနာစီရင်စုသည် မိမိကိုယ်ကို ဗဟိုမပြုဘဲ သာသနာပြုခြင်းဆီသို့သာ ဦးတည်ကြောင်း ပိုမိုထင်ရှားလာလိမ့်မည်။ လူတို့၏ အသက်မွေးဝမ်းကျောင်း၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးလှုပ်ရှားမှုများတွင် နည်းလမ်းအမျိုးမျိုးဖြင့် ၎င်းတို့၏ယုံကြည်မှုအတိုင်း ကျင့်ကြံနေထိုင်ပြီး သက်သေခံသောသူများစွာ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် သာသနာစီရင်စု၌ တာဝန်ရှိလာရသည်။ ကမ္ဘာ့ဒေသများစွာတွင် သေးငယ်သော ခရစ်ယာန်အသိုင်းအဝိုင်းများ သို့မဟုတ် အခြေခံအသင်းတော်အသိုင်းအဝိုင်းများသည် ရင်းနှီးမှုနှင့် အပြန်အလှန်ဆက်ဆံရေး၏ အဓိပ္ပာယ်ပြည့်ဝသော ဆက်ဆံရေးများ ပွင့်လန်းလာနိုင်သည့်နေရာဖြစ်ပြီး အတူတကွ ခရီးပြုခြင်းကို အမှန်တကယ် တွေ့ကြုံခံစားနိုင်သောအခွင့်အလမ်းကို ပေးသည်။

၁၁၈။ သစ္စာသုံးပါးခံ သူတော်စင်များ၊ တမန်တော်ဆိုင်ရာဘဝအသက်တာ၏ အသင်းအဖွဲ့များအပြင် အသင်းအဖွဲ့များ၊ လှုပ်ရှားမှုများနှင့် အသစ်သောအသိုင်းအဝိုင်းများသည် ဒေသတွင်း အမြစ်တွယ်နိုင်စွမ်းရှိပြီး တစ်ချိန်တည်းမှာပင် နိုင်ငံအဆင့် သို့မဟုတ် နိုင်ငံတကာအဆင့်တွင် မတူညီသောနေရာများနှင့် ပတ်ဝန်းကျင်များကို ချိတ်ဆက်နိုင်စွမ်းရှိကြောင်း အသိအမှတ်ပြုရပေမည်။ ၎င်းတို့၏လုပ်ဆောင်မှုသည် သီးခြားလူပုဂ္ဂိုလ်များနှင့် သမားရိုးကျမဟုတ်သော အုပ်စုများစွာ၏ လုပ်ဆောင်မှုနှင့်အတူ ဧဝံဂေလိတရားတော်ကို အလွန်ကွဲပြားခြားနားသောအခြေအနေများသို့ မကြာခဏ ဆောင်ကြဉ်းပေးသည်။ ထိုအခြေအနေများမှာ ဆေးရုံများ၊ အကျဉ်းထောင်များ၊ သက်ကြီးရွယ်အိုများအတွက် အိမ်များ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ အရွယ်မရောက်သေးသူများ၊ ဘေးဖယ်ခံရသူများနှင့် အကြမ်းဖက်ခံရသူများအတွက် ကြိုဆိုရေးစင်တာများ၊ ပညာရေးနှင့် လေ့ကျင့်ရေးစင်တာများ၊ လူငယ်များနှင့် မိသားစုများတွေ့ဆုံသည့် ကျောင်းများနှင့် တက္ကသိုလ်များ၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးနယ်ပယ်များနှင့် အတူတကွ နေထိုင်မှုပုံစံသစ်များကို စိတ်ကူးပုံဖော်ကာ တည်ဆောက်သည့် ပြီးပြည့်စုံသော လူသားဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်များဖြစ်ကြသည်။

ကျွန်ုပ်တို့အနေဖြင့် ရသေ့ကျောင်းတိုက်များကိုလည်း ကျေးဇူးတင်ပါသည်။ ထိုကျောင်းတိုက်များသည် တစ်စု တစ်ဝေးတည်းဖြစ်ခြင်းနှင့် ခွဲခြားသိမြင်ခြင်း၊ သာသနာတော်တစ်ခုလုံးနှင့်သက်ဆိုင်ပြီး ၎င်း၏လမ်းကြောင်းကို ညွှန် ကြားပေးသည့်၊ နောင်ဖြစ်လာမည့်အရာများကို ပြောဆိုသည့်နေရာများဖြစ်ကြပါသည်။ ဤကွဲပြားခြားနားသော အဖွဲ့အစည်းများကို အသက်ဝင်စေရန်နှင့် စည်းလုံးညီညွတ်မှု၏ ဆက်ဆံရေးကို ပြုစုပျိုးထောင်ရန်မှာ ဆရာတော်ကြီး သို့မဟုတ် အရှေ့တိုင်းအသင်းတော်မှ ဆရာတော်ကြီး၏အထူးတာဝန်ဖြစ်သည်။ အဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များ သည် ဒေသန္တရအသင်းတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန်၊ အတူတကွ သာသနာခရီးပြုခြင်း၏ ရွေ့လျားမှုတွင် ပါဝင်ရန် တောင်းဆိုခံရသည်။

၁၁၉။ ဒေသန္တရသာသနာတော်နှင့် တစ်ကမ္ဘာလုံးဆိုင်ရာသာသနာတော်အကြားရှိ အလယ်အလတ်၊ နေရာများ - ဥပမာ သာသနာ့နယ်မြေများနှင့် အသင်းတော်များ၏ နိုင်ငံအလိုက်နှင့် တိုက်ကြီးအလိုက် အုပ်စုများ - ကို ပိုမိုတန်ဖိုး ထားခြင်းသည် ယနေ့ခေတ်ကမ္ဘာတွင် သာသနာတော်၏ ပိုမိုအဓိပ္ပါယ်ရှိသောတည်ရှိမှုကို မြှင့်တင်ပေးနိုင်သည်။ ရွေ့လျားမှုနှင့် အပြန်အလှန်ချိတ်ဆက်မှုတိုးပွားလာခြင်းသည် အသင်းတော်များကြား နယ်နိမိတ်များကို ရွေ့လျားတိုးပွား စေပြီး ကြီးမားသော လူမှု-ယဉ်ကျေးမှုဒေသတစ်ခုလုံးအတွက် ဓမ္မအမှုတော်ဆောင်ရန် လိုအပ်သည်။ ထိုသို့သော ဓမ္မအမှုတော်ဆောင်ခြင်းသည် ခရစ်ယာန်ဘဝအသက်တာတွင် မှားယွင်းသောဝါဒအားလုံးကို ရှောင်ရှားရင်း ယဉ်ကျေး မှုတစ်ခုစီ၏စရိုက်လက္ခဏာနှင့် လိုက်လျောညီထွေဖြစ်ခြင်းကို သေချာစေရန် လိုအပ်သည်။ (AG 22)

## ကျေးဇူးတော်များ ဖလှယ်ခြင်း။

၁၂၀။ ကျွန်ုပ်တို့သည် မတူညီသောနေရာများတွင် သခင်ယေဇူး၏တပည့်တော်များအဖြစ် ကျွန်ုပ်တို့၏ မတူကွဲပြားသော ကျေးဇူးတော်များနှင့် ဓမ္မအမှုတော်ဆောင်ခြင်းများနှင့်အတူ အတူတကွ လျှောက်လှမ်းကြသည်။ တစ်ချိန်တည်းမှာပင် အသင်းတော်များအကြား ကျေးဇူးတော်များဖလှယ်ခြင်း၌ ပါဝင်ခြင်းသည် ခရစ်တော်၌ ဘုရားသခင်၏ ကရုဏာ မေတ္တာတော်၏ ထိရောက်သောလက္ခဏာဖြစ်သည်။ ဝိညာဉ်တော်အားဖြင့် လိုက်ပါဆောင်ရွက်၊ တည်တံ့စေပြီး ဘုရား သခင်၏နိုင်ငံတော်ဆီသို့ လူသားမျိုးနွယ်၏ခရီးကို လမ်းညွှန်ပေးသည်။ ကျေးဇူးတော်များဖလှယ်ခြင်းသည် သာသနာ တော်အသက်တာ၏ရှုထောင့်တိုင်းတွင် ပါဝင်သည်။ လူမျိုးများ၏ကြွယ်ဝမှု၊ အရင်းအမြစ်များနှင့် ထုံးတမ်းစဉ်လာများကို ကောင်းမွန်သရွေ့ ခံယူခြင်းဖြင့် ၎င်းတို့ကို ခံယူရာတွင် သန့်ရှင်းစင်ကြယ်စေခြင်း၊ အားကောင်းစေခြင်းနှင့် မြှင့်တင်ပေးခြင်း တို့ဖြင့် သာသနာတော်သည် ၎င်း၏သာသနာပြုလုပ်ငန်းကို ဆောင်ရွက်သည်။ (LG 13) ၎င်းသည် ကမ္ဘာပေါ်ရှိ လူမျိုးအားလုံးကို ဘုရားသခင်၏လူမျိုးတော်အဖြစ် ခရစ်တော်၌ တည်ထောင်ထားပြီး ဒေသန္တရအသင်းတော်များ၊ ၎င်းတို့၏အုပ်စုများနှင့် တစ်ခုတည်းသော ကက်သလစ်သာသနာတော်အတွင်းရှိ ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်ရ အသင်း တော်များ၏ တစ်လုံးတစ်ဝတည်းရှိမှုတွင် အခိုင်အမာ ဖွဲ့စည်းထားသောကြောင့်ဖြစ်သည်။ တမန်တော်ကြီး ရှင်ပေတရု၏ တိုက်တွန်းနှိုးဆော်ချက်ဖြစ်သည့် "ဘုရားသခင်၏ မတူကွဲပြားသောကျေးဇူးတော်ကို ကောင်းမွန်သော စီမံခန့်ခွဲသူများ ကဲ့သို့ သင်တို့တစ်ဦးစီ ရရှိထားသော မည်သည့်လက်ဆောင်ကိုမဆို အချင်းချင်း အမှုတော်ထမ်းကြလော့" (၁ ပေ ၄း၁၀) ကို ဒေသန္တရအသင်းတော်တစ်ခုစီတွင် သံသယဖြစ်ဖွယ်မရှိဘဲ အသုံးချနိုင်သည်။ လာတင်းနှင့် အရှေ့ပိုင်း ကက်သလစ်အသင်းတော်များအကြား ဆက်ဆံရေးသည် ထိုသို့သောကျေးဇူးတော်များဖလှယ်ခြင်း၏ ပုံစံနှင့် စိတ်အား တက်ကြွစေသောဥပမာတစ်ခုဖြစ်သည်။ ပြောင်းလဲပြီး အရေးပေါ် သမိုင်းဆိုင်ရာအခြေအနေများကြောင့် ဤဆက်ဆံရေး ကို အထူးဂရုတစိုက်ဖြင့် ပြန်လည်အသက်သွင်းရန်နှင့် ပြန်လည်စဉ်းစားရန် လိုအပ်သည်။ အမေဇုန်၊ ကွန်ဂိုမြစ်ဝှမ်းနှင့် မြေထဲပင်လယ်ကဲ့သို့ ကြီးမားသောနိုင်ငံဖြတ်ကျော်နှင့် ယဉ်ကျေးမှုဆိုင်ရာ ပထဝီဝင်နယ်မြေများအတွင်း ကျေးဇူးတော်များ ဖလှယ်ခြင်းနှင့် အများကောင်းကျိုးကို ရှာဖွေခြင်းသည် မျှော်လင့်ခြင်း၏ စံနမူနာတစ်ခုအဖြစ် ပေါ်ထွက်လာသည်။ ဤဖလှယ်မှုတွင် ကမ္ဘာနှင့်အဝှမ်း အရေးပါမှုကြီးမားသော လူမှုရေးပြဿနာများအတွက် ကတိကဝတ်တစ်ခုပါဝင်သည်။

၁၂၁။ ဒေသန္တရအဆင့်နှင့် ၎င်း၏ကက်သလစ်စည်းလုံးညီညွတ်မှုအရ သာသနာတော်သည် ပရောဖက်ပြု၍ ထိတွေ့ခြင်း ယဉ်ကျေးမှု၊ လူမှုရေးတရားမျှတမှု၊ ဘေးဖယ်ထားခံရသောသူများအား ပါဝင်စေခြင်း၊ လူအများကြား တစ်လုံးတစ်ဝတည်း ဖြစ်မှုနှင့် ဘုံအိမ်ဖြစ်သောကမ္ဘာမြေအား ဂရုစိုက်မှုတို့ကို မြှင့်တင်ပေးသည့် ဆက်ဆံရေးကွန်ရက်တစ်ခုအဖြစ် မျှော်မှန်း ထားသည်။ ၎င်းကို အကောင်အထည်ဖော်ရန်အတွက် အသင်းတော်တစ်ခုစီသည် မိမိ၏အရင်းအမြစ်များကို စည်းလုံး ညီညွတ်သောစိတ်ဓာတ်ဖြင့်၊ အာဏာရှင်ဆန်ခြင်း သို့မဟုတ် လက်အောက်ခံဖြစ်ခြင်းမရှိဘဲ၊ ကွဲပြားခြားနားမှုကို လေးစား ခြင်းနှင့် အပြန်အလှန်အကျိုးပြုမှုကို မြှင့်တင်ခြင်းဖြင့် မျှဝေရန် လိုအပ်ပါသည်။ ၎င်းတွင် လိုအပ်ပါက အတိတ်၏ အနာများကို ကုသပေးရန်နှင့် ပြန်လည်ကျေအေးသင့်မြတ်ရေးလမ်းကြောင်းကို လျှောက်လှမ်းရန် ကတိကဝတ်ပြုခြင်း လည်း ပါဝင်သည်။ မတူညီသောဒေသများမှ ဒေသန္တရအသင်းတော်များအကြား ကျေးဇူးတော်များ ဖလှယ်ခြင်းနှင့် အရင်းအမြစ်များ မျှဝေခြင်းသည် သာသနာတော်၏ စည်းလုံးညီညွတ်မှုကို အားပေးပြီး ခရစ်ယာန်အသိုင်းအဝိုင်းများ အကြား ဆက်ဆံရေးကို ပိုမိုအားကောင်းစေသည်။ ဘုန်းတော်ကြီးများသည်လည်း ရဟန်းတော်လိုအပ်နေသော အသင်းတော်များအား ကူညီရာတွင် ရိုးရှင်းသောဖြေရှင်းချက်ကိုသာ ပေးခြင်းမဟုတ်ဘဲ အကူအညီပေးပို့သော အသင်း တော်နှင့် အကူအညီလက်ခံသောအသင်းတော်နှစ်ခုလုံး၏ ကြီးထွားမှုအတွက် အရင်းအမြစ်တစ်ခုအဖြစ် ကိုယ်စားပြု ကြောင်း သေချာစေရန် လိုအပ်သောအခြေအနေများအပေါ် အာရုံစိုက်ရန် လိုအပ်ပါသည်။ အလားတူ၊ စီးပွားရေး အကူအညီသည် လူမှုဖူလုံရေးထောက်ပံ့ပေးခြင်းမျှသာ ဖြစ်မသွားစေဘဲ စစ်မှန်သောဧဝံဂေလိစည်းလုံးညီညွတ်မှုကို မြှင့်တင်ပေးပြီး ပွင့်လင်းမြင်သာစွာနှင့် စိတ်ချယုံကြည်စွာ စီမံခန့်ခွဲကြောင်း သေချာစေရန် လိုအပ်ပါသည်။

၁၂၂။ ကျေးဇူးတော်များဖလှယ်ခြင်းသည် အသင်းတော်များနှင့် ခရစ်ယာန်အသိုင်းအဝိုင်းများအကြား ပြည့်စုံပြီး ထင်ရှားသော စည်းလုံးညီညွတ်မှုဆီသို့ ခရီးဆက်ရာတွင် အလွန်အရေးကြီးပါသည်။ ထို့အပြင် ၎င်းသည် ခရစ်တော်၏ ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာ၌ စည်းလုံးညီညွတ်မှု၏ ထိရောက်သောလက္ခဏာကို ကိုယ်စားပြုပြီး သာသနာပြုခြင်း ၏ ယုံကြည်နိုင်မှုနှင့် သက်ရောက်မှုကို မြှင့်တင်ပေးသည် (ယော ၁၇း၂၁ - ၅)။ စိန့်ဂျွန်ပေါလ် ၂ သည် အောက်ပါ စကားရပ်ကို ခရစ်ယာန်များပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာဆွေးနွေးမှုတွင် အသုံးပြုခဲ့သည်။"တွေ့ဆုံဆွေးနွေး မှုသည် အကြံဉာဏ်များဖလှယ်ခြင်းမျှသာ မဟုတ်ပါ။ တစ်နည်းတစ်ဖုံအားဖြင့် ၎င်းသည် 'ကျေးဇူးတော်များအား အမြဲတမ်းဖလှယ်ခြင်း'ဖြစ်သည်။" (UUS 28) အတိတ်ကာလနှင့် လက်ရှိကာလကြိုးပမ်းမှုများသည် ဘုရားသခင်၏ နှုတ်ကပါတ်တော်နှင့် သန့်ရှင်းသောဝိညာဉ်တော်မြတ်ဘုရား၏ အသံတော်ကို နားထောင်လျက်၊ မတူကွဲပြားသော ယဉ်ကျေးမှုအခြေအနေများ၊ သမိုင်းဝင်အခြေအနေများနှင့် လူမှုရေးစိန်ခေါ်မှုများအတွင်း မတူကွဲပြားသော ခရစ်ယာန် ရိုးရာဓလေ့များဖြင့် ဧဝံဂေလိတရားတော်တစ်ခုတည်းကို အသွေးအသားအဖြစ် နေထိုင်အသက်ရှင်ခြင်းသို့ ပြောင်းလဲရန် ကြိုးပမ်းမှုများသည် သန့်ရှင်းခြင်း၊ ချစ်ခြင်းမေတ္တာ၊ ဝိညာဉ်ရေးရာ၊ ဘာသာဗေဒ၊ လူမှုရေးနှင့် ယဉ်ကျေးမှု စည်းလုံးညီညွတ်မှုတို့တွင် အသီးအပွင့်အများအပြားဖြစ်ထွန်းစေခဲ့သည်။ ရက်ရောမှု၊ စိတ်ရင်းမှန်မှု၊ အာယာတကင်းမှု၊ ထာဝရဘုရားအား ကျေးဇူးတင်ခြင်းနှင့် အပြန်အလှန် ပွင့်လင်းစွာဖြင့်၊ ၎င်းတို့သည် ကျွန်ုပ်တို့၏ သီးသန့်ပိုင်ဆိုင်မှု ဖြစ်သည်ဟု မယူဆဘဲ တစ်ဦးကိုတစ်ဦးပေးကမ်းခြင်းတို့ဖြင့် ဤအဖိုးတန်ကြွယ်ဝမှုများကို တန်ဖိုးထားရန် အချိန်တန်ပြီ ဖြစ်သည်။ အခြားသော ခရစ်ယာန်အသင်းတော်များနှင့် အသိုင်းအဝိုင်းများမှ ရဟန္တာများနှင့် ယုံကြည်ခြင်းကို သက်သေ ခံသူများ၏စံနမူနာသည်လည်း ကျွန်ုပ်တို့လက်ခံရရှိနိုင်သော လက်ဆောင်တစ်ခုဖြစ်ပြီး၊ အထူးသဖြင့် ဓမ္မအာဇာနည် များ၏အထိမ်းအမှတ်ကို ကျွန်ုပ်တို့၏ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာပြက္ခဒိန်တွင် ထည့်သွင်းခြင်းဖြင့်လည်း ပါဝင်ပါသည်။

၁၂၃။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်က အဘူဒါဘီတွင် လက်မှတ်ရေးထိုးခဲ့သည့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ညီရင်းအစ်ကို များ လူသားချင်းစာနာမှုဆိုင်ရာစာတမ်းတွင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ်နှင့် Grand Imam of Al-Azhar, Ahmed Al-Tayyeb တို့က တွေ့ဆုံဆွေးနွေးရေးယဉ်ကျေးမှုကို လမ်းကြောင်းအဖြစ်လည်းကောင်း၊ အပြန် အလှန် ပူးပေါင်းဆောင်ရွက်ရေးကျင့်ဝတ်စည်းကမ်းအဖြစ်လည်းကောင်း၊ အပြန်အလှန်နားလည်မှု နည်းလမ်းနှင့် စံအဖြစ် လည်းကောင်း လက်ခံကျင့်သုံးရန် သဘောတူကြောင်း ကြေညာခဲ့သည်။ ယင်းမှာ ယနေ့ကမ္ဘာပေါ်ရှိ ဘုရားသခင်၏

လူမျိုးတော် ဘုရားဖူးခရီးစဉ်၌ လေးနက်မှုမရှိသောရည်မှန်းချက်၊ သို့မဟုတ် မိမိစိတ်ရှိသကဲ့သို့ ရွေးနိုင်ပယ်နိုင်သော အရာမျိုးမဟုတ်ပေ။ အတူတကွ ခရီးပြုနေသောသာသနာတော်သည် မိမိရှိရာအရပ်ဒေသတိုင်းတွင် အခြားဘာသာတရားများ၊ အခြားသောယုံကြည်မှုရှိသူများနှင့်အတူ ဤလမ်းကို လျှောက်လှမ်းရန် ကတိပြုခြင်းဖြစ်သည်။ ၎င်းသည် ဧဝံဂေလိတရားတော်၏ဝမ်းမြောက်ဖွယ်အကြောင်းကို လွတ်လပ်စွာ မျှဝေပြီး ၎င်းတို့၏ သက်ဆိုင်ရာကျေးဇူးတော်များကို ကျေးဇူးတင်စွာ လက်ခံရရှိပါသည်။ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့်၊ ညီအစ်ကို မောင်နှမများအားလုံးကဲ့သို့၊ အပြန်အလှန် လှုပ်ရှားမှုနှင့် အကူအညီ (T 40 - ၅)၊ တရားမျှတမှု၊ စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းမှုနှင့် ဘာသာပေါင်းစုံဆွေးနွေးမှု စသည့်စိတ်ဓာတ်တို့ဖြင့် အတူတကွ တည်ဆောက်ရန် ရည်ရွယ်ပါသည်။ အချို့ဒေသများတွင် ၎င်းတို့၏ ဘာသာရေးဆိုင်ရေးယုံကြည်မှုမည်သို့ပင်ကွဲပြားသည်ဖြစ်စေ လူအများသည် သေးငယ်သောပတ်ဝန်းကျင်အသိုင်းအဝိုင်းများ၌ တွေ့ဆုံကြသည်။ ဤအသိုင်းအဝိုင်းများသည် သုံးမျိုးသောတွေ့ဆုံဆွေးနွေးမှုဖြစ်သည့် ဘဝအသက်တာတွေ့ဆုံဆွေးနွေးမှု၊ လုပ်ငန်းပိုင်းဆိုင်ရာတွေ့ဆုံဆွေးနွေးမှုနှင့် ဆုတောင်းခြင်း၌ တွေ့ဆုံဆွေးနွေးမှုတို့အတွက် အဆင်ပြေသောပတ်ဝန်းကျင်ကို ပံ့ပိုးပေးပါသည်။

## စည်းလုံးခြင်း၏ ကတိသစ္စာများ- ဆရာတော်ကြီးများ အဖွဲ့ချုပ်များနှင့် သာသနာတော်၏စည်းဝေးပွဲများ

၁၂၄။ အသင်းတော်များအကြား ဆက်ဆံရေး၏ လမ်းညွှန်ချက်မူဘောင်သည် ကျေးဇူးတော်များ မျှဝေခြင်းအားဖြင့် တစ်လုံးတစ်ဝတည်းရှိစေရန်ဖြစ်သည်။ ၎င်းသည် သာသနာတော်ကြီးတစ်ခုလုံး၏ စည်းလုံးညီညွတ်မှုကို ဖြစ်ပေါ်စေသော ကတိသစ္စာများကို အာရုံစိုက်ခြင်းနှင့်အတူ ဒေသန္တရအသင်းတော်တစ်ခုစီ၏ အခြေအနေ၊ ၎င်း၏သမိုင်းကြောင်းနှင့် ရိုးရာဓလေ့များ၏ထူးခြားမှုကို အသိအမှတ်ပြုခြင်းနှင့် တန်ဖိုးထားခြင်းတို့အား ပေါင်းစပ်ထားသည်။ အတူတကွ သာသနာခရီးပြုနေသောပုံစံသည် ဒေသန္တရအသင်းတော်များအား မတူညီသောအရှိန်အဟုန်ဖြင့် လှုပ်ရှားသက်ဝင်စေသည်။ အရှိန်အဟုန်ကွဲပြားခြင်းကို တရားဝင်ကွဲပြားမှု၏ဖော်ပြမှုတစ်ခုအဖြစ်နှင့် ကျေးဇူးတော်များမျှဝေခြင်းနှင့် အပြန်အလှန်ကြွယ်ဝစေရန် အခွင့်အရေးတစ်ခုအဖြစ် တန်ဖိုးထားနိုင်သည်။ ဤဘုံရည်မှန်းချက်သည် ကျွန်ုပ်တို့အား သာသနာပြုခြင်း၌ အတူတကွ ခရီးပြုနေသော သာသနာတော်တစ်ခုဖြစ်စေသည့် တိကျသောအလေ့အကျင့်များကို ခွဲခြားသိမြင်ခြင်း၊ ဖော်ထုတ်ခြင်းနှင့် မြှင့်တင်ခြင်းတို့ကို လိုအပ်သည်။

၁၂၅။ ဆရာတော်ကြီးများအဖွဲ့ချုပ်တို့သည် အသင်းတော်များအကြား ဆက်ဆံရေးကို မြှင့်တင်ရန်နှင့် သိုးထိန်းဆိုင်ရာဘဝအသက်တာ၏လိုအပ်ချက်များကို ပိုမိုထိရောက်စွာ တုံ့ပြန်ရန်အတွက် ဆရာတော်ကြီးများ၏ တစ်လုံးတစ်ဝတည်းစုပေါင်းဆောင်ရွက်မှုကို ဖော်ပြပြီး အကောင်အထည်ဖော်ရသည်။ ၎င်းတို့သည် အသင်းတော်များအကြား ဆက်ဆံရေးဖန်တီးရန်၊ အတွေ့အကြုံများနှင့် အကောင်းဆုံးအလေ့အကျင့်များကို မျှဝေရန်နှင့် ခရစ်ယာန်ဘဝအသက်တာနှင့် ယုံကြည်ခြင်းကို ဖော်ပြမှုအား မတူညီသော ယဉ်ကျေးမှုများနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် အခြေခံကိရိယာတစ်ခုဖြစ်သည်။ ဘုရားသခင်၏လူမျိုးတော်အားလုံးပါဝင်ခြင်းအားဖြင့် ၎င်းတို့သည် အတူတကွ သာသနာခရီးပြုခြင်း၌ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ အတူတကွ သာသနာခရီးပြုသည့်လမ်းစဉ်၏ရလဒ်များကို အခြေခံ၍ အောက်ပါတို့ကို ကျွန်ုပ်တို့ အဆိုပြုပါသည်။

က) ဆရာတော်ကြီးများ အဖွဲ့ချုပ်များ၏ ဘာသာရေးနှင့် တရားရေးဆိုင်ရာ အခြေအနေအပေါ် ဆွေးနွေးမှုများ၏ ရလဒ်များကို စုဆောင်းရန်။

ခ) ဆရာတော်ကြီးများအဖွဲ့ချုပ်၏ သွန်သင်မှုဆိုင်ရာနှင့် စည်းကမ်းဆိုင်ရာ အခွင့်အာဏာ နယ်ပယ်ကို တိကျစွာ ဖော်ပြရန်။ မိမိအား အပ်နှင်းထားသော အသင်းတော်အတွင်း ဆရာတော်၏အခွင့်အာဏာကို မထိခိုက်စေဘဲ

သို့မဟုတ် သာသနာတော်၏ စည်းလုံးညီညွတ်မှု သို့မဟုတ် ကက်သလစ်သာသနာ၏ သွန်သင်မှုနှင့် ကိုက်ညီခြင်းကို အန္တရာယ်မဖြစ်စေဘဲ ဆရာတော်ကြီးများက အခွင့်အာဏာကို တစ်လုံးတစ်ဝတည်း စုပေါင်းကျင့်သုံးခြင်းသည် သင့်လျော်သောဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ၊ သွန်သင်ရေးဆိုင်ရာ၊ စည်းကမ်းဆိုင်ရာ၊ သိုးထိန်းဆိုင်ရာဘာသာဗေဒနှင့် ဝိညာဉ်ရေးဆိုင်ရာဖော်ပြမှု (AG 22 - ရှု ) တို့ကို ခွဲခြားသတ်မှတ်ခြင်းဖြင့် မတူညီသောအခြေအနေများအတွင်း တစ်ခုတည်းသောယုံကြည်ခြင်း၏ စစ်မှန်သောသွန်သင်မှုကို ပိုမိုတိုးတက်စေနိုင်သည်။

ဂ) လိုအပ်သော ပြုပြင်ပြောင်းလဲမှုများကို ခွဲခြားသတ်မှတ်နိုင်ရန်အတွက် ဆရာတော်ကြီးများ အဖွဲ့ချုပ်များ၏ တိကျသောလုပ်ဆောင်မှု၊ ဆရာတော်ကြီးများနှင့် ပုပ်ရဟန်းမင်းကြီး၏ဌာနချုပ်တို့အကြား ဆက်ဆံရေးတို့၏ အတွေ့အကြုံကို အကဲဖြတ်သည့်လုပ်ငန်းစဉ်တစ်ခု။ သာသနာပိုင်ဆရာတော်များ (၅)နှစ်တစ်ကြိမ် ပုပ်ရဟန်းမင်းကြီးနှင့် သွားရောက်တွေ့ဆုံပြီး မိမိတို့သာသနာနယ်အကြောင်း အစီရင်ခံခြင်း (ad limina Apostolorum) အလည်အပတ်များသည် ဤအတွက် သင့်လျော်သောအခါသမယများကို ပေးစွမ်းနိုင်သည်။

ဃ) သာသနာအားလုံးသည် အသင်းတော်နယ်မြေတစ်ခုနှင့် ဆရာတော်ကြီးများ အဖွဲ့ချုပ်တစ်ခု၏ အစိတ်အပိုင်းဖြစ်ကြောင်း သေချာစေခြင်း။

င) ဆရာတော်ကြီးများအဖွဲ့ချုပ်မှ ချမှတ်သော ဆုံးဖြတ်ချက်များသည် ဆုံးဖြတ်ချက်တွင် ပါဝင်ခဲ့သော ဆရာတော်တစ်ပါးစီအပေါ် မိမိ၏သာသနာနှင့်စပ်လျဉ်း၍ သာသနာ့တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ခြင်း။

၁၂၆။ အတူတကွ သာသနာခရီးပြုသည့်လုပ်ငန်းစဉ်တွင် ၂၀၂၃ ခုနှစ်အစပိုင်း၌ ကျင်းပခဲ့သော ကမ္ဘာ့တိုက်ကြီးများအဆင့် ခုနစ်ခုသော ဓမ္မညီလာခံများသည် သက်ဆိုင်ရာ ဆန်းသစ်တီထွင်မှုတစ်ခုဖြစ်ပြီး ကျွန်ုပ်တို့ တန်ဖိုးထားရမည့် အမွေအနှစ်တစ်ခုလည်းဖြစ်သည်။ ၎င်းတို့သည် ၊ခရစ်ယာန်ဘဝတစ်ခုလုံး၏ နက်ရှိုင်းသော လိုက်လျောညီထွေဖြစ်မှု၊ (AG 22) ကို ရှာဖွေရာတွင် လူမှုယဉ်ကျေးမှုနယ်မြေကြီးတစ်ခုစီ၏တန်ဖိုးနှင့်ပတ်သက်သော ကောင်စီ၏သွန်သင်မှုကို အကောင်အထည်ဖော်ရန် ထိရောက်သောနည်းလမ်းတစ်ခုဖြစ်သည်။ ၎င်းတို့အား အတူတကွ ခရီးပြုနေသော သာသနာတော်ကြီးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပိုမိုပြည့်ဝသောအထောက်အကူဖြစ်စေရန်အလို့ငှာ အသင်းတော်ဆိုင်ရာ စည်းဝေးပွဲများနှင့် ကမ္ဘာ့တိုက်ကြီးများအဆင့် ဆရာတော်ကြီးများ အဖွဲ့ချုပ်များ၏ ဓမ္မညီလာခံများအတွက် ဘာသာရေးနှင့် ကာနွန်ဥပဒေစည်းမျဉ်းဆိုင်ရာအခြေအနေကို ရှင်းလင်းရန် လိုအပ်ပါသည်။ အထူးသဖြင့်၊ ဤအုပ်စုများ၏ ဥက္ကဋ္ဌများသည် ဤလုပ်ငန်းစဉ်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အားပေးရန်နှင့် ထိန်းသိမ်းရန် တာဝန်ရှိသည်။

၁၂၇။ အသင်းတော်ဆိုင်ရာစည်းဝေးပွဲများ (ဒေသန္တရဆိုင်ရာ၊ နိုင်ငံအလိုက်၊ ကမ္ဘာ့တိုက်ကြီးများအဆင့်) တွင် ဘုရားသခင့် လူမျိုးတော်၏ မတူကွဲပြားမှုကို ဖော်ပြပြီး ကိုယ်စားပြုသောအဖွဲ့ဝင် (ဆရာတော်များအပါအဝင်) များသည် ဝေဖန်ပိုင်းခြားရာ၌ ပါဝင်ကြသည်။ ထိုဝေဖန်ပိုင်းခြားမှုများက ဆရာတော်များအား တစ်လုံးတစ်ဝတည်း မိမိတို့၏ ဓမ္မအမှုတော်ဆောင်ခြင်းကြောင့် ပြုလုပ်ရန် သင့်လျော်သောဆုံးဖြတ်ချက်များသို့ ရောက်ရှိနိုင်စေသည်။ အတူတကွ ခရီးပြုခြင်းသည် သာသနာတော်၏ သာသနာပြုခြင်းနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်တွင် လူအားလုံး (ဘုရားသခင်၏ သန့်ရှင်းသောလူမျိုးတော်) နှင့် အချို့သောသူများ (ဆရာတော်များအဖွဲ့)၏ ဓမ္မအမှုတော်ဆောင်ခြင်းကို မည်သို့အကောင်အထည်ဖော်နိုင်ကြောင်း ဤအတွေ့အကြုံက ညွှန်ပြနေပါသည်။ မတူကွဲပြားသော အခြေအနေများအတွက် သင့်လျော်သောနည်းလမ်းဖြင့်၊ အခြားခရစ်ယာန်များနှင့် အခြားဘာသာတရားများ၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် လူ့အဖွဲ့အစည်းတစ်ခုလုံး၏ ကိုယ်စားလှယ်များနှင့်အတူ နားထောင်ခြင်းနှင့် ဆွေးနွေးခြင်းအတွက် နေရာများ ပါဝင်နိုင်ကြောင်း ကျွန်ုပ်တို့ အဆိုပြုပါသည်။

၁၂၈။ တိကျသော လူမှုရေးနှင့် နိုင်ငံရေးအခြေအနေများတွင် ဆရာတော်ကြီးများအဖွဲ့ချုပ်တွင် အချို့တို့သည် ကမ္ဘာ့တိုက်ကြီးများအဆင့်အစည်းအဝေးပွဲများ၊ သို့မဟုတ် နိုင်ငံဖြတ်ကျော် အသင်းတော်ဆိုင်ရာအဖွဲ့အစည်းများတွင် ပါဝင်ရန် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ ကျေးဇူးတော်များ မျှဝေခြင်းရှိနိုင်စေရန်အတွက် အခြားသော ဆရာတော်များအဖွဲ့ချုပ်များနှင့် ထိတွေ့ခွင့်ရရှိစေရန်အတွက် ပုပ်ရဟန်းမင်းကြီး၏ဌာနချုပ်သည် နိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးမှုနှင့် အပြန်အလှန်ယုံကြည်မှုကို မြှင့်တင်ခြင်းဖြင့် ၎င်းတို့အား ကူညီပေးရန် တာဝန်ရှိပါသည်။

၁၂၉။ "ကောင်းမွန်သော ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း" (EG 16) နှင့် ယုံကြည်ခြင်း၏ ထိရောက်သောယဉ်ကျေးမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးကို အကောင်အထည်ဖော်ရန်အတွက် ဆရာတော်ကြီးများအဖွဲ့ချုပ်များ၏အခန်းကဏ္ဍကို အသိအမှတ်ပြုရန်သာမက သာသနာနယ်အပိုင်းအခြားအလိုက် ကောင်စီနှင့် စုံညီကောင်စီများဖြစ်သည့် သီးခြားကောင်စီများ အဖွဲ့အစည်းကိုလည်း ပြန်လည်ရှာဖွေရန် လိုအပ်ပါသည်။ ဤကောင်စီများအား အချိန်ကာလအလိုက် ကျင်းပခြင်းသည် သာသာနာတော်၏ သမိုင်းကြောင်းအတွက် တာဝန်တစ်ခုဖြစ်ပြီး လက်တင်ဝိနည်းကျင့်သုံးသော သာသနာတော်၏ ကာနွန်စည်းမျဉ်းဥပဒေတွင် လက်ရှိ ပြဋ္ဌာန်းထားသည် (CIC cann. 439-446 - ရှု)။ ၎င်းတို့ကို အချိန်ကာလအလိုက် ကျင့်သုံးသင့်သည်။

ပုပ်ရဟန်းမင်းကြီး၏ ဌာနချုပ်မှ သီးခြားကောင်စီများ၏ ဆုံးဖြတ်ချက်များကို အသိအမှတ်ပြုခြင်း (recognitio) လုပ်ထုံးလုပ်နည်းကို ၎င်းတို့၏ အချိန်မီ ထုတ်ဝေမှုကို အားပေးရန် တိကျသော နောက်ဆုံးရက်များကို သတ်မှတ်ခြင်းဖြင့် သို့မဟုတ် သီးခြားသိုးထိန်းဆိုင်ရာ သို့မဟုတ် စည်းကမ်းဆိုင်ရာကိစ္စရပ်များ (ယုံကြည်ခြင်း၊ အကျင့်စာရိတ္တ သို့မဟုတ် စက္ကရမင်တူးနှင့်ဆိုင်သော စည်းကမ်း၏ပြဿနာများနှင့် တိုက်ရိုက်မသက်ဆိုင်သော) ကိစ္စများတွင် တိတ်ဆိတ်သော သဘောတူညီမှုနှင့် ညီမျှသော တရားဝင်ထင်မြင်ယူဆချက်ကို မိတ်ဆက်ခြင်းဖြင့် ပြုပြင်သင့်သည်။

## ရောမဂိုဏ်းချုပ်ဆရာတော်၏အမှုတော်ထမ်းဆောင်ခြင်း

၁၃၀။ အတူတကွ သာသနာခရီးပြုနေသောလုပ်ငန်းစဉ်သည် ရောမမြို့၏ဆရာတော်ဖြစ်သည့် ပုပ်ရဟန်းမင်းကြီးသည် မိမိ၏ဓမ္မအမှုတော်ဆောင်ခြင်းကို ကျင့်သုံးသည့် နည်းလမ်းများနှင့်ပတ်သက်သောမေးခွန်းကိုလည်း ပြန်လည်သုံးသပ်ခဲ့သည်။ အတူတကွ သာသနာခရီးပြုခြင်းသည် ဒေသန္တရအသင်းတော်တစ်ခုစီနှင့် သာသနာတော်တစ်ခုလုံး၏ အသိုင်းအဝိုင်း (အားလုံး)၊ စုပေါင်း (အချို့) နှင့် ပုဂ္ဂိုလ်ရေးရှုထောင့်များကို သံစုံတီးဝိုင်းပုံစံဖြင့် ဖော်ပြသည်။ ဤသဘောတရားအရ ဘုရားသခင်၏လူမျိုးတော်များအားလုံးပါဝင်သော ဆရာတော်တစ်ပါး၏ ဓမ္မအမှုတော်ဆောင်ခြင်းကဲ့သို့ စုပေါင်းလုပ်ဆောင်မှု ပါဝင်သည့် အသိုင်းအဝိုင်းရှုထောင့်ကဲ့သို့ ပုပ်ရဟန်းမင်းကြီး၏ သိုးထိန်းအမှုတော်မြတ်သည် အတူတကွ သာသနာခရီးပြုခြင်းလှုပ်ရှားမှုတွင် အမွေခံဖြစ်သည်။ (ITC 64 - ရှု)

၁၃၁။ ထို့ကြောင့် အသင်းတော်ဆိုင်ရာ တစ်လုံးတစ်ဝတည်း ဖြစ်ခြင်း၌၊ ရဟန်းမင်းကြီးရုံး၏ အမြင့်ဆုံးအာဏာကို ဦးစားပေးမှုမပျက်မယွင်းဘဲ မိမိတို့၏ကိုယ်ပိုင်ရိုးရာဓလေ့များကို ခံစားကြသော တရားဝင် သီးခြားအသင်းတော်များ ရှိပါသည်။ ထိုသီးခြားအသင်းတော်များက ချစ်ခြင်းမေတ္တာ၏ ကမ္ဘာလုံးဆိုင်ရာ တစ်လုံးတစ်ဝတည်းဖြစ်မှုကို ကြီးကြပ်ပြီး တရားဝင်ကွဲပြားမှုများကို ကာကွယ်ထိန်းသိမ်းကာ စည်းလုံးညီညွတ်မှုကို အန္တရာယ်မဖြစ်စေရုံသာမက အထောက်အကူဖြစ်စေသည့် အထူးအရာကို စောင့်ရှောက်နေပါသည် (LG 13) ဟူသော ကောင်စီ၏အတည်ပြုချက်ကို ကျွန်ုပ်တို့ နားလည်နိုင်သည်။ သာသနာတော်၏ စည်းလုံးညီညွတ်မှုအခြေခံအုတ်မြစ်ဖြစ်သော ရောမမြို့၏ဆရာတော်၊ ပုပ်ရဟန်းမင်းကြီး (LG 23 - ရှု) သည် အတူတကွ ခရီးပြုခြင်းကို အာမခံသူဖြစ်သည်။ သူသည် သာသနာတော်ကို ဓမ္မညီလာခံတွင် စုဝေးစေသူဖြစ်ပြီး ယင်းကို ကြီးကြပ်ကာ ရလဒ်များကို အတည်ပြုသူဖြစ်သည်။ ရှင်ပေတရု၏အရိုက်

အရာကို ဆက်ခံသူအနေဖြင့်၊ ယုံကြည်ခြင်းနှင့် ကိုယ်ကျင့်တရားတို့ကို ထိန်းသိမ်းရန်၊ အတူတကွ သာသနာခရီးပြု နေသောလုပ်ငန်းစဉ်များသည် စည်းလုံးညီညွတ်မှုနှင့် သက်သေခံမှုဆီသို့ ဦးတည်ကြောင်း သေချာစေရန်အတွက် သူသည် ထူးခြားသောအခန်းကဏ္ဍမှ ပါဝင်သည်။ ပုပ်ရဟန်းမင်းကြီးနှင့်အတူ ဆရာတော်ကြီးများအဖွဲ့အစည်းသည် သာသနာတော်တစ်ခုလုံးကို ထိန်းကျောင်းရာတွင် (LG 22-23 - ရှု) နှင့် ဒေသန္တရအသင်းတော်များအားလုံးတွင် အတူတကွ သာသနာခရီးပြုခြင်းကို မြှင့်တင်ရာတွင် အစားထိုး၍မရသောအခန်းကဏ္ဍမှ ပါဝင်သည်။

၁၃၂။ မတူကွဲပြားမှုတွင် စည်းလုံးညီညွတ်မှုကို အာမခံထားသူအနေဖြင့် ပုပ်ရဟန်းမင်းကြီးသည် အရှေ့တိုင်း ကက်သလစ်အသင်းတော်များ၏အထောက်အထားကို ကာကွယ်ထိန်းသိမ်းထားကြောင်းနှင့် ၎င်းတို့၏ ရာစုနှစ်များစွာ သက်တမ်းရှိ ဓမ္မသဂြိုလ်၊ စည်းမျဉ်း၊ ဝတ်ပြုကိုးကွယ်ရေး၊ ဝိညာဉ်ရေးနှင့် သိုးထိန်းဆိုင်ရာ ရိုးရာဓလေ့များကို လေးစား ခြင်းအားဖြင့် သေချာစေသည်။ ဤအသင်းတော်များသည် ၎င်းတို့၏ ကိုယ်ပိုင်ဆွေးနွေးညှိနှိုင်းသော အတူတကွ သာသနာခရီးပြုခြင်းဆိုင်ရာဖွဲ့စည်းပုံများဖြင့် ပြုလုပ်ထားသည် အရှေ့တိုင်းအသင်းတော်၏ ဆရာတော်ကြီးများ ဓမ္မညီလာခံ (Synod of Bishops of the Patriarchal Church)၊ (Synod of the Major Archepiscopal Church ) (CCEO cann. 102 ss., 152 - ရှု)၊ ပြည်နယ်ကောင်စီ (Provincial Council ) (CCEO can. 137 - ရှု)၊ (Council of Hierarchs) (CCEO cann. 155, § 1, 164 ss. - ရှု) နှင့် နောက်ဆုံးတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မတူညီသော အသင်းတော်များ၏ ထိပ်တန်းစည်းဝေးပွဲများ (Assemblies of Hierarchs) (CCEO can. 322- ရှု)။

ပုပ်ရဟန်းမင်းကြီးနှင့် အပြည့်အဝ တစ်လုံးတစ်ဝတည်းရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ (sui iuris) အသင်းတော်များအဖြစ် ၎င်းတို့၏ အရှေ့တိုင်း အထောက်အထားနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ခိုင်မြဲစွာ ဆုပ်ကိုင်ထားသည်။ အတူတကွ သာသနာခရီးပြုခြင်း၏မူဘောင်အတွင်း၊ အတိတ်၏အနာများကို ကုသရန်နှင့် ကျွန်ုပ်တို့၏ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကို မည်သို့ရှင်သန်နေထိုင်ကြောင်းကို နက်ရှိုင်းစေရန်အတွက် သမိုင်းကို အတူတကွ ပြန်လည်သုံးသပ်ရန် သင့်လျော်ပါသည်။ ဆိုလိုသည်မှာ အရှေ့တိုင်း ကက်သလစ်အသင်းတော်များနှင့် ပုပ်ရဟန်းမင်းကြီး၏ ဗဟိုစီမံခန့်ခွဲရေး ရုံးအကြား ဆက်ဆံရေးကို ချိန်ညှိရန် ထည့်သွင်းစဉ်းစားခြင်းကို ဆိုလိုသည်။ လက်တင်အသင်းတော်နှင့် အရှေ့ပိုင်း ကက်သလစ်အသင်းတော်များအကြား ဆက်ဆံရေးသည် ကျေးဇူးတော်များ ဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အပြန်အလှန် ကြွယ်ဝစေခြင်းတို့ဖြင့် သွင်ပြင်လက္ခဏာဖြစ်ရပါမည်။

မတူကွဲပြားမှုတွင် စည်းလုံးညီညွတ်မှုကို အာမခံထားသူအနေဖြင့် ပုပ်ရဟန်းမင်းကြီးသည် အရှေ့တိုင်းကက်သလစ်အသင်းတော်များ၏ အထောက်အထားကို ကာကွယ်ထိန်းသိမ်းထားကြောင်းနှင့် ၎င်းတို့၏ ရာစုနှစ်များစွာ သက်တမ်းရှိ ဓမ္မသဂြိုလ်၊ စည်းမျဉ်း၊ ဝတ်ပြုကိုးကွယ်ရေး၊ ဝိညာဉ်ရေးနှင့် သိုးထိန်းဆိုင်ရာ ရိုးရာဓလေ့များကို လေးစား ခြင်းအားဖြင့် သေချာစေသည်။ ဤအသင်းတော်များသည် ၎င်းတို့၏ ကိုယ်ပိုင်ဆွေးနွေးညှိနှိုင်းသော အတူတကွ သာသနာခရီးပြုခြင်းဆိုင်ရာဖွဲ့စည်းပုံများဖြင့် ပြုလုပ်ထားသည် အရှေ့တိုင်းအသင်းတော်၏ ဆရာတော်ကြီးများ ဓမ္မညီလာခံ (Synod of Bishops of the Patriarchal Church)၊ (Synod of the Major Archepiscopal Church ) (CCEO cann. 102 ss., 152 - ရှု)၊ ပြည်နယ်ကောင်စီ (Provincial Council ) (CCEO can. 137 - ရှု)၊ (Council of Hierarchs) (CCEO cann. 155, § 1, 164 ss. - ရှု) နှင့် နောက်ဆုံးတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မတူညီသော အသင်းတော်များ၏ ထိပ်တန်းစည်းဝေးပွဲများ (Assemblies of Hierarchs) (CCEO can. 322 - ရှု)။ ပုပ်ရဟန်းမင်းကြီးနှင့် အပြည့်အဝ တစ်လုံးတစ်ဝတည်းရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ (sui iuris) အသင်းတော်များအဖြစ် ၎င်းတို့၏ အရှေ့တိုင်းအထောက်အထားနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ခိုင်မြဲစွာ ဆုပ်ကိုင်ထားသည်။ အတူတကွ သာသနာခရီးပြု ခြင်း၏ မူဘောင်အတွင်း၊ အတိတ်၏အနာများကို ကုသရန်နှင့် ကျွန်ုပ်တို့၏တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကို မည်သို့ ရှင်သန်နေထိုင်ကြောင်းကို နက်ရှိုင်းစေရန်အတွက် သမိုင်းကို အတူတကွ ပြန်လည်သုံးသပ်ရန် သင့်လျော်ပါသည်။ ဆိုလိုသည်မှာ အရှေ့တိုင်း ကက်သလစ်အသင်းတော်များနှင့် ပုပ်ရဟန်းမင်းကြီး၏ ဗဟိုစီမံခန့်ခွဲရေးရုံးအကြား ဆက်ဆံ ရေးကို ချိန်ညှိရန် ထည့်သွင်းစဉ်းစားခြင်းကို ဆိုလိုသည်။ လက်တင်အသင်းတော်နှင့် အရှေ့ပိုင်းကက်သလစ်အသင်း

တော်များအကြား ဆက်ဆံရေးသည် ကျေးဇူးတော်များ ဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အပြန်အလှန် ကြွယ်ဝစေခြင်းစသည့် သွင်ပြင်လက္ခဏာများရှိရမည်။

၁၃၃။ ဤဆက်ဆံရေးကို ပိုမိုတိုးတက်စေရန်အတွက် အတူတကွ သာသနာခရီးပြုနေသော စည်းဝေးပွဲသည် ပုပ်ရဟန်းမင်းကြီးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အရှေ့ပိုင်း ကက်သလစ်အသင်းတော်များ၏ အကြီးအကဲများ၊ ဂိုဏ်းချုပ်ဆရာတော်ကြီးများနှင့် မက်ထရိုပိုလီတန်များကောင်စီကို တည်ထောင်ရန် အဆိုပြုထားပါသည်။ ၎င်းသည် အတူတကွ သာသနာပြုခြင်း၏ ဖော်ပြမှုတစ်ခုဖြစ်ပြီး တစ်လုံးတစ်ဝတည်း ဖြစ်ခြင်းကို မြှင့်တင်ရန် ကိရိယာတစ်ခုလည်း ဖြစ်ပါသည်။ ကောင်စီသည် ဝတ်ပြုကိုးကွယ်ခြင်း၊ ဓမ္မသကြီလ်၊ ဥပဒေစည်းမျဉ်းနှင့် ဝိညာဉ်ရေးဆိုင်ရာ အမွေအနှစ်များကို မျှဝေရန် နည်းလမ်းတစ်ခုအဖြစ်လည်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ အရှေ့ပိုင်းအသင်းတော်မှ ယုံကြည်သူများစွာသည် လက်တင်ထုံးတမ်းဒေသများသို့ ရွှေ့ပြောင်းနေထိုင်ခြင်းသည် ၎င်းတို့၏ အထောက်အထားကို အန္တရာယ်ဖြစ်စေနိုင်သည်။ ဤအခြေအနေကို ကိုင်တွယ်ဖြေရှင်းရန် လက်တင်အသင်းတော်နှင့် အရှေ့ပိုင်းကက်သလစ်အသင်းတော်များအကြား ပူးပေါင်းဆောင်ရွက်မှုကို တတ်နိုင်သမျှ အားကောင်းစေရန် ကိရိယာများနှင့် စံနှုန်းများ ဖန်တီးရန် လိုအပ်ပါသည်။

အတူတကွ သာသနာခရီးပြုနေသောစည်းဝေးပွဲသည် ဘုန်းတော်ကြီးများမရှိသော အရှေ့တိုင်း ယုံကြည်သူများ အတွက် ပိုမိုကောင်းမွန်သော သိုးထိန်းဆိုင်ရာစောင့်ရှောက်မှုသေချာစေရန်နှင့် အရှေ့တိုင်းဆရာတော်များအား သင့်လျော်သောကိုယ်ပိုင်အုပ်ချုပ်ခွင့်ဖြင့် ဆရာတော်ကြီးများအဖွဲ့ချုပ်တွင် ပါဝင်စေရန်အတွက် လက်တင်နှင့် အရှေ့တိုင်း ဆရာတော်ကြီးများအကြား သဘောထားမှန်သောဆွေးနွေးမှုနှင့် ညီအစ်ကိုများကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုကို အကြံပြုပါသည်။ နောက်ဆုံးတွင်၊ စည်းဝေးပွဲသည် အရှေ့တိုင်း ကက်သလစ်အသင်းတော်များ၏ ခိုင်မာမှုနှင့် ပြန်လည်ရှင်သန်မှုကို မြှင့်တင်ရန်အတွက် ပုပ်ရဟန်းမင်းကြီးက အထူးဓမ္မညီလာခံကို ခေါ်ယူကျင်းပရန် အဆိုပြုပါသည်။

၁၃၄။ ပုပ်ရဟန်းမင်းကြီး၏ ဓမ္မအမှုတော်ဆောင်ခြင်းအပေါ် အတူတကွ သာသနာခရီးပြုခြင်းဆိုင်ရာ ဆင်ခြင်သုံးသပ်ချက်ကို ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်နှင့် များစွာသော ဆရာတော်ကြီးများအဖွဲ့ချုပ်က လိုလားသည့် "သင့်လျော်သော ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း" (EG 16) ရှုထောင့်မှ ဆောင်ရွက်ရပါမည်။ Praedicate Evangelium အရ ဤဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းသည် မိမိတို့၏တာဝန်ဖြစ်သော ဆရာများအဖြစ်နှင့် သိုးထိန်းများအဖြစ်ကို ကျင့်သုံးရာတွင်၊ သာသနာတော်၏စည်းလုံးညီညွတ်မှုနှင့်ပတ်သက်ပြီး သွန်သင်ချက်၊ စည်းကမ်းနှင့် တစ်လုံးတစ်ဝတည်း ရှိခြင်းအား မထိခိုက်စေသော ယခင်ပြဿနာများကို ဖြေရှင်းရန် ဆရာတော်များထံ လုပ်ပိုင်ခွင့်အာဏာအား အပ်နှင်းထားခြင်းကို ဆိုလိုသည်။ အသီးအပွင့်ဖြစ်သော၊ တထူးတခြား နားမလည်နိုင်သော တစ်လုံးတစ်ဝတည်း (mysterium communionis) ဖြစ်သည့် သာသနာတော်ကို ဖော်ပြနေသည့် ပူးတွဲ-တာဝန်ခံမှုကို ထိုသဘောထားနှင့်အတူ အမြဲ လုပ်ဆောင်နေခြင်းဖြစ်သည်။ (PE II, 2) ဤလမ်းကြောင်းအတိုင်း ဆက်လက်တိုးတက်စေရန်၊ ပုပ်ရဟန်းမင်းကြီးထံ တင်ပြသင့်သော ကိစ္စရပ်များ (reservatio papalis) နှင့် ၎င်းတို့၏ အသင်းတော်များ သို့မဟုတ် အသင်းတော်များ အုပ်စုများတွင် ဆရာတော်များထံ တင်ပြနိုင်သောကိစ္စရပ်များကို ခွဲခြားသတ်မှတ်ရန်အတွက် ဓမ္မသကြီလ်ဆိုင်ရာနှင့် ကာနွန်ဥပဒေစည်းမျဉ်းဆိုင်ရာ လေ့လာမှုကို စတင်နိုင်သည်။ ၎င်းကို မကြာသေးမီက ထုတ်ပြန်ခဲ့သော Motu Proprio Competentias quasdam decernere (ဖေဖော်ဝါရီ ၁၅၊ ၂၀၂၂) နှင့်အညီ လုပ်ဆောင်သင့်သည်။ ဤစာတမ်းသည် "ကမ္ဘာလုံးဆိုင်ရာသာသနာတော်တွင် စည်းကမ်း၏ စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းရန် ရည်ရွယ်သည့် ကျင့်ထုံးများဆိုင်ရာ အချို့သောအခွင့်အာဏာနယ်ပယ်များနှင့် ဒေသန္တရအသင်းတော်များနှင့် အသင်းတော်ဆိုင်ရာအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအာဏာ"ကို အသင်းတော်ဆိုင်ရာ တစ်လုံးတစ်ဝတည်းဖြစ်မှု၏ လှုပ်ရှားမှုအပေါ် အခြေခံ၍ သတ်မှတ်ပေးသည်။ သက်ဆိုင်ရာ တာဝန်နှင့် အခွင့်အာဏာရှိသူများက အတူတကွ သာသနာခရီးပြုနေသော ပုံစံဖြင့် စည်းမျဉ်းဥပဒေ စံနှုန်းများကိုပင် တီထွင်သင့်ပြီး အသင်းတော်ဆိုင်ရာ ခွဲခြားသိမြင်မှု၏ အသီးအပွင့်အဖြစ် ရင့်ကျက်လာစေရန် ခွင့်ပြုသင့်သည်။

၁၃၅။ Praedicate Evangelium သည် ပုပ်ရဟန်းမင်းကြီး၏ ဗဟိုစီမံခန့်ခွဲရေးရုံး၏ အစေခံမှုကို အတူတကွ သာသနာခရီးပြုခြင်းဖြင့် သာသနာပြုသည့်ပုံစံအား ဖော်ပြထားသည်။ ၎င်းက ပုပ်ရဟန်းမင်းကြီးနှင့် ဆရာတော်ကြီးများအကြားတွင် တည်ရှိခြင်းမဟုတ်ဘဲ တစ်ခုစီ၏ သဘောသဘာဝနှင့်သင့်လျော်သောနည်းလမ်းများအရ နှစ်ဦးစလုံးက လုပ်ဆောင်နိုင်သောအနေအထားတွင် ရှိသည် (PE I, 8) ဟု အခိုင်အမာဆိုထားပါသည်။ ၎င်းကို အကောင်အထည်ဖော်ရာတွင် ရုံးဌာနများအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရန် အားပေးသင့်ပြီး ဒေသန္တရအသင်းတော်များ အား နားထောင်ခြင်းကို အားပေးသင့်သည်။ အရေးကြီးသောစံနှုန်းများကို မပြဋ္ဌာန်းမီ ရုံးဌာနများသည် ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့် အရှေ့တိုင်းကက်သလစ်အသင်းတော်များအား သက်ဆိုင်ရာဖွဲ့စည်းပုံများနှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးမှုစတင်ရန် တိုက်တွန်းထားသည်။ အထက်တွင် ဖော်ပြထားသော ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၏ အကြောင်းပြချက်နှင့်အညီ ဗဟိုစီမံခန့်ခွဲရေးရုံး၏လုပ်ငန်းကို အကဲဖြတ်သည့် ပုံစံများကို စဉ်းစားနိုင်သည်။ ထိုသို့သော အကဲဖြတ်မှုကို အတူတကွသာသနာခရီးပြုခြင်းနှင့် သာသနာပြုရှုထောင့်မှစ၍ ပုပ်ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်များအထိ တိုးချဲ့နိုင်သည်။ သာသနာပိုင်ဆရာတော်များ (၅)နှစ်တစ်ကြိမ် ပုပ်ရဟန်းမင်းကြီးနှင့် သွားရောက်တွေ့ဆုံပြီး မိမိတို့သာသနာနယ်အကြောင်း အစီရင်ခံခြင်း (ad limina Apostolorum) သည် ဒေသန္တရအသင်းတော်များမှ ဆရာတော်များနှင့် ရောမမြို့၏ဆရာတော် ပုပ်ရဟန်းမင်းကြီးနှင့်လည်းကောင်း၊ ပုပ်ရဟန်းမင်းကြီး၏ ဗဟိုစီမံခန့်ခွဲရေးရုံးရှိ ၎င်း၏ အနီးကပ်ဆုံး လုပ်ဖော်ကိုင်ဖက်များနှင့်လည်းကောင်း ထားရှိသောဆက်ဆံရေး၏အရေးကြီးဆုံးအပိုင်းဖြစ်သည်။ ဆရာတော်များစွာသည် ဤသို့အလည်အပတ်ပြုလုပ်သည့်နည်းလမ်းကို ပြန်လည်သုံးသပ်ပြီး ၎င်းတို့အား ပိုမိုပွင့်လင်းသောဖလှယ်မှုနှင့် အပြန်အလှန် နားထောင်ခြင်းအတွက် အခွင့်အရေးတစ်ခုဖြစ်လာစေရန် ဆန္ဒရှိကြသည်။ ၎င်းတို့၏ မတူကွဲပြားသောယဉ်ကျေးမှုများနှင့် နောက်ခံအခြေအနေများကို ထည့်သွင်းစဉ်းစားခြင်းဖြင့် သာသနာတော်၏ ကောင်းကျိုးအတွက် ကာဒီနယ်များကောင်စီ၏ အဖွဲ့ဝင်များသည် တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးကျွမ်းဝင်လာစေရန်နှင့် ၎င်းတို့ကြား တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၏ဆက်ဆံရေးများကို မြှင့်တင်ရန် အရေးကြီးပါသည်။ အတူတကွ သာသနာခရီးပြုခြင်းသည် ပုပ်ရဟန်းမင်းကြီး၏သိုးထိန်းအမှုတော်နှင့် ၎င်းတို့၏ပူးပေါင်းဆောင်ရွက်မှုကိုလည်းကောင်း၊ ပုံမှန်နှင့် အထူးသာသနာ့အာဏာပိုင်များအစည်းအဝေးတွင် ၎င်းတို့၏ စုပေါင်းခွဲခြားသိမြင်မှုကိုလည်းကောင်း လှုံ့ဆော်သင့်သည်။

၁၃၆။ ဆရာတော်ကြီးများ၏ ဓမ္မညီလာခံသည် အထင်ရှားဆုံးသောနေရာများထဲမှ တစ်ခုအဖြစ် ပေါ်ထွက်လာပြီး အတူတကွ သာသနာခရီးပြုခြင်းနှင့် စုပေါင်းလုပ်ဆောင်ခြင်းကို ကျင့်သုံးရမည်ဖြစ်သည်။ Apostolic Constitution Episcopalis communio သည် ၎င်းကို ဖြစ်ရပ်တစ်ခုမှ သာသနာ့လုပ်ငန်းစဉ်တစ်ခုသို့ ပြောင်းလဲခဲ့သည်။ သာသနာတော်တစ်ခုလုံးအတွက် ပုပ်ရဟန်းမင်းကြီးကို အားပေးကူညီရန် စည်းဝေးပွဲအဖြစ် Saint Paul VI မှ ဓမ္မညီလာခံကို တည်ထောင်ခဲ့သည်။ ယနေ့ခေတ်တွင် အဆင့်လိုက်လုပ်ငန်းစဉ်တစ်ခုအဖြစ် ပြောင်းလဲခဲ့ပါသည်။ ၎င်းသည် ဘုရားသခင်၏လူများ၊ ဆရာတော်များအဖွဲ့အစည်းများနှင့် ပုပ်ရဟန်းမင်းကြီးတို့ကြား မရှိမဖြစ် လိုအပ်သောဆက်ဆံရေးကို မြှင့်တင်ပေးသည်။ ဘုရားသခင်၏ သန့်ရှင်းသောလူအပေါင်းတို့၊ ဘုရားသခင်၏လူများကို အပ်နှင်းထားသော ဆရာတော်များနှင့် ပုပ်ရဟန်းမင်းကြီးတို့သည် သင့်လျော်သောလုပ်ဆောင်မှုအရ အတူတကွ သာသနာခရီးပြုသည့်လုပ်ငန်းစဉ်တွင် အပြည့်အဝ ပါဝင်ကြသည်။ ဤပါဝင်မှုသည် ကက်သလစ်သာသနာကို ထင်ဟပ်စေသည့် ပုပ်ရဟန်းမင်းကြီး၏ အနီးအနားၣ် စုရုံးသော အတူတကွသာသနာခရီးပြုနေသည့် စည်းဝေးပွဲ၏ ကွဲပြားသောဖွဲ့စည်းမှုတွင် ထင်ရှားသည်။ အထူးသဖြင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ် ရှင်းပြသည့်အတိုင်း၊ ဤ(၁၆)ကြိမ်မြောက် သာမန်အထွေထွေညီလာခံ၏ဖွဲ့စည်းမှုမှာ ဆက်နွယ်နေသည့်အမှန်တရားတစ်ခုထက် ပိုပါသည်။

ငြင်းသည် သာသနာတော်၏ ရှင်သန်နေသောဓလေ့ထုံးတမ်းနှင့် ဒုတိယဗာတီကန်ကောင်စီ၏သွန်သင်မှုတို့ဖြင့် ဆရာတော်၏သိုးထိန်းအမှုတော်အား ကျင့်သုံးသည့်နည်းလမ်းကို ဖော်ပြသည်။ (၁၆ ကြိမ်မြောက် သာမန်အထွေထွေညီလာခံ၏ ဒုတိယပိုင်းအတွက် မိန့်ခွန်း၊ 2 October 2024)။ ဆရာတော်များ၏ ဓမ္မညီလာခံသည် ဆရာတော်၏ သဘာဝကို ထိန်းသိမ်းစောင့်ရှောက်ထားပြီး ဘုရားသခင်၏လူမျိုးတော်၏ အခြားအဖွဲ့ဝင်များပါဝင်မှုကို အခြေခံအားဖြင့်

ဆက်နွယ်မှုရှိပြီး သာသနာပြုခြင်းအတွက် အတူတကွ ခရီးပြုနေကြောင်း သိနားလည်သော သာသနာတော်တစ်ခုတွင် ဆရာတော်၏လုပ်ပိုင်ခွင့်အာဏာအား ကျင့်သုံးရန် ဖိတ်ခေါ်ခံရသည့်ပုံစံကို မြင်တွေ့ရပြီးဖြစ်သကဲ့သို့ အနာဂတ်တွင်လည်း ဆက်လက်မြင်တွေ့နိုင်ပေလိမ့်မည် (ibid.)။ ဆရာတော်များဓမ္မညီလာခံ၏ဝိသေသလက္ခဏာကို နက်ရှိုင်းစေရန် ပြုလုပ်ရာတွင် မရှိမဖြစ် လိုအပ်သောအရာမှာ အားလုံး (*ဘုရားသခင်၏သန့်ရှင်းသောလူများ*)က၊ အချို့ (*ဆရာတော်များအဖွဲ့*) ၏ဓမ္မအမှုတော်ဆောင်ခြင်းနှင့်အတူ တစ်ဦး (ရှင်ပေတရု၏အရိုက်အရာဆက်ခံသူ) ၏ဦးဆောင်မှုအောက်၌ အတူတကွ လုပ်ဆောင်နေကြောင်းကို သာသနာပြုခရီးစဉ်တစ်လျှောက်လုံးနှင့် စည်းဝေးပွဲများအတွင်း ထင်ရှားစွာ သိမြင်လာစေရန်ဖြစ်သည်။

၁၃၇။ ၂၀၂၁-၂၀၂၄ ဓမ္မညီလာခံ၏ အထင်ရှားဆုံးအသီးအပွင့်များထဲမှ တစ်ခုမှာ ခရစ်ယာန်များတစ်လုံးတစ်ဝတည်းဖြစ်ရေးအတွက် အပြင်းအထန်အားထုတ်ခြင်းဖြစ်သည်။ သာသနာပိုင်ချုပ်အရိုက်အရာကို ကျင့်သုံးရန်အတွက် နည်းလမ်းတစ်ခုရှာဖွေရန် လိုအပ်သည်။ အခြေအနေသစ်အတွက် လမ်းဖွင့်ထားခြင်းမှာလည်း အတူတကွ ခရီးပြုသော သာသနာတော်နှင့် ခရစ်ယာန်စည်းလုံးညီညွတ်မှုအတွက် မရှိမဖြစ်လိုအပ်သည်။ ခရစ်ယာန်များ စည်းလုံးညီညွတ်မှု မြှင့်တင်ရေးရုံးတော်က မကြာသေးမီက ထုတ်ဝေခဲ့သော ရောမမြို့၏ ဆရာတော် ပုပ်ရဟန်းမင်းကြီး၏ ခရစ်ယာန်များ တစ်လုံးတစ်ဝတည်းရှိရေးဆိုင်ရာဆွေးနွေးမှုများနှင့် ရဟန်းမင်းကြီး St. John Paul II ၏စာချွန်တော်၊ ခရစ်ယာန်များ တစ်လုံးတစ်ဝတည်းရှိရေးအတွက် ကတိကဝတ် (Ut Unum Sint) သို့ တုံ့ပြန်မှုများတွင် သာသနာပိုင်ချုပ်အရိုက်အရာနှင့် အတူတကွသာသနာခရီးပြုခြင်းစာတမ်းကို ဓမ္မညီလာခံက ကြိုဆိုပြီး ၎င်းသည် နောက်ထပ်လေ့လာမှုအတွက်လည်း လမ်းဖွင့်ပေးထားပါသည်။ စာတမ်းက ခရစ်ယာန်များစည်းလုံးညီညွတ်မှုကို အားပေးလုပ်ဆောင်ခြင်းသည် ရောမမြို့၏ဆရာတော်ဖြစ်သော ပုပ်ရဟန်းမင်းကြီး၏ သိုးထိန်းအမှုတော်မြတ်အတွက် မရှိမဖြစ်ရှုထောင့်တစ်ခုဖြစ်ပြီး ခရစ်ယာန်များတစ်လုံးတစ်ဝတည်းဖြစ်ရေးခရီးစဉ်သည် ၎င်းကို ပိုမိုနက်ရှိုင်းစွာ နားလည်စေရန် အထောက်အကူပြုကြောင်း ဖော်ပြသည်။

၁၃၈။ အခြားအသင်းတော်များနှင့် ခရစ်ယာန်အသိုင်းအဝိုင်းများမှ ညီအစ်ကိုကိုယ်စားလှယ်များ ဓမ္မညီလာခံတွင် ပါဝင်မှုကြောင့် အရှေ့နှင့် အနောက် နှစ်မျိုးလုံးရှိ ခရစ်ယာန်များတစ်လုံးတစ်ဝတည်းဖြစ်ရေးနှင့် မိတ်ဖက်များ၏ အတူတကွ သာသနာပြုသည့်အလေ့အကျင့်များအပေါ် ပိုမိုအာရုံစိုက်ရန် ဖိတ်ခေါ်ထားသည်။ ခရစ်ယာန်များတစ်လုံးတစ်ဝတည်းဖြစ်ရေးအတွက် ဆွေးနွေးမှုသည် အတူတကွသာသနာခရီးပြုခြင်းနှင့် သာသနာတော်၏စည်းလုံးညီညွတ်မှုအပေါ် ပိုမိုနားလည်လာစေရန် အထောက်အကူပြုသည်။ ၎င်းသည် သာသနာပြုခြင်းနှင့်ပတ်သက်သော ခရစ်ယာန်များ တစ်လုံးတစ်ဝတည်းဆိုင်ရာဓမ္မညီလာခံကို ကျင်းပခြင်းကဲ့သို့သော အားလုံးနှင့်သက်ဆိုင်သည့်မေးခွန်းများအပေါ် တိုင်ပင်ဆွေးနွေးမှုနှင့် ခွဲခြားသိမြင်မှုပုံစံများအပါအဝင် ခရစ်ယာန်များ တစ်လုံးတစ်ဝတည်းဖြစ်ရေးဆိုင်ရာ အတူတကွ သာသနာခရီးပြုခြင်းအလေ့အကျင့်များကို ဖွံ့ဖြိုးတိုးတက်စေရန် ကျွန်ုပ်တို့အား တိုက်တွန်းပါသည်။ ၎င်းသည် ကျွန်ုပ်တို့မည်သူဖြစ်သည်၊ ကျွန်ုပ်တို့ ဘယ်အရာလုပ်သည်၊ ကျွန်ုပ်တို့ ဘယ်အရာကို သွန်သင်သည်ဆိုသည့်အရာများအတွက် အပြန်အလှန် တာဝန်ယူမှုကိုလည်း ဖိတ်ခေါ်ပါသည်။ ၎င်းကို ဖြစ်နိုင်စေသောအရာမှာ ကျွန်ုပ်တို့၏ စည်းလုံးညီညွတ်မှုဖြစ်သည်။ ယင်းသည် အသက်ပေးသည့်ဆေးကြောခြင်းမင်္ဂလာအားဖြင့် ကျွန်ုပ်တို့အား ဘုရားသခင်၏လူမျိုးတော်အဖြစ် တစ်လုံးတစ်ဝတည်းဖြစ်ရေး၌ ပါဝင်ဆောင်ရွက်စေခြင်းငှာ သာသနာပြုလုပ်ရှားမှုကို အားပေးလေသည်။

၁၃၉။ ၂၀၂၅ ခုနှစ်၊ ဂျူဘီလီနှစ်တွင် ခရစ်ယာန်များအားလုံးကို စည်းလုံးစေသောယုံကြည်ခြင်း၏သက်တေကို ပုံဖော်ခဲ့သည့် ခရစ်ယာန်များတစ်လုံးတစ်ဝတည်းဖြစ်ရေးအတွက် ပထမဆုံးအစည်းအဝေးဖြစ်သော နိုင်စီယာကောင်စီ၏ နှစ်ပတ်လည်နေ့ကိုလည်း ကျွန်ုပ်တို့ကျင်းပပါမည်။ ဤဖြစ်ရပ်၏ (၁၇၀၀)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ပြင်ဆင်ခြင်းနှင့် ပူးတွဲအထိမ်းအမှတ်ပွဲသည် ခရစ်တော်၌ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို အတူတကွ နက်ရှိုင်းစေပြီး ရှိုးရာဓလေ့အားလုံးမှ

ခရစ်ယာန်များအကြား အတူတကွ သာသနာခရီးပြုခြင်းပုံစံများကို ကျင့်သုံးရန် အခွင့်အရေးတစ်ခု ဖြစ်သင့်သည်။ ၂၀၂၅ ခုနှစ်တွင် ဘုရားသခင်၏အလိုတော်အရ ဖြစ်ပေါ်လာမည့်ပုံစံအတိုင်း၊ ကျွန်ုပ်တို့သည် ခရစ်တော်သခင်၏ ရှင်ပြန်ထမြောက်ခြင်းပွဲတော်ကို တစ်နေ့တည်းတွင် ကျင်းပနိုင်စေရန်အတွက် အီစတာပွဲတော်ကျင်းပမည့်ဘုံရက်စွဲတစ်ခု သတ်မှတ်ခြင်းကဲ့သို့သော ရဲရဲဝံ့ဝံ့အစပျိုးမှုများကို စတင်ရန် အခွင့်အရေးတစ်ခုလည်း ဖြစ်လိမ့်မည်။ ၎င်းသည် တစ်ကမ္ဘာလုံး၏အသက်နှင့် ကယ်တင်ခြင်းဖြစ်သော ကိုယ်တော်ရှင်အား ကြေညာခြင်းအတွက် သာသနာပြုအင်အားကို ပိုမိုကြီးမားစေပေလိမ့်မည်။

# အပိုင်း (၅)

## သင်တို့အား ငါစေလွှတ်သည်

## ခရစ်တော်နောက်လိုက် သာသနာပြု စိတ်တူကိုယ်တူအဖွဲ့ကို ဖွဲ့စည်းခြင်း

*တစ်ဖန်ကိုယ်တော်က "သင်တို့၌ ငြိမ်းချမ်းသာယာခြင်းရှိစေသတည်း။ ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူသကဲ့သို့ ငါသည်လည်း သင်တို့ကို စေလွှတ်၏"ဟု မိန့်တော်မူ၏။ ထို့နောက်ကိုယ်တော်သည် သူတို့အပေါ်သို့ မှုတ်တော်မူလျက် "ဝိညာဉ်တော်မြတ်ကို ခံယူကြလော့။" ဟု မိန့်တော်မူ၏။ (ယော ၂၀း ၂၁-၂၂)*

၁၄၀။ ရှင်ပြန်ထမြောက်တော်မူသည့်ညနေခင်းတွင် ခရစ်တော်သည် သူ၏တပည့်တော်ကြီးများအား ငြိမ်းချမ်းခြင်းကို ပေးဝေ၍ သူ၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ကြရန် တပည့်တော်ကြီးများအား လွှဲပြောင်းပေးခဲ့ပါသည်။ ခရစ်တော်သခင်၏ ငြိမ်းချမ်းခြင်းဆိုသည်မှာ ဘုရားသခင်နှင့်လည်းကောင်း၊ ညီအစ်ကိုမောင်နှမများနှင့်လည်းကောင်း၊ ဖန်ဆင်းခံအရာများဖြင့်လည်းကောင်း ချစ်ခင်စည်းလုံးစွာဖြင့် ပြည့်ဝစုံလင်သောဘဝကို ရရှိခံစားနိုင်စေခြင်းပင်ဖြစ်ပါသည်။ သူ၏လုပ်ငန်းတာဝန်မှာ ဘုရားသခင်၏နိုင်ငံတော်ကိုတည်ဆောက်ပြီး လူသားများအား ချစ်ခြင်းမေတ္တာနှင့် ကြင်နာခြင်းကို ပြသကြရန်ဖြစ်ပါသည်။ ခရစ်တော်သခင်မိန့်ကြားခဲ့သည့်စကားသည် ဖန်ဆင်းခြင်း၏အစကို ပြန်လည်အမှတ်ရစေပါသည်။ ယခုအချိန်တွင် ဝိညာဉ်တော်မြတ်၏ ဆုကျေးဇူးတော်များမှုတ်သွင်းခြင်းခံရသဖြင့် ခရစ်တော်နောက်လိုက် သာသနာပြု စိတ်တူကိုယ်တူအဖွဲ့သည် ဖန်ဆင်းခြင်းအသစ်ဖြင့် မွေးဖွားလာခဲ့လေပြီ။

၁၄၁။ ဘုရားသခင်၏ သန့်ရှင်းသောလူမျိုးစုကို ကောင်းမွန်စွာသင်တန်းပေးဖို့ရန်လိုအပ်ပြီး ထိုသို့လုပ်ဆောင်ခြင်းအတွက် ဘုရားသခင်၏ သတင်းကောင်းကို ဝေမျှရန်နှင့် အတူတကွလုပ်ဆောင်လာနိုင်စေရန်အတွက် အထောက်အကူဖြစ်စေပါမည်။ ထိုသို့လုပ်ဆောင်မည့်သူများမှာလည်း ဆုတောင်းခြင်းနှင့် ဆင်းရဲသားများကို ကူညီစောင်မပေးသည့်အချိန်မျိုးတွင် ခရစ်တော်သခင်၏ လမ်းစဉ်ကိုလျှောက်လှမ်းနေကြသောသူတိုင်းသည် ဘုရားသခင်၏ သားသမီးများအဖြစ်လွတ်လပ်စွာ ခံစားမိနေဖို့အတွက် အရေးကြီးပါသည်။ အတူတကွ လုပ်ကိုင်ဆောင်ရွက်ခြင်းဟူသည် ရည်ရွယ်ချက်ခိုင်ခိုင်မာမာထားရှိပြီး ၎င်းတို့လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို ဝေမျှထမ်းဆောင်ရန်အတွက် အသင့်ဖြစ်နေခြင်းကို ဆိုလိုပါသည်။ ထိုအထဲတွင် အခြားသူများကိုလည်း ပူးပေါင်းပါဝင်နိုင်စေရန်နှင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်း အတူတကွပြုလုပ်လာနိုင်စေမည့် နည်းလမ်းသစ်များကို တီထွင်ကြံဆခြင်းများလည်း ပါဝင်ပါသည်။ ထိုသို့ဖြစ်လာရန်အတွက် သင်တန်းများမှာ မရှိမဖြစ်လိုအပ်ပါသည်။ လူအများသည် မည်သို့ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ရမည်နှင့် အသင်းတော်၏နည်းလမ်းများကို သိရှိနားလည်လာပါက ဆေးကြောခြင်းခံယူရာ၌ရရှိခဲ့သော ဆုကျေးဇူးတော်များကို လူတိုင်း၏ကောင်းကျိုးအတွက် အသုံးချရမည်ကို သိရှိနားလည်လာမည့်အပြင် အသုံးမချပဲထားခြင်း၊ မျက်ကွယ်ပြုထားခြင်းများ မပြုလုပ်သင့်ကြောင်းကိုလည်း သိရှိလာကြပါမည်။

၁၄၂။ ခရစ်တော်နောက်ကို လိုက်ပါနေသော သာသနာပြုများ၏ အစပြုခြင်းဘဝသည် ဆေးကြောခြင်းခံယူခြင်း၊ ကိုယ်တော်မြတ်စက္ကရမင်ကို လက်ခံရရှိခြင်းနှင့် ခရစ္စမားအားပေးခြင်းတည်းဟူသော အချက်များဖြင့်ပင် အစပြုခဲ့ပါသည်။ လူတစ်ယောက်၏ ယုံကြည်ခြင်းလမ်းခရီးတစ်လျှောက်တွင် မိသားစုများကဲ့သို့သော မိမိတို့ကို ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်နှင့် ချိတ်ဆက်ပေးနိုင်သည့် ခေါင်းကိုင်မိဘများ၊ ဆရာ/ဆရာမများ၊ ရဟန်းတော်များနှင့် ဆရာတော်များ

တို့နှင့် ထိတွေ့ဆက်ဆံနေရပေသည်။ တခါတရံတွင် ထိုအစပြုခြင်းအတိုင်း လုပ်ဆောင်ရာတွင် လူအများနှင့် ထိတွေ့ဆက်ဆံမှုကင်းကာ ချမှတ်ထားသည့် လမ်းစဉ်များမှ သွေဖည်သွားသည်များလည်းရှိပါသည်။ သို့သော်လည်း ထိုကဲ့သို့သောသာသနာပြုလုပ်ငန်းစဉ်သည် စဉ်ဆက်မပြတ်လုပ်ဆောင်နေရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး မိမိတို့၏ယုံကြည်ခြင်းကို တည်ဆောက်ကာ ဝိညာဉ်တော်ဘုရား ပေးသနားသည့် ဆုကျေးဇူးတော်များဖြင့် ပျော်ရွှင်စွာနေထိုင်နိုင်ရန်ပင်ဖြစ်ပါသည်။ ထို့အတွက်ကြောင့်ပင် တနင်္ဂနွေနေ့ မစ္ဆားတရားတော်မြတ်သည် ခရစ်ယာန်များ ပိုမိုတိုးပွားလာမှုအတွက် မည်မျှအရေးပါကြောင်း ဖော်ပြနေပါသည်။ လူပေါင်းများစွာအတွက် တနင်္ဂနွေနေ့မစ္ဆားတရားတော်မြတ်သည် မိမိတို့အသင်းတော်နှင့် ချိတ်ဆက်နိုင်ရန်အတွက် လုပ်ဆောင်ပေးနေပြီး၊ အဆိုပါမစ္ဆားတရားတော်မြတ်တွင်လည်း ကောင်းမွန်စွာ ပူဇော်နိုင်ရန် ဘုရားသခင်၏နှုတ်ကပါတ်တော်ကို နာယူခြင်းအားဖြင့် အတူတကွ တစ်ပေါင်းတစ်စည်းတည်း လုပ်ဆောင်နိုင်မည့် လမ်းစဉ်များကိုပါ ရရှိနိုင်မည်ဖြစ်ပါသည်။ ထိုမစ္ဆားတရားတော်မြတ်တွင် အသင်းတော်တွင် ရှိနေကြသော လူများနှင့် ပေါင်းစပ်မိပြီး ထိုအရာသည် ဘုရားသခင်ဖြစ်စေချင်သော လက်ဆောင်မွန်ပင်ဖြစ်ပါသည်။ အတူတကွ လုပ်ဆောင်ခြင်းမတိုင်မီ ထိုသို့သော စိတ်ဓာတ်ရရှိရန်မှာ အဆိုပါ မစ္ဆားတရားတော်မြတ်မှသာ ရရှိနိုင်ပါသည်။ ရဟန်းတစ်ပါး၏ ဦးဆောင်မှုအောက်တွင် လူတိုင်းသည် ဘုရားသခင်၏နှုတ်ကပါတ်တော်နှင့် ခရစ်တော်၏ အသွေးတော်အသားတော်၌ ပါဝင်ခွင့်ရရှိကြပါသည်။ မစ္ဆားတရားတော်မြတ်တိုင်းတွင် လူအများအတွက် ပေးသနားသည့် ဆုကျေးဇူးတော်များ၊ လုပ်ဆောင်ရမည့်တာဝန်ဝတ္တရားများနှင့် အတူတကွ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်လိုစိတ်များကို အားသစ်လောင်းခြင်းခံရပါသည်။

၁၄၃။ သာသနာ့ညီလာခံအတွင်းတွင် အပူတပြင်းတောင့်တနေကြသော ဆန္ဒတစ်ခုမှာ ခရစ်ယာန်အသိုင်းအဝိုင်းအတွင်း စနစ်ကျနသော ဖွဲ့စည်းပုံနှင့် အချင်းချင်းအကြား အပြန်အလှန်ဝေမျှမှုများ လုပ်ဆောင်ပေးကြရန်ဖြစ်ပါသည်။ အဆိုပါ ဖွဲ့စည်းပုံတွင်လည်း ကြားသိလာရသည့် အချက်အလက်များကိုသာ လက်ကိုင်မထားဘဲ အခြားသူများကိုလည်း လွတ်လပ်စွာ သင်ယူနိုင်ရန်၊ အခြားသူများနှင့် ချိတ်ဆက်နိုင်ရန်နှင့် လေးနက်စွာ ဆင်ခြင်နိုင်ရန်အတွက်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။ ထိုလုပ်ငန်းစဉ်တွင် လူတစ်ဦးတစ်ယောက်၏ စိတ်၊ ခံစားမှု၊ ဆက်နွယ်မှုနှင့် ၎င်းတို့ဘဝတွင် တွေ့ကြုံခံစားခဲ့ရသည့် အတွေ့အကြုံများအားဖြင့် အကြံဉာဏ်ပေးခြင်းများလည်း ပါဝင်ပါသည်။ များစွာသောပါဝင်ဆွေးနွေးကြသူများမှာ အမျိုးသား/အမျိုးသမီး အခန်းကဏ္ဍ၊ လူဝတ်ကြောင်ကဏ္ဍ၊ သူတော်စင်ဂိုဏ်းဝင်များကဏ္ဍနှင့် ဆက်လက်တာဝန်ယူလုပ်ဆောင်ကြမည့် ခေါင်းဆောင်များ၏ သတင်းအချက်အလက်မျှဝေမှုနှင့် အတူတကွဝိုင်းဝန်းလုပ်ဆောင်နိုင်မည့်ကဏ္ဍများကို အလေးထားပြောကြားနေကြပါသည်။ ဤသို့လုပ်ဆောင်ခြင်းသည် လူတိုင်းအားဗဟုသုတတိုးပွားစေကာ အချင်းချင်း အပြန်အလှန်လေးစားတတ်လာကြပြီး အသင်းအဖွဲ့တစ်ခုအနေဖြင့် လုပ်ဆောင်နိုင်စေရန် ခွန်အားဖြစ်စေပါသည်။ အဆိုပါအတိုင်း ဖြစ်လာစေရန်အတွက်လည်း ၎င်းတို့ကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရသည့် အတွေ့အကြုံများအပေါ် အခြေခံကာ ဓမ္မဓိဋ္ဌာန်ကျကျ ရှင်းလင်းသင်ကြားပေးနိုင်မည့် ကျွမ်းကျင်ကာ အတွေ့အကြုံရှိသည့် ဆရာ/ဆရာမများလိုအပ်နေပါသည်။ လူတစ်ဦးတစ်ယောက်ချင်းစီနှင့် လူမှုအသိုင်းအဝိုင်းတစ်ခုလုံး ပူးပေါင်းပါဝင်လိုစိတ် ပွားများစေရန်မှာ ဤစနစ်တစ်ခုသာလျှင် ရှိပါသည်။ အဆိုပါ သင်ကြားရေးနည်းစနစ်များသည်လည်း လူတစ်ဦးတစ်ယောက်ချင်းစီနှင့် အဖွဲ့အတွက် မိမိတို့ မည်သည့်အရာကို အလေးထားကာ သင်ယူနေကြောင်းကိုလည်း သိရှိနားလည်စေသင့်ပါသည်။ ထို့အတွက်ကြောင့် အဆိုပါ သင်ကြားပေးမည့် ဆရာ/ဆရာမအတွက်လည်း လိုအပ်သည့် သင်တန်းများ (သို့မဟုတ်) ကူညီထောက်ပံ့ခြင်းများ ပြုလုပ်ပေးသင့်ပါသည်။

၁၄၄။ နှုတ်ကပါတ်တော်သတင်းကောင်းအား မျှဝေကြသူများကို ဖွဲ့စည်းပေးရန်အတွက် အသင်းတော်အတွင်း နေရာများစွာနှင့် အရင်းအမြစ်များစွာလည်း ရှိထားနှင့်ပြီးဖြစ်ပါသည်။ ထိုအရာများထဲတွင် မိသားစုများ၊ အသင်းအဖွဲ့ငယ်လေးများ၊ သာသနာစုများ၊ ဘာသာရေးလူမှုအသိုင်းအဝိုင်းများ၊ ရဟန်းဖြစ်သင်ကျောင်းများ၊ စာသင်ကျောင်းများနှင့် ကံအကြောင်းမလှစွာ ဒုက္ခဝေဒနာခံစားနေကြရသူများကို စေတနာတရားဖြင့် ဝိုင်းဝန်းကူညီစောင်မပေးနေကြသော

သူများအားလုံး ပါဝင်ပါသည်။ ထိုအခြင်းအရာကို ကြည့်ခြင်းအားဖြင့် ထိုသူတို့သည် ခရစ်တော်၏လမ်းစဉ်အတိုင်း သာသနာပြုလုပ်ငန်းကို ပုံသက်သေပြနေကြောင်း တွေ့ရှိနိုင်ပါသည်။ ထိုလုပ်ဆောင်မှုများကို ကြည့်လျှင်လည်း အသက်အရွယ်ကြီးရင့်နေသူများသာမက ငယ်ရွယ်သူများသည်လည်း လုပ်ဆောင်နေကြကြောင်းကို တွေ့ရှိရပါသည်။ အသင်းတော်ကြီးအတွင်းတွင် ပါဝင်နေကြသူများသည် ဆုကျေးဇူးတော်များကို မိမိကိုယ်တိုင် လက်ခံနေရုံမျှသာမက အခြားသူများအတွက်ပါ ဝေမျှပေးနေကြပါသည်။ ဘာသာရေး ထုံးတမ်းအစဉ်အလာများ (သို့မဟုတ်) မိမိတို့ယုံကြည်ခြင်းအတိုင်း လိုက်လျှောက်နေကြသူများသည်လည်း အသင်းတော်အတွင်း အထူးအရေးပါသူများဖြစ်ပြီး ထိုသူတို့လျှောက်လှမ်းနေသောလမ်းစဉ်ကို အခြားသူများ မြင်တွေ့နိုင်စေရန် သင်ပြနေကြသူများဖြစ်ပါသည်။

၁၄၅။ အတူတကွ ခရီးဆက်နေသည့် သာသနာ့ခရီးစဉ်အတွင်း ပုံစံတကျဖြစ်တည်မှုကို ပိုမိုအားကောင်းလာစေမည့် နည်းလမ်းများထဲတွင် ဓမ္မဆရာ/ဆရာမများ၏ အခန်းကဏ္ဍများကို အလေးထားသင့်ပါသည်။ ဆိုလိုသည်မှာ ဓမ္မဆရာ/ဆရာမများသည် လူအများကို ယုံကြည်ခြင်းအစပြုရန်အတွက် ကူညီပေးနေရုံဖြင့်မပြီးဘဲ ထိုသူတို့၏ယုံကြည်ခြင်းအတိုင်း ခရီးဆုံးခန်းတိုင်အောင်ရောက်ရှိရန်နှင့် အခြားသူများကို အစေခံနိုင်ရန်အတွက် လုပ်ဆောင်သင့်ပါသည်။ ခရစ်ယာန်လူမှုအသိုင်းများသည်လည်း သာသနာ့အမှုတော်ဆောင်များ (ဓမ္မဆရာ/ဆရာမများ)ကို ဂရုဏာမေတ္တာထားကာ လက်ရှိလူအများတွေ့ကြုံခံစားနေရသော အတွေ့အကြုံများကို သိရှိနားလည်စေနိုင်ရန်အတွက် တိုက်တွန်းသင့်ပါသည်။ ထိုသာသနာ့အမှုတော်ဆောင်များသည် (ဓမ္မဆရာ/ဆရာမများ) ကက်သလစ်အသင်းတော်၏ သွန်သင်ချက်နှင့် လမ်းညွှန်မှုများအတိုင်း အပယ်ခံဘဝနှင့် လူအများ ဝိုင်းဝန်းစွန့်ပယ်ခံထားရသည့် အသိုင်းအဝိုင်းများအထိ ရောက်ရှိသည့်တိုင်အောင် တာဝန်ကျေပွန်စွာထမ်းဆောင်သင့်ပါသည်။ သာသနာ့အမှုတော်ဆောင်များ (ဓမ္မ ဆရာ/ဆရာမများ) သည် အတူတကွပူးပေါင်းလုပ်ဆောင်နိုင်မည့် နည်းလမ်းကို ရှာဖွေနေသူ လူအများ၏ တွေးတောထင်မြင်ယူဆချက်များကို ဖွင့်ထုတ်ရာ ခေတ်ခွဲခန်းတစ်ခုပမာ ဖြစ်သင့်ပါသည်။ အသင်းတော်များစွာတွင် အခြားသူများကို ထောက်ပံ့ကူညီခြင်းနှင့် နှုတ်ကပါတ်တရားတော်ဟောကြားခြင်းများတွင် အဆိုပါသာသနာ့အမှုတော်ဆောင်များ (ဓမ္မဆရာ/ဆရာမများ)သည် အထူးအရေးပါသောအခန်းကဏ္ဍတွင် တည်ရှိနေပါသည်။ တချို့သောနေရာများတွင်မူ ထိုသူများ၏ လုပ်ဆောင်မှုများကို အသိအမှတ်ပြုရန်နှင့် အဆိုပါ လူမှုအသိုင်းအဝိုင်း၏ အကူအညီများရရှိရန်လည်း လိုအပ်နေပါသည်။ ထိုသူတို့နှင့် ပူးပေါင်းပါဝင်ခြင်းမပြုတော့ဘဲ ပစ်ပယ်ထားမည်ဆိုပါကလည်း ကျွန်ုပ်တို့ လက်ရှိ ပြောဆိုနေကြသော အတူတကွ ခရီးဆက်ခြင်းသည် အသက်ဝင်တော့မည်မဟုတ်ပါ။ ရွှေ့ပြောင်းသွားလာနေကြရသောလူများအတွက် သာသနာ့အမှုတော်ဆောင်များ (ဓမ္မဆရာ/ဆရာမများ)သည် ရွှေ့ပြောင်းနေကြရသည့် လူများနှင့် အသင်းတော်အကြား ခိုင်မာရင်းနှီးသောဆက်ဆံရေးတစ်ခုကို တည်ဆောက်ပေးသင့်ပါသည်။

၁၄၆။ ခရစ်ယာန်လူမှုအသိုင်းအဝိုင်းများသည် စာသင်ကျောင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စင်တာများ၊ တက္ကသိုလ်များ၊ လူမှုရေးနှင့် သိပ္ပံဆိုင်ရာ အရေးကိစ္စရပ်များ၊ အားကစားပွဲများ၊ ဂီတနှင့် အနုပညာရပ်ဝန်းများတွင် အနှံ့အပြား တည်ရှိနေကြပြီးဖြစ်ပါသည်။ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများ မတူညီသော်လည်း ကက်သလစ်အသင်းတော်၌ အခြေပြုထားသော စာသင်ကျောင်းများနှင့် စင်တာများတွင် အခြားသူများအတွက် ကူညီလုပ်ဆောင်ပေးရန်ဆိုသည့် ခံယူချက်မှာ တိုးပွားလာလျက် ရှိနေပါသည်။ သာသနာ့ခရီးကို အတူတကွ ခရီးဆက်ခြင်းနှင့်ပတ်သက်၍ အဆိုပါနေရာများသည် ခိုင်မာရင်းနှီးသော ဆက်ဆံရေးကို တည်ဆောက်ပေးနိုင်သောနေရာများဖြစ်ကြပါသည်။ ခိုင်မာသည့် အိမ်ထောင်စုဘဝများကို တည်ဆောက်နေခြင်းအားဖြင့် ကောင်းမွန်ပြည့်စုံသည့်ဘဝ၏ အဓိပ္ပါယ်မှာ မည်ကဲ့သို့ဖြစ်သည်ကို ကျွန်ုပ်တို့အား ပြသနေပါသည်။ တိတိကျကျဆိုရလျှင် ကက်သလစ် စာသင်ကျောင်းများနှင့် တက္ကသိုလ်များသည် ယုံကြည်ချက်များနှင့် ကိုယ့်ကျင့်တရားပိုင်းဆိုင်ရာများကို အထူးအလေးထား လုပ်ဆောင်နေကြောင်း တွေ့ရှိကြရပါသည်။ ထိုစာသင်ကျောင်းများနှင့် တက္ကသိုလ်များသည် အနှစ်သာရပြည့်ဝသော ဘဝ၏ အဓိပ္ပါယ်ကို ရှာဖွေတွေ့ရှိနိုင်မည့် ခရစ်တော်သခင်အပေါ်၌ လုံးလုံးလျားလျား ရပ်တည်ခြင်းကို ဆိုလိုပါသည်။ အဆိုပါ

ကျောင်းများသည် အတ္တစိတ်နှင့် မိမိဘဝကို ရပ်တည်နိုင်ခြင်းထက် အခြားသူများအပေါ် မေတ္တာစေတနာထားကာ လုပ်ဆောင်တတ်စေသည့် စိတ်ဓာတ်မျိုးကို လေ့ကျင့်ပျိုးထောင်ပေးပါသည်။ တချို့သော အရပ်ဒေသများတွင် ကလေးသူငယ်များနှင့် လူငယ်လူရွယ်များအတွက် အသင်းတော်အကြောင်းကို သိရှိစေသည့် တစ်ခုတည်းသော ဆုံမှတ်တစ်ခု ဖြစ်ပါသည်။ မတူညီသော ရိုးရာယဉ်ကျေးမှုများနှင့် ဓလေ့ထုံးစံများအကြောင်း အပြန်အလှန်စကားပြောဆိုရသည့် အချိန်မျိုးတွင် ထိုသူတို့သင်ကြားထားခဲ့ရသည့် ဗဟုသုတများမှာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြောဆိုနေကြောင်းကို အခြားသော ဘာသာဝင်များပင် အသိအမှတ်ပြုနိုင်လောက်သည်အထိ လုပ်ဆောင်ပေးခဲ့ပါသည်။

၁၄၇။ အသင်းတော်အတွင်းရှိ ကဏ္ဍအသီးသီးတွင် တာဝန်ယူဆောင်ရွက်နေကြသည့် ယုံကြည်သူအသီးသီးသည် အသင်းတော်၏လုပ်ဆောင်မှုနှင့် လုပ်ငန်းဆောင်တာများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များနှင့် အသင်းတော်၏လိုအပ်ချက်များ (သို့မဟုတ်) တောင်းဆိုချက်များကို အပြန်အလှန်ဝေမျှပေးနိုင်ရန်အတွက်မူ အဆိုပါသင်တန်းများသည် မရှိမဖြစ်လိုအပ်နေပါသည်။ ထိုအတိုင်းဖြစ်နိုင်စေရန် မိမိတို့တွင် ပေးသနားထားသည့် ဆုကျေးဇူးတော်များကိုဝေမျှခြင်း (တစ်လုံးတစ်ဝတည်းဖြစ်ခြင်း)၊ အခြားသူများအတွက် လုပ်ဆောင်ပေးခြင်း (လုပ်ဆောင်ရန် တာဝန်)နှင့် မိမိတို့လုပ်ကိုင်ဆောင်ရွက်သမျှတိုင်း၌ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် လုပ်ဆောင်နိုင်ရန်အတွက် အခြားသူများကို အားပေးတိုက်တွန်းခြင်း (အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း) တို့ဖြစ်ပါသည်။ ထိုကိစ္စရပ်အတွက် ဓမ္မညီလာခံဆွေးနွေးပွဲတွင် အထူးအလေးပေးဆွေးနွေးခဲ့ကြရပြီး တစ်ခါတရံတွင် မိမိတို့၏စိတ်ခံယူချက်များကို ကြီးကြီးမားမားပြောင်းလဲပစ်ဖို့လိုအပ်သကဲ့သို့ သင်တန်းနှင့် သင်ယူလေ့လာခြင်းများဖြင့်လည်း လုပ်ဆောင်သင့်ကြောင်းတို့ကို တွေ့ရှိခဲ့ကြရပါသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၌ အချင်းချင်း ပွင့်လင်းစွာသင်ယူနိုင်ကြရန်စေနှင့် အတိတ်ကာလက ရှိခဲ့သော ရှေးရိုးစွဲမှုဝါဒများနှင့် အမြင်ကျဉ်းမြောင်းမှုများကို စွန့်ပစ်ထားခဲ့သင့်ပါသည်။ ကွဲပြားသော ညီနောင်ခရစ်ယာန်အသင်းအဖွဲ့များအကြား ချစ်ခင်စည်းလုံးစွာဖြင့် အပြန်အလှန်သင်ယူကြမည်ဆိုပါက အထက်တွင် ဆိုခဲ့သော ပြောင်းလဲမှုကို လွယ်ကူစွာ လုပ်ဆောင်နိုင်ပါလိမ့်မည်။

၁၄၈။ ဤဓမ္မညီလာခံကြီးအတွင်းတွင် ရဟန်းဘဝသို့ တက်လှမ်းကြမည့် ရဟန်းလောင်းများကို ကောင်းမွန်စွာ လေ့ကျင့်သင်ကြားပေးရန်နှင့် စိစစ်ရွေးချယ်ရာတွင် အတူတကွ ပူးပေါင်းလုပ်ဆောင်သောနည်းလမ်းများဖြင့် လုပ်ဆောင်သင့်ကြောင်းကို လူအများက အလေးထားဖော်ပြခဲ့ကြပါသည်။ ထိုသို့ပူးပေါင်းလုပ်ဆောင်ရာတွင်လည်း အမျိုးသမီးများကို ပါဝင်စေခြင်း၊ လူမှုအသိုင်းအဝိုင်းတွင် တက်ကြွစွာ လုပ်ဆောင်စေခြင်းနှင့် အသင်းအဖွဲ့တစ်ခုအနေနှင့် လုပ်ဆောင်တတ်စေရန်ဟူသည့် အချက်များပါဝင်ပါသည်။ ထို့အတူ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်း အတူတကွ ဝိုင်းဝန်းဆုံးဖြတ်တတ်စေရန်ဟူသည့် အချက်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ထိုသို့ ရဟန်းဘဝသို့တက်လှမ်းကြမည့်သူများကို သင်ကြားပေးရန်နှင့် လမ်းညွှန်ပေးရန်အတွက် မိမိတို့တွင်ရှိသော အရင်းအမြစ်များနှင့် ခွန်အားများကို ပြည့်ပြည့်ဝဝ ပေးဆပ်ကြရန်လိုအပ်ပါသည်။ ညီလာခံကြီးအတွင်း ရရှိခဲ့သော အိုင်ဒီယာများကိုအခြေခံကာ ရှိထားနှင့်သော ရဟန်းလောင်းများကို သင်ကြားပို့ချသည့် လမ်းညွှန်ချက်များကို ပြန်လည်သုံးသပ်ကြရန်လည်း တောင်းဆိုခဲ့ပါသည်။ ဆိုလိုသည်မှာ အတူတကွ ပူးပေါင်းလုပ်ဆောင်နိုင်မည့် စည်းမျဉ်းများကို တိကျရှင်းလင်းစွာ ပြဋ္ဌာန်းထားသင့်ကြောင်းကို တောင်းဆိုခြင်းဖြစ်ပါသည်။ သင်တန်းအစီအစဉ်များတွင်လည်း ရဟန်းလောင်းများအား မည်သည့်နေရာတွင်မဆို စေလွှတ်သည့်နေရာတိုင်းတွင် တာဝန်ထမ်းဆောင်လိုစိတ်ရှိရန်လည်း သင်ကြားပေးသင့်ပါသည်။ ဆရာတော်ကြီးများကိုလည်း သင်တန်းပို့ချရန် လိုအပ်ပြီး ထိုသို့လုပ်ဆောင်ပေးခြင်းအားဖြင့် ဝိညာဉ်တော်ဘုရားပေးသနားသည့် ဆုကျေးဇူးတော်များကို အတူတကွစုပေါင်းကာ ၎င်းတို့တွင်ရှိသော လုပ်ပိုင်ခွင့်အာဏာကို အတူတကွပူးပေါင်းလုပ်ဆောင်သောနည်းလမ်းများဖြင့် ထိရောက်စွာ စီမံခန့်ခွဲနိုင်လာကြမည်ဖြစ်ပါသည်။ အချုပ်အားဖြင့်ဆိုသော် ညီလာခံကြီးက အဆိုပြုသော ရဟန်းလောင်းများ တက်ရောက်သင်ကြားရမည့်သင်တန်းအားလုံးတွင် အတူတကွခရီးဆက်ခြင်းဆိုသည့် အနက်အဓိပ္ပါယ်အတိုင်း ကွဲပြားသောခရစ်ယာန်ညီနောင် အသင်းတော်များနှင့် ချစ်ခင်စည်းလုံးစွာနေထိုင်တတ်စေရန် သင်

တန်းအဆင့်တိုင်းတွင် ထည့်သွင်းသင်ကြားပေးသင့်ကြောင်း တောင်းဆိုထားပါသည်။

၁၄၉။ ယခုလုပ်ဆောင်နေသော ဓမ္မညီလာခံကြီးသည် ခရစ်ယာန်အသင်းတော်တစ်ခုလုံး တစ်လုံးတစ်ဝတည်း ပေါင်းစည်းနိုင်ရန်အတွက် အရေးပါသောအခန်းကဏ္ဍများကို အထူးရည်ရွယ်ထားပါသည်။ အရေးကြီးသည်မှာ ကျွန်ုပ်တို့၏ ကမ္ဘာလောကကြီးကို ဒစ်ဂျစ်တယ် နည်းပညာလောက၊ မိမိတို့ လုပ်ဆောင်မည့်ကိစ္စ၊ အသင်းတော်၏ ပုံရိပ်များကို တွေ့မြင်နိုင်စေရန်ဖြစ်ပါသည်။ ယခုခေတ်အခါတွင် ဒစ်ဂျစ်တယ်နည်းပညာသည် အသင်းတော်အတွက် အကျိုးများစွာဖြစ်ထွန်းစေနိုင်သော အချက်တစ်ခုဖြစ်ပါသည်။ အသင်းတော်အနေဖြင့် အွန်လိုင်းမှထုတ်ပြန်ထားသော သွန်သင်ချက်များသည် စစ်မှန်သော သတင်းအချက်အလက်များဖြစ်ရန် သေချာစေရန်ဖြစ်သည်။ ဒီဂျစ်တယ်နည်းပညာတိုးတက်လာခြင်းသည် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုးတက်လာစေသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်တို့၏ ယုံကြည်ချက်များ၊ သိမြင်နေမှုများကို လွဲမှားစေခြင်း၊ အလွဲသုံးစားလုံးခြင်း၊ အလွန်အကျူး အသုံးပြုခြင်းများနှင့် တစ်ဦးတစ်ယောက်ချင်းစီကို ထိခိုက်အောင်မျှဝေနေသော မှားယွင်းသည့် အသင်းအချက်အလက်များနေရှိသည်ကို သတိပြုရပေမည်။ အသင်းတော်အနေဖြင့် ကလေးငယ်များနှင့် အရွယ်ရောက်ပြီးသူများကို အင်တာနက်နည်းပညာကို မည်ကဲ့သို့ အကျိုးရှိစွာ အသုံးပြုရမည်ကို အထူးအလေးထား သင်ကြားပေးသင့်ပါသည်။

၁၅၀။ အသင်းတော်အတွင်းတွင်ရှိသော လူမှုအသိုင်းအဝိုင်းများအတွက် အထူးအရေးပါသော နောက်တစ်ခုမှာ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် အကူအညီလိုအပ်နေသူများကို ထောက်ပံ့ပေးခြင်းပင်ဖြစ်ပါသည်။ အသင်းတော်သည် အလွဲသုံးစားလုပ်မှုများနှင့် မှားယွင်းသောအပြုအမူများအတွက် လူသိရှင်ကြား ထုတ်ဖော်ပြောဆိုသကဲ့သို့ လိုအပ်သည့် အရေးယူမှုများကိုလည်း တရားဝင် လုပ်ဆောင်နေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းများလုပ်ဆောင်နေသူများကိုလည်း သင်တန်းပေးကြားခြင်းဖြင့် ၎င်းတို့ကြုံတွေ့နေရသော အခက်အခဲများနှင့် ပြဿနာများကို ကလေးသူငယ်များနှင့် အမှန်တကယ် အကူအညီလိုအပ်နေသူများကို ကူညီပေးဖို့ရန်အတွက် အထောက်အပံ့ဖြစ်စေပါလိမ့်မည်။ ဒုက္ခသည်များကို အကြင်နာတရားထားကာ မဖြစ်မနေစောင့်ရှောက်ကူညီပေးကြရပါမည်။ ထိုသို့ကူညီလုပ်ဆောင်ပေးမည့်သူများမှာလည်း ချစ်ခြင်းမေတ္တာနှင့် ကျွမ်းကျင်သောသူများ၏ လမ်းညွှန်ပေးမှုများလိုအပ်ပါသည်။ ကျွန်ုပ်တို့အားလုံးသည် ထိုသူတို့ခံစားနေရသော ဒုက္ခဝေဒနာများကို မျှဝေခံစားပြီး ၎င်းတို့အတွက် ပိုမိုကောင်းမွန်သော အနာဂတ်သစ်တစ်ခုကို ယူဆောင်ပေးသင့်ပါသည်။ ဘဝလုံခြုံမှုရှိရေးကို အစဉ်အမြဲစောင့်ကြည့်နေရန်လိုအပ်ပြီး လူတိုင်းငြိမ်းအေးသောဘဝကို ပိုင်ဆိုင်နိုင်စေရန်အတွက် လုပ်ဆောင်ပေးရပါမည်။

၁၅၁။ အသင်းတော်၏ လူမှုရေးရာသွန်သင်ချက်များဖြစ်သော ငြိမ်းချမ်းရေး၊ တရားမျှတမှု၊ ပတ်ဝန်းကျင်စောင့်ရှောက်ရေး၊ မတူညီသော ရိုးရာယဉ်ကျေးမှုများနှင့် ဘာသာတရားများအပေါ် လေးစားမှုပေးခြင်းစသည်တို့ကို လူအများသို့ ပိုမိုရောက်ရှိအောင် ဝေမျှပေးသင့်ပါသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ကမ္ဘာကြီးကို ပိုမိုတရားမျှတအောင် လုပ်ဆောင်ပေးကြမည့် သာသနာပြုမည့်သူများအတွက် များစွာအကူအညီဖြစ်စေပါလိမ့်မည်။ အသင်းတော်၏ လုပ်ငန်းတာဝန်များတွင် လူ့ဘဝများနှင့် လူ့အခွင့်အရေးများကို ခုခံကာကွယ်ပေးခြင်း၊ တရားမျှတသော လူမှုအဖွဲ့အစည်းတစ်ခုကို တည်ဆောက်ပေးခြင်း၊ ဝန်ထမ်းနှင့် အလုပ်သမားများကို အလေးထားခြင်း၊ မျှတသော ကုန်သွယ်စီးပွားရေးစနစ်ကို တည်ဆောက်ပေးခြင်းနှင့် ပတ်ဝန်းကျင်ထိမ်းသိမ်းရေးများ ပါဝင်ပါသည်။ ထိုအရာများအားလုံးမှာ ဘုရားသခင်၏ နှုတ်ကပါတ်တော်ကို ဝေမျှပေးနေခြင်းဖြစ်ပြီး ထိုယုံကြည်ချက်များဖြင့် လက်တွေ့ဘဝတွင် အသက်ရှင်နေထိုင်နေကြခြင်းပင်ဖြစ်ပါသည်။

## နိဂုံး

# လူသားများအားလုံးအတွက် စားပွဲတော်

*"သူတို့သည် ကုန်းပေါ်သို့ရောက်သောအခါ ပေါင်မုန့်ကိုလည်းကောင်း၊ မီးဖိုနှင့် မီးဖိုအပေါ်တွင် ကင်ထားသော ငါးကိုလည်းကောင်း တွေ့ကြလေ၏။ ယေရှုကလည်း သင်တို့ ယခုဖမ်းမိသောငါးအချို့ကို ယူခဲ့ကြလော့ဟု မိန့်တော်မူ၏။ ယေရှုက လာကြ၍ နံနက်စာစားကြလော့ဟု သူတို့အား မိန့်တော်မူ၏။ တပည့်တော်တို့တွင် တစ်ဦးတစ်ယောက်ကမျှ ကိုယ်တော်အား သင်မည်သူဖြစ်သနည်းဟု မမေးလျှောက်ဝံ့ကြ။ အကြောင်းမူကား သူတို့သည် ကိုယ်တော်ဖြစ် ကြောင်းကို သိကြလေ၏။ ယေရှုသည် လာပြီးလျှင် မုန့်ကိုယူ၍ သူတို့အားပေးတော်မူ၏။" (ယော ၂၁-၉၊၁၂၊၁၃)*

၁၅၂။ ထူးဆန်းအံ့သြဖွယ်သော ငါးများဖမ်းမိခြင်းမှာ စားပွဲတော်နှင့် အဆုံးသတ်ခဲ့ပါသည်။ ရှင်ပြန်ထမြောက်တော်မူခဲ့သော ခရစ်တော်သခင်သည် တပည့်တော်ကြီးများအား သူ၏စကားကို နားထောင်ရန်၊ ပိုက်ကွန်ပစ်ချရန်နှင့် ငါးများကို ယူဆောင်လာရန် စေခိုင်းခဲ့ပါသည်။ သို့သော်လည်း စားပွဲကို ပြင်ဆင်သူနှင့် စားသောက်ရန် ဖိတ်ခေါ်သူပင်ဖြစ်ပါသည်။ ထိုပေါင်မုန့်နှင့် ငါးတို့မှာ လူသားတိုင်းအတွက်ဖြစ်ပြီး ဆာလောင်နေသော လူအုပ်ကြီးကို ကျွေးမွေးခဲ့စဉ်ကအတိုင်း ဖြစ်ပါသည်။ အထူးအရေးပါသောအချက်မှာ မိမိတို့ရှေ့တွင် ထင်ရှားစွာ တည်ရှိနေသော ခရစ်တော်သခင်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ မေးခွန်းတစ်ခုပင် မေးစရာမလိုခဲ့ခြင်းပင်ဖြစ်ပါသည်။ သူ့ထံမှ စွန့်ခွာသွားကြပြီး ငြင်းပယ်ခဲ့ကြသော တပည့်တော်ကြီးများနှင့်အတူ နောက်တဖန် စားသောက်တော်မူပြီးနောက် ထိုသူတို့အား မိတ်ဆွေရင်းချာပမာ ဖိတ်ခေါ်ကာ ကျွေးမွေးတော်မူခဲ့ခြင်း ဖြစ်ပါသည်။ ခရစ်တော်သခင်သည် သူ၏ အဆုံးအစမဲ့သော ကရုဏာသနားခြင်းကို ပြသတော်မူခဲ့ကာ ထိုသူတို့အား အနာဂတ်အတွက် မျှော်လင့်ခြင်းများကို ပေးခဲ့ပါသည်။ ထင်ရှားပြရာတွင်မူ လူအားလုံးထံသို့မဟုတ်ဘဲ သက်သေခံများအဖြစ် ရွေးချယ်ခြင်းခံရသော ငါတို့ထံသို့သာဖြစ်၏။ ငါတို့သည် ကိုယ်တော်၏ သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူပြီးနောက် ကိုယ်တော်နှင့်အတူ စားသောက်ခဲ့ကြ၏။ (တမန် ၁၀း ၄၁)

၁၅၃။ တပည့်တော်ကြီးများနှင့်အတူ စားသောက်ခဲ့သောခရစ်တော်သခင်သည် ပရောဖက် အီဇာအိယကြိုတင်ဟောကြားထားသည့်အတိုင်း လူသားများအားလုံးအတွက် ဘုရားရှင်သည် စားပွဲတော်ကို ပြင်ဆင်တော်မူလိမ့်မည်ဆိုသည့်အချက်ကို ဖော်ပြနေပေသည် (အီဇာအိယ ၂၅း ၆-၈)။ ရှင်ပြန်ထမြောက်တော်မူပြီးနောက် တပည့်တော်ကြီးများအတွက် ခရစ်တော်သခင်ပြင်ဆင်ပေးသောနံနက်စာသည် အထက်ကောင်းကင်ဘုံမှ ဖန်ဆင်းပေးသော စားသောက်ဖွယ်ရာကို အစပြုပေးခြင်းပင်ဖြစ်ပါသည်။ ထိုအခြင်းအရာမှာ အထက်ကောင်းကင်ဘုံရောက်ရှိမှသာ ခံစားနိုင်မည့်အရာဖြစ်သော်လည်း ဘုရားသခင်၏ ဆုကျေးဇူးတော်နှင့် ကရုဏာသနားခြင်းများကို လူသားအားလုံးသို့ ပေးအပ်ထားပြီးဖြစ်သည်။ အသင်းတော်၏တာဝန်မှာ ထိုသတင်းကောင်းကို လူသားအားလုံးသိရှိနိုင်ရန် လုပ်ဆောင်ပေးဖို့ပင်ဖြစ်သည်။ ကိုယ်တော်မြတ်စက္ကရမင်တူးအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၏အသွေးတော်နှင့် အသားတော်ကို စားသောက်ကြသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ဆင်းရဲသားများ၊ အထီးကျန်ဆန်စွာ အပစ်အပယ်ခံထားရသူများ၊ ချစ်ခြင်းမေတ္တာကို မခံစားရသူများနှင့် မျှော်လင့်ချက်မရှိသူများနှင့် ဘုရားရှိနေခြင်းကိုပင် လက်မခံထားသူများအတွက် ခရစ်တော်သခင် တည်ရှိနေခြင်းကိုမူ အမှတ်ရသင့်ပါသည်။ အသင်းတော်သည် ဝိညာဉ်တော်ဘုရား၏ လမ်းညွှန်မှုအားဖြင့် ထိုသူများထံသို့ ဘုရားသခင်၏ချစ်ခြင်းမေတ္တာ၊ ရဲစွမ်းသတ္တိ၊ ကောင်းမွန်သောနည်းလမ်းသစ်များဖြင့် အကူအညီပေးနိုင်ရန် ဆုတောင်းပေးလျက်ရှိနေပါသည်။ ယုံကြည်ခြင်းတစ်ခု၌ အတူတူလျှောက်လှမ်းကြမည်ဆိုလျှင် အသင်းတော်သည် ကောင်းမွန်သော ပြုပြင်ပြောင်းလဲမှုများတွက် အတိအလင်းပြောရဲသူ၊ တရားမျှတမှုနှင့် ငြိမ်းချမ်းရေးလုပ်ဆောင်နိုင်ရန်

အတွက် စိတ်ဓာတ်ခွန်အားများတိုးပွားလာစေရန်နှင့် လူမှုအသိုင်းအဝိုင်းတစ်ခုလုံး ချစ်ခင်စည်းလုံးနေစေနိုင်ပါမည်။ ထိုကဲ့သို့သာ လုပ်ဆောင်နိုင်ပါက ငြိမ်းချမ်းရေးကို လိုလားစွာလုပ်ဆောင်နေသူများသည် ကမ္ဘာလောကကြီးတစ်ခုလုံး အတွက် ဘုရားသခင်ပေးသနားတော်မူထားသည့် ဆုကျေးဇူးတော်များကို လူသားတစ်ဦးတစ်ယောက်ချင်းစီအထိ လက်ဆင့်ကမ်းဝေမျှပေးနိုင်ပါလိမ့်မည်။

၁၅၄။ ဤညီလာခံကြီးအတွင်းတွင် ခရစ်တော်သခင်၏ လူသားများအတွက် ကယ်တင်တော်မူခြင်းကို ပိုမိုကောင်းမွန်စွာတွေ့မြင်လာရပါသည်။ လက်ရှိကမ္ဘာကြီးတွင် အဆက်မပြတ် ဖြစ်နေသည့်စစ်ပွဲများ၊ အာဏာရရှိရေးအတွက် ကြိုးစားအားထုတ်မှုများနှင့် တရားမျှတမှုမရှိသော အဖြစ်အပျက်များ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်နေလျက်ရှိပါသည်။ သို့သော်လည်း ဝိညာဉ်တော်ဘုရားသည် ဘုရားသခင်နှင့် နီးစပ်နိုင်မည့် ဆုကျေးဇူးများအား လိုလားတောင့်တသည့်စိတ်ဆန္ဒကို ဖြည့်သွင်းပေးနေပါသည်။ ဖန်ဆင်းခံအရာများကို ပြန်လည်ကြည့်လျှင်ပင် စုစည်းပေါင်းစပ်မှု၊ မတူကွဲပြားမှုနှင့် အရာအားလုံးသည် တစ်ခုနှင့် တစ်ခုဆက်စပ်နေကြောင်း ကျွန်ုပ်တို့အားလုံး တွေ့မြင်နိုင်ပါသည်။ နတ်ဆိုး၏ သွေးဆောင်ဖြားယောင်းခြင်းများဝင်လာခဲ့သည့်တိုင်အောင် အရာအားလုံးမှာ အစီအစဉ်တကျဖြစ်အောင် ကြိုတင်စီမံထားပါသည်။ ယခု ဓမ္မညီလာခံကြီးလုပ်ဆောင်ခဲ့သည့် အဓိကရည်ရွယ်ချက်မှာ အကြွင်းမဲ့ချစ်ခြင်းမေတ္တာဖြင့် ပြည့်ဝသော ထာဝရဘုရားဖြစ်တော်မူသည့် ခမည်းတော်ဘုရား၊ သားတော်ဘုရားနှင့် သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ ပြည့်ဝစုံလင်သော ချစ်ခြင်းမေတ္တာကို တစ်ကမ္ဘာလုံးတွင်ရှိသော ဘုရားသခင်၏သားသမီးတိုင်း ခံယူနိုင်စေရန်အတွက်ဖြစ်ပါသည်။ တူညီသောယုံကြည်ခြင်းဖြင့် မိမိတို့တွင် ရရှိထားသည့် ဆုကျေးဇူးများ၊ ခေါ်တော်မူခြင်းများနှင့် နှုတ်ကပါတ်တရားတော်ဝေမျှခြင်းများနှင့် အတူတကွ လျှောက်လှမ်းကြမည်ဆိုပါက ခရစ်တော်သခင်လိုလားသည့် ချစ်ခင်စည်းလုံးခြင်းနှင့် ကယ်တင်ခြင်း၏ အကျိုးအမြတ်ကို ခံစားကြရပါလိမ့်မည်။ အတူတကွခရီးဆက်နေကြသော ခရီးစဉ်တစ်လျှောက်လုံးတွင် ထာဝရဘုရားသခင်ပြင်ဆင်ထားပေးတော်မူသောစားပွဲတော်ကို သွားရောက်ရန် အစပြုနေပြီဖြစ်ပါသည်။

ယခု ကျွန်ုပ်တို့လုပ်ဆောင်နေသော ဓမ္မညီလာခံကြီးကို အရာရာကို လမ်းညွှန်ပြသပေးတော်မူသော အပျိုစင်ကညာမာရိယာအားလည်း ဆုတောင်းပန်ကြားအပ်ပါသည်။ သူမသည် အသင်းတော်၏မိခင်ဖြစ်သကဲ့သို့ အထက်ကောင်းကင်ဘုံတွင် တည်ရှိနေသော ဝိညာဉ်တော်မြတ်ဘုရားဖိတ်ခေါ်ပေးသူဖြစ်ပါသည်။ အမိမယ်တော်သခင်မသည် ချစ်ခင်စည်းလုံးစွာရှိသောအသင်းတော်၊ ခရစ်တော်သခင်၏ နောက်လိုက်တပည့်တော်များအတိုင်း လျှောက်လှမ်းနိုင်မည့်သူများနှင့် သာသနာပြုလုပ်ငန်းများကို ဆထက်ထမ်းပိုးထမ်းရွက်နိုင်မည့်သူများဖြစ်လာနိုင်စေရန် ကူညီစောင်မပေးပါစေ။

ဗာတိကန်
အောက်တိုဘာ ၂၆၊ ၂၀၂၄၊
ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ်

# Abbreviations

| | |
|---|---|
| AA | VATICAN COUNCIL II, Decr. *Apostolicam Actuositatem* (18 November 1965) |
| AG | VATICAN COUNCIL II, Decr. *Ad Gentes* (7 December 1965) |
| AL | FRANCIS, Ap. Exhort. *Amoris Laetitia* (19 March 2022) |
| CCC | *Catechism of the Catholic Church* |
| CCEO | *Codex Canonum Ecclesiarum Orientalium* (18 October 1990) |
| CD | VATICAN COUNCIL II, Decr. *Christus Dominus* (28 October 1965) |
| CIC | *Codex Iuris Canonici* (25 January 1983) |
| CV | BENEDICT XVI, Enc. Lett. *Caritas in Veritate* (29 June 2009) |
| DCS | GENERAL SECRETARIAT OF THE SYNOD, *Working Document for the Continental Stage* (27 October 2022) |
| DD | FRANCIS, Ap. Lett. *Desiderio Desideravi* (29 June 2022) |
| DN | FRANCIS, Enc. Lett. *Dilexit Nos* (24 October 2024) |
| DV | VATICAN COUNCIL II, Dogm. Const. *Dei Verbum* (18 November 1965) |
| EC | FRANCIS, Ap. Const. *Episcopalis Communio* (15 September 2018) |
| EG | FRANCIS, Ap. Exhort. *Evangelii Gaudium* (24 November 2013) |
| EN | S. PAUL VI, Ap. Exhort. *Evangelii Nuntiandi* (8 December 1975) |
| FT | FRANCIS, Enc. Lett. *Fratelli Tutti* (3 October 2020) |
| GS | VATICAN COUNCIL II, Past. Const. *Gaudium et Spes* (7 December 1965) |
| ITC | INTERNATIONAL THEOLOGICAL COMMISSION, *Synodality in the Life and Mission of the Church* (2 March 2018) |
| LG | VATICAN COUNCIL II, Dogm. Const. *Lumen Gentium* (21 November 1964) |
| LS | FRANCIS, Enc. Lett. *Laudato Si'* (24 May 2015) |
| MC | S. PAUL VI, Ap. Exhort. *Marialis Cultus* (2 February 1974) |
| NMI | S. JOHN PAUL II, Ap. Lett. *Novo Millennio Ineunte* (6 January 2001) |
| PE | FRANCIS, Ap. Const. *Praedicate Evangelium* (19 March 2022) |
| SC | VATICAN COUNCIL II, Const. *Sacrosanctum Concilium* (4 December 1963) |
| SRS | S. JOHN PAUL II, Enc. Lett *Sollicitudo Rei Socialis* (30 December 1987) |
| UR | VATICAN COUNCIL II, Decr. *Unitatis Redintegratio* (21 November 1964) |
| UUS | S. JOHN PAUL II, Enc. Lett. *Ut Unum Sint* (25 May 1995) |